# သဗ္ဗညုတဉာဏ်တော်

ပုသိမ်ကြီး
အရှင် အရိယဝံသ

၁၄၂၇၈

# သဗ္ဗညုတဉာဏ်တော်

ပုသိမ်ကြီး--အရှင်အရိယဝံသ

# THE OMNISCIENCE OF LORD BUDDHA

BY

A SHIN ARI YA WAMSA

ဘာသာရေး ခွင့်ပြုချက်အမှတ် (၁၀၂၆၄–က)

မျက်နှာဖုံး ခွင့်ပြုချက်အမှတ် (၃၀၃)

ပထမအကြိမ်၊ အုပ်ရေ...၂၀၀၀

ထုတ်ဝေသည့်လ....၁၉၇၀ ခု၊ စက်တင်ဘာလ

ဘလောက် ဆောင်ဒေလှ

ပန်းချီ...ကိုကိုကြီး

အဖုံးရိုက်....သိဒ္ဓိဇလ ရောင်စုံပုံနှိပ်တိုက်

တန်ဖိုး ....၅ ကျပ်

တည်းဖြတ်သူ...ဆရာ့ အဂ္ဂဉာဏနာဘိဝံသ

ကြီးကြပ်ပြင်ဆင်သူ...ဆရာ ဂုဏ်ပါလ

ထုတ်ဝေသူ
ဦးတင့်ဆွေ(သစ်စာပေတိုက်) မြ(၀၁၇၁၇)
အမှတ် ၁၉၁ ခ ၊ ၂၊ ၃၃ လမ်း၊ ရန်ကုန်မြို့။

ပုံနှိပ်သူ
ဒေါ်ကျင်(၀၁၄၅၃)၊ ချစ်မိတ္တနာတိုးပုံနှိပ်တိုက်
၁၁၂၊ မန္တလေးလမ်း၊ ကန်တော်ကလေး၊ ရန်ကုန်မြို့။

# မာတိကာ

| အကြောင်းအရာ | | စာမျက်နှာ |
| --- | --- | --- |


တည်းဖြတ်သူ၏ အမှာစာ .... ၁


## အခန်း-၁


၁။ အကြောင်းပြနိဒါန်း .... ၁၁
၂။ နံရံကပ် သတင်းစာ .... ၁၃
၃။ ဗုဒ္ဓဘာသာကို စော်ကားသူအား တလကြည့်ခြင်း .... ၁၉
၄။ သူတပါးခေါင်းယုံ စုံလုံးကာဏ်း .... ၂၀

# မာတိကာ


| အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|
| ၅။ စာရေးဆရာကြီးတဦး၏ စွပ်စွဲချက် | .... | ၂၂ |
| ၆။ မကြံစည်အပ်သော အစိန္တေယျဂုဏ် | .... | ၂၄ |
| ၇။ အစိန္တေယျသုတ် မြန်မာပြန် | .... | ၂၅ |
| ၈။ အစိန္တေယျ ၄ ပါး | .... | ၂၅ |
| ၉။ သဗ္ဗညုတဉာဏ်တော် | .... | ၂၆ |
| ၁၀။ အမြဲဘမ်း မီးနီပြဟန့်တားထားသလော | .... | ၂၈ |
| ၁၁။ သီဟိုဠ် ရှင်ဗုဒ္ဓရက္ခိတ၏ မိန့်ဆိုချက် | .... | ၃၀ |
| ၁၂။ လုံးဝတံခါးဖွင့်ခွင့်ပြုခြင်း | .... | ၃၄ |
| ၁၃။ သဗ္ဗညုတဉာဏ်ကို ချီးကျူးခဲ့သူ | .... | ၃၅ |
| ၁၄။ သူတော်တကာ သည်းခံပါ | .... | ၃၈ |
| ၁၅။ အဘိရုက ပျို့ကဗျာ | .... | ၃၉ |


## အခန်း - ၂


| | | |
|---|---|---|
| ၁။ သိပ္ပံနည်းကျ လေ့လာခြင်း | .... | ၄၁ |
| ၂။ ဗုဒ္ဓဘွဲ့နှင့် သဗ္ဗညုဘွဲ့ကို မည်သို့ဖွင့်ဆိုထားသည် | .... | ၄၂ |
| ၃။ အဘယ့်ကြောင့် ဗုဒ္ဓအမည်ရ | .... | ၄၅ |

| အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|
| ၄။ သဗ္ဗညုအမျိုးအစား မည်မျှရှိသည် | .... | ၄၇ |
| ၅။ သဗ္ဗညု ၅ မျိုး | .... | ၄၇ |
| ၆။ သဗ္ဗညုတဉာဏ်သည် လောကီဖြစ်သည်၊ သို့မဟုတ် လောကုတ္တရာဖြစ်သည် | .... | ၅၂ |
| ၇။ နေတ္တိပါဠိတော်လာ ဂါထာ | .... | ၅၃ |
| ၈။ သုတရတနာဆုံးမစာ | .... | ၅၄ |
| ၉။ သေချာစွာ ရှင်းလင်းပြခြင်း | .... | ၅၅ |
| ၁၀။ ကေဝိဆရာ ဋီကာအနက်ပေးမှားပုံ | .... | ၅၅ |
| ၁၁။ ဋီကာပါဌ်ကို အနက်မှန်ပေးခြင်း | .... | ၅၆ |
| ၁၂။ မဓုသာရတ္ထသတ်ပုံ | .... | ၅၈ |
| ၁၃။ သဗ္ဗညုတဉာဏ်၏ သဘာဝအထည်ကိုယ်နှင့် ယင်း၏ တည်ရှိရာ | .... | ၅၉ |
| ၁၄။ ပဥ္စစတ္တာလီလ ပုစ္ဆာဝိသဇ္ဇနာ | .... | ၆၀ |
| ၁၅။ သဗ္ဗညုတဉာဏ်သည် အရဟတ္တမဂ်နှင့် အတူတကွအပြိုင်နက် ဖြစ်,မဖြစ် | .... | ၆၀ |
| ၁၆။ နိယံ လင်္ကာများ | .... | ၆၇ |
| ၁၇။ သဗ္ဗညုတဉာဏ် အစဦးဆုံး ဖြစ်ရာကာလ | .... | ၇၃ |
| ၁၈။ မှတ်ချက် | .... | ၈၀ |
| ၁၉။ သဗ္ဗညုတဉာဏ်ဖြစ်ပုံ ဝီထိစဉ် | .... | ၈၅ |
| ၂၀။ သဗ္ဗညုတဉာဏ် ဝီထိကျဟန်ကား | .... | ၈၅ |

| အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|


၂၁။ ဍေယျခံ တရားအာရုံ
မဟာကြိယာ ဉာဏသမ္ပယုတ် ၄ .... ၁၇
၂၂။ သဗ္ဗညုတဉာဏ်၏ စွမ်းရည်သတ္တိများ .... ၁၇
၂၃။ စွမ်းရည်သတ္တိ ၃ ပါး .... ၁၇
၂၄။ သဗ္ဗညုတဉာဏ်၏ သိအပ်သော
အသိခံတရားများ .... ၁၈
၂၅။ ဍေယျခံတရား ၅ ပါး .... ၁၉
၂၆။ သဗ္ဗညုတဉာဏ်သည် အခါခပ်သိမ်း
ဖြစ်,မဖြစ်၊ ရှိ,မရှိ .... ၄၀
၂၇။ မဆင်ခြင်ပဲ သဗ္ဗညုတဉာဏ်ဖြင့်
အလုံးစုံကို သိ,မသိ .... ၄၀
၂၈။ ဆင်ခြင်လျှင် သဗ္ဗညုတဉာဏ်ဖြင့်
အပိတ်အပင်မရှိ အလုံးစုံ သိ,မသိ .... ၄၁
၂၉။ သဗ္ဗညုတဉာဏ်နှင့် အရဟတ္တမဂ်ဉာဏ်
မည်သည့်ဉာဏ်က သာလွန်မြတ်သည် .... ၄၂
၃၀။ ရွှေပြည်ဆရာတော်နှင့်
တောင်ခွင်ဆရာတော် မေး,ဖြေ .... ၄၅
၃၁။ အကြောင်းမှာ .... ၄၅
၃၂။ အယုတ်အမြတ်ဆိုသည်မှာ .... ၄၇
၃၃။ သဗ္ဗညုတဉာဏ်နှင့် မဂ်ဉာဏ် အမြတ်ရွေးနည်း ၄၈

| အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|


၃၄။ အမေးအဖြေ .... ၉၈
၃၅။ သဗ္ဗညုတဉာဏ်သည် ဘုရားဖြစ်သည်၊ သို့မဟုတ် ခန္ဓာဒြပ်သည်သာ ဘုရားဖြစ်သည် .... ၉၉
၃၆။ ဉာဏ်တော်ဘုရား အယူဝါဒ .... ၉၉
၃၇။ ဒြပ်တော်ဘုရား အယူဝါဒ .... ၉၉
၃၈။ ဆောင်ပုဒ်လင်္ကာ .... ၁၀၇
၃၉။ ဗုဒ္ဓသည် လူသားဘုရား ဟုတ်၊မဟုတ် .... ၁၀၈
၄၀။ ဗုဒ္ဓပဋိသန္ဓေယူတော်မူခဏ်း .... ၁၀၉
၄၁။ ပဋိသန္ဓေတည်ကြောင်း အင်္ဂါ ၃ ပါး .... ၁၁၂
၄၂။ အမေးအဖြေ .... ၁၁၃
၄၃။ ဆေးသိပ္ပံပညာရပ်နှင့် နှီးနှောချက် .... ၁၁၇
၄၄။ ဗုဒ္ဓ၏ ဖွားသက္ကရာဇ် .... ၁၂၀
၄၅။ ဗုဒ္ဓဇာတာတော်ပုံ .... ၁၂၁
၄၆။ ဗုဒ္ဓဇာတာတော် လင်္ကာကြီး .... ၁၂၂


## အခဏ်း-၃


၁။ ဝစ္ဆပရိဗိုဇ် မောင်ခွန်းရှည်ကြီး .... ၁၂၅

# မာတိကာ

| အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|
| ၂။ | ဗုဒ္ဓနှင့် ဝစ္ဆ အမေးအဖြေ | .... ၁၂၅ |
| ၃။ | အဋ္ဌကထာ ရှင်းလင်းချက် | .... ၁၂၈ |
| ၄။ | ဝိစ္ဆာသုံးပါး ဖွင့်ပြချက် | .... ၁၃၁ |
| ၅။ | ဆိမ်းဥပမာ | .... ၁၃၄ |
| ၆။ | လျှပ်တပြက် ခေတ်ပုံရိပ် ဥပမာ | .... ၁၃၆ |
| ၇။ | ရှင်အာနန္ဒာနှင့် သစ္စကပရိဗိုဇ် | .... ၁၃၉ |
| ၈။ | အမေးအဖြေ | .... ၁၃၉ |
| ၉။ | အမှာ | .... ၁၄[illegible] |
| ၁၀။ | ရာဟုလာ သံကစ္စည်း၏ မြုပ်ကွက်ကြီး | .... ၁[illegible] |
| ၁၁။ | သဗ္ဗညုတဟူသည်မှာ အမှား | .... ၁၄၃ |
| ၁၂။ | မှတ်ချက် | .... ၁[illegible]၅ |
| ၁၃။ | မဟုတ်မမှန် သဗ္ဗညု ဝန်ခံချက်များ | .... ၁၃၇ |
| ၁၄။ | သဗ္ဗညုအဖြစ် ဝန်ခံချက်(က) | .... ၁၄၈ |
| ၁၅။ | ဗုဒ္ဓနှင့် ဥဒါယီ မေးဖြေ | .... ၁၄၉ |
| ၁၆။ | သစ္စက၏ အတွေ့အကြုံသစ် | .... ၁[illegible] |
| ၁၇။ | တိတ္ထိကြီး ၆ ဦး | .... ၁[illegible]၅ |
| ၁၈။ | မဟုတ်မမှန် သဗ္ဗညုဝန်ခံချက်(ခ) | .... [illegible] |
| ၁၉။ | မဟုတ်မမှန် သဗ္ဗညုဝန်ခံချက်(ဂ) | .... ၁၅၇ |

အကြောင်းအရာ စာမျက်နှာ

## အခန်း-၄

၁။ ဗုဒ္ဓ၏ သဗ္ဗညုအဖြစ် ဝန်ခံချက်များ .... ၁၅၉
၂။ ဗုဒ္ဓနှင့် ဥပက အမေးအဖြေ .. ၁၅၉
၃။ သဗ္ဗညု ကေန်ဖြစ်ခြင်း .... ၁၆၂
၄။ ပါရမီတော်ခန်းပျို့ လင်္ကာ .... ၁၆၃
၅။ ကောသလမင်းကြီး အမေး .... ၁၆၃
၆။ ဗုဒ္ဓနှင့် ကောသလ မေးဖြေ .... ၁၆၄
၇။ သဗ္ဗညုတဉာဏ် အမည်ရပုံ .... ၁၆၉
၈။ သဗ္ဗသဒ္ဒါ အနက် ၄ မျိုး .... ၁၇၀
၉။ ဤသုံးခု တခုတော့ ကေန်ဖြစ်လိမ့်မည် .... ၁၇၂
၁၀။ ဗုဒ္ဓနှင့် ပရိဗိုဇ်များ မေးဖြေ .... ၁၇၃
၁၁။ သဗ္ဗညုပြဿနာ
နန်းတွင်းရောက်လာခြင်း .... ၁၇၆
၁၂။ ဗုဒ္ဓနှင့် ကောသလမင်း
နန်းတွင်း အမေးအဖြေ .... ၁၇၇
၁၃။ မှတ်ချက် .... ၁၈၀
၁၄။ သမဏ ဗြာဟ္မဏ သိနှင့်ရှယ် .... ၁၈၁
၁၅။ အထူးရှင်းလင်းချက် .... ၁၈၁
၁၆။ ဗုဒ္ဓ၏ စိန်ခေါ်ချက်များ .... ၁၈၃

| အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|


၁၇။ သဗ္ဗညုတဉာဏ် သိမြင်ပုံ .... ၁၈၅
၁၈။ မှတ်ချက် .... ၁၈၇
၁၉။ ပါရမီတော်ခန်းပျို လက်ာ .... ၁၈၈
၂၀။ သဗ္ဗညု ဘုရားရှင်တို့၏ ဖိတ်ကြားခြင်း ... ၁၈၈
၂၁။ သမ္မာသမ္ဗုဒ္ဓ၊ ပစ္စေကဗုဒ္ဓါတို့ သည်
ခြားနားချက် .... ၁၉၁
၂၂။ သမ္မာသမ္ဗုဒ္ဓ သဗ္ဗညုဘုရား .... ၁၉၂
၂၃။ ပစ္စေကဗုဒ္ဓါ .... ၁၉၂
၂၄။ ရှင်သာရိပုတြာနှင့် ရှင်မောဂ္ဂလ္လာန် ... ၁၉၂
၂၅။ ကြွင်းသော ရဟန္တာများ .... ၁၉၃
၂၆။ သမ္မာသမ္ဗုဒ္ဓ၊ ပစ္စေက သ[illegible] .. ၁၉၃
၂၇။ သမ္မာသမ္ဗုဒ္ဓ .. ၁၉၃
၂၈။ ပစ္စေကသမ္ဗုဒ္ဓ .... ၁၉၄
၂၉။ ဉာဏ်တော် ထူးခြားချက်များ .... ၁၉၄
၃၀။ ဗုဒ္ဓ၏ ရဲရဲတောက် စကား .... ၁၉၆
၃၁။ မပြုမသိ ပြုမှသိ .... ၁၉၉
၃၂။ မဃဒေဝလင်္ကာ .... ၁၉၉
၃၃။ ရှင်သာရိပုတြာ မှန်းဆသီဇပုံ .... ၂၁၀
၃၄။ ဗုဒ္ဓနှင့် ရှင်သာရိပုတြာ ဆွေးနွေး .... ၂၁၁

အကြောင်းအရာ စာမျက်နှာ

## အခန်း-၅


၁။ သဗ္ဗညုတဉာဏ်တည်းဟူသော ဓမ္မခေတ် .... ၂၀၇

၂။ နိဂဏ္ဌနှင့် အဘယ မင်းသား .... ၂၀၈

၃။ ဗုဒ္ဓနှင့် အဘယမင်းသား .... ၂၁၂

၄။ မိလိန္ဒမင်းနှင့် ရှင်နာဂသေန .... ၂၁၉

၅။ ဗုဒ္ဓသည် အလုံးစုံ သိ,မသိ .... ၂၂၀

၆။ မိလိန္ဒမင်းနှင့် ရှင်နာဂသေန မေးဖြေ .... ၂၂၀

၇။ နှင်ဖက်စွန်းထွက်သော အမေးများ .... ၂၂၂

၈။ ကျေးဇူးတင်ဖွယ် မိလိန္ဒမင်း .... ၂၂၄

၉။ မိလိန္ဒနှင့် ရှင်နာဂသေန မေးဖြေ .... ၂၂၄

၁၀။ ရှင်အာဒိစ္စဝံသ ကဗျာ .... ၂၂၇

၁၁။ လယ်တီဆရာတော်၏
နှစ်ဖက်ဖော်ထုတ်ချက် .... ၂၂၈

၁၂။ ဗုဒ္ဓဒဿန(ဗုဒ္ဓအမြင်) ၃ မျိုး .... ၂၃၀

၁၃။ (ပကတိ)မံသစက္ခု .... ၂၃၀

၁၄။ မြတ်စွာဘုရား၏ သဿတ္တာရ
မံသစက္ခုတော်ကို အသီးသီး
ထုတ်ဖော်၍ပြခြင်း .... ၂၃၀

# မာတိကာ


| အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|
| ၁၅။ ဒိဗ္ဗစက္ခု | .... | ၂၃၃ |
| ၁၆။ ရှင်မောဂ္ဂလ္လာန် ပြုံးတော်မူပုံ | .... | ၂၃၄ |
| ၁၇။ ရှင်မောဂ္ဂလ္လာန်နှင့် ရှင်လက္ခဏ | .... | ၂၃၄ |
| ၁၈။ သဗ္ဗညုတဉာဏ် (သမန္တစက္ခု) | .... | ၂၃၉ |
| ၁၉။ သဗ္ဗညုတဉာဏ်၏ သဘာဝဖြစ်ရပ်မှန် ၄ မျိုး | .... | ၂၄၀ |
| ၂၀။ စကြာဝဠာ ကုဋေတသိန်းကို အလင်းရောင်ဖြင့် တိုင်းတာခြင်း | ... | ၂၄၂ |
| ၂၁။ ဗုဒ္ဓနှင့် ရှင်အာနန္ဒာ မေးဖြေ | .... | ၂၄၄ |
| ၂၂။ မင်းကွန်း ဆရာတော် အမေး | .... | ၂၄၉ |
| ၂၃။ မန်လည်ဆရာတော် အဖြေ | .... | ၂၄၉ |
| ၂၄။ စကြာဝဠာ ခရီးရှည်ကြီးကိုသွားသူ ယူသား | .... | ၂၅၀ |
| ၂၅။ ဗုဒ္ဓနှင့် ရောဟိတဿနတ်သား မေးဖြေ | .... | ၂၅၁ |
| ၂၆။ စကြာဝဠာ ဘယ်မှာဆုံးပါလိမ့် | .... | ၂၄၅ |
| ၂၇။ နာမ်ဓာတ်၏ လျင်မြန်ခြင်း စွမ်းအင် | .... | ၂၅၉ |
| ၂၈။ စိတ်၏ လျင်မြန်ပုံ နှိုင်းဆချက် | .... | ၂၆၀ |
| ၂၉။ စိတ်တော်တခု ဉာဏ်တော်တခုသာ | .... | ၂၆၄ |
| ၃၀။ ပေါင်းရုံးစုစည်း၍ ကောက်ချက်ယူသော် | .... | ၂၆၆ |
| ၃၁။ ဂေါတက်နှုတ်ချက် ရှစ်ချက် | .... | ၂၆၆ |

| အကြောင်းအရာ | | စာမျက်နှာ |
| --- | --- | --- |


| | | |
| --- | --- | --- |
| ၃၂။ | လေးဆစ်ကဗျာ | .... ၂၆၈ |
| ၃၂။ | ဘက်စုံမမြင်သူတို့၏ စွပ်စွဲချက် | .... ၂၆၉ |
| ၃၃။ | ဆိုခွင့်ထိုက်၍ ခုံသိုက်သည် | .... ၂၇၄ |
| ၃၄။ | လေးဆစ်ကဗျာ | .... ၂၇၅ |
| | ဆုတောင်း ပတ္တနာ | .... ၂၇၇ |
| | နိဂုံးသံပေါက် | .... ၂၈၁ |

# တည်းဖြတ်သူ၏ အမှာစာ

သို့....

အရှင်အဂ္ဂဉာဏာဘိဝံသ
မဟာဝိသုဒ္ဓါရုံတိုက်သစ်
မန္တလေးမြို့

မေတ္တာစိတ်ဖြင့် သိစေချင်ပါသည်။

အကြောင်းအရာ

ယခုပို့လိုက်သော 'သမ္ဗုဒ္ဓတြဉာဏ်တော်' စာမူကြမ်းကို အရှင်က တည်းဖြတ်ပေးရန်ဖြစ်ပါသည်၊ အရှင်သည် ဝိသုဒ္ဓါရုံ ဂဏဝါစကတပါး ဖြစ်သည့်အပြင် နိုင်ငံတော် အစိုးရ၏ တိပိဋကပါဠိ မြန်မာအဘိဓာန်ကျမ်းကြီး ပြုစုရေးသားသည့် ဝိသုဒ္ဓါရုံ အဘိဓာန်အဖွဲ့ဝင် တပါးလည်းဖြစ်သဖြင့် မအားလပ်အောင် အလုပ်များပါနေကြောင်း သိပါသည်၊ မတတ်နိုင်ပါ၊ အလုပ်များနေသည့် အချိန်ထဲမှ ရသမျှ အချိန်ကို ယူ၍ ဤစာမူကို တည်းဖြတ်ပေးရန် အထူးမေတ္တာရပ်ပါသည်။

အရှင်အရိယဝံသ
ဗဟိုမြို့မကျောင်းတိုက်
ပုသိမ်ကြီးမြို့

ဖော်ပြပါစာနှင့်အတူ ဆရာတော် အရှင်အရိယဝံသထံမှ 'သဗ္ဗညုတဉာဏ်တော်'စာမူ ဤစာရေးသူထံ ရောက်လာပါသည်၊ ဤကျမ်းပြုဆရာတော်ကား ဗုဒ္ဓဓမ္မလောကစာစောင်၊ ဓမ္မဗျူဟာစာစောင်၊ ရတနာမွန်မဂ္ဂဇင်းစသော ထိုထို စာစောင်၊ မဂ္ဂဇင်း၊ သတင်းစာတို့၌ ဆောင်းပါးနှင့် ကဗျာများကို ရေးသားလေ့ရှိပါသည်။ ထို့ကြောင့် စာရှုသူတို့ သိရှိပြီး ပုဂ္ဂိုလ်ပင် ဖြစ်ပါလိမ့်မည်၊ ကျမ်းပြုဆရာတော်ထံမှ ဗုဒ္ဓဘာသာ စာပေလောက၌ အနက်နဲဆုံးဖြစ်သည့် သဗ္ဗညုတဉာဏ်တော်အကြောင်း စာမူကို တည်းဖြတ်ရန် တာဝန်ကျရောက်လာသောအခါ ဘုရားရှင် လက်ထက်တော်က အဖြစ်အပျက်တခုကို တွေးမိပြီး ဝန်လေးသကဲ့သို့ ဖြစ်နေပါသည်။

> သဗ္ဗညုဘုရားရှင် သက်တော်ထင်ရှား ရှိစဉ်က သာဝတ္ထိမြို့တော်မှ ထွက်လာသော ဇာဏုဿောဏိပုဏ္ဏားနှင့် ဇေတဝန်ကျောင်းတော်မှ ထွက်လာသော ပိလောတိကပရိဗိုဇ်တို့ လမ်းတွင် ခရီးရင်ဆိုင် တွေ့ကြပါသည်၊ ရှေးဦးစွာ ဇာဏုဿောဏိပုဏ္ဏားက နှုတ်ခွန်းဆက်သပြီး ဤသို့မေးလိုက်ပါသည်။
>
> 'အရှင်ဝစ္ဆာယန (ပိလောတိကပရိဗိုဇ်ကို အနွယ်ဖြင့်ခေါ်ခြင်းဖြစ်သည်)ရဟန်းဂေါတမ၏ ပညာစွမ်းကို အရှင်ဘယ်လိုထင်ပါသလဲ ရဟန်းဂေါတမကို ပညာရှိကြီးတဆူလို့ အရှင်ယူဆပါသလား'

ဤတွင် ပိလောတိကပရိဗိုဇ်က'အို ဇာဏုဿောဏိ ကျွန်ုပ် ဘယ်လိုပုဂ္ဂိုလ်စားမို့ သိနိုင်မှာလဲ၊ ရဟန်းဂေါတမရဲ့ ပညာ

ရွှေ့ခြင်းကိုသိတဲ့သူဟာ ရဟန်းဂေါတမလို သဗ္ဗညုတ ဉာဏ်တော်သခင် ဘုရားရှင်တဆူဖြစ်တော်မူရမှာပေါ့’ဟု ခွန်းတုံ့ပြန်ကာ ဆက်လက်ဖြေဆိုပြန်ပါသည်။

အို....ဇာဏုဿောဏိ ဉပမာဆိုရသော် ဆင်တောအုပ်၌ ကျက်စားနေသော ကျွမ်းကျင်သူ တဦးသည် ဆင်တောဝယ် အလျားအနံရှည်ကျယ်သော ဆင်ခြေရာကြီးတခုကိုတွေ့မြင်ရာ ‘အလွန်ကြီးမားသော ဆင်ပြောင်ကြီးတကောင်’ဟု မှန်းဆကာ ဆုံးဖြတ်နိုင်ပေရာသည်။ ဤအတူပင် ကျွန်ုပ်သည် ရဟန်းဂေါတမအထံ၌ ဉာဏ်တော်ခြေရာ ၄ မျိုးကို တွေ့မြင်ရသည့် အချိန်မှစပြီး ဤသို့ဆုံးဖြတ်ချက် ချနိုင်ခဲ့ပါသည်။

‘သဗ္ဗညုဘုရားရှင်သည် တရားအလုံးစုံကို အကုန်အစင်သိမြင်နိုင်ပါပေသည်၊ တရားတော်သည် ကောင်းစွာဟောကြားအပ်သော တရားတော် ဖြစ်ပါပေသည်၊ သံဃာတော်သည် ကောင်းစွာကျင့်ကြံနေသော သံဃာတော်ဖြစ်ပါပေသည်’။

ဤလူ့လောက၌ သိမ်မွေ့သောပညာရှိ၍ သူတပါးတို့၏ အယူဝါဒကို ဖျက်ဆီးနိုင်ကြသည့် မင်းပညာရှိ ‘ခတ္တိယပဏ္ဍိတ်ကြီး’တို့ ရှိကြပါသည်၊ သူတို့သည် အစွန်းမလွတ်နိုင်သည့် မေးခွန်းအမျိုးမျိုးကို ဆင်ထုတ်ထားကြပြီးလျှင် ဝါဒပြိုင်၍ အနိုင်ယူရန် ဘုရားရှင်ထံလာကြပါသည်၊ဘုရားရှင်ထံရောက်၍ တရားဓမ္မကို နာကြားရသောအခါ သူတို့၏ လုပ်ကြံမေးခွန်းဘွေကို မမေးဝံ့တော့ဘဲ ဘုရားရှင်ထံ တပည့်သာဝကအဖြစ် ခံယူသွားကြပါသည်၊ ထို့အတူပင် ဗြာဟ္မဏပဏ္ဍိတ်၊ ဂဟပတိပဏ္ဍိတ်၊ သမဏပဏ္ဍိတ်ကြီးတို့လည်း တပည့်သာကဝအဖြစ်

ခံယူသွားကြပါသည်။ ကျွန်ုပ်သည် ဘုရားရှင်၏ ဤဥာဏ်တော်ခြေရာ ၄ မျိုးကို တွေ့မြင်ရသည့် အချိန်မှစ၍ ရတနာသုံးပါး၌ သက်ဝင်ယုံကြည် ဆုံးဖြတ်ချက်ချနိုင်ခဲ့ပါသည်။

ဤသို့ ပိလောတိကပရိဗိုဇ် ပြောဆိုလိုက်သော အကြောင်းအရာတို့ကို ဘုရားရှင်ထံ ရောက်လာသော ဇာဏုသောဏိ ပုဏ္ဏားက ဘုရားရှင်အား လျှောက်ထားရာ ဘုရားရှင်က ဤသို့ဖြည့်စွက်ကာ ဟောတော်မူပါသည်။

အို.. ပုဏ္ဏား ဆင်တောဝယ် အလျားအနံ ရှည်ကျယ်သော ဆင်ခြေရာကိုရင်း၊ ၇ တောင် ၈ တောင်မြင့်သော အရပ်၌ နံပါးဖြင့်ပွတ်တိုက်ရာ အစွယ်တို့ဖြင့်ထိုးရာကိုရင်း တွေ့မြင်ရုံမျှဖြင့် ကျွမ်းကျင်လိမ္မာသူသည် 'ကြီးမားသော ဆင်ပြောင်ကြီးတကောင်' ဟု အဆောတလျင် ဆုံးဖြတ်ချက်မချသေးပေ၊ အဘယ်ကြောင့်ဆိုတော် ပုဏ္ဏား၊ ကြီးမားသော ခြေရှိသည့် ဆင်မနှင့် အရပ်မြင့် အစွယ်ကားပြီး ကြီးမားသော ခြေရှိသော ဆင်မတွေ့ရှိနေသဖြင့် ထိုဆင်မ၏ခြေရာ ဖြစ်နိုင်သေးသောကြောင့်တည်း၊ အဆိုပါ ကျွမ်းကျင်သူသည် ဆင်ခြေရာနောက်သို့ အစဉ်လိုက်သွားကာ ခြေရာရှင် ဆင်ပြောင်ကြီးကို မျက်မှောက်တွင် တွေ့မြင်ရသည့်အခါကျမှ 'ကြီးမားသော ဆင်ပြောင်ကြီးပေတည်း' ဟု သန္နိဋ္ဌာန်ချ ဆုံးဖြတ်ချက်ချလေသည်။

အို.. ပုဏ္ဏား တို့အတူပင် ဤသတ္တလောက၌သမ္မာသမ္ဗုဒ္ဓဥာဏ်တော်သခင် ဘုရားရှင်တဆူ ပွင့်တော်မူလာရာ ထိုဘုရားရှင်၏ အစ၊ အလယ်၊ အဆုံး ကောင်းခြင်းသုံးပါးရှိသည့် တရားဓမ္မ

ကို နာကြားရသောအမျိုးကောင်းသားသည်ယုံကြည်မှု'သဒ္ဓါတရား'ဖြင့် သာသနာတော်ဝယ် ရဟန်းပြုလာသည်။ အဆိုပါရဟန်းတော်သည် ဘုရားရှင်ညွှန်ပြသည့်အတိုင်း ကိုယ်ကျင့်သီလကိုစင်ကြယ်စေကာ သမထကမ္မဋ္ဌာန်းကို စီဖြန်းအားထုတ်ပြန်ရာ ရေးဖြစ်ဟောင်းကို ပြန်ပြောင်းအောက်မေ့နိုင်သော 'ပုဗ္ဗေနိဝါသာနုဿတိအဘိညာဉ်'နှင့် စုတေသဲ့ပဋိသန္ဓေနေဆဲသတ္တဝါတို့ကို သိမြင်နိုင်သော'စုတူပပါတဉာဏ်'(ဒိဗ္ဗစက္ခုအဘိညာဉ်)ကို ရရှိလေသည်။

ဘုရားရှင်ညွှန်ပြသဖြင့်ရရှိအပ်သော ထိုဈာန်၊ အဘိညာဉ်တို့ကို သဗ္ဗညုဘုရားရှင်တည်းဟူသော ဂန္ဓဆင်မင်း၏ သဗ္ဗညုတဉာဏ်တော်ခြေရာ၊ ဉာဏ်တော်နံပါးဖြင့် ပွတ်တိုက်ရာ၊ ဉာဏ်တော်အစွယ်တို့ဖြင့် ထိုးရာဟူ၍ ဆိုရပေသည်။ ရဟန်းတော်သည် ထိုဈာန်၊ အဘိညာဉ်မျှဖြင့် ဘုရားရှင်၏ သမ္မာသမ္ဗုဒ္ဓအဖြစ်၊ တရားတော်၏ သွာက္ခာတအဖြစ်၊ သံဃာတော်၏သုပ္ပဋိပန္နအဖြစ်ကို အပြည့်အဝ ဆုံးဖြတ်ချက် မချနိုင်သေးပေ။

ဆက်လက်၍ ဝိပဿနာကမ္မဋ္ဌာန်းကို စီးဖြန်းအားထုတ်ပြန်ရာ ဉာဏ်စဉ်တက်ကာ အစဉ်အတိုင်း မဂ် ၄ ပါးသို့ဆိုက်သွားလေသည်၊ သဗ္ဗညုဘုရားရှင်၏ ဉာဏ်တော်ခြေရာ၊ ဉာဏ်တော်အစွယ်ရာဖြစ်သည့် စတုတ္ထ(အရဟတ္တ)မဂ်သို့ဆိုက်ရောက်သည့်အခါကျမှ ချွင်းချက်မရှိ အပြည့်အဝ ဆုံးဖြတ်ချက်ချနိုင်လေတော့သည်။

ဤကား မဇ္ဈိမနိကာယ်၊ မူလပဏ္ဏာသ၊ စူဠဟတ္ထိပဒောပမ သုတ်မှ ကောက်နုတ်ပြန်ဆိုချက် ဖြစ်ပါသည်၊ ဤသုတ်၌ လို ရင်းအချုပ်မှာ-ဘုရား၊ တရား၊ သံဃာရတနာသုံးပါးကို မဂ် ဉာဏ် ၄ ဆင့်ပေါက်၍ ရဟန္တာအဖြစ်သို့ရောက်မှ ချွင်းချက်မ ရှိ ရာနှုန်းပြည့်ယုံကြည်နိုင်သည်၊ သဗ္ဗညုဘုရားရှင်၏ အဆုံးအ ပိုင်းအခြားမရှိသည့် 'အနန္တ'ဖြေ သဗ္ဗညုတ ဉာဏ်တော်ကို လည်း အခြားသဗ္ဗညုတဉာဏ်တော် တပါးဖြင့်သာ အကုန် အစင် သိမြင်နိုင်သည်ဟူ၍ ဖြစ်ပါသည်။

သဗ္ဗညုတဉာဏ်တော်ကို ဆုမျှပင် မတောင်းဖူးသည့်ပြင် မဂ်ဉာဏ် ၄ ပါးနှင့်အလှမ်းဝေးသေးသော စာရေးသူသည် ဖော်ပြပါအကြောင်းအရာတို့ကို တွေးမိပြီး'သဗ္ဗညုတဉာဏ် တော်'စာအုပ်ကို တည်းဖြတ်ရေး၌ ဝန်လေးလျက်ရှိပါသည်။ သို့ရာတွင် ယင်းစာမူကိုကြည့်ရှုရာ ကျမ်းပြုဆရာတော်၏ ကြိုး ကားသောဇွဲလုံ့လဖြင့် ပိဋကတော်ဆိုင်ရာ ကျမ်းပေါင်းစုံကိုး ကားလျက် ရေးသားချက်များကို တွေ့မြင်ရသောအခါတည်း ဖြတ်ရန်ကြောက်ရွံ့၍ နောက်တွန့်နေသောစိတ်များ ကွယ် ပျောက်သွားကာ သဒ္ဓါ ပညာတို့ တိုးပွါးလာသည်ကို တွေ့ ရပါသည်။

မှန်ပါသည်၊ သဗ္ဗညုဘုရားရှင်တည်းဟူသော ဂန္ဓဆင်မင်း ၏ သဗ္ဗညုတဉာဏ်တော်တည်းဟူသော ခြေ၊ လက်၊ နှံပါး၊ အစွယ်တို့၏ အဖြစ်သနစ်ကို စိစစ်လေ့လာလိုလျှင် ယင်းတို့ နှင်းမိ၊ ပွတ်တိုက်၊ ထိုးဆွရာ ပိဋကကျမ်းစာမှတပါး အခြား မှီငြမ်းပြုစရာ မရှိတော့ပါချေ၊ ဤအချက်ကို ကောင်းစွာ

နားလည်ထားသော အရှင်အရိယဝံသသည် သဗ္ဗညုတဉာဏ်တော်နှင့်စပ်ဆိုင်သော ကျမ်းစာဆိုလျှင် ကျမ်းကြီးကျမ်းခိုင်သာမက ကျမ်းလတ်၊ ကျမ်းငယ်ပါမကျန်ရအောင် ထုတ်ဆောင်ကိုးကား ရေးသားထားပေသည်။

ဆက်ပါဦးမည်၊ ပိဋကစာပေပညာကို လေ့လာလိုက်စားခဲ့သော ဤစာရေးသူ၏ ၂၅ နှစ်တာ စာပေခရီးတွင် သဗ္ဗညုတဉာဏ်တော်နှင့်စပ်၍ ဆရာတော်အရှင်အရိယဝံသ၏ ဤ 'သဗ္ဗညုတဉာဏ်တော်' စာအုပ်လောက် အကိုးအကားစုံလင်ပြီး ပိဋကကျမ်းဂန်နှင့်ညီလျော်သော အခြားကျမ်းဂန် တစောင်တဖွဲ့မျှ မတွေ့ခဲ့ဖူးပါ၊ ဤသည်မှာ စာရေးသူ၏ မနှံ့စပ်မပြည့်စုံမှုပင် ဖြစ်ကောင်းဖြစ်ရာပါသည်။

မည်သို့ပင်ဖြစ်စေ သဘာဝအာဂမ ယုတ္တိစုံညီပြုထားသော ဤသဗ္ဗညုတဉာဏ်တော်စာအုပ်ကို ဖတ်ရှုလေ့လာတော့မည့် စာရှုသူသူတော်စင်သည် ဤစာအုပ်ကို ဖတ်ရှုပြီးဆုံးသွားသောအခါ သဗ္ဗညုတဉာဏ်တော်နှင့်တကွ ရတနာသုံးပါးတို့၌ သဒ္ဓါ၊ ပညာများ အတိုင်းမသိ တိုးပွားပြီးလျှင် တန်းမြင့်ဗုဒ္ဓဘာသာဝင်သူတော်စင်အဆင့်သို့ မြင့်တက်သွားလိမ့်မည်ဟူ၍ကား ယုံမှားမရှိ မြော်လင့်မိပါသတည်း။

သာသနာတော်နှစ် - ၂၅၂၁ - ခု၊
မြန်မာနှစ် - ၁၃၃၉ ခု၊ ကဆုန်လ

အရှင်အဂ္ဂဉာနာဘိဝံသ
မဟာဝိသုဒ္ဓါရုံတိုက်သစ်
မန္တလေးမြို့။

# သဗ္ဗညုတဉာဏ်တော်

(ပုသိမ်ကြီး အရှင်အရိယဝံသ)

# အခန်း—၁

## သိဒ္ဓံ နမော သဗ္ဗညုဗုဒ္ဓါယ

### အကြောင်းပြန့်ဒါန်း

ဤ'သဗ္ဗညုတဉာဏ်တော်'ဟူသော ဝေါဟာရကိုဖတ်မှတ်ကြားနာလိုက်ရသည်နှင့် တပြိုင်နက် သဗ္ဗညုတ ဉာဏ်တော်သည် ဗုဒ္ဓ၏ အထွတ်အထိပ် အမှတ်တံဆိပ် ဉာဏ်တော်ကြီးဖြစ်ကြောင်း ရဟန်းရှင်လူ ပြည်သူအပေါင်းတို့က ကောင်းစွာသိရှိနေကြပြီး ဖြစ်ပါသည်၊ ယခု တင်ပြမည်ဖြစ်သော 'သဗ္ဗညုတဉာဏ်တော်' စာအုပ်သည် အကြောင်းမဲ့ အမှတ်မထင် ဖြစ်ပေါ်လာရသည် မဟုတ်ပေ၊အကြောင်းရှိရှိ အမှတ်ထင်ထင် ဖြစ်ပေါ်လာရခြင်းပင် ဖြစ်ပါသည်၊ အကြောင်းရင်းမြစ်မှာကား လောကအမြင် ဆင်ခြင်ဉာဏ် စူးရောက်ပါသည်ဆိုသော ပညာရှင်အမည်ခံ (ပဏ္ဍိတမာနီ)ပုဂ္ဂိုလ်အချို့က'ဘုရားဟာ လူသားကဖြစ်လာတာဘဲ၊ လူသားဘုရားဟာ လူသားတဦးမှာရှိတဲ့ ဦးနှောက်ထက် မပိုဘူး၊ ဒါကြောင့် လူသားတဦးရဲ့ ဦးနှောက်က လက်ခံနိုင်တဲ့ အသိဉာဏ်မျိုးလောက်ဘဲ ရှိနိုင်မယ်၊ လူသားတဦးထက်ပိုလွန်ပြီး အလုံးစုံကို

သိနိုင်မြင်နိုင်တယ်ဆိုတာ လုံးဝဖြစ်ကိုမဖြစ်နိုင်ဘူး'ဟူ၍ သဗ္ဗညုတဉာဏ်တော်ကို တိုက်ရိုက်ထိပါး စွပ်စွဲပြောဆိုလာကြပါသည်။

ထိုသို့ နှုတ်ဖြင့်စွပ်စွဲပြောဆိုကြရုံမျှမကတော့ဘဲ ဤစာပြုသူ ၁၃ နှစ်အရွယ် ရှင်သာမဏေငယ်မျှသာ ရှိသေးသော ၁၃၀၈ ခုနှစ် ဝါခေါင်လဆန်း ၁ ရက်(၂၉-၇-၄၆)နေ့မှစ၍ ရန်ကုန်မြို့ ရွှေတိဂုံစေတီတော်ကြီး၏ အလယ်ပစ္စယံ ဗိုက်ဦးဇရပ်တွင် တက္ကသိုလ်ကျောင်းသားသမဂ္ဂညီလာခံကြီး ဆင်ယင်ကျင်းပခဲ့ကြသည်၊ ထို တက္ကသိုလ်ကျောင်းသားသမဂ္ဂ ညီလာခံကြီး ကျင်းပနေစဉ် ကျင်းပရာဌာန ဗိုက်ဦးဇရပ်၌ပင် 'သဗ္ဗညုတဉာဏ်ဆိုတာရှိသလား'ဟူသော ခေါင်းစီးဖြင့် နံရံကပ်သတင်းစာတစောင် ပေါ်ပေါက်လာလေသည်။ ရေးသူအမည် ကား 'ဒေဝိလ (ဇင်) သမားဇောက်ထိုး' ဟူ၍ဖြစ်သည်၊ သူသည် ဗုဒ္ဓနှင့် သဗ္ဗညုတဉာဏ်တော်ကိုပါ ပြစ်မှားထိခိုက် လုပ်ကြံစွပ်စွဲလိုက်လေသည်၊ သူ၏ လုပ်ရပ်နှင့် သူ၏ 'ဇောက်ထိုး'အမည်ကား ဗျုပ္ပတ်အလိုက် ထိုက်လျော်ကိုက်ညီလှပါတော့သည်၊ တကယ်ဆိုရသော် 'စာသည်ပင်လျှင် စာသခင်ကို ထင်ထင်ထွန်းပြနေသည်' ဟု ဆိုရချိမ့်မည်၊ ထိုအချိန်က ဇောက်ထိုး၏ မဟုတ်မမှန် လုပ်ကြံစွပ်စွဲချက်များကို တွန်းလှန်ဖြိုဖျက် ဝေဖန်ဖြေရှင်းချက် စာအုပ်တအုပ်လည်း ပေါ်ထွက်လာခဲ့သည်။ ပြုစုသော ပုဂ္ဂိုလ်ကား မန္တလေးမြို့အနောက်ပြင် မဟာဝေယံဘုံသာတိုက်(ရဟန်းပျိုအဖွဲ့တွဲဘက်ဥက္ကဋ္ဌ)ဆရာတော် ဦးကလျာဏဖြစ်ပါသည်၊ စာအုပ်မှာ'သဗ္ဗ

ညုတဉာဏ်ဆိုတာဘာလဲ' ဟူသော အမည်ဖြင့် ထုတ်ဝေပါသည်။ ယင်းစာအုပ်မှယူငင်၍ ဇော်ကထိုး၏စုပ်စွဲချက်များကို မူရင်းမပျက် အောက်ပါအတိုင်း ဖော်ပြလိုက်ပါသည်။

## နံ့ရှံကပ်သတင်းစာ
## (မူအတိုင်း)

**သဗ္ဗညုတဉာဏ်ဆိုတာရှိသလား**

ရေးသူ-ဒေဝိလ(ဇင်)သမားဇော်ကထိုး။
တာဝန်ခံ-မောင်မောင်ဟိန် အမူဆောင်အဖွဲ့ဝင်နှင့်
မောင်မောင်။

ဂေါတမရှင်တော်ဘုရားသည် သဗ္ဗညုတဉာဏ်တော်ကို ဆရာမရှိ မိမိအလိုလိုသိသည်ဟု ဆိုကြသည်၊ ဇော်ကထိုးသည် ငယ်ငယ်က ယုံကြည်ခဲ့သည်၊ နေ့တိုင်း ဘုရားရှိခိုးနေရသော ဇော်ကထိုး၊ ခဏခဏတရားနာနေရသော ဇော်ကထိုး၊ ဘာသာစာပေများကို ဘတ်နေရသော ဇော်ကထိုးသည် အဘယ်မှာလျှင် မယုံကြည်ဘဲရှိပါအံ့နည်း။ လေးသင်္ချေနှင့် ကမ္ဘာတသိန်း ပါရမီဖြည့်ပြီးမှ ရအပ်သော သဗ္ဗညုတဉာဏ်တော်ဟူ၍ အလွန်ပင်လေးစား ယုံကြည်ခဲ့သည်၊ ရှင်းရှင်းဆိုရလျှင် မိရိုးဖလာအစွဲကြောင့်သာ ဇော်ကထိုး ယုံကြည်ခဲ့ခြင်း ဖြစ်သည်၊ သို့သော် တရံသောအခါကစ၍ ဇော်ကထိုးစဉ်းစားခဲ့လေသည်။

ဂေါတမဘုရားဆရာရှိသည်၊ သူသည် အို-နာ-သေ-ရဟန်းကို မြင်၍ နန်းမသုံးဆောင်နှင့် 'မီးမထွက်သေးသော ယဓသာဓ ရာဇိမ္မာဒေဝီ မခင်ရွှေကို' စွန့်ပစ်တောထွက်ခဲ့သော အယူဝါ ဒများနှင့်ပတ်သက်၍ နိုးနှောခြင်းများ၊ တ နည်း ဆိုလျှင် ထိုရသေ့ကြီးများထံ တပည့်ခံခဲ့ခြင်းများ ရှိခဲ့သည်။

သူသည် ရှင်ဘုရင်လုပ်ခဲ့ရသဖြင့်လည်း သူ့ပတ်ဝန်းကျင်မှ လူမှုစည်းကမ်းများနှင့် ဥပဒေများကို နားလည်ခဲ့သည်၊ ထို နောက်သူသည် တဦးတည်း ဩကာသလောကကြီး၏ တိတ် ဆိတ်မှုတွင် ဒုက္ခရစရိယာ(ဝါ)ဂူးဂုးဂိုက်စိုက် တွေးတောခြင်း ဖြင့် တရားများကို ငုံကောင်းစေခြင်း (ဝါ) သမာဓိတည်စေ ခြင်း(တမျိုး) စိတ်တန်ခိုးကြီးမားစေခြင်းများကို ဖန်တီးပေး လေသည်၊ ထိုဂူးစိုက်သော စိတ်ကြောင့်ပင် ဉာဏ်ပွားများ ခြင်းကို ဖန်တီးပေးသည်၊ အလွန်ကောင်းသော အတွေးဇွဲ ကြီး ကြီးစွာဖြင့် ခြောက်နှစ်ပတ်လုံးရှာဖွေရသော သူ့အသိ ဉာဏ်တို့ကား အဘယ်မှာလျှင် မအံ့ဩစဘွယ်ရှိပါအံ့နည်း၊ သူ့အသိဉာဏ်များသည် အလွန်အံ့ဩစဘွယ် ကောင်းပါပေ သည်။ သို့သော် ထိုအသိဉာဏ်များမှာ သူနားလည်ခဲ့သော အခြားအယူဝါဒများ၊ လူမှုရေးရာများ ဥပဒေများနှင့် ဩ ကာသလောကကြီးမှ အများဆုံးပေးလိုက်သော ရုပ်လောက သဘောတရားများ အကောင်းဆုံး သူယူဆထားသော အမြု တေများပင်ဖြစ်သည်။ သူ၏ တရားများကို စိစစ်ကြည့်လျှင် သိသာနိုင်ပေသည်။

သူ၏တရားတွင်ခိုးခြင်း၊ လိမ်လည်ခြင်း၊ သတ်ဖြတ်ခြင်း၊ သေရည်သေရက်ခြင်း၊ ကာမေသုမိစ္ဆာစာရကံကျူးလွန်ခြင်း များပြုလုပ်ခဲ့လျှင် အကုသိုလ်ဖြစ်သည် (ဝါ) အပြစ်ကျရောက် အပါယ်ငရဲပေါက်တတ်သည်ဟုဆိုထားသည်၊ ထိုခေတ်ကသူ့ ပတ်ဝန်းကျင်ရှိ လူမှုရေးရာတို့၌ အထက်ပါအပြုအမူမျိုးသည် သူ့မျက်မှောက်၌ပင် ဆိုးဝါးသောအကျိုးများကို ပေးနေ သည်။ ထိုအရာများကိုသူသိသည်၊ ထို့ကြောင့်သူ့တရားများ ၌ ထိုအပြစ်များကိုကျူးလွန်လျှင် အပြစ်ကျရောက်သည်ဟု 'ငရဲဖြင့်'ခြောက်ထားသည်၊ ဝဋ်ဖြင့်ခြောက်ထားသည် (ဝဋ် အမြဲငရဲအပ)ထိုအပြစ်များမကျူးလွန်လျှင် ကုသိုလ်ရသည်ဟု နတ်စည်းစိမ် ဗြဟ္မာ့စည်းစိမ်တို့ဖြင့် မြှောက်ထားသည်၊ ထိုတ ရားများ သူ့ပတ်ဝန်းကျင်ရှိလူမှုရေးရာများမှ ထုတ်ယူထား သောအမြုတေများပင်ဖြစ်သည်၊ ထို့ကြောင့်အသိအတွက် ထိုခေတ်ကသူ့ပတ်ဝန်းကျင်ရှိလူမှုရေးရာများက ဆရာအဖြစ် သင်ပြပေသည်။

အကယ်၍သာ သူသည်သူ့မယားမရှိသော လူရိုင်းတို့အ လယ်၌ကျရောက်ပေါက်ဖွားတရားဉာဏ်ပွားရလျှင်သော်ရင်း၊ သို့မဟုတ် အစုလိုက်အိမ်ထောင်ပြုသော (မိန်းမတယောက်ကို အကိုတယောက်ကယူလျှင် ကျန်ညီများပါဘုံသဘောဖြင့် က ရောတိကြသော) သံဃအိမ်ထောင်စုံ လူမျိုးများ အကြား၌ ပေါက်ပွားမည်ဆိုပါလျှင်လည်း ကာမေသုမိစ္ဆာစာရကံသည် ဒု၊ သ၊ န၊ သောအပါယ်တွင် မျှောမည်ဟုယူဆ၍ ဟောလိမ့် မည်မဟုတ်၊ သို့ဖြစ်ရာ လူမှုကိစ္စသည် သူ့ဆရာဖြစ်သည်မှာ

(မှောင်တုအတွင်း နေလလင်းသလို)ရှင်းရှင်းကြီး ဖြစ်တော့သည်။

အပြစ်များကို ငရဲဖြင့်ခြောက်ခြင်း၊အပြစ်ရှောင်ကြဉ်ခြင်းကို စည်းစိမ်းဖြင့်မြှောက်ခြင်းမှာလည်း သူ့ပတ်ဝန်းကျင်ရှိအယူဝါဒအချို့တွင် ငရဲများ နတ်များ ပြဟ္မာများရှိသည်ဟူသောအချက်များမှ အမြုတေပင်ဖြစ်သည်၊ထိုသည်ကား သူ့ပတ်ဝန်းကျင်မှ အယူဝါဒများသင်ပြကြောင်း ထင်ရှားတော့သည်။

အဘိဓမ္မာတရားတော်များ ဇောက်ထိုးသိသမျှဘာသာတို့တွင် သူ့၏အဘိဓမ္မာတရားလောက် လေးနက်မှန်ကန်သောအဘိဓမ္မာများ မတွေ့ဘူးသေးချေ(ဇောက်ထိုးပင်ညွှန်းလော့) သူ၏ အ ဘိ ဓမ္မာ တ ရား သည် ရုပ် များ မ တည်ဖြစ် ပျက်(ဥပါဒ်၊ ဌီ၊ ဘင်)သည်၊ စိတ်စေတသိက်သည်လည်း ရုပ်ကိုမှီ၍ ပြောင်းလဲ့သည်၊ (အာရမ္မဏပစ္စယော)ဟု ဆိုထားသဖြင့်ရုပ်ဝါဒကျဆရောင်ရောင်၊ သို့သော် ‘စိတ္တေနနီယျတေလောကော’စသည်ဖြင့် စိတ်ဖန်ဆင်းသည်၊ တစလွန်ရှိသည် စသည်ဖြင့် သူ့ပတ်ဝန်းကျင်၏စိတ်ဝါဒများကို မစွန့်လွှတ်ဘဲဆိုထားသဖြင့် စိတ်ဝါဒဖြစ်နေပြန်သည်၊ သို့သော်သူသည် ရုပ်လောကမတည်မြဲပြောင်းလဲဖောက်ပြန်သောအမြင်ကိုမြင်၍ (ရူပတိတိ ရူပံ)အတိုအလင်းဆိုထားသဖြင့်ရုပ်တို့စုပေါင်းဖွဲ့စည်းထားသောအာရုံများသည်မတည်မြဲ၊ ထိုအာရုံများမတည်မြဲခြင်းနှင့် စိတ်ကိန်းဝပ်ရာခန္ဓာကိုယ်ရုပ်သည်လည်း မတည်မြဲခြင်းတို့ကြောင့် ခံစားနေခြင်းများခံစားရခြင်းများကိုအကြောင်း

ပြု၍ မိမိ၏အသက်စသည်တို့ကို မစွန့်လွှတ်လိုခြင်းများအချုပ်ဆိုလျှင် မည်သည့်စည်းစိမ်မျိုးကိုမဆို ခံစားနေခြင်းနှင့် ခံစားနေရခြင်းများသည် သုခမဟုတ်ဒုက္ခဖြစ်သည်။

ထို့ကြောင့် လောက၌သုခမရှိ ဒုက္ခ....ဒုက္ခ....ဒုက္ခသစ္စာဟု ဟောသည်။ ရှာရှေလှသဖြင့် စာတွေက ၂ မျက်နှာနီးနေပြီ။ တိုတိုနှင့်ဘဲရုံးကြစို့၊ ယခုရေးသမျှသည် သူ့အဘိဓမ္မာ၏သေးငယ်သောတစိတ်တဒေသဖြစ်သည်။ သို့သော် ဤမျှနှင့်ပင် ဇောက်ထိုး၏ ဆိုလိုရင်းကိုနားလည်နိုင်စေပြီး စဉ်းစားပါ လေးလေးနက်နက်စဉ်းစားပါ သူ၏ဒုက္ခသစ္စာတရားသည် ရုပ်ပတ်ဝန်းကျင်မှ ငါတို့ရုပ်များသည် ပျက်တတ်သည် ငါတို့စုထားသောအာရုံသည် မမြဲ၊ ငါတို့ကိုသင်တို့ကြည့် စား ရှူ ရှိုက်ကြား ထိတွေ့နေရသဖြင့်နေကြသည်။ သို့သော်ငါတို့မမြဲပြောင်းလဲနေသဖြင့် သင်တို့အားစွန့်ပစ်သွားမည်ဟု ရုပ်များကသင်ပြပြောဆိုနေခြင်းကြောင့်သာ သူသိသည်မှာထင်ရှားတော့သည်။ (စဉ်းစားကြလော့ လေးနက်စွာ။)

ကျွန်ုပ်ဂေါတမအကြောင်းကို စဉ်းစား၍မကုန်သေးသော်လည်းဆရာမရှိဘဲ အလိုလိုထိုးထွင်းသိသည်ဟူသော သဘောအယူအဆကား ကျွန်ုပ်အတွေးမှထွက်ပြေးကြလေပြီ။စဉ်းစားကြလော့လေးနက်စွာ။

အသိဉာဏ်ဆိုသည်မှာမျက်စိ နား နှာခေါင်း လျှာ ကာယစသော ရုပ်အကြည်ဓာတ်များတွင် တွေ့ထိနေသော တွေ့လာစေရန် လှုပ်ရှား၍တွေ့စေသော ဘေးပတ်ဝန်းကျင်မှရုပ်များနှင့်ကင်း၍မရှိ၊ ရုပ်များအမြဲပြောင်းလဲ၍နေသဖြင့် အသိ

များသည် အမြဲပြောင်းလဲ၍နေသည်။ ထို့ကြောင့် ရုပ်တို့
သည် စိတ်၏အမြဲတမ်းဆရာဖြစ်သည်။ ရုပ်သည်ပြောင်းလဲ
ခြင်းများလှုပ်ရှားခြင်းများဖြင့်သူ့တပည့်စိတ်တို့ကို သင်ပြနေ
သည်။ ဘယ်သူမျှ နောက်ကာလတွင် ပေါ်ပေါက်ခြင်း ဖြစ်
ပွါးမည့်ရုပ်တို့၏ ပြောင်းလှုလှုပ်ရှားမှုကို ကြိုတင်၍မမြင်နိုင်။
အတိတ်ကာလကိုလည်း မမြင်နိုင်။ ထို့ကြောင့် သဗ္ဗညုတ
ဉာဏ်မရှိနိုင် ဉာဏ်များ(ဝါ)အသိများသည် လူ့ဦးနှောက်
လက်သင့်ခံနိုင်သည်ထက် အမြဲတမ်းပိုနေပေလိမ့်မည်။

('သဗ္ဗညုတဉာဏ်ဆိုတာဘာလဲ'စာအုပ် ၁ မျက်နှာမှ ၇)

ဤကားဇောက်ထိုး၏ စွပ်စွဲချက်အပြည့်အစုံတည်း၊ သူ၏
နံရံကပ်စာတမ်းကပင် ဗုဒ္ဓနှင့်သဗ္ဗညုတဉာဏ်တော်ကို ဝေ
ဘန်စွပ်စွဲနိုင်လောက်သော အရည်အသွေး လုံးဝ မရှိ သေး
ကြောင်း ဖော်ပြနေပါသည်။ ယင်းကြောင့် ရှေးပေါရာဏ
ဆရာတို့က 'ယံ ဝါ တံ ဝါ ပရိပဂ္ဂ စောဒကော ပန စော
ဒေတိ။ သော ဟိ သမ္မံ န ပဿတိ--စွပ်စွဲတတ်သူကား ဟိုဟိုဒီဒီ
ရှေ့ရှောက်နှောက်ရောက် ကပေါက်တိ ကပေါက်ချာ စွပ်စွဲ
ပြောဆိုတတ်၏။ မှန်၏ ထိုစွပ်စွဲသူကား ဘက်စုံမသိမြင်
တတ်ချေ'ဟူ၍မိန့်ဆိုခဲ့၊ ယင်းသို့သော စွပ်စွဲပြောဆိုခြင်း
ရေးသားခြင်းများကို 'မုခလောလ--နှုတ်သရမ်းခြင်း' 'ဟတ္ထ
လောလ-လက်သရမ်းလေ်လီခြင်း'ဟုလည်း မိန့်ဆိုခဲ့ကြ
ပေသေးသည်။

ဤသို့ ဇောက်ထိုး၏ ဗုဒ္ဓနှင့် သဗ္ဗညုတဉာဏ်တော်အပေါ်
ထိုးနှက်စွပ်စွဲချက် နံရံကပ်သတင်းစာကို ဖတ်ကြရသော ဗုဒ္ဓ

ဘာသာရဟန်းရှင်လူတို့၏ စိတ်နှလုံးဂယက် ကြိမ်မြီးအုံးသည့်နှယ် ယူကြုံးမရ လှုန်စွာသိမ်ခိုက်ခဲ့ကြသည်၊ ယင်းကြောင့် ရဟန်းရှင်လူတချပ်လုံး စုံးအရေးဆို အန္တကို ထုတ်ဖေါ်လာကြသည်၊ နောက်ဆုံး၌ ဇောက်သိုးခများ မနေသာတော့ပဲ ရဟန်းရှင်လူ ပရိသတ်ရှေ့မှောက်ဝယ် မှားမိပါကြောင်း အပြစ်ကို ဝန်ခံ၍ တောင်းပန် ကန်တော့ရပါတော့သည်၊ ဤသို့ ကန်တော့ပွဲ အုံးပွဲနှင့် ဝန်ချကန်တော့ခြင်းဖြင့် ဤပြဿနာကြီးကား ငြိမ်းသွားခဲ့ရလေသည်၊ ဤကား မြန်မာပြည်ထောင်စုဘွား ဗုဒ္ဓဘာသာတို့၏ အလွန်ချစ်ဘွယ် မြတ်နိုးဘွယ်သော ဓလေ့ ကောင်း၊ ထုံးတမ်းစဉ်လာတခုပါပေ၊ ထို့ပြင် ရန်ကုန်တက္ကသိုလ်ကျောင်းသား သမဂ္ဂပုလည်း သက်ဆိုင်သူ တာဝန်ခံ မောင်မောင်ဟိန်အား အပြစ်ဒဏ်ခပ်၍ ထိမ်းသိန်းလိုက်ပါကြောင်း စနေနေ့တိုင်း ထုတ်ဝေသော ဗဟိုရ်စည်သတင်းစာ (၂-၁၁-၄၆)၌ အောက်ပါအတိုင်း တွေ့ရှိရပေသည်။

**ဗုဒ္ဓဘာသာကို စော်ကားသူအား**
**သမဂ္ဂမှ တလကြည့်ခြင်း**

အောက်တိုဘာလ ၂၅ ရက်နေ့ တက္ကသိုလ်ကျောင်းသားများ သမဂ္ဂအစည်းအဝေးမှ ဆုံးဖြတ်ချက်တရပ်မှာ အောက်ပါအတိုင်း ဖြစ်ကြောင်း။

'သဗ္ဗညုတရွှေဉာဏ်တော်ရှိသလား' ဟူသော ဆောင်းပါးနှင့် ပတ်သတ်၍ တက္ကသိုလ်ကျောင်းသားများ သမဂ္ဂအမှုဆောင် ဟောင်း ယခု ၅ဦး ကော်မီတီအဖွဲ့ဝင် မောင်မောင်ဟိန်အား

(က) သူတဦး တယောက်သည် မည်သည့် ဘာသာကိုမျှ စော်ကား ပိုင်ခွင့်မရှိဟူသော ကမ္ဘာ့ယဉ်ကျေးမှုကို ဖောက်ဖျက်ခြင်းနှင့်။
(ခ) သမဂ္ဂတွင် ဘာသာဝင် အသီးသီးရှိကြသည့်အနက် ဗုဒ္ဓဘာသာဝင် အသင်းသားတို့အား စော်ကားရာ ရောက်ခြင်းတို့ကြောင့် တက္ကသိုလ်သမဂ္ဂအသင်းဝင်အဖြစ် တလတိတိ ရပ်စဲထားရန်။
(ဂ) ဤဆုံးဖြတ်ချက်ကို သတင်းစာများမှ တိုင်းပြည်သို့ ကြေငြာရန်။

**သူတပါး ခေါင်းယုံစုံလုံးကဏ်း**

ရှေးသူဟောင်းတို့က 'ကော စောဒကော စောဒက သတာမှိ ကရောတိ-စွပ်စွဲတတ်သူတယောက်က စွပ်စွဲတတ်သူ တရာကိုပင် ပြုတတ်ချေ၏'ဟူ၍ မိန့်ဆိုခဲ့လေသည်၊ မှန်လှဘိ၏၊ သဗ္ဗညုတဉာဏ်တော်ကို စွပ်စွဲပြောဆို ရေးသားသူတို့ကား အရေအတွက်မနည်းလှချေ၊ ထိုအထဲတွင် ထင်ရှားကျော်စော သော စာရေးဆရာကြီးတဦးကလည်း 'ဗုဒ္ဓမှာသဗ္ဗညုတဉာဏ် မရှိ'ဟု စွပ်စွဲရုံမျှမက အဋ္ဌကထာဆရာကြီးများနှင့် ကမ္ဘာက အတွေးအခေါ် ပညာရှင်ဟု အသိအမှတ်ပြုသော မိလိန္ဒမင်းကြီးများကိုပင် မိမိလောက် ဉာဏ်ပညာကြီးကျယ်မှု နှိုင်းစပ်မှုမရှိ လေယောင် စွပ်စွဲရေးသားထားပေသေးသည်၊ ထိုစာရေးဆရာကြီးသည် အကြောင်းအရာတရပ်ကို မိမိကိုယ်တိုင် အချိန်ယူ၍ စေ့စုံပြည့်ဝစွာ လေ့လာလေ့ရှိဟန် မတူချေ၊ ယင်း

ကြောင့်သော သူရေးသမျှသည် အနောက်တိုင်း ပညာရှင်တို့၏ ရေးသားထားသော စာအုပ်များသာ အားကိုးပြု၍ ယင်း စာအုပ်တို့မှ ဆိုလိုချက်များကို အတုံးလိုက် အတစ်လိုက် ယူငင် သုံးစွဲထားသည်၊ ယင်းသို့ အတုံးလိုက်အတစ်လိုက် ယူငင်သုံးစွဲ မိခြင်းကြောင့် အနောက်တိုင်း ပညာရှင်တို့၏ မှားယွင်းချက် အချို့သော ဝန်လေးကြီးများက ထိုစာရေးဆရာ ပုဂ္ဂိုလ်ကြီး အပေါ်ပိလျက်ရှိသည်။ ဤကား ဖြစ်တတ်မှန်သော ဓမ္မတာ ပင် ဖြစ်သည်၊ ကုန်ကုန်ပြောရလျှင် သူ၏ စာအုပ်မျက်နှာဖုံး ဒီဇိုင်းကိုပင် အနောက်တိုင်း '*The Lotus and spining wheel*' စာအုပ်မှ ကူးယူထားကြောင်း သူကိုယ်တိုင်ပင် ဝန်ခံထား သည်၊ မည်သည့် ဘာသာရပ်ပညာရပ်ကိုမဆို မိမိ၏ ကိုယ်ပိုင် ဉာဏ်ဖြင့် တွေးခေါ် စူးစမ်းမြော်မြင်မှုကို လုံ့ဝဥဿုံအား မကိုးအပ်ချေ၊ တကယ်ဆိုရသော် 'ကိုယ့်ခေါင်းယုံ တဘက် ကာဏ်း၊ သူတပါး ခေါင်းယုံ စုံလုံးကဏ်း' ဟု စကားပုံသစ် အဆိုပြုသင့်ပေသည်၊ ဤသို့ သူတပါးခေါင်းကို လုံးဝအား ကိုးမှုနှင့် စပ်၍ သင်္ဂြိုဟ်ဘာသာ ဋီကာကျမ်းပြု ဆရာတော်က ရှေးဆရာတို့၏ 'ခေါက်၍မေး ရုပ်သေးတရာ' ပြဿနာ၌ တွဲမရအောင် လွဲနေသော အချက်အလက်များကို ရှင်းလင်း ဖေါ်ပြလျက် နောက်ဆုံးဝယ် 'ပုထုဇဉ်၏ဉာဏ်ထက် တန်း မတက်သေးလျှင် မည်သူ့ကိုမျှ အထင်မကြီးထိုက်ချေ' ဟု မိန့် မှာထားလေသည်၊ မည်သို့ပင်ဖြစ်စေ ဘာသာရေးအယူအဆ စာပေများကို ကြိုးပမ်းရေးသားခဲ့သော ထိုစာရေးဆရာကြီး အား ကျေးဇူးစကား ဆိုအပ်ပါသည်။

၁၄၅၇၈

## စာရေးဆရာကြီးတဦး၏ စွပ်စွဲချက်

ထိုစာရေးဆရာကြီးက ဗုဒ္ဓမှာသဗ္ဗညုတဉာဏ်တော် မရှိကြောင်းစွပ်စွဲရာ၌ မဇ္ဈိမနိကာယ်တေဝိဇ္ဇဝစ္ဆသုတ် (မ၊၂၊ ၁၄၇)ကို ကိုးကား၍ပင် စွပ်စွဲထားသည်၊ တေဝိဇ္ဇဝစ္ဆသုတ်၏ အခြင်းအရာ အပြည့်အစုံအဓိပ္ပါယ်ကို ကောင်းစွာ မသုံးသပ်ပဲ၊ လိုချင်သမျှကိုသာ ကောက်ချက်ဆွဲ၍ အဆိုပြု စွပ်စွဲခဲ့လေသည်၊ ယင်း၏ ရေးသားချက်များကို အောက်တွင် ဖော်ပြလိုက်ရပေသည်။

(က) အဋ္ဌကထာဆရာတို့သည် ဗုဒ္ဓ၏သဗ္ဗညုတဉာဏ်မှာ ထာဝရ အကြားအမြင်ဖြစ်သည်ဟု ယုံကြည်သောကြောင့် ဗုဒ္ဓ၏ဘဝ ဖြစ်စဉ်မှ အချို့သော အချက်များကို ရေးကြီး ခွင့်ကျယ်လုပ်၍ ရှင်းပြရ၏၊ ဗုဒ္ဓသည် ရဟန်းတို့အား တစုံတရာမေးလျှင် မသိသောကြောင့် မေးခြင်းမဟုတ်ဘဲ တမင်သိလျက် မေးခြင်း ဖြစ်သည်ဆို၏။ မိလိန္ဒမင်းသည် သဗ္ဗညုတဉာဏ် ရှိသည်ဆိုသော ဗုဒ္ဓ၏အကြောင်းအရာနှင့်စပ်၍ စိတ်ဇဝေဇဝါ ဖြစ်ခဲ့၏။ ဥပမာ ဗုဒ္ဓသည် သဗ္ဗညုတဉာဏ် ရပါလျက် အဘယ့်ကြောင့် ဒေဝဒတ်၏ ရှေ့ဖြစ်ကို ကြိုတင်မသိပါသနည်း၊ နောင်တနေ့တွင် မိမိ၏ အသက်ကို ရန်ရှာမည့်သူ တဦးအား အဘယ့်ကြောင့် ရဟန်းပြု

ခွင့်ပေးပါသနည်း၊ ဗုဒ္ဓသည်သဗ္ဗညုတဉာဏ်ရသည်ဆိုပါလျက် အဘယ့်ကြောင့် ရဟန်းတို့အား နှုတ်ပယ်သင့်သော သေးနုတ်သော သိက္ခာပုဒ်များကို နှုတ်ပယ်ကြလော့ဟု မိန့်တော်မူရပါသနည်း၊ သဗ္ဗညုတဉာဏ်ရှင် ဗုဒ္ဓကိုယ်တိုင် ပညတ်တော်မူခဲ့သည့် သိက္ခာပုဒ်များ၌ နှုတ်ပယ်သင့်သော သိက္ခာပုဒ်များ ပါရှိနိုင်သည်လော။ စင်စစ် အဋ္ဌကထာဆရာများနှင့် မိလိန္ဒမင်းသည် မဇ္ဈိမနိကာယ်၌ လာသော သုတ္တန်တခုကို သတိပြုမိဟန်မတူချေ၊ အဘယ့်ကြောင့်ဆိုသော် ထိုပါဠိတော်၌ ဗုဒ္ဓကိုယ်တိုင်က မိမိ၌ အမြဲထာဝရ ဘာကိုမဆို ကြားမြင်သိရှိသော သဗ္ဗညုတဉာဏ်မျိုး မရှိပါဟု အတိအလင်း ဝန်ခံထားခဲ့လေသည်။

(ဗုဒ္ဓနှင့်ဗုဒ္ဓဝါဒစာအုပ် ဒုတိယပိုင်း ၂၂၂)

(ခ) ဗုဒ္ဓဒေသနာများ၏ အလိုအားဖြင့် ဗုဒ္ဓနှင့် ရဟန္တာတို့သည် နှိုင်းယှဉ်၍ မရလောက်အောင် အဆင့်အတန်းကွာခြားလှသည် မဟုတ်ချေ၊ သို့ရာတွင် ရှေးဗုဒ္ဓဝါဒီတို့သည် ဗုဒ္ဓဝါဒကို အတိုင်းထက်အလွန်ကြည်သို၍ ရဟန္တာထက် အလွန်အဆင့်အတန်းမြင့်သော နေရာသို့ မြှင့်တင်ခဲ့ကြ၏၊ ဗုဒ္ဓအား နိဗ္ဗာန်ခရီးကို ညွှန်ပြသော ဆရာအဖြစ်

ဖြင့်သာ မှတ်ယူခြင်းမပြုဘဲ၊ အခြားအရိယာပုဂ္ဂိုလ်တို့၌ မရှိသော သို့မဟုတ် ဗုဒ္ဓကိုယ်တော်တိုင်ကသာ ပြင်းဆိုသော(ဥပမာ-သဗ္ဗညုတဉာဏ်)သို့မဟုတ် ပြစ်တင် ကဲ့ရဲ့သော (ဥပမာတန်ခိုး ပြာဋိဟာ ပြမှု) ဂုဏ်များဖြင့် ချီးပင့်ခဲ့ကြ၏။ ထိုဂုဏ်တော်များကို ယုံကြည်ကိုးကွယ်ကြ၏။

(ဗုဒ္ဓနှင့်ဗုဒ္ဓဝါဒစာအုပ် ဒုတိယပိုင်း ၂၂၅)

## မကြုံစည်အပ်သော အစိန္တေယျဂုဏ်

စာရေးသူသည် ဤသဗ္ဗညုတဉာဏ်တော်ကို သာမဏေငယ်ဘဝကပင် စိတ်ဝင်စားလာခဲ့ပါသည်၊ ထိုစဉ်က ဇောက်ထိုးဆိုသူ၏ သဗ္ဗညုတဉာဏ်တော်အပေါ် စွပ်စွဲချက် သတင်းစကားများကို ကြားရသောကြောင့်ပင် ဖြစ်ပါသည်၊ ယင်းကြောင့် မိမိသာ အရွယ်ရောက်ကြီးမြောက်သောအခါ သဗ္ဗညုတဉာဏ်တော်၏ အကြောင်းမှန်များကို ရှာဖွေဆည်းပူးဖေါ်ထုတ်၍ ယင်းစွပ်စွဲချက်များကို ရှင်းလင်းသုတ်သင်ဖယ်ရှားပြစ်အံ့ဟု စေတောပဏိဓိရည်မှန်းချက်ရှိနေပေသည်၊ဤသို့ဆန္ဒရှိသည့်အတိုင်း စာသင်သားငယ်ဘဝကပင် တွေ့ရှိသမျှသော ပါဠိ, အဋ္ဌကထာ, ဋီကာ, ဂန္ထဝင်ကျမ်းစာအမြောက်အမြားမှ သဗ္ဗညုတဉာဏ်တော် အကြောင်းအရာမှန်သမျှကို မှတ်စုအဖြစ် ရေးကူးလာခဲ့သည်၊ မရေးကူးနိုင်သောအခါ ကျမ်းစာအမည်နှင့် စာမျက်နှာ နံပါတ်များကို

မှတ်သားထားခြင်းဖြင့် ကြိုးပမ်းခဲ့သည်၊ နောက်ဆုံးဝယ် စာရေးသူသည် ကျွန်ုပ်တို့၏ ကိုးကွယ်ရာ ဗုဒ္ဓဘုရားရှင် ဆည်းပူးရရှိတော်မူသော သဗ္ဗညုတဉာဏ်တော်၏ သိကောင်းစရာ အကြောင်းနိဒါန်းဖြစ်သော ဤ'သဗ္ဗညုတဉာဏ်တော်' စာအုပ်ရေးသားတင်ပြရန် ဆန္ဒပြုလိုက်ပါသည်၊ ဤသို့ ဆန္ဒပြုမိသောအခါအင်္ဂုတ္တိုရ်ပါဠိတော် (အံ၊ ၁၊ ၃၉၂)လာ အစိန္တေယျသုတ်ကို ပြေးရ၍အမှတ်ရမိပါသည်၊ ထိုသုတ်၌ ဗုဒ္ဓရှင်တော်က မကြံစည်အပ်သောအရာ ၄-မျိုးကို ညွှန်ပြတော်မူပြီးလျှင် 'ဤအစိန္တေယျ ၄မျိုးကို မကြံစည်ရာ၊ ကြံစည်ပါက ရူးသွပ်ခြင်းနှင့် ပင်ပန်းဆင်းရဲခြင်းသာ ဖြစ်ရာ၏'ဟု သတိပေးဟောကြားထားပါသည်။

## အစိန္တေယျသုတ် မြန်မာပြန်

ရဟန်းတို့ မကြံသင့်သော ဤလေးမျိုးတို့ကို မကြံအပ်ကုန်၊ ကြံသူသည် ရူးသွပ်ရန်ဆင်းရဲရန် ပင်ပန်းရန်သာ ဖြစ်၏၊ အဘယ်လေးမျိုးတို့ နည်းဟူမူ-

၁။ ရဟန်းတို့ မကြံသင့်သော ဘုရားရှင်တို့၏ ဘုရားအရာ (ဗုဒ္ဓဝိသယ)ကို မကြံအပ်၊ ယင်းဘုရားအရာကို ကြံသူသည် ရူးသွပ်ရန် ဆင်းရဲပင်ပန်းရန်သာ ဖြစ်၏။

၂။ ရဟန်းတို့ မကြံသင့်သော ဈာန်ရပုဂ္ဂိုလ်၏ ဈာန်အရာကို မကြံအပ်၊ ယင်းဈာန်အရာကို ကြံသူသည် ရူးသွပ်ရန် ဆင်းရဲပင်ပန်းရန်သာ ဖြစ်၏။

၃။ ရဟန်းတို့ မကြံသင့်သော ကံအကျိုးကို မကြံအပ်၊ ယင်းကံအကျိုးကို ကြံသောသူသည် ရူးသွပ်ရန် ဆင်းရဲပင်ပန်းရန်သာ ဖြစ်၏။

၄။ ရဟန်းတို့ မကြံသင့်သော လောကကို ကြံခြင်းကို မကြံအပ်၊ လောကကို ကြံသူသည် ရူးသွပ်ရန် ဆင်းရဲပင်ပန်းရန်သာ ဖြစ်၏။

ရဟန်းတို့ မကြံသင့်သော ဤလေးမျိုးတို့ကို မကြံအပ်ကုန်၊ ယင်းလေးမျိုးတို့ကို ကြံသူသည် ရူးသွပ်ရန် ဆင်းရဲပင်ပန်းရန်သာ ဖြစ်၏။

## သဗ္ဗညုတဉာဏ်တော်

ဤအစိန္တေယျသုတ်လာ အစိန္တေယျ (၄)မျိုးတွင် ပဌမဦးဆုံးဖြစ်သည့် ဗုဒ္ဓဝိသယခေါ် အစိန္တေယျကို အဋ္ဌကထာ (အံ၊ ဋ္ဌ၊ ၂၊ ၃၁၉)က 'ဗုဒ္ဓဝိသယဟူသည် ဘုရားရှင်တို့၏ အရာတည်း၊ ဘုရားရှင်တို့၏အရာဟူသည် သဗ္ဗညုတဉာဏ်တော်စသော ဘုရားဂုဏ်တော်တို့၏ ဖြစ်ပုံနှင့် တန်ခိုးအာနုဘော်ပင်တည်း'ဟု ရှင်းလင်းဖွင့်ဆိုထားပါသည်၊ သို့ဖြစ်ပေရာ သဗ္ဗညုတဉာဏ်တော် ( OMNISCIENCE )သည် ဗုဒ္ဓကိုယ်တော်တိုင် သတိပေးဟောကြားသည့် မကြံစည်အပ်သော အစိန္တေယျ (၄) မျိုးတွင် ထိပ်ဆုံးမှ ပါဝင်နေကြောင်း ကောင်းစွာ သတိရမိပါသည်။

ထို့ပြင် အစအဆုံး အပိုင်းအခြားကို ရေတွက်ခြင်းငှာ မစွမ်းနိုင်သော အသင်္ချေယျ (၄)မျိုးတွင်လည်း ဤသဗ္ဗညုတ

ဉာဏ်တော်သည် တမျိုးအပါအဝင်ဖြစ်ကြောင်းကို ဗုဒ္ဓဝံသ ပါဠိတော် (စာမျက်နှာ--၃၀၅)၌ရှင်း၊ ယင်းဉာဏ်တော်ကို ဥပမာပေးရန်ပင် မသင့်လျော်ကြောင်း မိန့်ဆိုချက်ကို အပဒါန် ပါဠိတော် (အပ၊ ၁၊ ၂၂)၌ရှင်း အသီးသီး ဟောကြားထား ပါသည်၊ ကျယ်ဝန်းနက်နဲလှသောအရာ သာဂရ(၄)မျိုးတွင် သဗ္ဗညုတဉာဏ်တော်သည် ဉာဏသာဂရ (ဉာဏ်သမုဒ္ဒရာ)ဟူ သော အမည်ဖြင့် တပါးအပါအဝင်ဖြစ်ကြောင်း သဗ္ဗညုတ ဉာဏ်တော်ကို အခြားဉာဏ်ဖြင့်သိခြင်းငှာ မစွမ်းနိုင်၊သဗ္ဗညုတ ဉာဏ်ကသာ သိစွမ်းနိုင်ကြောင်း မှတ်ချက်ပေးထားသည်ကို အဋ္ဌသာလိနီအဋ္ဌကထာ (စာမျက်နှာ-၁၃)၌ တွေ့ရှိရပါသည်၊ ထိုမှတပါး ဗုဒ္ဓဝံသအဋ္ဌကထာ (စာမျက်နှာ-၁၆၃) နှင့် အခြားအဋ္ဌကထာတို့၌ ဗုဒ္ဓရှင်တော်၏ သဗ္ဗညုတဉာဏ်တော် စသော ဂုဏ်ကျေးဇူးအာနုဘော်တို့နှင့်စပ်၍ ဤသို့ တညီ တညွတ်တည်း မိန့်ဆိုထားကြပါသည်။

> 'တဆူသောဗုဒ္ဓသည် အခြားစကားကို မပြော ကြားဘဲ ဗုဒ္ဓတဆူ၏ဂုဏ်ကျေးဇူးကို သက်တမ်းကာလ ပတ်လုံး အကယ်၍ ဟောကြားသော်လည်း ကြာမြင့် စွာ ရှည်လျားသော ကာလအကြား၌ သက်တမ်း တော်ကုန်၍ ပရိနိဗ္ဗာန်သာ စံရာ၏၊ ချီးကျူးခံရသော ဗုဒ္ဓတဆူ၏ ဂုဏ်တော်ကျေးဇူးတော်တို့ကား မကုန်ဆုံး နိုင်အုန်'။

ဤသည်ကိုရည်ညွှန်း၍ စလေဆရာကြီး ဦးပုညကလည်း သူ၏ ရတနာနဒီမော်ကွန်း၌ 'တကမ္ဘာလျှင်၊ မဟာဗြဟ္မာ၊

လျှာကုဋေဖြင့်၊ သန်းနေ့ဂိုဏ်းညီ၊ ဂါထာစီ၍၊ ကျူးသီမြွက်ပေါ်၊ ဆိုလှည့်သော်လည်း၊ ဘုန်းတော်ကဲလွန်၊ အနေကန်ကို၊ ဝေဖန်ချီးမြှောက်၊ ပြီးမရောက်လိမ့်’ဟူ၍ စပ်ဆိုခဲ့ဟန်တူပါသည်။

ဤသို့လျှင် ဖေါ်ပြပါ ပါဠိတော်,အဋ္ဌကထာတို့ ဟောကြားချက်အားလုံးကို စုရုံး၍ ကောက်ချက်ယူရသော် ‘လူနတ်ဗြဟ္မာသတ္တဝါအားလုံးတွင် မည်သည့်ပညာရှင်ကမျှ ဗုဒ္ဓရှင်တော်၏ သဗ္ဗညုတဉာဏ်တော်စသော ဂုဏ်တော်တို့ကို လုံလုံပြည့်ဝစွာဖြင့်မသိနိုင် မမြင်နိုင် မဟောနိုင်ကြောင်းနှင့် မကြံစည်အပ်၊ မကြံစည်နိုင်ကြောင်းများကို တွေ့ရှိရပါသည်။

### အမြဲတမ်းပိုးနိုးပြ ဟန့်တားထားသလော

အစိန္တေယျအရာ၌ ပါရာဇိကဏ်ဘာသာဋီကာ ပဌမအုပ်မှာမျက်နှာ(၁၇၂)၌ သာရတ္ထဒီပနီဋီကာ၏ အဆိုပြုချက် အရှိကိုအရှိတိုင်းပင် ဖေါ်ပြထားသည်၊ ထိုသာရတ္ထဒီပနီဋီကာဆရာ၏ အဆိုပြုချက်ကို အထူးစဉ်းစားရန် လိုအပ်လာပြန်ပါသည်၊ ထိုဋီကာဆရာ အဆိုပြုချက်အတိုင်းသာဆိုလျှင် ဗုဒ္ဓ၏ သဗ္ဗညုတဉာဏ်တော် သို့မဟုတ် အစိန္တေယျ(၄)မျိုးနှင့်စပ်၍ လုံးဝမကြံစည်ရဟု အပြတ်တန်း မိန့်ကြီးပြုလျက် ဟန့်တားထားသည်နှင့် တူနေပါတော့သည်၊ ယင်း၏မိန့်ဆိုချက်မှာ အောက်ပါအတိုင်းပင် ဖြစ်ပါသည်။

'ဗုဒ္ဓ၏ အသာဓာရဏဉာဏ်တော်စသော အချို့ဉာဏ်တော်များသည် မကြံစည်နိုင်အောင် ထူးဆန်းသော်လည်း အာရုံပြု၍ ကြံစည်နေရလျှင် ကုသိုလ်ဖြစ်သေး၏။ ဤအစိန္တေယျ ၄ ပါးကား ကုသိုလ်စသော ကောင်းကျိုးကို မဖြစ်စေဘဲ၊ ရူးသွပ်ခြင်း၊ မရူးသွပ်လျှင် စိတ်ဆင်းရဲခြင်းဟူသော မကောင်းကျိုးသာ ဖြစ်စေသည်'။

(ကာမံ အစိန္တေယျာနိပိ ဆ အသာဓာရဏာဒီနိ အနုဿရန္တဿ ကုသလုပ္ပတ္တိဟေတုတော တာနိ စိန္တေတဗ္ဗာနိ၊ ဣမာနိ ပန ဧဝံ ဣတိ အဖလဘာဝတော န စိန္တေတဗ္ဗာနီတိ အဓိပ္ပါယော၊ တေနာဟ ယာနိ စိန္တေန္တော ဥမ္မာဒဿ ဝိဃာတဿ ဘာဂီ အဿာတိ)

(သာရတ္ထဒီပနီဋီကာ ပဌမအုပ်-၉၁)

ဦးသုတဂဏ္ဍိအမည်ရသော ပါရဇိကဏ်ဂဏ္ဍိသစ်ကို ပြုစီရင်သော အရှင်သုတဗုဒ္ဓိဆရာတော်ကား သာရတ္ထဒီပနီဋီကာဆရာ၏ မိန့်ဆိုချက်ကို နှစ်သက်လိုဟန်မရှိပါ၊ မှန်ပါသည်၊ ထိုသို့ သာရတ္ထဒီပနီဋီကာဆရာ မိန့်ဆိုချက်ကိုသာ ဧကန်ဖြစ်စေရလျှင် လောကဓာတ်သိပ္ပံပညာ အရပ်ရပ်သည်ပင် ပေါ်ထွန်းမလာရတော့ပဲ ယနေ့ကမ္ဘာကြီးသည် ကျောက်ခေတ်ကမ္ဘာကြီး အသွင်ဖြင့်သာ တည်ရှိနေပေလိမ့်မည်၊ ယင်းသို့သော အကြောင်းများကြောင့် ဂဏ္ဍိသစ်ဆရာတော်က ထို

ဋီကာဆရာ၏ မိန့်ဆိုချက်နှင့် ကွဲလွဲထူးခြားသော အမြင်သစ်ဖြင့် 'အကျိုးရှိသောအားဖြင့်မူကား ကြံစည်အပ်ကုန်၏' ဟူ၍ အောက်ပါအတိုင်း ညွှန်ပြမိန့်ဆိုသည်။

စတ္တာရိသရုပ်ကား 'ဗုဒ္ဓဝိသယ၊ ဈာနဝိသယ၊ ကမ္မဝိပါက၊ လောကစိန္တာ' ယင်းတို့ကို အကျိုးမရှိသောအားဖြင့် မကြံစည်အပ်ကုန်၊ ကုသိုလ်ဖြစ်ခြင်း၏ အကြောင်းဖြစ်သော အကျိုးရှိသောအားဖြင့်မူကား ဆအသာဓာရဏ ဉာဏ်တော်စသည်တို့ကို ကြံစည်အပ်ကုန်၏။

(ပဥ္စမသင်္ဂီတိအဖွင့်-၁၈၈)

## သီဟိုဠ် ရှင်ဗုဒ္ဓရက္ခိတ၏ မိန့်ဆိုချက်

သီဟိုဠ်ကျွန်းအရှင်ပုဏ္ဏရက္ခိတ ဆရာတော်ကမူ 'အစိန္တေယျ' ပုဒ်၌ နိပါတ်ပုဒ်၏ ကာရိယဖြစ်သော 'အ' သဒ္ဒါ၏ဟောအပ်သောအနက် တဆဲ့နှစ်နက်တို့တွင် 'တားမြစ်ခြင်း-ပဋိသေဓ' အနက်မျိုးသာ မယူမူ၍ 'အယောဂါ ပွ' စသည်ကဲ့သို့ ကြီးမားခြင်း-ဝုဒ္ဓိ (ဝုဒ္ဓိ) 'အနက်ဟောလည်း ဖြစ်သည်ဟု ယူဆ၍ ညွှန်ပြသည်၊ 'ဝုဒ္ဓိပ္ပတ္တော စိန္တေယျော-အကြီးမားဆုံးကြံစည်ဘွယ် သဗ္ဗညုတဉာဏ်' ဟု ဆိုလိုသည်၊ ဤသဗ္ဗညုတဉာဏ်တော်ထက် ပိုမိုအံ့သြဘွယ်ရှိသော အခြားကြံစည်ဘွယ်ရာ လောကီအာရုံမရှိဟု ဆိုလိုသည်၊ မှန်ပါသည်၊ ဤသဗ္ဗညုတဉာဏ်တော်ကို ပုထုဇဉ်ပုဂ္ဂိုလ်တို့၏ ကြံစည်ကြောင်းမှာ မြင်သတ္တဝါက နှုတ်သိမ်း

ဖြင့် စိန်ကျောက်ကို ထွင်းဖောက်ခြင်းငှာ အားထုတ်ခြင်းကဲ့သို့ပင် ဖြစ်သည်၊ ယင်းသို့ဖြစ်လျှင် 'ပုထုဇဉ်ပုဂ္ဂိုလ်တို့က သဗ္ဗညုတဉာဏ်တော်ကို မကြံစည်အပ်၊ မကြံစည်ထိုက်ကုန်သလော'ဟု မေးပါက 'ပုထုဇဉ်ပုဂ္ဂိုလ်တို့က သဗ္ဗညုတဉာဏ်တော်ကို မကြံစည်ရဟု တားမြစ်လို၍ 'အစိန္တိယ'ဟု ဆိုလိုရင်းမဟုတ်၊ အကယ်၍ ကြံစည်ပါမူလည်း ဆုံးခန်းတိုင်မရောက်နိုင်သော အလွန်ကြီးကျယ်သော ကြံစည်ဘွယ်ဖြစ်သော ဂုဏ်တော်ကြီးဖြစ်၍သာ မကြံစည်အပ် (အစိန္တိယ)နှိုင်းရှည်ဘွယ်ရာ ဥပမာမရှိ (အနောပမ) အခြားသူတို့နှင့် မဆက်ဆံ (အသာဓာရဏ)စသည့်အဖြစ်ကို ပြခြင်းငှာသာ ဆိုအပ်ပါကြောင်းနှင့် ဇိနာလင်္ကာရဋီကာ (၄၁၊ ၄၂၊)၌ ရှင်းလင်းဖွင့်ဆို ထားလေသည်။

ဆက်ပါဦးအံ့၊ သာရတ္ထဒီပနီဋီကာဆရာက 'သဗ္ဗညုတဉာဏ်ကို လုံးဝမကြံစည်ရ'ဟု ဟန့်တားသည်၊ အကယ်၍ကြံစည်မိပါကလည်း 'ထိုကြံစည်သူအား ကုသိုလ်ကောင်းမှုစသော ကောင်းကျိုးကို မဖြစ်စေပဲ ရူးသွပ်ခြင်း, ပင်ပန်းခြင်းစသော မကောင်းကျိုးကိုသာ ဖြစ်စေသည်'ဟူသော မိန့်ဆိုချက်ကို ဇိနာလင်္ကာရဋီကာဆရာက ချေဖျက်ထားသည်၊ ချေဖျက်ရာ၌ အကြောင်းပြနှင့်တကွ အကျိုးအဆက်ဆက်ကို ညွှန်ပြ၍ ထိုက်လျော်ရှင်းလင်းပြတ်သားသော ဥပမာတို့ဖြင့် မိန့်ဆိုတင်ပြထားသည်၊ ယင်းမိန့်ဆိုတင်ပြချက်များကို ကျမ်းဆရာတို့၏ ဆိုလိုရင်းအဓိပ္ပာယ်မပျက်စေပဲ မြန်မာစာဖတ်ပရိသတ်အတွက် မြန်မာပြန်ဆို ဖေါ်ပြလိုက်ပါသည်။

'ချွဲဦးအံ့၊ အကယ်၍ ပုထုဇဉ်ပုဂ္ဂိုလ်သည် ဗုဒ္ဓဂုဏ်တော်ကို မချီးမွန်းမကြံစည်လျှင် အဘယ်မှာ သံသရာမှ လွတ်မြောက်နိုင်ပါအံ့နည်း၊ အဘယ် လမ်း စဉ် ဖြင့် နိဗ္ဗာန်သောင်ကမ်းသို့ကူးတက်နိုင်ပါမည်နည်း။ အဘယ်သို့ သဒ္ဓါ၊ သီလ၊ သုတ၊ စာဂ၊ ပညာဖြင့် ကြီးပွားသူဖြစ်နိုင်ပါအံ့နည်း၊ သေခ, အသေခ အရိယာပုဂ္ဂိုလ်တို့မှာကား ဗုဒ္ဓဂုဏ်တော်များကို ကြံစည်သည့်မှုလည်း ဖြစ်စေ၊ ကလျာဏပုထုဇဉ်ပုဂ္ဂိုလ်တို့မှာကား အခြားပျံ့လွင့်ခြင်းကို ပယ်ရှား၍ စွမ်းအားရှိသမျှ ဗုဒ္ဓဂုဏ်တော်တို့ကို မချွတ်ကြောန် ကြားနာခြင်း၊ လေ့လာခြင်း၊ သင်ယူခြင်း၊ မေးမြန်းစုံစမ်းခြင်း၊ 'ပွားများခြင်း၊ နှလုံးသွင်းခြင်း ပြုရမည်သာဖြစ်သည်၊ ဤသို့ပြုလျှင် သဒ္ဓါ၊ သီလ၊ သုတ၊ စာဂ၊ ပညာဖြင့် ကြီးပွားတိုးတက်သူ ဖြစ်ရပေသည်။

ထိုအရာ၌ ဤကား ဥပမာတည်း၊ အဘယ်ကဲ့သို့နည်းဟူမူ မဟာသမုဒ္ဒရာ၌ ထည့်အပ်ခပ်ယူအပ်သော မုံညှင်းခွံ၊ အိုးဖျဉ်းအိုး၊ အိုးစရည်းပုံ့သည် မိမိ မိမိတို့၏ ပမာဏဖြင့်သာ ရေကိုယူနိုင်ကြသည်၊ သမုဒ္ဒရာရှိ ပမာဏဖြင့် များစွာသောရေကိုမူကား မယူနိုင်ကြပေ၊ ထို့အတူ ပုထုဇဉ်ပုဂ္ဂိုလ်စသည်တို့သည်လည်း၊ မိမိ မိမိတို့၏ ဉာဏ်ပမာဏဖြင့်သာ ဗုဒ္ဓ၏ဂုဏ်တော်ကို ခံယူနိုင်ကြ ကြံစည်နိုင်ကြသည်၊ ဂုဏ်တော်ပမာဏရှိသမျှကို မခံယူနိုင်ကြပေ၊ မှန်၏၊ အနည်းငယ်သော

ပုဒ္ဓဂုဏ်ကိုလည်း အဖန်ဖန်အောက်မေ့သူသည် အစဉ်သဖြင့် အရဟတ္တမဂ်ဉာဏ်တော်ကိုပင် ရယူနိုင်သည် ကိုယ်နှုတ်ဖြင့် ပူဇော်မှုအားထုတ်ပါမူကား ဆိုဖွယ်ပင်မရှိပေပါ။

အဘယ်ကဲ့သို့နည်းဟူမူ မဟာသမုဒ္ဒရာသည် နက်ရှိုင်းကျယ်ဝန်း၏၊ လှိုင်းတံပိုးတို့အဟုန်ဖြင့် လှုပ်ရှားမိုးနေ၏၊ သက်ဆင်းခြင်းငှာ မတတ်နိုင်ဟု ကြား၍ ကြောက်ရွံ့တတ်သူတယောက်သည် 'သေးငယ်သော ရေအိုးဖြင့် သမုဒ္ဒရာရှိ ရေအားလုံး ကုန်အောင် ငါ ဘယ်နှယ်ခပ်ယူနိုင်မည်နည်း'ဟု ကြံ၍ မသွားပဲနေ၏၊ မဆင်းသက်ပဲနေ၏၊ ထိုသူကား ရေမသုံးစွဲရ မဆေးကြောရ၍ ခန္ဓာကိုယ်မစင်မကြယ် ဖြစ်နေရလေ၏။

အခြားတယောက်သောပုဂ္ဂိုလ်သည်ကား သမုဒ္ဒရာကို မကြောက်ရွံ့ပဲ လျင်မြန်စွာသွား၏၊ သမုဒ္ဒရာသို့ ဆင်းသက်၏၊ ရေချိုး၏၊ ရေသောက်၏၊ ပူပန်နွမ်းနယ်မှုငြိမ်းအောင်ကား ရေကစားမှုပြုပြီးပါလာသော ရေအိုးဖြင့် ရေကိုဆောင်ယူ၍ ကိုယ်လက်စင်ကြယ်ခြင်း ချမ်းသာကို ရရှိလေ၏။

ဤဥပမာအတူ 'ပုဒ္ဓဂုဏ်တို့သည် မနှိုင်းရှည့်နိုင်အောင် များပြားကြသည်၊ ငါ၏ နုံ့သောဉာဏ်ပညာဖြင့် အဘယ်သို့ သက်ဝင်နိုင်မည်နည်း'ဟု သမုဒ္ဒရာကို ကြောက်ရွံ့သူ လူလျင်းကဲ့သို့ မကြံစည်ပဲ မသွားများပဲ နေ၏၊ ထိုသူအား အဘယ်အကျိုးရရှိပါအံ့

နည်း၊ သမုဒ္ဒရာကို မကြောက်ရွံ့သည့် ရဲရင့်သူကဲ့သို့ မိမိ ဉာဏ်စွမ်းရှိသမျှ ဗုဒ္ဓဂုဏ်တော်ဟူသော သမုဒ္ဒရာသို့ သက်ဝင်၍ ကြံစည်ဆင်ခြင် ပွားများသူမှာကား ဗုဒ္ဓ ဂုဏ်ကို အာရုံပြုရသော ပီတိဖြင့် မိမိစိတ်အစဉ်၌ရှိသော ကိလေသာအညစ်အကြေး ဆေးကြောသုတ်သင်၍ ဥပ စာရသမာဓိကို ဖြစ်စေကာ ထိုမှတဆင့် ဝိပဿနာ ပွား၍ မဂ်၊ ဖိုလ်၊ နိဗ္ဗာန်တိုင် ပေါက်ရောက်နိုင်ပေ သည်။ (ဇိနာလင်္ကာရဋီကာ-ဝတ္ထုသောဓနီ ဂါထာ ဝဏ္ဏနာ-စာမျက်နှာ-၄၃၊ ၄၅)

## လုံးဝတံခါး ဖွင့်ခွင့်ပြုခြင်း

ဤအရာ၌ 'ဗုဒ္ဓရှင်တော်က သဗ္ဗညုတဉာဏ်တော်ကို မကြံ စည်ရာ'ဟု တားမြစ်ဟောကြားရာ၌ ချွင်းချက်ရှိနေသော ကြောင့် သတိချပ်ဘွယ်ရှိပါသည်၊ အကြောင်းကား ဗုဒ္ဓရှင် တော်၏ သဗ္ဗညုတဉာဏ်တော်စသော ဂုဏ်တော်တို့ကို အကျိုး မဲ့ပဒုဋ္ဌစိတ်ဖြင့် အံတုဖက်ပြိုင်လိုသော ပုဂ္ဂိုလ်များကိုသာ ရည် ညွှန်းတန်ရာပါသည်။ မှန်ပါသည်၊ ဗုဒ္ဓရှင်တော်ကို သက်ဝင် ယုံကြည်သူ တစုံတယောက်သည် ဗုဒ္ဓရှင်တော်၏ ဂုဏ်ကျေးဇူး တော်မှန်သမျှကို ကြံစည်အောက်မေ့မှု ဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်း ကို ဖိုးပြန်းပွားများပါက အကျိုး အမြောက်အမြား ရနိုင် ကြောင်းကို ထိုထိုပါဠိတော်တို့နှင့် ဝိသုဒ္ဓိမဂ်အဋ္ဌကထာ (ပ၊ စာမျက်နှာ-၂၀၆)၌ရင်း အထင်အရှား ဟောကြားဖွင့်ဆို

ထားပါသည်၊ ဤဟောကြားချက် ဖွင့်ဆိုချက်များအရ ဗုဒ္ဓသာသနာဝင် သူတော်စင်တစုံတယောက်အဖို့ ဗုဒ္ဓရှင်တော်၏ ဂုဏ်တော်ကျေးဇူးတော် မှန်သမျှ ယုံကြည်မှုသဒ္ဓါတရားဖြင့် ကြံစည်အောက်မေ့နိုင်ခွင့်များကို လုံးဝတံခါး ဖွင့်ခွင့်ပြုထားကြောင်း လွန်စွာထင်ရှားလှပါသည်၊ ယင်းကဲ့သို့ဖြစ်လျှင် 'သဗ္ဗညုတဉာဏ်တော်ဆိုတာဘာလဲ' ဟူသော မေးခွန်း၏အဖြေကိုမှတ်သိတ်တောင့်တမှု သိလိုမှု ကြံစည်မှုသည် ဗုဒ္ဓသာဝကတဦးအား တစုံတရာအပြစ်မရှိနိုင်သည့်အပြင် ကြီးမြတ်သောအကျိုးတရားများကိုပင် ဖြစ်ထွန်းတိုးပွားစေ ပေလိမ့်ဦးမည်ဖြစ်ပါသည်။

## သဗ္ဗညုတဉာဏ်တော်ကို ချီးကျူးခဲ့သူ

ဤအရာ၌ ထေရာပဒါန်ပါဠိတော်၌ လာသောအကြောင်းအရာတရပ်ကို ဖော်ဆောင်ပြချင်ပါသည်၊ အရှင်ဉာဏထဝိကမထေရ်လောင်းလျာသည် ရှေးဘုရားရှင်တဆူ၏ သဗ္ဗညုတဉာဏ်တော်ကိုသာ ဦးစိုက်တိုက်ရိုက် ချီးကျူးခြင်း၊ ရှိခိုးပူဇော်ခြင်းများပြုခဲ့သည်၊ ဤသို့ ချီးကျူးပူဇော်ခြင်း ပြုရလျှင် သဗ္ဗညုတဉာဏ်တော်၏ အကြောင်းအရာမှန်များကို ကြံစည်မှုသုံးသပ်မှု (ဝိတက္က ဝိစာရ)စသောဆိုင်ရာ ယှဉ်ဘော်ယှဉ်ဘက်သမ္ပယုတ်တရားတို့ ဧကန်ဖြစ်ရမည်သာ ဖြစ်ပါသည်၊ ယင်းသို့သော အကြောင်းမှန်များကြောင့် ဇိနာလင်္ကာရဋီကာဆရာမြတ်၏ အဆိုအမိန့်သည်သာ ပါဠိတော်ဒေသနာ စသည်တို့နှင့်

ဆန့်ကျင်ခြင်းမရှိပဲ ကောင်းမြတ်သောဝါဒ အမှန်ဖြစ်ပါ ကြောင်းနှင့် ပါဠိတော်၌ တိုက်ရိုက်လာရှိသော ဉာဏထဝိက် ထေရာပဒါန် (စာမျက်နှာ-၁၉)ကို အောက်တွင် ဖေါ်ပြ လိုက်ပါသည်။

မဟာလေ့ကားပန်းကဲ့သို့ တောက်ပတော်မူသော ဆီမီးတိုင်ကဲ့သို့ ထွန်းလင်းတော်မူသော ရွှေကဲ့သို့ တင့် တယ်တော်မူသော အခြေနှစ်ချောင်းရှိသူ နတ်လူတို့ ထက်မြက်တော်မူသော မြတ်စွာဘုရားကို ဖူးမြင်ရ၏။

ငါဘုရားကိုငှင်း၊ လျှော်တေသာက်န်းကိုငှင်း၊ သံ ကောက်ကိုငှင်း ချထား၍ သစ်ခုက်ရေကို လက်ဝဲပခုံး၌ တင်ပြီးလျှင် ဘုရားမြတ်ကို ချီးကျူးခဲ့၏။

မြတ်စွာဘုရား အရှင်ဘုရားသည် မောဟတည်း ဟူသော အမိုက်တိုက်ကို ပယ်ဖျောက်လျက် မောဟ တည်းဟူသောကွန်ရက်ဖြင့် ရောယှက်ရှုပ်ထွေးလျက်ရှိ သော သတ္တဝါအပေါင်းအား ဉာဏ်တော်တည်းဟူ သော အလင်းရောင်ကိုပြ၍ သံသရာမှ ကူးမြောက်ပြီး သော ပုဂ္ဂိုလ်ဖြစ်တော်မူပါပေ၏။

အရှင်ဘုရားသည် ဤလောကကို ကောင်းစွာ ထုတ် ဆောင် ကယ်တင်တော်မူပါပေ၏၊ အရှင်ဘုရား၏ အလုံးစုံကို သိမြင်ခြင်းရှိသော ဉာဏ်တော်သည် အမြတ် သုံး ဖြစ်တော်မူပါပေ၏၊ ထိုသဗ္ဗညုတဉာဏ်တော်၏

သိဘွယ်တရားကို သိမြင်တော်မူသလောက် အရှင်ဘုရား၏ ဉာဏ်တော်၌ နှိုင်းခိုင်းစရာ ဥပမာမရှိတော့ပါ။

ထိုဉာဏ်တော်ကြောင့် မြတ်စွာဘုရားကို သဗ္ဗညူ ဟုဆိုအပ်ပါ၏။ ငါသည် ရအပ်သော သဗ္ဗညုတဉာဏ်တော်ရှိတော်မူသော ထိုမြတ်စွာဘုရားကို ရှိခိုးပါ၏။

ဤဘဒ္ဒကမ္ဘာမှ ကမ္ဘာတသိန်းထက်၌ ငါသည် ဘုရားမြတ်ကိုချီးကျူးခဲ့၏။ ထိုအခါမှစ၍ အပါယ်လေးပါးလားရသည်ကို မသိစဖူးပေ။ ဤသို့ဖြစ်ရခြင်းသည် သဗ္ဗညုတဉာဏ်တော်ကိုချီးကျူးရခြင်း၏အကျိုးပေတည်း။

ငါ၏လာခြင်းကား ကောင်းသောလာခြင်း စင်စစ်ဖြစ်ပေ၏။ ငါသည်မြတ်စွာဘုရားထံတော်၌ ဝိဇ္ဇာသုံးပါးတို့ကိုရအပ်ကုန်ပြီ၊ မြတ်စွာဘုရား၏အဆုံးအမတော်ကို လိုက်နာကျင့်သုံးပြီးပါပြီ။

လေးပါးသောပဋိသမ္ဘိဒါတို့ကို၎င်း၊ ရှစ်ပါးသောဝိမောက္ခတို့ကို၎င်း၊ မျက်မှောက် ပြုအပ် ပါကုန်ပြီ၊ မြတ်စွာဘုရား၏ အဆုံးအမတော်ကို လိုက်နာကျင့်သုံးပြီးပါပြီ၊ ဤသို့လျှင် အရှင်ဉာဏထဝိကမထေရ်သည် ဤဂါထာကိုရွတ်ဆိုတော်မူ၏။

## သူတော်တကာ သည်းခံပါ

ဤ ဖော်ပြ အပ် ပြီးသော အကြောင်းမှန် များ ကြောင့် ကျွန်ုပ်သည် သဗ္ဗညုတဉာဏ်တော်အကြောင်းအရာတို့ကို ရှာဖွေစုစည်း၍တင်ပြဆွေးနွေးမည်ဖြစ်ပါသည်။ ယင်းသို့တင်ပြဆွေးနွေးရာ၌ ကျွန်ုပ်၏ကြံစည်ယူဆချက်(အတ္တနောမတိ)ဟူသောအမိုက်သရိုက်များကို လုံးဝပါဝင်စေလိမ့်မည်မဟုတ်ပါ၊ ထို့ပြင် သဗ္ဗညုတဉာဏ်တော်အကြောင်းအရာနှင့်စပ်၍ မရှိကို အရှိလုပ်လျက် ပုံကြီးချဲ့ကာရေးသားဖော်ပြမည်လည်း မဟုတ်ပေ၊ဤသို့ဆိုသော်လည်းကျွန်ုပ်သည် သဗ္ဗညုတဉာဏ်တော်ကို ရှုတ်ချပြစ်မှားလိုသော ပဒုဋ္ဌစိတ်မျိုးလည်းမရှိခဲ့စဖူး၊ ယခုလည်းမရှိ၊ နောင်တွင်လည်းရှိလိမ့်မည်မဟုတ်ပေ။ ဆိုလိုသည်မှာ ဗုဒ္ဓရှင်တော်၏သဗ္ဗညုတဉာဏ်တော်ကို စာဖတ်သူတို့ပြတ်သားရှင်းလင်းစွာအမှန်အတိုင်းသိမြင်နိုင် ကြည်ညိုနိုင်ကြရန် ပါဠိတော်အဋ္ဌကထာဋီကာတို့နှင့် ပိဋကတ်ပညာ လိမ္မာပွန်းတည်းတော်မူကြသော ရှေးဆရာတော်ကြီးများ၏ ဂန္ထဝင်ကျမ်းစာများတည်းဟူသော မီးမောင်းကြီးငယ်တို့ဖြင့် ဘက်ပေါင်းစုံကထိုးပြရုံသာ ကျွန်ုပ်ကုသိုလ်ဆန္ဒအရင်းခံ၍ တာဝန်ယူတင်ပြမည်ဖြစ်ပါသည်။ အထူးအားဖြင့် ဤသဗ္ဗညုတဉာဏ်တော်စာအုပ်၌ အကယ်၍မှားယွင်းသောအချက်အလက်များပါရှိလျှင် (တွေ့ရှိပါလျှင်)မည်သည့်ပညာရှင်ကမဆိုညွှန်ပြသွန်သင်နိုင်ပါသည်။ ကျွန်ုပ်ကလည်း "ဓမ္မသေနာပတိ" ရှင်သာရိပုတြာထုံးကို နှလုံးပိုက်၍ ယင်းသွန်သင်ချက်ကို

ဦးထိတ်ရှက်ပန်ဆင် နာယူမည်ဖြစ်ပါကြောင်း တင်ကူးဝန်ခံ ပါသည်။

ဆုတ်တက်ဆပ္ပါး၊ စဉ်တလျားဖြင့်၊
စကားရွှေလျှန်၊ မှားမေ့ကျန်၍၊
မမှန်ယိမ်းချော်၊ တိမ်းပါးသော်လည်း၊
သူတော်တကာ၊ သည်းခံပါဟု၊
သာယာပျောင်းပျ၊ တောင်းပန်ခ၏။

(အဘိရူကပျို့)

# အခန်း-၂

## သိပ္ပံနည်းကျလေ့လာခြင်း

ယနေ့ခေတ်လူသားတို့ကား မည်သည့်အခြင်းအရာပုံဿနာရပ်ကိုမဆို သိပ္ပံနည်းကျစိစိစစ်စစ်လေ့လာပြီးမှ ယုံကြည်တတ် လက်ခံတတ်ကြသည်၊ ယင်းကြောင့် ကျွန်ုပ်တို့သည် လေးသင်္ချေနှင့် ကမ္ဘာတသိန်းတို့ ကာလပတ်လုံး ဖြည့်ကျင့်ဆည်းပူးပါမှရအပ်သော သဗ္ဗညုတဉာဏ်တော်ကို လေ့လာကြရာ၌ ဗုဒ္ဓကိုယ်တော်တိုင်ဟောကြားသော ပါဠိတော်နှင့် အဋ္ဌကထာဋီကာဂန္ထဝင်ကျမ်းစာတို့၏ ဟောကြားချက်ဖွင့်ဆိုချက်များကို မှီငြမ်းပြု၍ အဆင့် ၁၆-ဆင့်တို့ဖြင့် စေ့စေ့ငှငှ ဖုဖုဆစ်ဆစ်စိစစ်လေ့လာကြရပါမည်၊ ယင်းတို့ကား-

(က) ဗုဒ္ဓဘွဲ့နှင့်သဗ္ဗညုဘွဲ့ကို မည်သို့ဖွင့်ဆိုထားသည်၊

(ခ) သဗ္ဗညုအမျိုးအစားမည်မျှရှိသည်။

(ဂ) သဗ္ဗညုတဉာဏ်သည်လောကီဖြစ်သည်၊ သို့မဟုတ် လောကုတ္တရာဖြစ်သည်။

(ဃ) သဗ္ဗညုတဉာဏ်၏ သဘာဝအထည်ကိုယ်နှင့် ယင်း၏တည်ရှိရာ။

(င ) သဗ္ဗညုတဉာဏ်သည် အရဟတ္တမဂ်ဉာဏ်နှင့် အတူ တကွတပြိုင်နက်ဖြစ် မဖြစ်။
(စ ) သဗ္ဗညုတဉာဏ်အစဦးဆုံးဖြစ်ရာကာလ။
(ဆ) သဗ္ဗညုတဉာဏ်ဖြစ်ပုံဝိထိစဉ်။
(ဇ ) သဗ္ဗတဉာဏ်၏ စွမ်းရည်သတ္တိများ။
(ဈ ) သဗ္ဗညုတဉာဏ်၏ သိအပ်သောအသိခံအရာများ။
(ည) သဗ္ဗညုတဉာဏ်သည် အခါခါပ်သိမ်းဖြင်မဖြစ်၊ရှိမရှိ။
(ဋ ) မဆင်ခြင်ပဲသဗ္ဗညုတဉာဏ်ဖြင့် အလုံးစုံသိမသိ။
(ဌ ) ဆင်ခြင်လျှင်သဗ္ဗညုတဉာဏ်အပိတ်အပင်မရှိပဲ အလုံးစုံသိမသိ။
(ဍ ) သဗ္ဗညုတဉာဏ်နှင့် အရဟတ္တမဂ်ဉာဏ် မည်သည့်ဉာဏ်ကသာလွန်မြင့်မြတ်သည်။
(ဎ ) သဗ္ဗညုတဉာဏ်သည်သာ ဘုရားဖြစ်သည်၊ သို့မဟုတ် ခန္ဓာဒြပ်သည်သာ ဘုရားဖြစ်သည်။
(ဏ) ဗုဒ္ဓသည်လူသား ဘုရားဘုတ်မဟုတ်။
(တ) ဗုဒ္ဓ၏ဖွားသက္ကရာဇ်နှင့် ဇာတာတော်ပုံတို့ ဖြစ်ကြသည်။

## (က) ဗုဒ္ဓဘွဲ့နှင့်သဗ္ဗညုဘွဲ့ကို မည်သို့ဖွင့်ဆိုထားသည်

စာဖတ်သူတို့သည် သဗ္ဗညုတဉာဏ်တော်ကို လေ့လာကြရာ၌'ဗုဒ္ဓ'နှင့် 'သဗ္ဗညု'ဟူသော ဘွဲ့အမည် ပညတ်တို့ကို ဦးစွာမဆွ လေ့လာကြပါမည်။ ယင်း 'ဗုဒ္ဓနှင့်သဗ္ဗညု' (မြန်မာလို

ဘုရားနှင့်အလုံးစုံသိသူ) ဤနှစ်ပုဒ်တို့ကား အနက်သဘော အတူတူပင်ဖြစ်ပါသည်။ ထို့ကြောင့် ပါဠိတော်အဘိဓာန် အဘိဓာနပ္ပဒီပိကာသဂ္ဂကဏ္ဍ၌ 'ဗုဒ္ဓေါ၊ ဒသဗလော၊ သတ္ထာ၊ သဗ္ဗညူ'စသည်ဖြင့် ဘုရားဟောပရိယာယ်တူပုဒ်စုတွင် အတူတကွပါဝင်နေခြင်းဖြစ်ပါသည်။ လယ်တီဆရာတော်ကမူ ဗုဒ္ဓပုဒ်နှင့်စပ်၍ ဤသို့ရှင်းလင်းတင်ပြထားပါသည်။

'ဗုဒ္ဓေါ-ဘုရား'ဟူရာ၌....

၁။ ဗုဓ ဓာတ်,တ ပစ္စည်းကိုစပ်၍ ဗုဒ္ဓေါဖြစ်လာသည်။

၂။ ဗုဓဓာတ်မှာ သဗ္ဗညုတဉာဏ်တော်ကို ကောက်ရသည်။

၃။ တပစ္စည်းမှာ ခန္ဓာတော်နှင့်တကွ သန္တာန်ပညတ်ကို ကောက်ရသည်။

၄။ သဒ္ဒါမှာ ဗုဓနှင့် တ ပေါင်းမိမှ 'ဗုဒ္ဓ' ဖြစ်လာသည်။

၅။ အနက်မှာလည်း သဗ္ဗညုတဉာဏ်တော်နှင့် ခန္ဓာဒြပ်နှစ်ပါးစပ်မှ ဘုရားဖြစ်သည်။

(လယ်တီသာသနဝိသောဓနီ တတိယတွဲ ၁၇၃)

ကျွန်ုပ်တို့သည်'သဗ္ဗညူ'ပုဒ်ကိုလည်း
ထိုနည်းနှင်နှင်ပင် လေ့လာသိရှိနိုင်ပြန်ပါသည်။

၁။ သဗ္ဗပုဒ်ဉာဓာတ်ရူပစ္စည်းတို့ ပေါင်းစပ်၍ သဗ္ဗညူ ဖြစ်လာသည်။

၂။ သဗ္ဗပုဒ်မှာ ငွေယျဝံတေရး ကို ကောက်ရသည်။
၃။ ဥာဓာတ်မှာ သဗ္ဗညုတ ဉာဏ်တော်ကို ကောက်ရသည်။
၄။ ရူပစ္စည်းမှာ ခန္ဓာတော်နှင့် သန္တာန်ပညတ်ကိုကောက်ရသည်။
၅။ သဒ္ဒါမှာ သဗ္ဗပုဒ် ဥာဓာတ်ရူပစ္စည်းပေါင်းမိမှ သဗ္ဗညူဖြစ်လာသည်။
၆။ အနက်မှာလည်း သဗ္ဗညုတဉာဏ်တော်နှင့် ခန္ဓာဒြပ်နှစ်ပါးစပ်မှ အလုံးစုံသိသူ ဖြစ်လေသည်။

ဤသို့ ယှဉ်စပ်လေ့လာရသောအခါ ဗုဒ္ဓနှင့် သဗ္ဗညူ နှစ်ပုဒ်တို့၏ အနက်သဘောနှင့် အရကောက်တူညီကြောင်း ပိုမိုထင်ရှားစွာ သိကြရပေပြီ၊ ယင်းဘွဲ့ပညတ်များနှင့်စပ်၍ ပို၍ပြည့်စုံစေရန် ဆက်လက်လေ့လာကြပါဦးစို့။

ဗုဒ္ဓဟူသော ဘွဲ့ပညတ်တော်နှင့်စပ်၍ အင်္ဂုတ္တိုရ်ပါဠိတော် ပညတ္တိသုတ် (အံ ၁၊ ၃၂၄)၌ 'ဗုဒ္ဓဟူသော ဘွဲ့ပညတ်တော်သည် နတ်လူပြဟ္မာ တလောကလုံး၌ အမြင့်မြတ်ဆုံးသော ဘွဲ့ပညတ်တော်ဖြစ်သည်'ဟု ဟောကြားထားပါသည်။

မဟာနိဒ္ဒေသပါဠိတော် သာရိပုတ္တသုတ္တနိဒ္ဒေသ(၃၆၃)၌ 'ဗုဒ္ဓဟူသည်ကား အကြင်ဘုရားရှင်သည် မိမိအလိုလိုဖြစ်တော်မူ၏။ ဆရာရှိတော်မမူ၊ ရှေးတုန်းက မကြားဘူးကုန်သေးသော တရားသဘောတို့၌ ကိုယ်တော်တိုင် သစ္စာတို့ကို ထိုးထွင်း၍

သိတော်မူပြီ၊ ထိုသိအပ်သော သစ္စာတို့၌လည်း အလုံးစုံကို သိသည်၏အဖြစ်သို့ ရောက်တော်မူ၏။ ထိုဘုရားရှင်သည် ဗုဒ္ဓ မည်တော်မူ၏’ဟူ၍ ဟောကြားထားပါသည်။

ဇိနာလင်္ကာရဋီကာဝတ္ထုပဝိသောဓနီ ဂါထာအဖွင့်၌လည်း ‘သဗ္ဗညုတဉာဏ်တော်ကို ရတော်မူသည့် အချိန်ကစ၍ ပါဠိလို ‘ဗုဒ္ဓ’မြန်မာလို‘ဘုရား’ဟူသော ဘွဲ့အမည်ပညတ်တော်ကို ရရှိ တော်မူသည်’ဟု အဆိုပြုထားပါသည်။

## အဘယ့်ကြောင့် ဗုဒ္ဓအမည်ရ

အဘယ့်ကြောင့် ဗုဒ္ဓမည်ကြောင်းနှင့် ‘ဗုဒ္ဓ’ဟူသော ဘွဲ့ သည်ကား တစုံတယောက်က ပေးအပ်သော ဘွဲ့မျိုး မဟုတ် ပါ။ ပေးမဲ့အလိုလိုရရှိခဲ့သော ဘွဲ့တော်ဖြစ်ကြောင်းကို ပဋိ သမ္ဘိဒါမဂ် ပါဠိတော် ဝေါဒါနဉာဏကထာနိဒ္ဒေသ (၁၇၂) ၌ အောက်ပါအတိုင်း အပြည့်အစုံ ဟောကြားထားပါသည်။

> ‘ဗုဒ္ဓဟူသော ဤပုဒ်၌ အဘယ် အနက်ကြောင့် ဗုဒ္ဓမည်သနည်း၊ သစ္စာတို့ကို သိတော်မူသောကြောင့် ဗုဒ္ဓမည်၏၊ သတ္တဝါတို့ကို သိစေတတ်သောကြောင့် ဗုဒ္ဓမည်၏၊ အလုံးစုံသောတရားကို သိတော်မူသည်၏ အဖြစ်ကြောင့် ဗုဒ္ဓမည်၏၊ အလုံးစုံသော တရားကို မြင်တော်မူသည်၏ အဖြစ်ကြောင့် ဗုဒ္ဓမည်၏။ သူတ ပါးက မသိစေအပ်ဘဲ မိမိကိုယ်တိုင် သိတော်မူသည်၏ အဖြစ်ကြောင့် ဗုဒ္ဓမည်၏၊ ဂုဏ်ကျေးဇူး အမျိုးမျိုး

တို့ကို ထွက်ပေါ်စေခြင်းဖြင့် ပွင့်တော်မူသည်၏ အဖြစ်ကြောင့် ဗုဒ္ဓမည်၏၊ ကုန်ပြီးသော အာသဝေါ တရားရှိခြင်း၊ နိုးကြားခြင်းကြောင့် ဗုဒ္ဓမည်၏၊ တဏှာ ဒိဋ္ဌိ လိမ်းကျံမှုကင်းခြင်းကြောင့် ဗုဒ္ဓမည်၏၊ ပညာ မျက်စိပွင့်နိုးခြင်းကြောင့် ဗုဒ္ဓမည်၏၊ စင်စစ် ရာဂ ကင်းခြင်းကြောင့် ဗုဒ္ဓမည်၏၊ စင်စစ် ဒေါသကင်း ခြင်းကြောင့် ဗုဒ္ဓမည်၏၊ စင်စစ် မောဟကင်းခြင်း ကြောင့် ဗုဒ္ဓမည်၏၊ စင်စစ် ကိလေသာ ကင်းခြင်း ကြောင့် ဗုဒ္ဓမည်၏၊ နိဗ္ဗာန်ခရီး တကြောင်းတည်းကို သွားခြင်းကြောင့် ဗုဒ္ဓမည်၏၊ အတုမဲ့ လွန်မြတ်သော ကိုယ်တိုင်သိသော ဘုရားဉာဏ်ကို သိစေသူ မရှိဘဲ တပါးတည်း ထိုးထွင်း၍ သိခြင်းကြောင့် ဗုဒ္ဓမည်၏၊ မသိမှု မောဟအမိုက်ဟိုက်ကိုပယ်ပြီးဖြစ်ခြင်းကြောင့် ဗုဒ္ဓမည်၏၊ သိမှုပိဋ္ဌာဉာဏ်အလင်းကို ရခြင်းကြောင့် ဗုဒ္ဓမည်၏။

ဤဗုဒ္ဓဟူသော အမည်သည် မိဘတို့ကပေးသော အမည်လည်းမဟုတ်၊ ညီအကိုမောင်နှမတို့က ပေးသော အမည်လည်းမဟုတ်၊ မိတ်ဆွေ အပေါင်းတို့နှင့် ဆွေမျိုး ဉာတိတို့ကပေးသော အမည်လည်းမဟုတ်၊ ရဟန်း ပုဏ္ဏားတို့ကပေးသောအမည်လည်းမဟုတ်၊ နတ်ဖြဟ္မာ တို့က ပေးသော အမည်လည်း မဟုတ်ပေ၊ တကယ် ဒသ ၁၁° ဤဗုဒ္ဓဟူသော အမည်ပညတ်သည် ဘု

ရှေးရှင်တို့၏ ဗောဓိပင်ရင်း၌ အလုံးစုံကိုသိသော သဗ္ဗညုတဉာဏ်တော်ကို ရတော်မူသည်နှင့် တပြိုင်နက် အရဟတ္တဖိုလ်ဉာဏ်ဖြင့် ပြီးစီးထင်ရှားလာသော အမည်ပညတ်တော်ပေတည်း၊ အလုံးစုံသောတရားတို့ကို မျက်မှောက်ပြုခြင်းဖြင့်ပြီးသော ဘွဲ့အမည် ပညတ်တော်ပေတည်း။

(မဟာနိဒ္ဒေသ ၃၆၃)

## (ခ) သဗ္ဗညုအမျိုးအစား မည်မျှရှိသည်

နေတ္တိပါဠိတော်(၁၄၃)၌ 'သဗ္ဗညုတဉာဏ်သည် ဆုတ်ယုတ်ခြင်းလည်းမရှိ၊ ခပ်သိမ်းသော ကာလ၌လည်း မဖြစ်ပေ၊ ဤသဗ္ဗညုတဉာဏ်တော်ကြောင့်သာ 'သဗ္ဗညု'ဟူသော ဘွဲ့အမည်ကို ရရှိတော်မူခြင်းဖြစ်သည်''ဟု မိန့်ဆိုထားပါသည်။ ထို့ကြောင့် ဤ'သဗ္ဗညု' ဘွဲ့အမည်နှင့်စပ်၍ သဗ္ဗညုအမျိုးအစား မည်မျှရှိသည်ကိုလည်း စူးစမ်းလေ့လာခွင့် ရကြပြန်ပါသည်။ ယင်းသဗ္ဗညုသည် အမျိုးအစားအားဖြင့်....

၁။ အစဉ်အားဖြင့် အလုံးစုံသိသူ -ကမသဗ္ဗညု။
၂။ တကြိမ်တည်းဖြင့် အလုံးစုံသိသူ-သကိံသဗ္ဗညု။
၃။ အမြဲမပြတ်အားဖြင့် အလုံးစုံသိသူ -သတတသဗ္ဗညု။
၄။ အစွမ်းသတ္တိဖြင့် အလုံးစုံသိသူ -သတ္တိသဗ္ဗညု။
၅။ သိဘွယ်တရားကို အလုံးစုံသိသူ-ဉာတသဗ္ဗညု။

အားဖြင့် ၅ မျိုးရှိပါသည်။ ယင်း ၅ မျိုးတို့တွင် ဗုဒ္ဓရှိ ပိုင်ဆိုင်သော 'သဗ္ဗညု' သည်ကား 'ဥာဏသဗ္ဗညု' သာ ကေန် ဖြစ်ပါသည်။ အခြားသော 'ကမသဗ္ဗညု၊ သကိသဗ္ဗညု၊ သတတသဗ္ဗညု၊ သတ္တိသဗ္ဗညု' တို့ကား ဗုဒ္ဓနှင့် လုံးဝ မသက် ဆိုင်ချေ၊ ရှင်းပြီးအံ့--

၁။ သဗ္ဗညုတဉာဏ်သည် အကယ်၍အစဉ်အားဖြင့် အလုံး စုံသော အာရုံကို သိရသည် ဖြစ်ငြားအံ့။ ဤသို့ အစဉ် အားဖြင့် အလုံးစုံကိုသိခြင်း ကာလသည်လည်း မဖြစ် သင့်ချေ၊ မှန်၏။ ဇာတ်၊ ဘုံသဘော စသည်တို့၏ အစွမ်းအားဖြင့်ရှင်း၊ ဒိသာ (အရပ်မျက်နှာ) ဒေသ (နယ်မြေ)ကာလ (အချိန်အခါ)စသည်တို့၏ အစွမ်း အားဖြင့်ရှင်း၊ များသော အပြားအားဖြင့် ကွဲပြား ခြားနားနေသော ဉေယျတရားတို့ကို အစဉ်အားဖြင့် ယူရသည်ရှိသော် ထိုဉေယျတရားတို့ကို အကြွင်းမဲ့ထိုး ထွင်းသိခြင်းသည် မဖြစ်နိုင်ချေ။ အဘယ်ကြောင့် ပါနည်း။ ဉေယျတရားတို့၏ အဆုံးအပိုင်းအခြား မရှိ ခြင်းကြောင့် သိဘွယ်အကြောင်းအရာ တခုကိုပင် သို လိုရာ၌ ရှည်လျားလှသော ဖြစ်စဉ်များအတိုင်း ပြန် ပြောင်းဆင်ခြင်၍နေရပါက အလုံးစုံသိခြင်းကာလသို့ မရောက်နိုင် မဖြစ်နိုင်သောကြောင့် ဤ 'ကမသဗ္ဗညု' သည် ဗုဒ္ဓနှင့် လုံးဝမသက်ဆိုင်ပေ။

၂။ သဗ္ဗညုတဉာဏ်သည် အကယ်၍ တကြိမ်တည်းဖြင့် သာလျှင် အလုံးစုံသောအာရုံကို သိသည်ဖြစ်ငြားအံ့။ အတိတ် အနာဂတ် ပစ္စုပ္ပန် အဇ္ဈတ္တ ဗဟိဒ္ဓအစရှိသော အပြားအားဖြင့် ကွဲပြားခြားနားကုန်သော သင်္ခတတရား အသင်္ခတတရား ပညတ်တရားတို့၏ တပေါင်းတည်းကပ်၍ တည်သည်ရှိသော် အဝေးမှနေ၍ ဆန်းကြယ်သော အဝတ်ပုဆိုး (ဆန်းကြယ်သော ပန်းချီကား)ကို ကြည့်ရှုရသောသူကဲ့သို့ အသီးအသီး ခွဲခြားဝေဘန်သောအားဖြင့် ထိုးထွင်း၍ အပြည့်အစုံသိခြင်းငှာ မဖြစ်နိုင်လေရာ။

သည့်မျှသာမကသေး၊ ထိုသို့ထိုးထွင်း၍ မသိနိုင်သော် 'သဗ္ဗေဓမ္မာအနတ္တာ' ဟူ၍ ဝိပဿနာရှုသော ယောဂီပုဂ္ဂိုလ်အား 'အနတ္တ' ဟူသော အခြင်းအရာကဲ့သို့ အလုံးစုံသော တရားတို့သည် သရုပ်သကောင် တရားကိုယ် မထင်ရှားသော သဘောအားဖြင့် မြတ်စွာဘုရား ဉာဏ်တော်၏အာရုံတို့သည် ဖြစ်ကုန်၏၊ ဤသို့သောအပြစ်သည် ရောက်ရာ၏၊ ဤသို့တကြိမ်တည်း (တပေါင်းတည်း)ဖြင့် အလုံးစုံသော အာရုံကိုသိရန် ယူနိုင်ခြင်းမရှိမြင်းကြောင့် 'သကိံ သဗ္ဗညု' သည်လည်း ဗုဒ္ဓနှင့်လုံးဝမသက်ဆိုင်ပေ။

၃။ သဗ္ဗညုတဉာဏ်သည် အလုံးစုံကိုအမြဲမပြတ်သိနေသော သတတသဗ္ဗညု ကေန်မုချ မဖြစ်နိုင်ချေ။ အဘယ်ကြောင့်နည်း၊ ဗုဒ္ဓ၏သန္တာန်၌ မြင်စိတ်ကြားစိတ်စသော

ဝိညာဏ်စိတ်များ အာရုံအားလျော်စွာ ဖြစ်ကြသကဲ့သို့
အကြောင်းအားလျော်စွာ အခြားသောဝိပါက် အဗျာ
ကတစိတ်များလည်း ဖြစ်သင့်ကြသောကြောင့် ဖြစ်
သည်။ ဤသို့ အလုံးစုံကို အမြဲမပြတ် သိနေခြင်းမျိုး
မှာကား ဘဝင်စိတ်နှင့် လုံးဝဆန့်ကျင်ဘက်ဖြစ်သည့်
ပြင် သဘာဝ အသင့်ယုတ္တိလည်း မရှိသောကြောင့်
'သတတသဗ္ဗညု'သည်လည်း ဗုဒ္ဓနှင့်လုံးဝမသက်ဆိုင်
ပေ။ (ဗုဒ္ဓသည် ကိုယ်တော်တိုင်ပင် 'သတတသဗ္ဗညု'
အဖြစ်ကို ဝန်မခံပဲ ပယ်လှန်တော်မူကြောင်း အခန်း
၃ တွင် အပြည့်အစုံလေ့လာကြရပါဦးမည်။)

၄။ သဗ္ဗညုတဉာဏ်သည် အစွမ်းသတ္တိဖြင့် အလုံးစုံကိုသိ
ငြားအံ့၊ ထိုသို့သိခြင်းသည် အလုံးစုံသိခြင်း မဖြစ်နိုင်
ချေ၊ အဘယ်ကြောင့်နည်း။ အလုံးစုံကိုသိရာ၌ ဗုဒ္ဓ
အား ဆင်ခြင်ခြင်းနှင့် ယှဉ်စပ်နေသည်။ အလိုဆန္ဒနှင့်
ယှဉ်စပ်နေသည်၊ နှလုံးသွင်းခြင်းနှင့် ယှဉ်စပ်နေသည်၊
စိတ္တုပ္ပာဒ်(စိတ်ဖြစ်ခြင်း)နှင့်လည်း ယှဉ်စပ်နေရသည်၊
ယင်းကြောင့် 'သတ္တိသဗ္ဗညု'သည်လည်း ဗုဒ္ဓနှင့်လုံးဝ
မသက်ဆိုင်ပေ။

၅။ သဗ္ဗညုတဉာဏ်သည် သိအပ်သိဘွယ်ရာ အလုံးစုံကိုသိ
ခြင်း'ဉာတသဗ္ဗညု'သာ ကေန်ဖြစ်သည်။ ယင်း'ဉာ
တသဗ္ဗညု'သည်သာ ဗုဒ္ဓနှင့် လိုက်ဖတ် ဖြစ်ပေသည်။
သဗ္ဗညု ၅ မျိုးတို့တွင် ဤ ဉာတသဗ္ဗညု သည်သာ
ဗုဒ္ဓနှင့်လုံးဝကေန် သက်ဆိုင်နေပါသည်၊ မှန်ပါသည်၊

ဗုဒ္ဓကလည်း ဉာတသဗ္ဗညုဖြစ်သည်ဟု အကြောင်းမှန်အားလျော်စွာ ဝန်ခံတော်မူခဲ့ပေသည်၊ အဘယ်ကြောင့်ပါနည်း။ ဗုဒ္ဓ၏ သဗ္ဗညုတ ဉာဏ်တော်သည် ဤသို့ ဉာတသဗ္ဗညုဖြစ်မှသာလျှင် သိဘွယ်ကိစ္စအားဖြင့်ရှင်း ဝိုးတဝါးမဟုတ်ပဲ ရှင်းလင်းပြတ်သား မတွေဝေသောအားဖြင့် ၎င်းလိုအပ်သော အကြောင်းမှန်၏ ပြီးစီးနိုင်ခြင်းကြောင့် ၎င်းသိလိုသောအရာသည် ဆင်ခြင်ခြင်း စိတ္တုပ္ပာဒ် (စိတ်ဖြစ်ခြင်း)နှင့် ယှဉ်စပ်ခြင်းကြောင့် ၎င်းအစွမ်းသုံးပါးနှင့် ပြည့်စုံသော ဤ ဉာတသဗ္ဗညုသည်သာ ဗုဒ္ဓအား အသင့်လျော်ဆုံးဖြစ်ပေသည်။ (မဟာနိ၊ ဋ္ဌ၊ ၃၄၀။ ပဋိသံ၊ ဋ္ဌမ၊ ၅၄၊ ထေရာ၊ ဋ္ဌ၊ ၂၊ ၂၇၀။ ဣတိဝုတ္တက၊ ဋ္ဌ၊ ၁၃၄၊ ဝိသုဒ္ဓိမဂ်ဋီကာ၊ ၂၃၁။ ဇိနာလင်္ကာရဋီကာ၊ ၃၄၃။ သံပျင်ဋီကာ သဒ္ဓံပဇ္ဇောတမဝဏ္ဏနာ။)

'ဤလောကဓာတ်၌ တထာ တ အမည်ရသော ဗုဒ္ဓအား ပညာမျက်စိဖြင့် မမြင်အပ်သော တရားမည်သည် တစုံတခုမျှမရှိခဲ့၊ မသိအပ်မသိနိုင်သော သဘောတရားမည်သည် တစုံတခုမျှမရှိလတံ့၊ သိအပ်သိထိုက်သော တစုံတခုသော အကြင်သဘောတရားသည်ရှိ၏၊ ထိုအလုံးစုံသော သဘောတရားကို ဗုဒ္ဓသည် ထူးကဲလွန်မြတ်သော သဗ္ဗညုတဉာဏ်တော်ဖြင့် သိတော်မူပြီ ထိုသို့သိတော်မူသောကြောင့် ဗုဒ္ဓသည် ထက်ဝန်းကျင်

(ဘက်စုံ) မြင်နိုင်စွမ်းသော ဉာဏ်မျက်စိနှင့် ပြည့်စုံတော်မူ၏။ (ပဋိသမ္ဘိဒါမဂ်ပါဠိတော် ၁၂၇)

## (ဂ) သဗ္ဗညုတဉာဏ်သည် လောကီဖြစ်သည်၊ သို့မဟုတ် လောကုတ္တရာဖြစ်သည်

အစိန္တေယျ အသင်္ချေယျ အပ္ပမေယျ ဂုဏ်ပုဒ်တို့ဖြင့် မှိုဝဲခြံခိုး အပ်သော သဗ္ဗညုတဉာဏ်တော်သည် လောကီသဘာဝဘက်ကဖြစ်သလော၊ ဤသို့ပြတ်ပြတ်သားသား ဝေဘန်စိစစ်သော အခါ၌ သဗ္ဗညုတဉာဏ်သည် လောကီသဘာဝဘက်၌ လုံးလုံးလျားလျားရပ်တည်နေသည်ကိုတွေ့ရှိရပါသည်၊ ယင်းကြောင့် သဗ္ဗညုတဉာဏ်ကား လောကီသဘောတရားသာ ကေန်ဖြစ်သည်၊ ယုံမှားသံသယမရှိရာ။ (မ'ဋ္ဌ၊ ၁။ ၃၃၇။ အဘိ၊ ဋ္ဌ၊ ၂၊ ၄၄၆။ ဒီ၊ ဋ္ဌ၊ ၁၊ ၉၃။ အံ၊ ဋ္ဌ၊ ၃၊ ၂၉၈။ နေတ္တိ၊ ဋ္ဌ၊ ၁၇၅။ ပဋ္ဌိသံ၊ ဋ္ဌ၊ ၂၊ ၂၃၅။ ဒီ၊ ဋီ၊ သစ်၊ ၁၊ ၂၀၄။)

ဤသို့အဋ္ဌကထာဋီကာဆရာတို့က 'သဗ္ဗညုတဉာဏ်တော်ကို လောကီဉာဏ်ဖြစ်သည်' ဟု တသံတည်းအဆိုညီစွာ ဖွင့်ပြကြသော်လည်း အချို့ပုဂ္ဂိုလ်တို့က နေတ္တိပါဠိတော်၌ လာရှိသော အောက်ပါဂါထာကို အခိုင်အမာပြု၍ သဗ္ဗညုတဉာဏ်တော်ကို လောကုတ္တရာဉာဏ်ဖြစ်ကြောင်း ယူဆပြောဆိုကြသေးသည်၊ ထိုသူတို့၏ယူဆပြောဆိုချက်ကား ရိုးရိုးသားသားမှားယွင်းစွာ ယူဆပြောဆိုကြခြင်းသာဖြစ်ပါသည်၊ ရှင်းဦးအံ့—

ယံ တံ လောကုတ္တရံ ဉာဏံ၊
သဗ္ဗညု ယေန ဝုစ္စတိ။
န တဿ ပရိဟာ နတ္ထိ၊
သဗ္ဗကာလေ ပဝတ္တတိ။
(နေတ္တိပါဠိ-နှာ-၁၄၇)

(ဘာသာပြန်) အကြင်သဗ္ဗညုတဉာဏ်သည် အလုံးစုံသော လောကကို လွန်မြောက် လွှမ်းမိုး၍ တည်၏။ အကြင် သဗ္ဗညုတဉာဏ်ကြောင့် မြတ်စွာဘုရားကို 'သဗ္ဗညု' ဟူ၍ဆိုအပ်၏။ ထိုသဗ္ဗညုတဉာဏ်သည် ဆုတ်ယုတ်ခြင်းမရှိ၊ ထိုသဗ္ဗညုတဉာဏ်သည် ခပ်သိမ်းသော ကာလ၌ မဖြစ်ပေ။

ဖော်ပြပါဂါထာ၌လာရှိသော ဤ 'ယံ တံ လောကုတ္တရံ ဉာဏံ' ကို အဋ္ဌကထာဆရာက 'ယံ တံ လောကုတ္တရံ ဉာဏန္တိ သဗ္ဗံ လောကံ ဥတ္တရိတွာ အဘိဘဝိတွာ ဌိတတ္တာ ဝုတ္တံ၊ န လောကုတ္တရဘူမိကတ္တာ' ဟူ၍ဖွင့်ဆိုထားခြင်းကြောင့် 'သဗ္ဗညုတဉာဏ်သည် အလုံးစုံသောလောကကို လွန်မြောက်လွှမ်းမိုး၍တည်သောကြောင့် သဗ္ဗညုတဉာဏ်ကို လောကုတ္တရာဉာဏ်ဟုဟောတော်မူသည်၊ လောကမှ ထွက်မြောက်တတ်သော မဂ်ဉာဏ်ဖိုလ်ဉာဏ် လောကုတ္တရာဉာဏ်ဖြစ်သောကြောင့် ဟောတော်မူသည်မဟုတ်ပေ၊ ဤသို့ဖွင့်ဆိုသည့်အတိုင်း သဗ္ဗညုတဉာဏ်တော်သည် လောကီဉာဏ်သာ ကေန်ဖြစ်သည်ဟု စွဲမြဲသေချာစွာမှတ်သားအပ်ပေသည်။

ပိဋကတ်ပင်လယ်၊ နယကျယ်၊ အလွယ်တတ်ပြီမထင်နှင့်။
တနည်းတွေ့ရုံ၊ ကျမ်းမစုံ၊ အာဂုံတယ်၍မကိုးနှင့်။
ဂန္ထန္တရ၊ မန္တြ၊ ဝါဒတည်၍မငြင်းနှင့်။
ကောဓသဘော၊ တကျမ်းဟော၊ အပြောတယ်၍
မတင်းနှင့်။
ဘုရားဟောမြွက်၊ ဓမ္မစက်၊ ဖျက်၍မပြောနှင့်။
တရားအနှစ်၊ သာရစစ်၊ ပယ်ပြစ်ပစွန့်နှင့်။

(သုတပုတနာသုံးမစာ)

ဆက်ပါဦးမည်၊ ပုဂ္ဂိုလ်တချို့က 'အာသဝက္ခယဉာဏ်နှင့် သဗ္ဗညုတဉာဏ်တော်သည် တခုတည်းအဓိပ္ပာယ်၊ ပရိယာယ်၊ ဝေဝုစ် သမုတ်ကပ်သော နာမ မည်ကွဲ အပူကူပင် ဖြစ်ပါကြောင်း' ဟု နာလင်္ကာရဋီကာကို ကိုးသာဝကမှူ၍အဆို ပြုထားပြန်ပါသေးသည်၊ ထိုဋီကာရင်းမှာ 'သဗ္ဗညုတဉာဏ်တော် သည် လောကီမဟုတ်၊ လောကုတ္တရာဖြစ်ကြောင်း' အဆိုပြု ချက်ပင်ဖြစ်သည်၊ ယင်းအဆိုပြုချက် လုံးဝမှားယွင်းကြောင်း ကို မန္တလေးမြို့ဆရာနာက်ဖြင့် မဟာဇောတိက ဘုရားမပတ္တမြား တိုက် (အဂ္ဂမဟာပဏ္ဍိတ) ပတ္တမြားဆရာတော်ဘုရားက 'မဟာ ဇောတိကဝိသဇ္ဇနာကျမ်း' ကောဒကာမ (၁၁...ခုမြောက်)အဖြေ ၌ အောက်ပါအတိုင်း ရှင်းလင်းသုတ်သင်ထားပါသည်၊ ယင်း မဟာဇောတိက ဝိသဇ္ဇနာကျမ်းကား ပုံနှိပ်မှုအဖြစ်သို့မရောက် သေးပဲ လက်ရေးမူသာရှိပါသေးသည်၊ (ကျမ်းကား အမှာ စကားချုပ်ထည်း။)

## သော့ချောစွာရှင်းလင်းပြခြင်း

'အရဟတ္တမဂ်စိတ်၊ မဟာကိရိယာစိတ်၊ အရဟတ္တမဂ်ဉာဏ်၊ သဗ္ဗညုတဉာဏ်တို့၏ လောကုတ္တရာစိတ်နှင့် လောကီစိတ်၊ လောကုတ္တရာဉာဏ်နှင့် လောကီဉာဏ်ဟု အလွန်သိသာထင်ရှား၍ ဉာဏ်ရှိသောပုဂ္ဂိုလ်တို့မှာ ခဲယဉ်းသောအရာ မဟုတ်ပါပဲလျက် ဘယ်အတွက်ကြောင့်ကျမ်းဂန်သာစကားနှင့်သော့ချောစွာပြ၍ ရေးရသနည်းဟူမူကျမ်းဂန်တို့၏သဘောအမှန် မိန့်ဆိုဟန်ကိုမယူဆတတ်သော'အမှာကုံရစိ'ဆိုလေ့ရှိသော ကေစိဆရာရေးထုတ်သောစာအုပ်၌....

'အာသဝက္ခယဉာဏန္တိ ဝါ သမ္မာသမ္ဗောဓိဉာဏန္တိ ဝါ၊ အရဟတ္တမဂ္ဂဉာဏဿေဝ ဝေဝစနံ' ဟူသော..

ဒီနာလင်္ကာရဋီကာ နဝင်္ဂဏဂါထာအဖွင့်ပါဌ်ကို အကိုးပြု၍ အာသဝက္ခယဉာဏ်၊ သဗ္ဗညုတဉာဏ်၊ အရဟတ္တမဂ်ဉာဏ်တော်သုံးပါးဘို့သည်'ပရိယာယ်၊ ဝေဝုစ်'သမုတ်အပ်သောနာမပညတ်အတူတူပင်မှတ်အပ်သည်ဟုဆိုသည်။

## ကေစိဆရာ ဋီကာအနက်ပေးမှားပုံ

'အာသဝက္ခယဉာဏန္တိဝါ - အာသဝက္ခယဉာဏ် ဟူသည်ရင်း၊ သမ္မာသမ္ဗောဓိဉာဏန္တိဝါ - သဗ္ဗညုတဉာဏ်ဟူသည်ရင်း၊ အရဟတ္တမဂ္ဂဉာဏဿေဝ - အရဟတ္တမဂ်ဉာဏ်၏သာလျှင်၊

ဝေဝစန်-စတားနှစ်ကြောင်း အခေါ် စောင်းသော် လည်း ကုလားခေါင်းခိုတ်တွဲထမနဲ့ယာဂုတခုတည်းအဓိပ္ပာယ် ဇာမ ကျယ်သင့် ပရိယာယ်သမုတ်ဝေဝုစ်သဘောပင်တည်း။'

ဟု ဋီကာဆရာစကားမှန်ကို ကေ်စိဆရာဉာဏ်မသက်ဝင်၍ အနက်အထင်မပေးမှား အဓိပ္ပာယ်မှား ပလိပလာ ရေးသား ထားသည်ကိုတွေ့မြင်ရ၍ ထိုစာအုပ်ကို ဉာဏ်နဲ့သူတို့ကြည့်ရှု တွေ့ရှိသောအခါ အမှားအမှန်ထင်၍ ယူမည်စိုးသောကြောင့် ၎င်း၊ ကျမ်းဂန်လာရှိသည့်အတိုင်း အမှန်ကျသိစေလိုသော ကြောင့်၎င်း၊ အရဟတ္တမဂ်ဉာဏ်နှင့် သဗ္ဗညုတဉာဏ်သည် ယှဉ်ရာ စိတ်လည်းတခြားစီဖြစ်၍ လောကုတ္တရာ ဉာဏ်နှင့် လောကီဉာဏ်ဖြစ်ရကား အသီးအခြား တပါးတမျိုးစီဖြစ် ကြောင်းသေချာစွာသာဓကပြ၍ ရေးသားလိုက်ရခြင်း ဖြစ် ပေသတည်း။

## ဋီကာပါဠိကိုအနက်မှန်ပေးခြင်း

'အာသဝက္ခယဉာဏန္တိ ဝါ-အာသဝက္ခယဉာဏ် ဟူသည်၎င်း၊သမ္မာသမ္ဗောဓိဉာဏန္တိ ဝါ-သမ္မာ သမ္ဗောဓိဉာဏ်ဟူသည်၎င်း၊ အရဟတ္တမဂ္ဂဉာဏ ေဿဝ -အရဟတ္တမဂ်ဉာဏ်၏သာလျှင်၊ ဝေဝ စနံ -ဝေဝုစ်သဒ္ဒါတည်း။'

ကေ်စိဆရာက 'သမ္မာသမ္ဗောဓိဉာဏန္တိ ဝါ-သဗ္ဗညုတဉာဏ် ဟူသည်၎င်း'ဟူအနက်ပေး၍၊ အနက်မှားသည်၊ အဘယ်

ကြောင့်နည်းဟူမူ 'သမ္မာသမ္ဗောဓိဉာဏ' သဒ္ဒါကိုအချို့နေရာ၌'သဗ္ဗညုတဉာဏ်'ဟုအနက်ပေးရသော်လည်း ဤဗုဒ္ဓဂုဏ်ပုဒ်ကိုချီးကျူးသောအရာ၌ အရဟတ္တမဂ်ဉာဏ် ဖြစ်သင့်သောကြောင့်၎င်း ဋီကာဆရာကိုယ်တိုင်က 'သမ္မာသမ္ဗောဓိဉာဏန္တိဝါ အရဟတ္တမဂ္ဂဉာဏဿေဝ ဝေဝစနံ'ဟု ဆိုသောကြောင့်၎င်း ကေစိဆရာပေးသောအနက်မှာ အမှားဖြစ်လေသည်။

ဤအရာ၌အကယ်၍'သမ္မာသမ္ဗောဓိဉာဏ'အရကို သဗ္ဗညုတဉာဏ်ယူလျှင် အရဟတ္တမဂ်ဉာဏ်၏ဝေဝုစ်ဟုမဆိုရာ၊အဘယ်ကြောင့်နည်းဟူမူ သဗ္ဗညုတဉာဏ်က အနက်တခြား၊ အရဟတ္တမဂ်ဉာဏ် တခြားစီဖြစ်သောကြောင့်တည်း။

ဝေဝုစ်ဆိုသည်မှာ'အနက်တခုတည်း'ကို သဒ္ဒါနှစ်မျိုးသုံးမျိုးစသည်ဖြစ်သင့်သမျှပြောသည်ကို'ဝေဝုစ်ပရိယာယ်' သဒ္ဒါဟုဆိုရသည်၊ဥပမာအားဖြင့်'ဘုရားဟောအနက် တခုတည်းကို ဗုဒ္ဓေါ၊ ဒသဗလော၊ သတ္ထာ၊သဗ္ဗညူ၊ ဒွိပဒုတ္တမော'ဟု သဒ္ဒါများစွာဆိုသည်ကို ဝေဝုစ်ဆိုသကဲ့သို့တည်း။

အနက်တပါး၊ သဒ္ဒါပြား၊ ခေါ်ငြားဝေဝုစ်မှတ်။
'ကောဝ အတ္တော ပုနပ္ပုနံ ဝုစ္စတိတိ
ယေနာတိ ဝေဝစနံ'

(အဘိဓာန်ဋီကာသင်္ဂြိုဟ်)

ယေန ·အကြင်ပရိယာယ်သဒ္ဒါဖြင့်၊ ကောဝ ·တခုသော၊ အတ္တော–အနက်ကို၊ ပုနပ္ပုနံ ·အဖန်တလဲလဲ၊ဝုစ္စတိ--ဆိုအပ်၏၊

ဣတိတသ္မာ-ထိုသို့ဆိုကြောင်းဖြစ်သော သတ္တိကြောင့်၊ ဝေဝ စနံ-ဝေဝစ်မည်၏။

ကေစိဆရာရေးသားသောစာအုပ်၌ အဓိပ္ပာယ်မှားသည် မှာ'သဗ္ဗညုတဉာဏ်အရဟတ္တမဂ်ဉာဏ်ဟူသည် အခေါ်စောင်း သော်လည်း ကုလားခေါင်းမြိတ်တွဲ ထမနဲယာဂု တခုတည်း အဓိပ္ပာယ်ဇာမကျယ်သင့် ပရိယာယ်သမုတ်ဝေဝစ်သဘောပင် တည်း'ဟူသောစကားများ ဖြစ်လေသည်၊ အနက်ပေးမှားခဲ့ လျှင် အဓိပ္ပာယ်လည်းအမှားပင်ဖြစ်တော့သည်။

အဘယ်ကြောင့် အမှားဆိုသနည်းဟူမူ အရဟတ္တမဂ်ဉာဏ် သဗ္ဗညုတဉာဏ်များမှာ အစဉ်အတိုင်း လောကုတ္တရာဉာဏ် လောကီဉာဏ်အားဖြင့် သိသာကွာခြားပါလျက် တခုတည်း အတူတူ အဓိပ္ပာယ်ယူသောကြောင့် ကေစဆရာ၏အဓိပ္ပာယ် များကို အမှားဟုဆိုရသည်။ (မဏိဇောတိကဝိသဇ္ဇနာကျမ်း၊ လက်ရေးမူ။)

အက္ခရာပျက်၊ ယှင်းသွေကွက်၊အနက်ချွတ်တိမ်းရ။
အနက်မဖြောင့်၊ နည်းယူမှောင့်၊ ယှင်းထောင့် ကျင့်မူရာ။
အကျင့်ပေါက်ပြဲ၊ နိဗ္ဗာန်လွဲ၊ငရဲလားဘို့သာ။
အက္ခရာမှန်၊ ယင်းအပြန်၊ နိဗ္ဗာန်မလွဲရာ။

(မခုသာရတ္ထသတ်ပုံ)

## (ဃ) သဗ္ဗညုတဉာဏ်၏ သဘာဝအတည်ကိုယ်နှင့် ယင်း၏တည်မှီရာ-

သဗ္ဗညုတဉာဏ်သည် လောကီသဘာဝဓာတ်၌ရပ်တည်နေသည်၊ ထိုသို့ဖြစ်လျှင် ယင်းသဗ္ဗညုတဉာဏ်သည် မည်သည့်လောကီသဘာဝတရားတို့၌ ရပ်တည် ယှဉ်မှီနေပါသနည်းဟု တဘင့်တက်၍ စိစစ်ပြန်သောအခါ သဗ္ဗညုတဉာဏ်သည် ကာမာဝစရမဟာကြိယာဉာဏသမ္ပယုတ်စိတ်တို့၌ ရပ်တည် ယှဉ်မှီနေကြောင်း တိကျပြတ်သားစွာတွေ့ရပါသည်၊ ယင်းစိတ်တို့၌ယှဉ်မှီနေသော 'ပညာ' စေတသိက်သည်ကား 'သဗ္ဗညုတဉာဏ်တော်'ပင် ဖြစ်ပေသတည်း။ (အသိအလိမ္မာ၊ ဉာဏ်ပညာ၊ ဝိဇ္ဇာအမောဟ။ လယ်တီဆရာတော်။) (သီ၊ ဋ္ဌ၊ ၇၃။ မ၊ ဋ္ဌ၊ ၁၊ ၉၃၊ မဟာဒိပဒ္ဓိကာဝိသတိ ဂါထာဝဏ္ဏနာ၊ ဇိနာလင်္ကာရဋီကာ၊ ၄၃၊ ၃၀၈)

**မေး။** ဉေယျခေါင်ငါးဘွေလုံး၊ သိမ်းကျုံး၍သိသည်
မှန်။ တရားကုန်အာရုံပြု၊ သဗ္ဗညုဉာဏ်။
ယှဉ်သင့်ဟန်၊ မှတ်ရန်မယွင်း။ ဘယ်စိတ်မှာ
သမ္ပယော၊ ဟောပထင်လင်း။

**ဖြေ။** ဉေယျခေါင်ငါးဘွေလုံး၊ သိမ်းကျုံး၍သိသည်
မှန်။ တရားကုန်အာရုံပြု၊ သဗ္ဗညုဉာဏ်။

အရှင်အရိယဝံသ

ယှဉ်သင့်ဟန်၊ မှတ်ရန်မယွင်း။ အသင်္ခါ၊
ကြိယာ သမ္ပယောဂယ်လို့၊ ဟောင့်ထင်
လင်း။

(ပဋ္ဌစက္ကာလိသပုဗ္ဗာဝိသဇ္ဇနာ-မင်းကွန်းမန့်လည်)

## သဗ္ဗညုတဉာဏ်သည် အရဟတ္တမဂ်နှင့် အတူတကွ တပြိုင်နက် ဖြစ်မဖြစ်

သဗ္ဗညုတဉာဏ်သည် အရဟတ္တမဂ်နှင့် အတူတကွ တပြိုင်နက်ဖြစ်မဖြစ်ဟူသောပြဿနာသည်ကား သေးငယ်လှသောပြဿနာမဟုတ်ပေ၊ သဗ္ဗညုတဉာဏ်သည် ဗုဒ္ဓသာသနာဝင်၌ အလွန်အလေးပြုအပ်သော အကြောင်းအရာလည်းဖြစ်သည်။ အမှန်စင်စစ်အားဖြင့် သဗ္ဗညုတဉာဏ်သည် အရဟတ္တမဂ်နှင့် တခဏတည်း၌ အတူတကွတပြိုင်နက် ဖြစ်သည်မဖြစ်သည်ကို ဝေဖန်စိစစ်ရပေမည်၊ ဤသို့ဝေဖန်စိစစ်ရာ၌ ပါဠိတော်အဋ္ဌကထာဋီကာနှင့် ဂန္ထဝင်ကျမ်းစာတို့၏ဟောကြားချက် မိန့်ဆိုချက် ဖွင့်ပြချက်များကို စံထူနှိုင်းညှိ၍ ဝေဖန်စိစစ်ရမည်ဖြစ်ပါသည်၊ အဘယ်ကြောင့်ပါနည်း၊ စိတ်ဝိညာဏ်တို့၏ ဖြစ်စဉ်သဘောမှာကား ဇာတ်တူသောစိတ် အချင်းချင်းပင်တခဏတည်း ဤစိတ်နှစ်ခုတို့ အတူတကွတပြိုင်နက် မဖြစ်နိုင်ကြသော ကြောင့်ပေတည်း။

ဤအရာ၌ကား သဗ္ဗညုတဉာဏ်နှင့် ယှဉ်သော စိတ်က လောကီ ကဇောတ်ဖြစ်၍ အရဟတ္တမဂ်စိတ်က လောကုတ္တရာဇောတ်ဖြစ်ရကား ဇောတ်အားဖြင့်လည်း လုံးဝကွဲပြားခြားနားနေပေသည်၊ ထိုသို့ဖြစ်သော်လည်း 'သဗ္ဗညုတဉာဏ်သည် အရဟတ္တမဂ်ခဏ၌ပင် သဗ္ဗညုတဉာဏ်တော်လည်း အတူတကွ တပြိုင်နက်ဖြစ်ပါသည်'ဟူ၍ ဂန္ထဝင်သမိုင်း၌ လေးစားမြတ်နိုးထိုက်သော ကျမ်းပြုအကျော် ဆရာကြီးပေါင်း အမြောက်အမြားပေါင်းကပင် မိန့်ဆိုလျက်ရှိကြပေသည်၊ ယင်းတို့၏ မိန့်ဆိုချက်များကို အနည်းငယ်သိသာရုံမျှ ထိုထိုကျမ်းဂန်တို့မှ ထုတ်နုတ်၍ ဖော်ပြပေအံ့။

(က) အာ သ ဝ က္ခ ယ ဉာ ဏ် (အရဟတ္တမဂ်ဉာဏ်)ကို ရ တော် မူ သည် နှင့် တ ပြိုင် နက် တ ချည် တည်း သဗ္ဗညုတဉာဏ်တော်မဟာဝဇိရဉာဏ် ကရုဏာသမာပတ္တိဉာဏ်၊ ဝိဇ္ဇာပဋိသမ္ဘိဒါဉာဏ်၊ ဝေသာရဇ္ဇဉာဏ်၊ ဆအသာဓာရဏဉာဏ်၊ အဘိဉာဏ်ခြောက်ပါး၊ ဒသဗလဉာဏ်၊ နဝဂုဏ်ကိုးပါး၊ အစိန္တေယျလေးပါး၊ စုဒ္ဒသဗုဒ္ဓဉာဏ်၊ အဋ္ဌာရသဗုဒ္ဓဉာဏ်၊ စတ္တာလီသဉာဏ်၊ ပညာသုဒယဗ္ဗယဉာဏ်၊ တေသတ္တတိဉာဏ်၊ သတ္တသတ္တတိဉာဏ်၊ သုံးဆယ်နှစ်ပါးသော လက္ခဏာတော်ကြီး၊ ရှစ်ဆယ်သော လက္ခဏာတော်ငယ်၊ ဓမ္မတာအပြား သုံးဆယ်၊ ခြောက်သွယ်သော ရောင်ခြည်တော် ဤသို့ အစရှိ

ကုန်သော ဘုရားရှင်၏ ကျေးဇူးတော် ဂုဏ်တော်
အပေါင်းတို့သည် အငုဏ်မတက်မီ ဘုရားအဖြစ်သို့
ရောက်တော်မူသည်နှင့်တပြိုင်နက် တချည်တည်း
ပြည့်စုံတော်မူလေ၏။

(မူလဗုဒ္ဓဝင်ဝတ္ထု-နှာ ၁၅၈၊ ဟံသာဝတီမူ)

(ကာ) အလောင်းတော်သူမြတ်သည် အာသဝက္ခယဉာဏ် (အရဟတ္တမဂ်ဉာဏ်)ကို ရတော်မူသည်နှင့် တပြိုင်နက် တချည်တည်း သဗ္ဗညုတဉာဏ်၊ မဟာကရုဏာ သမာပတ္တိဉာဏ်အပေါင်းကိုလည်း ကောင်းစွာရတော်မူ၏။

(သုဂမ္ဘဝတီဗုဒ္ဓပင်နှာ-၂၆၂)

(ဂါ) မြတ်စွာဘုရားတို့၏ အရဟတ္တမဂ်ဉာဏ်သည် အလုံးစုံသော ဘုရားဂုဏ်ကျေးဇူးများနှင့် ပြည့်စုံခြင်းတည်း၊ အရဟတ္တမဂ်ကိုရသည်နှင့် တပြိုင်နက် အလုံးလုံးသော ဘုရားဂုဏ်ကျေးဇူးများ အပြည့်အစုံရရှိပြီး ဖြစ်လေ၏။

(နိုင်ငံတော် ဗုဒ္ဓသာသနာ မဟာဗုဒ္ဓဝင်တတိယတွဲ နှာ ၉၀)

(ဂိ) ရတနာပလ္လင် ဗောဓိပင်၌ အရဟတ္တမဂ်ဉာဏ်တော်ကို ရသည်နှင့် တပြိုင်နက် သဗ္ဗညုတဉာဏ် အစရှိသော အလုံးစုံသော ဘုရားဂုဏ်ကျေးဇူးဟူသမျှ အ

ကြွင်းအကျန်မရှိ "အပုဗ္ဗဒါစရိမ - တပြိုင်နက်" ရတော်သည်ဟုမှတ်ရာ၏။

(ပကိဏ္ဏကဝိသဇ္ဇနာကျမ်း ဒုတိယတွဲ-နှာ -၅၂၉)

(ကု) ထိုအရဟတ္တမဂ်ဉာဏ်ရတော်မူသည်နှင့် တပြိုင်နက် သဗ္ဗညုတဉာဏ်ကိုလည်း တ ခါ တည်း ရ ပြီး ဖြစ် တော့၏၊ ထိုဉာဏ်တော်ကြောင့် 'ဗုဒ္ဓ' ဟူသောအ မည်တော်ကိုလည်း ရတော်မ၏၊ (သဗ္ဗ-အလုံးစုံ ကို+ညုတာ-သိနိုင်သောပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်ဖြစ် ကြောင်း ဉာဏ်တော်။)

(ဘာသာသွေးဘုရားဖြစ်တော်မူခဏ်း-၄၇)

(ကူ) ဘုရားရှင်၏ အရဟတ္တမဂ်ကား ထိုဉာဏ်တော်ရ သည်နှင့်တပြိုင်နက် သဗ္ဗညုတဉာဏ်တော်ကိုလည်း ရပြီးဖြစ်သောကြောင့် သဗ္ဗညုတဉာဏ်တော်၏အ ကြောင်းဖြစ်သည်။

(သီလက္ခန်ဘာသာဋီကာ ။ပ၊ ၂၀၀)

(ကေ) 'ဗုဇ္ဈိတာသစ္စာနိတိဗုဒ္ဓေါ'အရ သစ္စာလေးပါးကို သိတော်မူပြီးဖြစ်သောကြောင့် ဗုဒ္ဓမည်တော်မူ၏၊ ဘုရားရှင်၏ အရဟတ္တမဂ်ခဏ၌ သဗ္ဗညုတဉာဏ် လည်းတပါးတည်းရခဲ့၏။

(ပရိတ်ကြီး နိဿယသစ်နှာ-၂၃-ပထမရှုက်)

(က) မဂ္ဂပဋိဝေဓ အညာပဋိဝေဓစသည်၌ မဂ်ကိုထိုးထွင်း၍သိခြင်းအရဟတ္တမဂ်ကို ထိုးထွင်း၍သိခြင်းဆိုရာဝယ် မဂ်အရဟတ္တမဂ်တို့ကို အာရုံပြု၍သိခြင်းကားမဟုတ်၊ မိမိသန္တာန်၌မဂ်ဖြစ်ပေါ်လာသောအခါ ထိုကဲ့သို့ဖြစ်လာအောင် မဂ်အရောက်ထွင်းဖောက်နိုင်ခြင်းကိုပင် မဂ္ဂပဋိဝေဓဆိုရ၏။ ထို့အတူ အရဟတ္တမဂ် ခဏ၌ပင် ပြီးခဲ့သော သဗ္ဗညုတဉာဏ်ရခြင်းကိုလည်း ထိုကဲ့သို့ ထွင်းဖောက်ခြင်းဖြစ်၍ သဗ္ဗညုတဉာဏပဋိဝေဓ(= သဗ္ဗညုတဉာဏ်ကိုထိုးထွင်းသိခြင်း)ဟုဆိုသည်။

(ပရိတ်ကြီး နိဿယ သစ္စာ-၄၈၈၊ ပထမမျက်)

ဤသို့ အရဟတ္တမဂ်နှင့် အတူတကွတပြိုင်နက် သဗ္ဗညုတဉာဏ်ကိုပါ တပါတည်းရတော်မူသည် ဟူသည်ဖြင့် ရေးသားတော်မူကြသော ဂန္ထဝင်ကျမ်းပြုဆရာတော်ဘုရားကြီးတို့သည် မိမိတို့ယူဆချက်အတ္တနောမတိမျှဖြင့် ရေးသားတော်မူကြသည်မဟုတ်ပေ၊ ဆရာတော်ဘုရားကြီးတို့သည် အဋ္ဌကထာဋီကာကျမ်းမှာတို့၏မိန့်ဆိုချက် ဖွင့်ဆိုချက်များအတိုင်းသာရေးသားတော်မူကြခြင်းဖြစ်ပါသည်။

ယင်းဆရာတော်ဘုရားကြီးတို့၏ မှီငြမ်းပြုစံယူထားသော အဋ္ဌကထာဋီကာများကို အနည်းငယ်မျှ ဖော်ပြရလျှင် အင်္ဂုတ္တိုရ်အဋ္ဌကထာ ဧကကနိပါတ် ပုဂ္ဂလဝဂ်(အံ၊ ဋ္ဌ၊ ၁၊ ၇၇)၌-

'သဟေဝ ပန အရဟတ္တမဂ္ဂေန သကလေပိ သဗ္ဗညုတညာဏာ ဒိဂုဏာရာသိ အာဂတောဝ နာမဟောတိ=အရဟတ္တမဂ်နှင့် တကွသာလျှင် အလုံး စုံ လည်း ဖြစ် သော သဗ္ဗညုတဉာဏ်စ သော ဂုဏ်တော်အစုသည် လာသည်မည်၏။' ဟူ၍-

မိန့်ဆိုပါသည်၊ ထို့ပြင် ဤသို့ အလားတူမိန့်ဆိုကြသော ဇာတိဝိတ်အဋ္ဌကထာ တိကနိပါတ်စတုတ္ထဝဂ်နှင့် ပုဂ္ဂလပညတ် အဋ္ဌကထာကေကဝဏ္ဏနာတို့၌ရင်း၊ အင်္ဂုတ္တရ်ဋီကာ စတုက္က နိပါတ် ပထမပဏ္ဏာသကဉရုဝေလဝဂ်၊သီလက္ခန်ဋီကာဟောင်း သီလက္ခန်ဋီကာသစ် ပြဟ္မဇာလသုတ်အဖွင့်နှင့် သာမညဖလ သုတ်အဖွင့်၊ သာရတ္ထဒီပနီဋီကာဝေရဉ္စကဏ္ဍ၊ ပရိတ္တဋီကာ ဓဇဂ္ဂသုတ်ပုဒ္ဓါပုဒ်အဖွင့်တို့၌လည်း အလားတူပင်ဖွင့်ဆိုထား ကြပေသည်။

ဤသို့'အရဟတ္တမဂ်နှင့်အတူတကွတပြိုင်နက် သဗ္ဗညုတဉာဏ် ကိုပါတပါတည်းရတော်မူသည်' စသည်ဖြင့်ဆိုသော စကား ရပ်တို့သည်'သဗ္ဗညုတဉာဏ်တော်ကို တကယ်အမှန်ရရှိသောအ ချိန်ကာလကို အတိအကျညွှန်ပြသော မုချစကားမဟုတ်ပဲ၊ ဉပစာစကားသာ ဖြစ်ပါကြောင်း' ပါဠိအဋ္ဌကထာ ဋီကာ ဂန္ထန္တရနှိုင်းစေ့စပ်သေချာတော်မူသည်ဟု ကျော်စော ထင် ရှားလှသော မန္တလေးမြို့အနောက်ပြင် ပတ္တမြားဘိုက် (အဂ္ဂ **မဟာပဏ္ဍိတ**) ပတ္တမြားဆရာတော်ဘုရားကြီးက 'မဂ်ဇောဘိ

ကဝိသဋ္ဌနာကျမ်း'ကော့ဒသမဝိသဇ္ဇနာ၌ အောက်ပါအတိုင်း စာပေမျိုးသားညွှန်ကြားတော်မူပါသည်။

'ဤအင်္ဂါထောင့်ကာ တို့၌ အရဟတ္တမဂ်နှင့်တကွ သဗ္ဗညုတဉာဏ်လာသည်မည်၏ ရ သည် မည် ၏ ဟု ဆိုသောစကားကို မုချ၏အနီးမှာဖြစ်၍ တင်စားသော ဥပစာစကားဟုမှတ်သားအပ်၏၊ အဘယ်ကြောင့်နည်းဟူမူကား' အရဟတ္တမဂ်စိတ်ခဏ၌ မဟာကြိယာဉာဏသမ္ပယုတ်စိတ်မှာ ယှဉ်သော သဗ္ဗညုတဉာဏ်ကို မုချအားဖြင့် မရသေးသောကြောင့်တည်း၊ ယင်းသို့ဖြစ်လျှင် ဘယ်ပုံ ပစာ ဖြစ်သည့်သနည်းဟူမူ 'သသမ္ဘာရကော'ဟူသော [illegible] 'တဒ္ဓမ္မူပစာဖြစ်သင့်၏'ဖြစ်သင့်ပုံမှာ-

'ထင်ရှားရှိသောမဟာကြိယာဉာဏသမ္ပယုတ်စိတ်၌ ရှိသော ဉာဏ် ဖော်ကို သဗ္ဗညုတဉာဏ်ဟူသော အမည်ကို အရဟတ္တမဂ်စိတ်၌ ထင်ရှားမရှိသော သဗ္ဗညုတဉာဏ်ကော၌ တင်စား၍ အရဟတ္တမဂ်စိတ်ခဏ၌ ထင်ရှားမရှိသော သဗ္ဗညုတဉာဏ်ကို သဗ္ဗညုတဉာဏ်ဟု ခေါ်ဝေါ်ခြင်း၊ အရဟတ္တမဂ်နှင့်တကွ သဗ္ဗညုတဉာဏ် ရသည် လာသည်ဟုဆိုသောကြောင့် 'တဒ္ဓမ္မူပစာ'ဟု မှတ်သားအပ်၏။ သမ္ဘာရဗောဓဥပစာသည်ကိုလည်း [illegible]

ဥပစာသာယူရမည်ကို ရှင်းပြချက်

ပြဆိုခဲ့ပြီးသော အင်္ဂုတ္တိုရ်အဋ္ဌကထာစသည်တို့၌ 'သဟေ ဝ ပနအရဟတ္တမဂ္ဂေန သကလောပိသဗ္ဗညုတဉာဏာဒိဂုဏရာသိ အာဂတောဝနာမဟောတိ' ဟု နာမသဒ္ဒါနှင့်သာ မိန့်ဆိုကုန်၏၊ ယင်းကဲ့သို့ နာမသဒ္ဒါနှင့် မိန့်ဆိုရာ၌ 'ဥပစာ' ဟု ယူရမည်ကို ရှေးဆရာတော်ကြီးတို့ စည်းမျဉ်းဥပဒေအသီးသီး ချမှတ်ထားကြကုန်၏။

(က) အဓိဝစနေ၊ နာမနှိုရာ၊ ဥပစာ၊ မြဲစွာဉာဏ်ဖြင့်ရှု။ ဝုစ္စတိဝုတ္တံ၊ နာမံရှိရာ၊ ဥပစာ၊ ကျမ်းလာမြွက်ထောက်ရှု။　　(တောင်တွင်း နိယံ)

(ခ) ဝုစ္စတိ နာမ၊ ပရိယာယ၊ ရှိလကလျှင်ဥပစာ။　　(ရှင်တိပိဋကနိယံ)

(ဂ) ဝုစ္စတိ ဝုတ္တံ၊ နာမံရှိရာ၊ ဥပစာဟု၊ ဆရာထွတ်ဖျား၊ သမိုင်းထားသည်၊ မှတ်သားကြစေကုန်သတည်း။　　(ရှင်ဓမ္မသာမိနိယံ)

(ဃ) ကဲ့ရဲ့ချီးမွမ်း၊ နက်စွမ်းပညာ၊ ဥပစာ၊ ထွန်းလာပုဒ်နာမ။　　(စံကျောင်းနိယံ)

ဤသို့ 'နာမ' သဒ္ဒါပါရာ၌ ဥပစာဟု အဖြေဖြာသော နိယံ ဆရာတော်တို့ရေးသားထားသည် အားလျော်စွာ 'တဒ္ဓမ္မူပစာ' ဟု ဥပလက္ခဏနည်း နိဒဿနနည်းဖြင့် အမြွက်မျှတခုတင်စား၍ ပြခဲ့သည်။

အရဟတ္တမဂ်ဉာဏ်သည် လောကုတ္တရာဉာဏ် သဗ္ဗညုတဉာဏ်သည် လောကီဉာဏ် ထိုနှစ်ပါးတို့၏ တည်ရာစိတ်လည်း တခြားစီဖြစ်၏၊ အရဟတ္တမဂ်စိတ်ခဏ တခုတည်းမှာ ဉာဏ်နှစ်ခုစလုံး တုပြိုင်နုတ်တချက်တည်း မဖြစ်နိုင်ကြောင်းကို ကောင်းကောင်းကြီး သဘောကျသင့်ပေသည်။

အရဟတ္တမဂ်နှင့်တကွ မုချအားဖြင့် သဗ္ဗညုတဉာဏ်မလာ မရမဖြစ်ပါပဲလျက် ဘယ်အတွက်ကြောင့်လာသည့်၊ ရသည်၊ ဖြစ်သည်ဟု အဋ္ဌကထာဆရာ မိန့်ဆိုသနည်းဟူမူ 'သဗ္ဗညုတဉာဏ်ရဘို့ရန် ပါရမီအကြောင်း ပြည့်စုံသဖြင့် ကောင်းကောင်းကြီး သဗ္ဗညုတဉာဏ် အပြီးအစီးဖြစ်တော့မည် ဖြစ်သောကြောင့်ရင်း သဗ္ဗညုတဉာဏ်ဖြစ်ခြင်း၏ ကေံမလွဲဖြစ်တော့မည် ဖြစ်သောကြောင့်ရင်း မုချရသေးသည်မဟုတ်ပါပဲလျက် 'အရဟတ္တမဂ်နှင့်တကွ သဗ္ဗညုတဉာဏ်လာသည်၊ ရသည်ဖြစ်သည်၊ဟု ဥပစာအားဖြင့် မိန့်ဆိုရလေသည်၊ ထို့ကြောင့် မဟုတ်လော၊ အင်္ဂုတ္တိုရ်ဋီကာဆရာက 'အာဂတောဝနာမ ဟောကုသမ္ဘဝေဝနိပ္ဖန္နတ္တာ'ဟူ၍ရင်း 'ဥပ္ပါဒသဿ ကေန္တိကတ္တာ'ဟူ၍ ဟိတ်အကြောင်း လောင်းစွက်ထားလေသည်။

(မဏိဇောတိကဝိသဇ္ဇနာကျမ်းလက်ရေးမူ)

ဗုဒ္ဓ၏ သဗ္ဗညုတ ဉာဏ်တော်ရရှိသည့် အချိန်ကာလနှင့်စပ်၍ ဤချဖြင့် ပြဿနာမပြီးဆုံးသေးပေ။ ဆက်ပါဦးအံ့။ အင်္ဂုတ္တိုရ် အဋ္ဌကထာ ကေနိပါတ်ပုဂ္ဂလဝဂ်၌'ဗုဒ္ဓါနံဟိသကလ

လောကိယ လောကုတ္တရာဂုဏရာသိ အရဲဟတ္တဖလေနေ၀ သမိဇ္ဈတိ–မှန်၏၊ မြတ်စွာဘုရားတို့၏ အလုံးစုံသော လောကီ လောကုတ္တရာ ဂုဏ်တော်အစုသည် အရဟတ္တဖိုလ်ဖြင့်သာလျှင် ပြည့်စုံ၏’ဟူ၍ မိန့်ဆိုထားပါသည်။ ထို့ပြင် သာရတ္ထဒီပနီဋီကာ ဝေရဉ္ဇကဏ္ဍ ဗုဒ္ဓဂုဏ်အဖွင့်၊ ဝိမတိဝိနောဒနီဋီကာ၊ ဝိသုဒ္ဓိမဂ်ဋီကာ ဗုဒ္ဓဂုဏ်အဖွင့်တို့၌လည်း ‘အရဟတ္တဖိုလ်၌ သဗ္ဗညုတဉာဏ်ဖြစ်သည်’ဟူ၍၎င်း၊ ‘အရဟတ္တဖိုလ်ပြီးသည့်ရှိသော် သဗ္ဗညုတဉာဏ် အစရှိကုန်သော အလုံးစုံသော ဗုဒ္ဓဂုဏ်တော်တို့နှင့် အတူတကွသာလျှင်ပြီး၏’ဟူ၍၎င်း အလားတူပင် ဖွင့်ဆိုကြလေသည်။

‘ဤသို့ အရဟတ္တဖိုလ်နှင့် အတူတကွ သဗ္ဗညုတဉာဏ် ရ၏၊ ပြီး၏၊ ပြည့်စုံ၏’ဟု မိန့်ဆိုကြသော အဋ္ဌကထာ ဋီကာတို့၏ မိန့်ဆိုဖွင့်ပြချက်သည် သဗ္ဗညုတဉာဏ် အမှန်တကယ် စ၍ဖြစ်ရာ အချိန်ကာလကို တိကျစွာဖော်ပြအပ်သော မုချစကား မဟုတ်၊ ဥပစာစကားသာဖြစ်ကြောင်း ‘မဏိဇောတိကဝိသဇ္ဇနာကျမ်း’ပြု (အဂ္ဂမဟာပဏ္ဍိတ) ပတ္တမြားဆရာတော်က နိယံသစ် ဥပဒေသ ဖော်ပြဆောင်နှင်း၍ ဤသို့ ရှင်းလင်းတင်ပြထားပါသေးသည်။

‘ဤအဋ္ဌကထာဋီကာတို့၌ အရဟတ္တဖိုလ် ပြီးသည့်ရှိသော် သဗ္ဗညုတဉာဏ်ဖြစ်၏၊ ပြီး၏၊ ပြည့်စုံ၏’ ဟူသော စကားကို မုချ၏အနီးမှာဖြစ်၍ တင်စားသော ဥပစာစကားဟု မှတ်သားအပ်၏၊ အဘယ့်ကြောင့်နည်းဟူမူ အရဟတ္တဖိုလ် စိတ်ခဏ၌ မဟာကြိယာ

ဉာဏ သမ္ပယုတ်မှာယှဉ်သော သဗ္ဗညုတဉာဏ် မုချ အားဖြင့် မရသေးသောကြောင့်တည်း။ ဘယ်ဥပစာ ဖြစ်သနည်းဟူမူ 'ဩဒနော ပစ္စတေ'ဟူသော ပုံစံကဲ့သို့ ဖလူပစာဖြစ်သင့်၏။ ဖြစ်သင့်ပုံမှာ 'နောက်နောက် အဆက်ဆက် ပစ္စယုပ္ပန် အကျိုးဖြစ်သော မဟာကြိယာ ဉာဏသမ္ပယုတ် စိတ်၌ယှဉ်သော ဖြစ်သော ပြီးသော ပြည့်စုံသော ဉာဏ်တော်၏ သဗ္ဗညုတဟူသော အမည်ကို ရှေးအဆက်ဆက် ပစ္စည်းအကြောင်း ဖြစ်သော အရဟတ္တဖိုလ်စိတ်၌ တင်စား၍ အကျိုးစိတ်၌ ဖြစ်သော စကားကို အကြောင်းစိတ်၌ တင်စား၍ ဖြစ်သည်၊ ပြီးသည်၊ ပြည့်စုံသည်ဟု ခေါ်ဝေါ် ပြောဆိုသော စကားဖြစ်ခြင်းကြောင့် ဖလူပစာစကားဟု ဆိုသင့်၏။

ပြအပ်ပြီးသော အင်္ဂုတ္တိုရ် အဋ္ဌကထာ သာရတ္ထဒီပနီဋီကာ ဝါကျတို့၌ 'အဓိဝစန၊ နာမ၊ ဝုတ္တံ၊ ဥစ္စတိ၊ ပရိယာယ'သဒ္ဒါမပါပါပဲလျက် ဘယ်အတွက်ကြောင့် ဥပစာယူပြန်သနည်းဟူမူ 'အဓိဝစနံ'စသော သဒ္ဒါငါးပါးတို့တွင် ဝါကျတို့၌ တပါးပါးပါလျှင် ဥပစာရဋ္ဌိယူဘို့ရန် ဥပလက္ခဏ နိဒဿနနည်းအမြွက်မျှ မိန့်ကြသည်ဟုယူရာ၏ 'ပါဠိဝါကျတို့၌' 'နိပ္ပဇ္ဇတိ' သမိဇ္ဈတိ၊ ပါရတို့၌လည်း ဥပစာယူသင့်၏။ 'နိပ္ပဇ္ဇတိ၊ သမိဇ္ဈတိ၊ ရှိပြန်ဘိ၊ မှတ်သိဥပစာ'ဟု နိယံပြုသင့်၏။

(မဏိဇောတိကာဝိသဇ္ဇနာကျမ်း လက်ရေးမူ)

အဋ္ဌကထာဋီကာများနှင့် ဂန္ထဝင်ကျမ်းစာတို့၌ 'သဗ္ဗညုတဉာဏ်သည် အရဟတ္တမဂ်နှင့် အတူတကွ တပြိုင်နက်ဖြစ်သည်' ဟူ၍ငင်း။ 'အရဟတ္တဖိုလ်၌ သဗ္ဗညုတဉာဏ်ရသည်'ဟူ၍ငင်း အသီးအသီး မိန့်ဆိုရေးသားချက်များသည် သဗ္ဗညုတဉာဏ်ရရာ အချိန်ကာလကို အတိအကျညွှန်ပြသော မှုချစကားမဟုတ်။ ဥပစာစကားသာဖြစ်ပါကြောင်းနှင့် မဏိဇောတိကဝိသဇ္ဇနာကျမ်းပြု (အဂ္ဂမဟာပဏ္ဍိတ) ပတ္တမြားဆရာတော်က အဆိုပြုရှင်းလင်းတင်ပြထားပါသည်၊ ယင်းအဆိုပြုရှင်းလင်းချက်ကို ဦးထိပ်ရွက် ပန်ဆင်ကြရမည်သာ ဖြစ်ပါသည်။ အဘယ့်ကြောင့်ပါနည်း၊ သဗ္ဗညုတဉာဏ် အရဟတ္တမဂ်ဉာဏ် နှစ်ခုတို့သည် ခဏာခုတည်း၌ အတူတကွ (တပြိုင်နက်)လုံးဝ မဖြစ်နိုင်ကြပေ။ အချိန်ကာလခြားရှိသာ သီးခြားဖြစ်ကြပါသည်၊ မှန်ပါသည်။ ကထာဝတ္ထုပါဠိတော် (၂၉၅) ၌ 'စိတ်နှစ်ခုတို့သည် တပေါင်းတည်း ဖြစ်ကြသလော၊ ဤသို့စိတ်နှစ်ခုတို့သည် တပေါင်းတည်းဖြစ်ကြခြင်းကို မဆိုအပ်မဆိုသင့်ပေ' ဟု မေးဖြေပုံစံဖွင့်ပြ ဟောကြားထားပါသည်။

ထို့ပြင်သုတ္တနိပါတ်အဋ္ဌကထာဥရဂဝဂ်ခနိယသုတ်အဖွင့်၊ သီလက္ခန် အဋ္ဌကထာ ဗြဟ္မဇာလသုတ်အဖွင့်နှင့် ဗုဒ္ဓဝံသ အဋ္ဌကထာနိဒါန်းအဖွင့်တို့၌ 'စိတ်နှစ်ခုတို့သည် မြတ်စွာဘုရားတို့အားပင်လျှင် မဖြစ်ကုန်၊ ဆက်ဦးအံ့။ စိတ်နှစ်ခုတို့သည် တခုတည်းသောခဏ၌ မဖြစ်ကြ'ဟု ဖွင့်ဆိုထားပါသည်။

ထိုမှတပါး အလွန်တိကျ ပြတ်သားစွာ ဖွင့်ဆိုချက်လည်း ရှိပါသေးသည်။ ယင်းတို့ကား 'စိတ်နှစ်ခုသုံးခုတို့သည်တပေါင်းတည်း (တပြိုင်နက်) ဖြစ်ခြင်းငှာ မစွမ်းနိုင်ကြပေ။ ပုဂ္ဂိုလ်တဦး၏ သန္တာန်၌ တခုတည်းသော စိတ်သည်သာဖြစ်၏။ ထိုဖြစ်သော စိတ်ချုပ်ပြီးမှ အခြားတခုတည်းသော စိတ်သည် ဖြစ်၏၊ ယင်းကြောင့် စိတ်သည် ဧကစာရီမည်၏၊ ဆက်ဦးအံ့။ ဖဿနှစ်ခု၊ ဝေဒနာနှစ်ခု၊ သညာနှစ်ခု၊ စေတနာနှစ်ခု၊ စိတ်နှစ်ခုစသည်တို့သည် တပေါင်းတည်း (တပြိုင်နက်)မဖြစ်ကြလေကုန်၊ တခုစီ တခုစီသာလျှင် ဖြစ်၏'ဟု ထေရအဋ္ဌကထာ ပညာသနိပါတ်နှင့် ဥပရိပဏ္ဏာသ အဋ္ဌကထာ အနုပဒသုတ်အဖွင့်တို့၌ ဖွင့်ဆိုထားကြပေသည်။

ဤသို့ ပါဠိတော် တိုက်ရိုက် ဟောကြားချက်နှင့် အခြားသော အဋ္ဌကထာဋီကာ တို့၏ မိန့်ဆိုဖွင့်ပြချက် တို့ကြောင့် အရဟတ္တမဂ်ခဏ၌ (အရဟတ္တဖိုလ်၌) သဗ္ဗညုတဉာဏ်ရသည်၊ ဖြစ်သည်၊ ပြီးပြည့်စုံသည်ဟုဆိုသော စကားသည် သဗ္ဗညုတဉာဏ်ရရာ အချိန်ကာလကို အတိအကျညွှန်ပြသော မုချစကားမဟုတ်ပဲ ဥပစာစကားသာဖြစ်သည်ဟု မှတ်သားခံယူခြင်းထက် အခြားသင့်လျော်သော အကြောင်းမှန် သဘာဝယုတ္တိ တစုံတခုမျှ မရှိတော့ချေ။

ဆက်ပါဦးအံ့၊ အကယ်၍ ခဏတခုတည်း၌ သဗ္ဗညုတဉာဏ်သည် အရဟတ္တ မဂ်စိတ်နှင့်အတူတကွ (တပြိုင်နက်)ဖြစ်သည်ဟုယူဆလျှင် (မဂ္ဂါဘိညာ သက် မတာ)အရ အရဟတ္တမဂ်စိတ်သည် စိတ္တက္ခဏ တကြိမ်တည်းသာ ဖြစ်ရိုးဖြစ်ခွင့်ရှိ

သည်။ ယင်းသို့ဖြစ်ရကား သဗ္ဗညုတဉာဏ်သည် နောက်ထပ်တဖန် ဘယ်နံသောအခါတွင်မျှ ပြန်လည်၍ဖြစ်ခွင့်မရှိတော့ချေ။ မှန်ပါသည်၊ လိုအပ်သောအခါ သဗ္ဗညုတဉာဏ်တော် ဖြစ်ပေါ်နိုင်ခွင့်လည်း လုံးဝမရှိတော့ဘဲ 'ပတ်တောပိတ်' ဖြစ်ရပေလိမ့်မည်။ ယင်းသို့သော အကြောင်းမှန်တို့ကြောင့် ခဏတခုတည်း၌ သဗ္ဗညုတဉာဏ်သည် အရဟတ္တမဂ်စိတ်နှင့်အတူတကွ (တပြိုင်နက်) မဖြစ်ပဲ၊ အချိန်ကာလခြား၍သီးခြားဖြစ်ကြောင်း ကောင်းစွာ မှတ်သားဆောင်ယူထားအပ်ပေတည်း။

## (စ) သဗ္ဗညုတဉာဏ် အစဦးဆုံးဖြစ်ရာကာလ

ဗုဒ္ဓဝင်ကျမ်းစာ အစောင်စောင်တို့က သဗ္ဗညုတဉာဏ်ပဌမဦးဆုံးဖြစ်သည့် အချိန်ကာလကို တိကျစွာ ဖေါ်ထုတ်ညွှန်ပြမှု မပြုခဲ့ချေ၊ ယင်းကြောင့် ဆက်ခဲသော ပြဿနာတရပ်ဖြစ်နေရပေသည်၊ ယခုမူသဗ္ဗညုတဉာဏ် ဗုဒ္ဓ၏ သန္တာန်ပဌမဦးဆုံး စ၍ ဖြစ်သောအချိန်ကာလကို တိကျစွာဖေါ်ထုတ်တင်ပြရတော့မည် ဖြစ်ပါသည်။ ဤသို့ ဖေါ်ထုတ်တင်ပြရာ၌သဗ္ဗညုတဉာဏ် ပဌမဦးဆုံးစ၍ဖြစ်သော အချိန်ကာလကို တိကျစွာ ညွှန်ပြမိန့်ဆိုသော 'အနုဒိပနီကျမ်း'၏ မိန့်ဆိုချက်ကိုဖေါ်ထုတ်ပြသခွင့် ရောက်လာပါသည်။ အနုဒီပနီကျမ်းကား 'သင်္ဂြိုဟ်မဟာဋီကာသစ်ကျမ်း'ခေါ် 'ပရမတ္ထဒီပနီကျမ်း' ကိုအနုစိပ်ဖွင့်ဆိုပြပြန်သော လယ်တီဆရာတော်၏ကျမ်းစာ တခု

ပင်ဖြစ်ပါသည်။ယင်း'အနုဒီပနီပါဌ်စိတ္တသင်္ဂဟ''သမ္မာသမ္ဗုဒ္ဓ' ပုဒ်အဖွင့် (စာမျက်နှာ ၁၂)၌ ဖွင့်ဆိုချက်ကို မြန်မာပြန်၍ အောက်ပါအတိုင်း တင်ပြအပ်ပါသည်။

> မဟာနိဒ္ဒေသ ပါဠိတော် သာရိပုတ္တ နိဒ္ဒေသ၌ ဟောအပ်သော 'အဘိသမ္ဗုဒ္ဓ'ဟူသောပုဒ်သည် 'အဘိသမ္ဗောဓိ'ဟု ဆိုအပ်သော အရဟတ္တ မဂ်ဉာဏ်ကို ဆိုလို၏။ ထိုအရဟတ္တမဂ်ဉာဏ်သည်ပင် သဗ္ဗညုတဉာဏ်၏ နီးသောအကြောင်း ဖြစ်သည်။ ထိုအရဟတ္တမဂ်ဉာဏ်သည် သဗ္ဗညုတဉာဏ်၏ နီးသောအကြောင်း ဖြစ်သောကြောင့် ထိုအရဟတ္တမဂ်ဉာဏ်၏ အခြားမဲ့၌ပင်လျှင် သဗ္ဗညုတဉာဏ်တော် ထင်ရှားဖြစ်၏။ထို့ကြောင့် 'တတ္ထစသဗ္ဗညုတံ ပါပုဏာတိ'ဟူ၍ တရားစစ်သူကြီး ရှင်သာရိပုတြာသည် မဟာနိဒ္ဒေသ ပါဠိတော်၌ ဟောတော်မူအပ်၏၊ သက်သေခံ။ ထို၏ အခြားမဲ့ဟူသည်ကား အရဟတ္တမဂ်ဝီထိနှင့် လေးကြိမ်ကုန်သော ပစ္စဝေက္ခဏာတို့၏ အခြားမဲ့ဖြစ်သော ဉေယျတရားကို အာရုံပြု၍ဖြစ်သော ပဌမမြောက်ဝီထိကာလ၌ သဗ္ဗညုတဉာဏ်တော်သည် ထင်ရှားစွာဖြစ်၏။ ဤကား ဆိုလိုရင်း အဓိပ္ပာယ်ပေတည်း။"
>
> (အဘိသမ္ဗုဒ္ဓြီတိပဒေ အဘိသမ္ဗောဓိ သင်္ခါတံ အရဟတ္တမဂ္ဂဉာဏံဝုတ္တံ။ တဒေဝဉာဏံ သဗ္ဗညုတဉာဏဿ ပဒဋ္ဌာနံဟောတိ။တသ္မာယာ တဒနန္တရမေဝ သဗ္ဗညုတဉာ

ဏံ ပါတုဗ္ဘဝတီတိ ဝုတ္တံ၊တတ္ထ သဗ္ဗညုတံ ပါပုဏာတီတိ။တဒနန္တရာတိ အရဟတ္တမဂ္ဂဝီထိယာ စတုန္နံ ပစ္စဝေက္ခဏဝါရာနန္တ အနန္တရေ ကာလေတိ အတ္ထော)

အနုဒီပနီကျမ်းပြု လယ်တီဆရာတော်၏ မိန့်ဆိုချက်ကို ကောက်ချက်ယူရသော် ဗုဒ္ဓ၏သန္တာန်၌ အရဟတ္တမဂ်ဝီထိဖြစ်၍အပြီးတွင် မိမိအရဟတ္တမဂ်ကို ဆင်ခြင်သော ပစ္စဝေက္ခဏာဝီထိတဝီထိ၊ မိမိဖိုလ်ကိုဆင်ခြင်သော ပစ္စဝေက္ခဏာဝီထိတဝီထိ၊ နိဗ္ဗာန်ကိုဆင်ခြင်သော ပစ္စဝေက္ခဏာဝီထိတဝီထိ၊ ပယ်ပြီးကိလေသာကို ဆင်ခြင်သော ပစ္စဝေက္ခဏာဝီထိ တဝီထိအားဖြင့် ဝီထိပေါင်း ၄ ဝီထိခြားခဲ့ပြီး ဖြစ်သည်။ ယင်းနောက်ဉေယျတရားကိုဆင်ခြင်သော ပဌမမြောက် ဝီထိတွင်မှ (ဤပဌမမြောက်ဝီထိကျကာမှ) သဗ္ဗညုတဉာဏ်တော် ကိန်မှုချထင်ရှားစွာဖြစ်ပါကြောင်းနှင့် မိန့်ဆိုခြင်းဖြစ်ပါသည်။

လယ်တီ ဆရာတော်သည် အဘိဓမ္မာ ဒေသနာတော်ကို အထူးကျွမ်းကျင်နိုင်နင်းတော်မူကြောင်း မြန်မာပြည်မဆန့် ကမ္ဘာနှံ့အောင် ကျော်စောတော်မူသည်။ ဤသို့အဘိဓမ္မာ၏ သဘာဝတ္တကို နက်နက်နဲနဲ ဝေခွဲပေါက်ရောက် ပါရဂူမြောက်ဖြစ်တော်မူသော ဆရာတော်၏ မိန့်ဆိုချက်ကို စံယူမှတ်သားလေးစားရမည်သာဖြစ်ပါသည်။အခြားသော ဂန္ထဝင်ကျမ်းပြုဆရာတော် အမြောက်အမြားတို့ကလည်း လယ်တီဆရာတော်မိန့်ဆိုသည့်အတိုင်းပင် ရေးသားမိန့်ဆိုထားကြပေသည်။ယင်း

တို့၏ မိန့်ဆိုချက်များကို သာဓကလိုလား သုတေသီပညာရှင်များအတွက် ထိုထိုဂန္ထဝင်ကျမ်းများမှ ထုတ်နှုတ်၍ အောက်ပါအတိုင်း တင်ပြအပ်ပါသည်။

(က) အလောင်းတော်သည် ပါရမီ လက်နက်တို့ဖြင့် အချက်ကျကျ မြေကြီးကိုသက်သေညွှန်ပြလျှင် မြေလျှင်ပဲ့တင်ဟီး၍ သက်သေခံလျှင် မာရ်စစ်သည် တယောက်မျှ မကျန် လေးလန်အောင် မနေပုံရှောင်လွှဲ ပြေးကြကုန်သဖြင့် ဒေဝပုတ္တမာရ်ကို အောင်မြင်တော်မူ၍ ပုရိမယာမ်၌ ပုဗ္ဗေနိဝါသဉာဏ်ကို အောက်မေ့၍၊ မဇ္ဈိမယာမ်၌ ဒိဗ္ဗစက္ခုဉာဏ်ကိုသုတ်သင်၍၊ ပစ္ဆိမယာမ်၌ ခပ်သိမ်းသောမြတ်စွာဘုရားတို့၏အလေ့အကျက်ဖြစ်သော ပဋိစ္စသမုပ္ပါဒ်တရား၌ ဉာဏ်ဝင်စား၍ အာနာပါနစတုတ္ထဈာန်ကို အခြေပြုလျက် တေဘူမကသင်္ခါရကို အနိစ္စ၊ဒုက္ခ၊အနတ္တဟု ပွားများရာသော မဟာဝဇိရ ဉာဏဘွက်ရေ ကုဋေ(၃၆၀၀၀၀၀) သုံးသန်းခြောက်သိန်းပွားတော်မူ၍၊ တနည်း ကုဋေ(၂၄၀၀၀၀၀)နှစ်သန်းလေးသိန်း အရေအတွက်ရှိသော နေ့တိုင်း ဝင်စားအပ်သော ဖလသမာပတ်တို့၏ရှေး၌ ဒုတန်တန် အဖန်ဖန် ကျက်စားသောဉာဏ်ဟုဆိုအပ်သော မဟာဝဇိရဉာဏ် ထက်သန်ပွားများ၍၊ သောတာပတ္တိမဂ် သောတာပတ္တိ

ဖိုလ်ကို တဒီထိတည်းရတော်မူသည်။ ထို့နောက်မှ
ရပြီးမဂ်၊ ဖိုလ်၊ နိဗ္ဗာန်၊ ပဟီနကိလေသာ၊ သေသကိ
လေသာကို ဆင်ခြင်တော်မူသော ပစ္စဝေက္ခဏာ
ငါးဒီထိခြား၍၊ သကဒါဂါမိမဂ်ဖိုလ်ကို တဒီထိ
တည်းရတော်မူသည်။ ထို့နောက်မှ ရှေးနည်းတူ
ပစ္စဝေက္ခဏာ ငါးဝီထိခြား၍ အနာဂါမိမဂ်ဖိုလ်
ကို တဝီထိတည်း ရတော်မူသည်။ ထို့နောက်မှ
ရှေးနည်းတူ ပစ္စဝေက္ခဏာငါး ဝီထိခြား၍ အရ
ဟတ္တမဂ် အရဟတ္တဖိုလ်ကို တဝီထိတည်း ရတော်မူ
သည်။ ထိုအရဟတ္တဖလဝီထိနောင် သေသကိလေ
သာမရှိ၍ ပစ္စဝေက္ခဏာ လေးဝီထိ ဖြစ်တော်မူ
သည်။ ထိုလေးဝီထိတို့ နောင်တွင်ကျရောက်သော
ပဉ္စမမြောက် ဝီထိ၌ပါသော 'ပစ္စဝေက္ခဏာဉာဏ်'
ကို အစဖြစ်တော်မူသော အစဦးဆုံးသိတော်မူ
သော 'သဗ္ဗညုတဉာဏ်'ဟု ဆိုရ၏။

(အဂ္ဂမဟာပဏ္ဍိတ ပတ္တမြား ဆရာတော်ရေး
မဟာဇောတိက ဝိသဇ္ဇနာကျမ်း
ဧကာဒသမဝိသဇ္ဇနာ လက်ရေးမူ)

(ကာ) ထောင့်ငါးရာဟူ၊ ကိလေသာဆုံး၊ မိုက်မျက်မျိုးကို၊
ပြတ်ကျိုးမှကြေ၊ ပြာကျစေလျက်၊ ပစ်ချေညက်မှ၊
အာသဝက်ဉာဏ်၊ မဂ်သုံးရွှန်ဖြင့်၊ သုံးတန်ဝိဇ္ဇာ၊
ဖြိုးခမြောက်စွာ၍၊ နှုပါဒ်ခေတ်၊ ...တ်ဆုံးစွန်း၊

ရောက်ကြောင်းမှန်သည်၊ လေးတန်ပိုင်းခြား၊ မဂ်
အကြားတွင်၊ ရငြွားအလို၊ မဂ်,ဖိုလ်,နိဗ္ဗာန်၊ ပယ်,
ကျန်ကိုလေ၊ဤငါးတွေ့နှိုက်၊ မသွေ့ဆတ်ဆတ်၊ဆင်
ခြင်တဘ်လျက်၊ ဒဿနဗစ်၊ တစ်စီဖြစ်သား၊ ပစ္စ
ဝေက္ခဏာမည်ရှိ၊ ဥာဏ်ဝိယံမျိုး၊ ဆဲ့ကိုးချက်
နောက်၊မဖောက်မပြန်၊ နာဝရဏ်ဖြင့်၊သမန္တစက်၊
စံမဘက်အောင်၊ ဝက်ဝက်ခြားပိုင်း၊ ဥယျဂိုဏ်း
ကို၊ ယုံတိုင်းမကြွင်း၊ မယုံခြင်းမျှ၊ ခြွင်းတော့
သည်သာ၊ ပိတ်မကာဘဲ၊ နောင်လာ,ခု,တိုက်၊
ပရိတ်,မဟဂ်၊ ကိုးချက်လောကုတ်၊ မယုတ်လုံးစုံ၊
အာရုံခြောက်ဘုံ၊ တရားကိုလည်း၊ အလို့အ
လျောက်၊ လျင်ရှောက်မညောင်း၊ တပေါင်းချက်
ပြီး၊ သိုးသိုးစည်ကာ၊လိုရာ[illegible]ကြုံမိ သွ[illegible]ချွန်နိမ့်သို့၊
သကိံကမာ၊ သိနိုင်စွာကြောင့်၊ကြံ့ငှာမရှိ၊ အံ့ဘွယ်
ချီသား၊ အစိန္တိယာ၊ မဟာဝဇီရ၊ ဥာဏကြီးယှာ
သဗ္ဗညုဟု၊အာဟုမဲ့ကုံ၊ ဗုဒ္ဓဘုံသို့၊လုံးစုံရောက်ဆိုက်၊
အောင်လံစိုက်၍၊ သောင်းတိုက်ဂုဏ်ဝေ၊ ကျော်နှံ့
စေလျက်၊ အသဒျေယျ၊နာ တံဆိပ်၊ ခတ်နှိပ်မသုံး၊
သုံးခေတ်လုံးတွင်၊ ဘက်မပြိုင်သည်၊ ၊ငါလျှင်
သုံးလူ့ထွက်ထားတည်း။

(မဟာသုတကာရီမဃဒေဝလင်္ကာသစ်၊
ပိုဒ်ရေ ၅၃၄)

(ကိ) ပဌမယာမ်၌ ပုဗ္ဗေနိဝါသဉာဏ်ကို အောက်မေ့၍ မဇ္ဈိမယာမ်၌ ဒိဗ္ဗစက္ခုဉာဏ်ကို သုတ်သင်၍၊ ပစ္ဆိမယာမ်၌ တသယ်နှစ်ကြိမ် မြေကြီးတုန်လှုပ်စေလျက် တသယ်နှစ်ပုဒ်ရှိသော ပဋိစ္စသမုပ္ပါဒ်၌ ဉာဏ်တော်ကိုချ၍ သုံးသပ်တော်မူပြီးမှ အာနာပါန စတုတ္ထဈာန်ကိုဖြစ်စေပြီးသော် ထိုဈာန်ကို အခြေပြု၍ ဝိပဿနာကို ပွားစေသည်တွင် အစဉ်အတိုင်းရအပ်သော အာသဝက္ခယ ဉာဏ်ဖြင့် ကိလေသာ အပေါင်းကို ဝါသနာနှင့်တကွ ပယ်တော်မူ၍ တသယ် ကိုးချက်မြောက်သော ပစ္စဝေက္ခဏာ ဉာဏ်ဓါတ်အဆုံး၌ သဗ္ဗညုတဉာဏ် ရတော်မူသည် ဖြစ်၍ ကဆုန်လပြည့်နေ့ အဆုံးစွန် အရုဏ်တက် သည်နှင့် တပြိုင်နက် စန်းနှင့်ဝိသာခါအကြိုက်တွင် လူသုံးပါးတို့အတွက် ဘုရားအဖြစ်သို့ ရောက်တော်မူ၍ 'အနေကဇာတိ သံသာရံ'စသော ဥဒါန်းကို ကျူးရင့်တော်မူ၏။

(ဒ. ဓမ္မတော်ဖြေကျမ်း၊ စာမျက်နှာ ၄၄၆)

(ကီ) ပဌမယာမ်၌ ပုဗ္ဗေနိဝါသဉာဏ်ကိုအောက်မေ့၍၊ မဇ္ဈိမယာမ်၌ ဒိဗ္ဗစက္ခုဉာဏ်ကို သုတ်သင်၍၊ ပစ္ဆိမယာမ်၌ တဆဲ့နှစ်ကြိမ် မြေကြီးတုန်လှုပ်စေလျက် တဆဲ့နှစ်ပုဒ်ရှိသော ပဋိစ္စသမုပ္ပါဒ်၌ ဉာဏ်တော် ကိုချဲ့၍ သုံးသပ်တော်မူပြီးမှ အာနာပါန စတုတ္ထ

ဈျာန်ကို ဖြစ်စေပြီးသော် ထိုဈျာန်ကိုအခြေပြု၍ ဝိပဿနာကို ပွားစေသည်တွင် အစဉ်အတိုင်း ရအပ်သော အာသဝက္ခယဉာဏ်ဖြင့် ကိလေသာ အပေါင်းကို ဝါသနာနှင့်တကွ ပယ်တော်မူ၍ တဆဲ့ကိုးချက်မြောက်သော ပစ္စဝေက္ခဏာဉာဏ်၏ အဆုံး၌ သဗ္ဗညုတဉာဏ်ကို ရတော်မူသည်ဖြစ်၍ ကဆုန်လပြည့်နေ့ အဆုံးစွန် အရုဏ်တက်သည်နှင့် တပြိုင်နက် စန်းနှင့် ဝိသာခါနက္ခတ်အကြိုက်တွင် လူသုံးပါးတို့အတွက် ဘုရားအဖြစ်သို့ ရောက်တော်မူ၍ 'အနေကဇာတိသံသာရံ'စသော ဥဒါန်းကျူး တော်မူ၏။

(ကဝိလက္ခဏာဒီပနီကျမ်း၊ စာမျက်နှာ ၂၅၃)

မှတ်ချက်။ ။အမရပူရ ပဌမမြို့တည်နန်းတည် ဘိုးတော် ပဒုံမင်းတရားက မေးလျှောက်၍ ပဌမ မောင်းထောင် သာသနာပိုင် ဆရာတော် ဖြေဆိုသော 'အမေးတော်ဖြေကျမ်း' ၏ ရေးသားချက်နှင့် 'မြောင်လှမြို့စား မင်း ကြီး သီရိမဟာဇေယျ' ရေးသားသော 'ကဝိလက္ခဏာဒီပနီကျမ်း'၏ ရေးသားချက် တို့သည် (အနေကဇာတိသံသာရန္တိ အယံ ဂါထာ ဘဂဝတာ အတ္တနော သဗ္ဗညုတ ညာဏပဒဋ္ဌာန် အရဟတ္တပတ္တိံ ပစ္စ

ဝေကွဏ္ဍေန ကေနုဝိသင်္ဂမဿ ပဋ္ဌဝေကွာဏ
ဉာဏဿ အနန္တရံ ဘာသိတာ။ တေနာဟ
ဣဒံ ပဌမဗုဒ္ဓဝစနန္တိ။ ဣဒံ ကိရ သဗ္ဗ
ဗုဒ္ဓေဟိ အဝိဇဟိတံ ဥဒါနံ)ဟူသော ဤ
သာရတ္ထဒီပနီဋီကာ ဗာဟိရနိဒါန်း ပဌမ
မဟာသင်္ဂီတိအဖွင့်၏ မိန့်ဆိုချက်ကို အကိုး
သာခကာ မှီငြမ်းပြု ရေးသားကြကြောင်း
ထင်ရှားနေပေသည်။

(ကု) ညဉ့်ဦးယာမ်၌ ပုဗ္ဗေနိဝါသဉာဏ်၊ သန်းခေါင်ယာမ်၌ ဒိဗ္ဗစက္ခုဉာဏ်ကိုရ၍ မိုးသောက်ထအခါ စကြဝဠာတသောင်းလုံး တုန်လှုပ်စေလျက် ပဋိစ္စသမုပ္ပါဒ်မှစ၍ အာနာပါန စတုတ္ထစျာန်ကို ဝင်စား၍ ဝိပဿနာကို ပွားစေသည်တွင် အစဉ်အတိုင်းရအပ်သော အာသဝက္ခယဉာဏ်ဖြင့် ကိလေသာအပေါင်းကို ယောင်းယောင်းပိုင်းဖြတ်လျက် မဂ်လေးတန်ကို အစဉ်အတိုင်းရ၍ ထိုရအပ်သော မဂ်ဖိုလ်ကို ဆင်ခြင်သော ပစ္စဝေက္ခဏာဉာဏ်တဆင့်ကိုးချက်၏အဆုံး၌ အလုံးစုံသော တရားကို သိတော်သော သဗ္ဗညုတဉာဏ်ကိုရ၍ သက္ကရာဇ် ၁၀၃-ကဆုန်လပြည့် ဗုဒ္ဓဟူးနေ့အကုန် နေအရုဏ်တက်သည်နှင့်တပြိုင်နက် စန်းနှင့်ဝိသာခါအကြိုက်ကျ၍ ဒလာ ၇ သုံးပါး၏အထွတ်အထိပ် ဘဂိဿရ

အဖြစ်သို့ရောက်တော်မူ၍ 'အနေကဇာတိသံသာရံ' စသောဥဒါန်းကို ကျူးရင့်တော်မူ၏

(ဇိနတ္ထပကာသနီကျမ်း၊ ပဌမတွဲ၊ နှာ ၁-၄၆)

(ဂူ) တထောင်ငါးရာမျှသော ကိလေသာရန်သင်းကို အကြွင်းမဲ့ချုပ်စေလျက် 'အာသဝက္ခယ'ဟု သမုတ်အပ်သော အရဟတ္တမဂ်ဉာဏ်ကို မိုးသောက်ယံ အကုန် နေအရုဏ်ထွက်သည်နှင့်တပြိုင်နက်ရ၍ မင်္ဂါနန္တရဖိုလ်၏နောက် ကျမြောက်သော ပစ္စဝေက္ခဏာဖလသမာပတ္တိဝီထိ၊ဥဒယျဗ္ဗယျချင် အာရုံရှိသော မနောဒွါရဝီထိဖြင့် အပရိမာဏ ဆုံးဆတွက်ဖွေ မရေတွက်နိုင်သော အသာဓာရဏ စတုဝေသာရဇ္ဇ ဒသဗလ ဆင့်ဘိည ဝိဇ္ဇာရှစ်ဝ စရဏ တဆဲ့ငါးပါး တရားအပေါင်းတို့ဖြင့် တန်ဆာဆင်အပ်သော သဗ္ဗညုတဉာဏ်ဖြင့် နိဗ္ဗာန်သင်း ကျစ် ဓမ္မရာဇ်ထွက်ဖျား ဘုရားအဖြစ်သို့ ရောက်တော်မူ၏။

(ဇိနတ္ထပကာသနီကျမ်း၊ ပဌမတွဲ၊ နှာ ၁-၅၂)

တင်ပြခဲ့ပြီးသော (င) အချက်နှင့် (စ) အချက်များကို ရုံးစုခြုံငုံ၍ ကောက်ချက်ယူရသော် နေအရုဏ်ရောင်ကြောင့် ပဒုမ္မာကြာသည် ငွါးငွါးစွင့်စွင့် ပွင့်ရသည်၊ ပဒုမ္မာကြာပွင့်

ခြင်း၏ အကြောင်းရင်းကား နေအရှက်ရောင်ပင်တည်း၊ ထိုနည်းတူပင် အရဟတ္တမဂ်ဉာဏ်အလင်းရောင်ကြောင့် သဗ္ဗညုတဉာဏ်တော် ပွင့်လင်းရသည်၊ ယင်းကြောင့် သဗ္ဗညုတဉာဏ်ပွင့်လင်းရခြင်း၏ အကြောင်းရင်းကား အရဟတ္တမဂ်ဉာဏ်အလင်းရောင်ပင်ဖြစ်သည်၊ ဤအကြောင်းကို အဋ္ဌကထာဆရာတို့က 'သဗ္ဗညုတညာဏပဒဋ္ဌာန-သဗ္ဗညုတဉာဏ်၏ နီးသော အကြောင်းဖြစ်သော အရဟတ္တမဂ်ဉာဏ်'ဟု မိန့်ဆိုခဲ့ကြခြင်းဖြစ်ပေသည်၊ ယင်းကြောင့် အရဟတ္တမဂ်ဉာဏ် ရှေးဦးစွာဖြစ်ပြီးကာမှ သဗ္ဗညုတဉာဏ်တော်ဖြစ်ရခြင်းကား ထင်ရှားပေသည်။

မှန်ပါသည်၊ ဗုဒ္ဓ၏ အရဟတ္တမဂ်ဝီထိဖြစ်ပြီးနောက်၌ ကော်န်မုချ ကာလခြား၍သာ သဗ္ဗညုတဉာဏ်တော်ဝီထိဖြစ်ပါသည်၊ ယင်းဝီထိ၌ပါသော 'ဉာဏ်' သည်ပင် သဗ္ဗညုတဉာဏ်တော်ပေတည်း၊ မှန်၏၊ အရဟတ္တမဂ်ဝီထိဖြစ်ပြီးနောက်တွင် ဝီထိပေါင်းဖြင့် ၄ ဝီထိခြားနေသည်၊ စိတ်ခဏကြီးအားဖြင့် ၄၃-ချက်နှင့် ကွာခြား၍ သဗ္ဗညုတဉာဏ် ပဌမဦးစွာ စ၍ဖြစ်သည်၊ အမှန်တကယ်အားဖြင့် အရဟတ္တမဂ်နှင့် သဗ္ဗညုတဉာဏ်သည် စိတ္တက္ခဏတခုတည်း၌ အတူတကွ တပြိုင်နက် ဖြစ်ကြသည်မဟုတ်ချေ၊ ယင်းသို့ တခဏတည်း တပြိုင်နက်ဖြစ်ကြသည်မဟုတ်သော်လည်း စိတ်ဖြစ်ခြင်းအယဉ်တို့သည် အလွန်လျင်မြန်လွန်းလှသည်၊ မျက်စိတမှိုက် လျှပ်တပြက် သို့မဟုတ် တစက္ကန့်၏ အချိန်ပိုင်းကလေးအတွင်း၌ပင် 'ဖြစ်-တည်-ပျက် (ဥပါဒ်-ဌီ-ဘင်) ခဏကြွယ်'နှင့် ပြည့်စုံသော စိတ်ပေါင်း

ကုဋေ ၁၀၀၀၀၀ (တသိန်း) ကျော် ရှေ့နောက်ဆက်စပ်၍ ဖြစ်နိုင် ပျက်နိုင်သည်ဟု အဘိဓမ္မာဒေသနာတွင် မိန့်ဆိုချက် ရှိသည်၊ ယင်းကြောင့် 'ဂိထိအားဖြင့် ၄-ဝိထိ၊ စိတ်ခဏကြီး အားဖြင့် ၄၃-ခန့်'ဟူသော ကြားကာလအချိန်သည် အလွန် တိုတောင်းလှသည်၊ ဤတိုတောင်းလှသော ကြားကာလ အချိန်ကို ယနေ့တိုးတက်နေသော သိပ္ပံခေတ်ကြီး၌ပင် လူသားတို့ နားလည်လက်ခံနိုင်လောက်အောင် ယင်းအချိန် ကာလကို တိုင်းတာ ခွဲစိတ်ပိုင်းခြားသတ်မှတ်၍ ဝေါဟာရ စကားဖြင့် ဖော်ပြနိုင်စွမ်း မရှိသေးချေ။

ယင်းကြောင့် 'ဗုဒ္ဓသည် အရဟတ္တမဂ်ဉာဏ်ကို ရတော်မူ သည်နှင့်တပြိုင်နက် သဗ္ဗညုတဉာဏ်တော်ကိုပါ ရရှိတော်မူ သည်'ဟု မိန့်ဆိုကြသော အဋ္ဌကထာဆရာ၊ ဋီကာဆရာများနှင့် ယင်းတို့၏မိန့်ဆိုချက်ကို အတိုးသာ၍က မိုငြင်ပြု၍ မိန့်ဆိုရေး သားကြပြန်သော ဂန္ထဝင်ကျမ်းစာဆရာတို့ကို အပြစ်တင်ဆို ဘွယ် တစုံတရာ လုံးဝမရှိပေ၊ မှန်ပါသည်၊ အရဟတ္တမဂ်ဉာဏ် ရခြင်းနှင့် သဗ္ဗညုတဉာဏ်ရခြင်းသည် အချိန်အတိုင်းအတာ အားဖြင့် သတ်မှတ်၍ ပြဆိုနိုင်စွမ်း မရှိလောက်အောင်ပင် အလွန်တိုတောင်းလှသော အချိန်အနည်းငယ်ကလေးအတွင်း၌ ဖြစ်သည်၊ ယင်းသို့ဖြစ်ရာကား လူသားတရပ်လုံး သိလွယ် နားလည်လွယ်သော 'တပြိုင်နက်'ဟူသော ဝေါဟာရစကားရပ် ဖြင့်သာ အဖြစ်မှန်နှင့်အနီးကပ်ဆုံး (ဥပစာစကားသုံး၍)' ဗုဒ္ဓသည် အရဟတ္တမဂ်ဉာဏ်ကို ရတော်မူသည်နှင့်တပြိုင်နက် သဗ္ဗညုတဉာဏ်တော်ကိုပါ ရရှိတော်မူသည်'ဟု ပြောဆို

သုံးနှုန်းတော်မူခဲ့ကြကြောင်း ကောင်းစွာသိသာထင်ရှားလှပါသည်။ မှန်ပါသည်၊ သာရတ္ထဒီပနီဋီကာဆရာက မပြေပလောက်သော ဤသို့သော အချိန်ကာလ၁သော အရာမျိုးကို ရည်ညွှန်း၍ 'အပ္ပကာဒ္ဒိ ဦနမဓိကံ ဝါ ဂဏနုပဂံ န ဟောတိ အနည်းငယ်မျှ အယုတ်အလွန် (အလိုအပို)ကို မရေတွက်ရ'ဟု ဥပဒေသချမှတ်ခဲ့ပေသည်။

(နည်းငယ်ယုတ်လွန်၊ ဂဏန်းပွန်၊ လူမွန်မရည်သာ။)

## (ဆ) သဗ္ဗညုတဉာဏ်ဖြစ်ပုံ ဝိထိစဉ်

ကျည်းကန်ရှင်ကြီး 'ရှင်နန္ဒမေဓ'သည် 'စွယ်စုံကျော်ထင်ပုဒ္ဓကျမ်း'ကို ရေးသားသည်၊ကျီးသဲလေးထပ်ဆရာတော်က'စွယ်စုံကျော်ထင် ဝိသဇ္ဇနာကျမ်း'၌ ကျမ်းပြုဆရာတော်သည်အောက်ပါအတိုင်း ဖြေဆိုထားသည်။

'ဉာဏ်တော်ခြောက်သွယ်' အံ့ဩဘွယ်၊
ဘယ်နှယ်ဝိထိကျသနည်း ဟူရာဝယ်-

### သဗ္ဗညုတဉာဏ် ဝိထိကျဟန်ကား

'အရဟတ္တမဂ်,အရဟတ္တဖိုလ်ကိုရပြီး၍ ဆင်ခြင်ပြီးသောနောက်မှ ဉေယျတရားကို သိလိုလတ်သည်ရှိသော် ပဋိသမ္ဘိဒါစိတ်နှင့်တူသော စိတ်သည် ဘာဂ်ံစလန, ဘဝင်္ဂုပစ္ဆေဒ ဥေယျဓမ္မတရား ငါးပါးကို အာရုံပြု၍ ဆင်ခြင်တတ်သော မနောဒွါရာဝဇ္ဇန်း၊ ထို့နောက်

မဟာကြိယာ ဇောခုနစ်ကြိမ်၊ ထို့နောက် ဘဝင်ကိစ္စ
ဖြစ်၍ချုပ်၏’ဟူ၍ရှင်း။

‘သဗ္ဗညုတဉာဏ်ကျယ်၊ မဂ်နောင်ဝယ်၊
ဘယ်ဝီထိတွင်ဖြစ်သနည်း’ဟူရာဝယ် ...

အရဟတ္တမဂ်ဉာဏ်သည် ကိလေသာတို့မှ လွတ်သော ကြောင့် ဝိမောက္ခမည်၏၊ ဝိမောက္ခ အမည်ရသော မဂ်၏ အဆုံး၌ နှစ်ကြိမ်ရှင်း သုံးကြိမ်ရှင်းကျသော အရဟတ္တဖိုလ်စိတ် ထိုစိတ်၏အဆုံး၌ဖြစ်သော ဝီထိတွင်ပါသောဉာဏ်သည် သဗ္ဗ ညုတဉာဏ်မည်၏ ဟူလိုသည်။

**ဝီထိကျဟန်ကား**

‘အရဟတ္တမဂ်,အရဟတ္တဖိုလ်ကို ရပြီးသော် ဥဓယျ ခံတရားကို သိခြင်းငှာ သန်္ဓါရ, ဝိကာရ, လက္ခဏာ, နိဗ္ဗာန်, ပညတ်အားဖြင့် ငါးပါးတွင် တပါးပါးကို အာရုံပြု၍ ဆင်ခြင်တတ်သော မနောဒွါရာဝဇ္ဇန်း၊ ထို့နောင် မဟာကြိယာဇော ခုနစ်ကြိမ်၊ ထို့နောင် ဘဝင်ကျ၏။

ဤနည်းအတူ ၅ ဝီထိ ချသင့်၏၊ ထို ၅ ဝီထိ၌ပါသော ဉာဏ်ကို‘သဗ္ဗညုတဉာဏ်’ဟူ၍ ဆိုအပ်၏၊ ဤသို့မိန့်ဆိုသည်။

ဤဖော်ပြအပ်သော စကားစဉ်အရ ..

သဗ္ဗညုတဉာဏ် ဖြစ်ပုံဖြစ်စဉ် အခြင်းအရာကို အဘိဓမ္မာ ဘာသာရပ်ဆိုင်ရာ ဝီထိချရိုး ဝီထိဆိုရိုး အတိုကောက် သင်္ဂော

တအမှတ်အသားဖြင့် အောက်ပါ သဗ္ဗညုတဉာဏ် ဝီထိပုံစံ အတိုင်းပင် မှတ်သားဆောင်ယူအပ်ပါသည်။

ဉေယျဓမ္မ တရားအာရုံ မဟာကြိယာ ဥာဏသမ္ပယုတ် ၄

| | | | | | | |
|---|---|---|---|---|---|---|
| ဘ | န | ဒ | မဒွါ | ဇော | ဇော | ဇော |
| ○○○ | ○○○ | ○○○ | ○○○ | ○○○ | ○○○ | ○○○ |
| ဇော | ဇော | ဇော | ဇော | ဘ | ဘ | ဘ |
| ○○○ | ○○○ | ○○○ | ○○○ | ○○○ | ○○○ | ○○○ |

(ဇ) သဗ္ဗညုတဉာဏ်၏ စွမ်းရည်သတ္တိများ

ဗုဒ္ဓ၏ သဗ္ဗညုတဉာဏ်သည် မည်သို့သော အစွမ်းသတ္တိ များရှိသည်ကိုလည်း ကြိုတင်၍မှတ်ယူထားသင့်ပါသည်၊ သဗ္ဗ ညုတဉာဏ်တော် စွမ်းရည်သတ္တိကား ၃ မျိုးရှိပါသည်၊ယင်း တို့ကား....

၁။ အလုံးစုံသော ဉေယျဓမ္မတရားတို့၏ ဟုတ်မှန်သော သဘောကိုသိခြင်းငှာ စွမ်းနိုင်ခြင်း။

၂။ ဉေယျဓမ္မတရားတို့၏ ဟောအပ်သောအပြားကို သိ ခြင်းငှာ စွမ်းနိုင်ခြင်း။

၃။ သစ္စာ ၄ ပါး တရားတို့ကို သိစေအပ်ကုန်သော ပုဂ္ဂိုလ်ဘို့၏အလို နှလုံးသွင်းစသည်တို့ကို ထင်စွာ ပြုခြင်းငှာ သိခြင်းငှာ စွမ်းနိုင်ခြင်းတို့ဖြစ်ပါသည်။

(မူလဋီကာ၊ ၁၊ ၈။)

သဗ္ဗညုတဉာဏ်တော်သည်

၁။ သိဘွယ်ဟူသမျှတို့ကို အလုံးစုံ အကုန်အစင် သိမြင်တော်မူ၏၊ ထိုသို့သိရာ၌ တစုံတခုလေးမျှလည်း အမှားအယွင်းမရှိ။

၂။ သိအပ်သော တရားတိုင်း၀ယ် သူတပါးနားလည်အောင် မည်သည့်နည်းဖြင့် ဟောထိုက်သည်ဟု တရားတမျိုးမျိုးလျှင် ဟောနည်း (တရားဆင်နည်း)အမျိုးမျိုးကိုလည်း သိတော်မူ၏။

၃။ တရားနာမည့် ပုဂ္ဂိုလ်တို့၏ အလိုဆန္ဒ(စိတ်ကြိုက်)ကိုလည်း နိုက်နိုက်ချွတ်ချွတ် သိတော်မူ၏။

(ဘာသာသွေးစာအုပ်၊ ဘုရားဖြစ်တော်မူခဏ်း ၃၇)

## (၈၂) သဗ္ဗညုတဉာဏ်၏ သိအပ်သော အသိခံတရားများ

သဗ္ဗညုတဉာဏ်၏ သိစွမ်းနိုင်သော အသိခံအရာတို့ကား ဉေယျဓမ်တရား ၅ မျိုးဖြစ်ကြသည်။ ထို့ကြောင့် ယင်းဉေယျဓမ်တရားတို့၏ အချိုးအစားနှင့် အဓိပ္ပာယ်သရုပ်ကို မမှတ်ယူဘဲ ရှောင်ကွင်း၍မဖြစ်နိုင်ပေ။ ဆက်လက်၍ တင်ပြုမှတ်သားပါဦးမည်ဖြစ်ပါသည်။ ယင်း ဉေယျဓမ်တရားတို့ကား 'သင်္ခါရ, ဝိကာရ,လက္ခဏ,နိဗ္ဗာန်,ပညတ်ဟူ၍ ၅ မျိုးအပြားရှိပါသည်။ ယင်းတို့၏ အဓိပ္ပာယ်သရုပ်တို့ကား -

၁။ စိတ်စေတသိက်ဟူသော နာမ်တရား ၅၃ ပါးနှင့် နိပ္ဖန္နရုပ် ၁၈ ခုသည်'သင်္ခါရ'မည်၏။

၂။ ကာယဝိညတ်ဝစီဝိညတ်လဟုတာ မုဒုတာကမ္မညတာဟူသော ဝိကာရရုပ် ၅ ခုသည် 'ဝိကာရ' မည်၏။

၃။ ဥပစယ သန္တတိ ဇရတာ အနိစ္စတာဟူသော လက္ခဏာရုပ် ၄ ခုသည် 'လက္ခဏာ'မည်၏။

၄။ သန္တိပဒခေါ် ငြိမ်းအေးမှု ဓာတ်တမျိုးသည် 'နိဗ္ဗာန်'မည်၏။

၅။ လူနတ်ပြဟ္မာ တောတောင်စသော ထိုထိုဝေါဟာရသည် 'ပညတ်'မည်၏။

ဤကား ဉေယျဓံတရား ၅ ပါးတည်း။

ဤ ၅ ပါးသော တရားတို့ကို သိအပ်သိသင့် သိထိုက်သောကြောင့် ဉေယျဓံတရားဟု ခေါ်၏။ ဗုဒ္ဓသည် ထိုတရားအားလုံးကို ကြွင်းရမထင် သံသယစင်သိမြင်တော်မူသောကြောင့်ပင် 'ဗုဒ္ဓ-သိစရာ မှန်သမျှကိုသိသူ'ဟု လောက၌ ထင်ရှား ကျော်ဇောတော်မူပေသည်။

(ဝိ၊ ၃၊ ၁။ ၉၄။ ပဋိသံ၊ ၃၊ ၁၊ ၅၄။ ဝိသုဒ္ဓိ၊ ၁၊ ၂၀၃)

(ဉေယျဓံတရား ၅ ပါး ယူပုံတနည်းရှိသေး၏။ လိုအင်သော သုတေသီတို့သည် မဏိဒီပဋီကာ ဝိသဘိဂါထာအဖွင့်နှင့် ဇိနာလင်္ကာရဋီကာ အသာဓာရဏဉာဏ်အဖွင့်တို့၌ ယူကြပါကုန်။)

## (ည) သဗ္ဗညုတဉာဏ် အခါခပ်သိမ်း ဖြစ်,မဖြစ်၊ ရှိ,မရှိ

ကျွန်ုပ်တို့သည် သဗ္ဗညုတဉာဏ်တော်ကို လေ့လာရာ၌ ဤမျှဖြင့်မရောင့်ရဲကြသေးပဲ ဆက်လက်၍ လေ့လာကြရပေဦးမည်။ ဗုဒ္ဓသည် ကျိန်းစက်(အိပ်ပျော်)နေတော်မူသောအခါ နိရောဓသမာပတ် ဝင်စားနေတော်မူသောအခါ၊ ဖလသမာပတ်ဝင်စားနေတော်မူသောအခါတို့နှင့် ဗုဒ္ဓအား ထိုက်သည်အားလျော်စွာ ဖြစ်ခွင့်ရှိသော အခြားသော စက္ခုဝိညာဏ်စသော ဝိပါက်အဗျာကတစိတ်တို့ဖြစ်နေသောအခါတို့လည်း ရှိကြပါသေးသည်။ ထို့ကြောင့် ဗုဒ္ဓ၏သန္တာန်၌ သဗ္ဗညုတဉာဏ်သည် အခါခပ်သိမ်း အမြဲမပြတ်ဖြစ်နေသည် မဟုတ်ကြောင်း၊ ရှိနေသည်မဟုတ်ကြောင်း အလွန်သိသာထင်ရှားလှပါသည်။

(နေတ္တိ၊ ၁၄၃။ မိလိန္ဒ၊ ၁၀၉။)

## (ဋ) မဆင်ခြင်ပဲ သဗ္ဗညုတဉာဏ်ဖြင့် အလုံးစုံကိုသိမသိ

ဗုဒ္ဓသည်မဆင်ခြင်ပဲသဗ္ဗညုတဉာဏ်ဖြင့် အလုံးစုံကို သိတော်မမူပါ၊ မှန်ပါသည်၊ တနေ့သ၌ ပဉ္စသာလခေါ်သော ပုဏ္ဏားရွာသို့ ဗုဒ္ဓသည် သပိတ်တော်ပိုက်၍ ဆွမ်းခံဝင်ခဲ့ပါသည်၊ ထိုရွာရှိလူများကို မာရ်နတ်၏ ပူးဝင်နှောက်ယှက်ထားမှုကြောင့် ဗုဒ္ဓအား ဆွမ်းတဇွန်းတယောက်မျှ ရရှိတော်မမူပဲ ဆေးကြောပြီးသပိတ်နှင့်ပင် ရွာပြင်သို့ ထွက်တော်မူခဲ့ရပါ

သည်၊ ထိုအခါ မာရ်နတ်သည် ဗုဒ္ဓအနီးသို့ ချဉ်းကပ်၍ 'ရှင် ရဟန်းဆွမ်းရပါ၏လော'ဟု မေးခဲ့သည်၊ ထိုအခါမှ ဗုဒ္ဓသည် သဗ္ဗညုတဉာဏ်တော်ဖြင့် မာရ်နတ်က ပူးဝင်နှောက်ရှက်ထား ကြောင်း သိတော်မူရပါသည်၊ ထို့နေ့အဘို့ ဗုဒ္ဓရှင်တော်မှာ အာဘဿရာဗြဟ္မာကဲ့သို့ ပီတိတည်းဟူသော အစာဖြင့်သာ မျှတတော်မူရှာလေသည်။ (သံ၊ ၁၊ ၁၁၅-၆)

ဗုဒ္ဓသည် မူလက မာရ်နတ်လှည့်ပတ်ထားသည်ကို သိတော် မမူဘဲ ရွာဘွင်းသို့ ဆွမ်းခံကြွတော်မူခဲ့သည်မှာ မှန်ပါသည် တကျွာအာလယကင်းပြတ်လျက်ရှိသော ဗုဒ္ဓရှင်တော်တို့သည် 'ဤမည်သောအရပ်၌ဆွမ်းရအံ့မရအံ့'ဟုသဗ္ဗညုတဉာဏ်တော် ကြီးဖြင့် ဆင်ခြင်ခြင်းငှာ မလျှောက်ပတ်၊ ဆင်ခြင်မှုအလေ့ တော်လည်း မရှိကြကြောင်း၊ ယင်းသုတ်အဖွင့် အဋ္ဌကထာ (စာမျက်နှာ-၁၆၄)၌ ဖွင့်ဆိုထားပါသည်၊

## (၅) ဆင်ခြင်လျှင် သဗ္ဗညုတဉာဏ်ဖြင့် အပိတ်အပင်မရှိ အလုံးစုံ သိမသိ

ဗုဒ္ဓသည် အလိုတော်ရှိ၍ နှလုံးသွင်းဆင်ခြင်ပါက သဗ္ဗညု တဉာဏ်တော်ဖြင့် အတိတ်၊အနာဂတ်၊ပစ္စုပ္ပန် ကာလသုံးပါး၌ဖြစ်သော ဉေယျဥ္ စသုံ့ အလုံးစုံသော တရားတို့ကို အပိတ် အပင် အဆီးအတားမရှိဘဲ သိမြင်ခြင်းငှာ စွမ်းနိုင်ပါသည်။ (မဟာနိ၊ ၁၃၉။ စူဠနိ၊ ၁၇၆။ မဟာနိ၊ ၄၂၊ ၂၅၀။ပဋိသံ၊ ၃၇၅။ ပဋိသံ၊ ၄၂၊ ၂၊ ၂၅၇။ မိလိန္ဒ၊ ၁၀၉။)

ဗုဒ္ဓသည် အလိုတော်ရှိ၍ နှလုံးသွင်းဆင်ခြင်တော်မူသည် ရှိသော် သဗ္ဗညုတဉာဏ်တော်ဖြင့် များစွာသော ကမ္ဘာပေါင်း ကုဋေတသိန်းအတွင်း၌ဖြစ်သော အတိတ်တရားများကိုဂုင်း၊ ဖြစ်လာလတံ့သော အနာဂတ်တရားများကိုဂုင်း၊ စကြာဝဠာ တသောင်းအတွင်း၌ဖြစ်သော ဖြစ်ဆဲပစ္စုပ္ပန်တရားများကိုဂုင်း၊ တောတောင်နံရံစသည်တို့နှင့် အကြားကွက်လပ် ( )စသော အရာဌာန၊ အတိတ်အနာဂတ်ပစ္စုပ္ပန် ( )အချိန်ကာလတို့သည် အပိတ်အပင် အတားအဆီးမရှိဘဲ သိမြင်တော်မူနိုင်ကြောင်း အင်္ဂုတ္တိုရ်အဋ္ဌကထာ (အံ၊ ဌ၊ ၁၊ ၁၀၈။) တေဒဂ္ဂဝဂ်၌ ဖွင့်ဆိုထားပါသည်။

## (၃) သဗ္ဗညုတဉာဏ်နှင့် အရဟတ္တမဂ်ဉာဏ် မည်သည့်ဉာဏ်က သာလွန်မြတ်သည်

'အာနန္ဒာအကြင်ဒသဗလဉာဏ်, သဗ္ဗညုတဉာဏ်တရားတို့သည် ထိုထိုခန္ဓာ,အာယတန,ဓာတ် 'အဓိဝုတ္တိပဒ'တို့ကိုထူးသော ဉာဏ်ဖြင့်သိ၍ မျက်မှောက်ပြုရန်အလို့ငှာ ဖြစ်ကုန်၏ အာနန္ဒာ ငါဘုရားသည်ထိုတရားတို့၌ ထိုထိုသတ္တဝါတို့အား ထိုထိုအခြင်းအရာအားဖြင့် တရားဟောရန် ရဲရင့်၏ဟု ဝန်ခံ၏၊ ယင်းသို့ဟောတိုင်း ကျင့်သူသည် ထင်ရှားရှိသောတရားကိုလည် 'ရှိ၏'ဟု သိရလိမ့်မည်၊ မွန်မြတ်သောတရားကိုလည်း၊ 'မွန်မြတ်သောတရား'ဟု သိရလိမ့်မည်၊ အတုရှိသောတရားကိုလည်း'အတုရှိသောတရားဟု သိရလိမ့်

မည်၊ အဘုမ္မဲ့တရားကိုလည်း 'အဘုမ္မဲ့တရား'ဟု သိရ
လိမ့်မည်၊ သိထိုက်မြင်ထိုက် မျက်မှောက်ပြုထိုက်သော
ထိုတရားကိုလည်း သိရလိမ့်မည်၊ မြင်ရလိမ့်မည်၊ မျက်
မှောက်ပြုရလိမ့်မည်ဟူသော ဤအကြောင်းသည် ရှိ
သည်သာတည်း၊ အာနန္ဒာ ဉာဏ်တို့တွင် ထိုထိုတရား
တို့၌ ဟုတ်တိုင်းမှန်စွာသိသော သဗ္ဗညုတဉာဏ်သည်
အမြတ်ဆုံး၊ အာနန္ဒာ ထိုသဗ္ဗညုတဉာဏ်မှတပါး ဥတ္တရိ
တရံ=သာလွန်မြင့်မြတ်သော ပဏီတတရ=သာလွန်
မွန်မြတ်သောဉာဏ် မရှိဟု ငါဘုရားဆို၏။
(အံ၊ ၃၊ ၂၅။ အံ၊ ဋ္ဌ၊ ၃၊ ၂၉၉.)

ဤသို့ ဗုဒ္ဓကိုယ်တော်တိုင် အင်္ဂုတ္တိုရ်ပါဠိတော် အဓိဝုတ္တိပဒ
သုတ်၌ ဟောကြားတော်မူချက်များအရ သဗ္ဗညုတဉာဏ်သည်
သာ အခြားသောဉာဏ်တို့ထက် သာလွန်မြင့်မြတ်ဆုံး ဖြစ်၏၊
မှန်ပါသည်၊ ဗုဒ္ဓသည် အရဟတ္တမဂ်ဉာဏ်ကို တကိုယ်ကောင်း
အတွက်သာ လိုချင်ပါက (လိုချင်လျှင်) သုမေဓာရသေ့ဘဝ
ဒီပင်္ကရာဗုဒ္ဓ၏ ခြေတော်ရင်း၌ ကိုယ်ကိုဝပ်စင်း တံတားခင်း
လှူသောအချိန်ကပင် အလွယ်တကူ ရရှိနိုင်ပါသည်၊ ထိုအချိန်
က အရဟတ္တမဂ်ဉာဏ်နှင့် နိဗ္ဗာန်သည် သုမေဓာရှင်ရသေ့၏
လက်တကမ်းသာပင် ရှိနေပေသည်၊ ထိုအရဟတ္တမဂ်ဉာဏ်နှင့်
နိဗ္ဗာန်ကို စွန့်လွှတ်၍ သဗ္ဗညုတဉာဏ်တော်ကြီးကို ရရှိတော်
မူရန် အချိန်ကာလ အလွန်ရှည်လျားစွာ ပါရမီ ၁၀ ပါး
မြတ်တရားတို့ ကို ခဲခဲယဉ်းယဉ်း ပင်ပင်ပန်းပန်း အားသွန်း

ကြိုးကုတ် ဆည်းပူးပြုလုပ်တော်မူရပြန်ပါသည်၊ တကယ်ဆိုရသော် သဗ္ဗညုတဉာဏ်သည်ကား လောကသား ဝေနေယျသတ္တဝါတို့အား ‘ပရတော ဃောသ ပစ္စယ’ဖြင့် ဟောဖော်သမှု ကျေးဇူးပြုမည့် လောကဟိတ ပရဟိတဉာဏ်တော်ကြီးဖြစ်ပေသည်၊ တဖန် ဆိုဦးအံ့၊ သဗ္ဗညုတဉာဏ်တော်သည်ကား လူနတ်ဗြဟ္မာ ဝေနေယျသတ္တဝါတို့၏ သိထိုက်မြင်ထိုက်သော မဂ်ဖိုလ်တရားများကို မျက်မှောက်ထင်ထင် ကောန်သိမြင်နိုင်ရန် ထိုးပြနိုင်ဆောင်နှင်းအပ်သော ဉာဏ်တော်မီးမောင်းကြီးလည်း ဖြစ်ပါပေသည်၊ ယင်းကြောင့်ပင် ဗုဒ္ဓသည်အလောင်းသျှာသုမေဓာရှင်ရသော ဘဝက ဤမျှကြီးကျယ်မြင့်မြတ် ဖြောင့်မှန်သော ဦးတည်ရည်ရွယ်ချက်ဖြင့် ဒ၊ ၁းသစ်ကြိုးစားတော်မူခဲ့ခြင်းဖြစ်ပါသည်။

‘အားအစွမ်းကို သိမြင်သော ယောကျ်ားကောင်းတယောက်ဖြစ်ပါလျက် သံသရာဝဋ်ဆင်းရဲမှ တကိုယ်တည်း ကူးမြောက်သဖြင့် ငါ့အား အဘယ်အကျိုးရှိအံ့နည်း၊ သဗ္ဗညုဘုရားအဖြစ် သဗ္ဗညုတဉာဏ်သို့ရောက်အောင် အားထုတ်ပြီးလျှင် နတ်နှင့်တကွသော လူအပေါင်းတို့ကို သံသရာဝဋ်ဆင်းရဲ ဒုက္ခပင်လယ်ထဲမှ ငါကား ဆယ်တင်ပေးအံ့။’ (ဗုဒ္ဓဝံသပါဠိ ၃၀၀။ အဘိ၊ ဋ္ဌ၊ ၁၊ ၄၄။)

ဗုဒ္ဓ၏ ကိုယ်တော်တိုင် သိအပ် ရအပ်သော သဗ္ဗညုတဉာဏ်နှင့် အရဟတ္တမဂ်ဉာဏ် ၂ပ ါးတို့တွင် မည်သည့်ဉာဏ်

က သာလွန်မြင့်မြတ်သနည်း ဟူသော ပြဿနာတရပ် ပေါ်ပေါက်လာခဲ့ဘူးပါသည်။ ယင်းပြဿနာကို ရွှေပြည် ဆရာတော်က မေး၍ တောင်ခွင်သာသနာပိုင် ဆရာတော်က ဖြေကြားထားပါသည်။ တောင်ခွင်ဆရာတော်၏ အဖြေ၌ကား သဗ္ဗညုတဉာဏ်တော်ထက် အရဟတ္တမဂ်ဉာဏ်ကသာ သာလွန်မြင့်မြတ်ပါကြောင်းနှင့် လောကီ,လောကုတ္တရာ ခွဲခြားဝေဖန် နှိုင်းယှဉ်၍ တဦးခေါင်းတပညာ အဖြေလွှာကိုလည်း သုတသိုလားသူတို့ အရေးတယူ သတိမူ၍ သေ့လာမှတ်သားထိုက်ပါသေးသည်။ မေး,ဖြေ အစုံမှာ အောက်ပါအတိုင်းပင် ဖြစ်ပါသည်။

ရွှေပြည်ဆရာတော်နှင့် တောင်ခွင်ဆရာတော် မေး,ဖြေ

ရွှေပြည်ဆရာတော် အမိန့်ရှိလိုက်ပါသည်။

ဓမ္မမာမက မမ္မသေဝီ အစစ်ဖြစ်သော တောင်ခွင် ဆရာတော် ပုဂ္ဂိုလ်သူမြတ်။

အကြောင်းမှာ....

၁။ အရဟတ္တမဂ်ဉာဏ်နှင့် သဗ္ဗညုတဉာဏ် နှစ်ပါး၏ အထူးအပြား။

၂။ ၎င်းဉာဏ်တော် နှစ်ပါး၏ သချုပ်အဓိပ္ပာယ်။

၃။ ၎င်းဉာဏ်တော် ၂ပါးတို့တွင် အဘယ်ဉာဏ်တော်က အမြတ်သာ၍ အမြတ်ထက်မြတ်ဖြစ်ကြောင်း။

ဎင်းလျှောက်ထားချက်များကို အထောက်အထား ပါဠိ အဋ္ဌကထာ သာရကပါဠိနှင့်တကွ 'တဦးခေါင်း တပညာ' ဆိုသည့်အတိုင်း ဝိနိစ္ဆယပြု၍ ထင်မြင်သည့်အတိုင်း ရေးသား၍ ပေးစေချင်ကြောင်း အမိန့်ရှိလိုက်ပါသည်။ ပရိယတ္တိ ဝိသာရဒ သုတဗုဒ္ဓိဖြစ်ပေသော တောင်ခွင်ဆရာတော် ပုဂ္ဂိုလ်သူမြတ်။

ဎင်းရွှေပြည်ဆရာတော် မေးအင်သော ပဉ္စာတိကအမေးပုစ္ဆာသုံးချက်၏ အဖြေဝိသဇ္ဇနာကား....

၁။ အရဟတ္တမဂ်ဉာဏ်သည် ကိလေသာကို သတ်တတ်သည်။ သဗ္ဗညုတဉာဏ်သည် ခပ်သိမ်းသော တရားကို သိတတ်သည်။ တနည်း အရဟတ္တမဂ်ဉာဏ်သည် နိဗ္ဗာန်ကို အာရုံပြုသည်။ သဗ္ဗညုတဉာဏ်သည် အလုံးစုံသော ဉေယျဓမ္မတရား ငါးပါးကို အာရုံပြုသည်၊ ဤကား ဉာဏ်နှစ်ပါး၏ အထူးအပြား။

၂။ အရဟတ္တမဂ်ဉာဏ်သည် အရဟတ္တမဂ်၌ရှိသော ပညိန္ဒြေစေတသိက် သဗ္ဗညုတဉာဏ်ဟူသည် မဟာကြိယာဉာဏသမ္ပယုတ်စိတ်၌ရှိသော ပညိန္ဒြေစေတသိက်၊ ဤကား သရုပ်အဓိပ္ပာယ်။

၃။ အရဟတ္တမဂ်မှာ လောကုတ္တရာ၊ သဗ္ဗညုတဉာဏ်မှာ လောကီတရားဖြစ်၍ သဗ္ဗညုတဉာဏ်ထက် အရဟတ္တမဂ်ဉာဏ်က သာ၍ ြတ်သည်။

အယုတ်အမြတ်ဆိုသည်မှာ....

‘ဟီနာ ဓမ္မာ၊
မဇ္ဈိမာ ဓမ္မာ၊
ပဏီတာ ဓမ္မာ’

ဟု ဆိုအပ်သော ဓမ္မသင်္ဂဏီပါဠိတော်၌လာသော တိက်၏ အရကောက်ကိုလည်း ထောက်ရမည်။ ၎င်းအဖွင့်ဖြစ်သော ဓမ္မသင်္ဂဏီ အဋ္ဌကထာ၌လည်း လာရှိ၏။

အရဟတ္တမဂ္ဂေန ရူပရာဂေါ၊ ပ၊ ပညာဝိမုတ္တိဉာဏံ။ ပဋိသမ္ဘိဒါမဂ်ပါဠိတော် ၁၁ ကြောင်းပေ၊ ဂါ-ချပ်။ ၎င်း အဋ္ဌကထာ၌လည်းလာ၏။

‘ကတမံ တထာဂတဿ သဗ္ဗညုတညာဏံ၊ ပ၊ သမန္တစက္ခုတိ’အလယ်၌ ပေယျာလ ၁၁ ကြောင်းပေ၊ တ-ချပ်နှင့် သုံးကြောင်းရှိသည်။ ပဋိသမ္ဘိဒါမဂ်ပါဠိတော် ၁၁ ကြောင်းပေ၊ ဿော-ချပ်၊ ၎င်းအဖွင့် အဋ္ဌကထာ၌လည်း လာရှိသည်။

ဗုဒ္ဓေါတိ နေတံ နာမံ မာတရာ ကတံ၊ ပ၊ ဗုဒ္ဓေါတိ။ မဟာနိဒ္ဒေသပါဠိတော် ၁၁ ကြောင်းပေ၊ ဝိ-ချပ်၊၎င်းအဖွင့် အဋ္ဌကထာ၌လည်း လာရှိသည်၊ အဘိဓမ္မာဉာဏဝတ္ထု ဝိဘင်းပါဠိတော်၊ ၎င်းအဖွင့်အဋ္ဌကထာ၌လည်း လာရှိသည်။

အရဟတ္တမဂ်ဉာဏ်နှင့် သဗ္ဗညုတဉာဏ်တော် နှစ်ပါးတို့၏ အထူးအပြား သချုပ်အဓိပ္ပာယ်။ မည်သည့်ဉာဏ်က မြတ်ထက်မြတ်ဖြစ်ကြောင်းကို ရွှေပြည်ဆရာတော်က မေးလျှောက်၍ တောင်ခွင်ဆရာတော် ဖြေဆိုလိုက်သည့် ဝိသဇ္ဇနာ။

(ဂူဠတ္ထဝိနိစ္ဆယ၊ စာမျက်နှာ ၃၄၊ ၃၅)

ရွှေပြည်ဆရာတော်၏ အမေးကို တောင်ခွင် သာသနာပိုင် ဆရာတော် ဖြေဆိုဘိသကဲ့သို့ပင် မင်းကွန်းတောရ 'ပဏ္ဍိစံ သာဘိဓဇဓိပတိပဝရ မဟာဓမ္မ ရာဇာဓိရာဇဂုရု' ဘွဲ့တံဆိပ်တော်ရ ဆရာတော်၏ အမေးကိုလည်း မန်လည်ဆရာတော်ဘုရားက ထပ်တူထပ်မျှ ဖြေဆိုထားပါသည်။ မေးဖြေ နှစ်ရပ်လုံးမှာပင် တိုတိုကျဉ်းကျဉ်းပင် လိုရင်းကွက်တိကျ၍ ရွတ်ဆိုရန် ချောမွေ့လှသော လေးချိုးကလေးများ ဖြစ်ကြပါသည်။ ယင်းကြောင့် နှုတ်ဝယ်ဆောင်လိုသူတို့အတွက် ဆက်လက်ဖော်ပြအပ်ပါသည်။

သဗ္ဗညုတဉာဏ်နှင့် မဂ်ဉာဏ် အမြတ်ရွေးနည်း

မေး။ ။လေးပါးတဲ့ မဂ်ဉာဏ်။
ဆ,အသာ ဂုဏ်ဝါစု၊ သဗ္ဗညုဉာဏ်။
ထိုနှစ်တန်၊ ဘယ်ဉာဏ်က တန်ခိုး။
မြတ်သည်ဂုဏ်တေဇာတောက်၊ ကဲမောက်၍မိုး။

ဖြေ။ ။လေးပါးတဲ့ မဂ်ဉာဏ်။
သ,အသာ ဂုဏ်ဝါစု၊ သဗ္ဗညုဉာဏ်။
ထိုနှစ်တန်၊ မဂ်ဉာဏ်က တန်ခိုး။
တိက်ဒုက်ကို ဝေဖန်ပုံက၊
မြတ်သည့်ဂုဏ်တေဇာတောက်၊
ကဲမောက်၍မိုး။
(ဟိနတိက်၊ သဥတ္တရဒုက်စသည်နှင့် အညီတည်း)
(ပဥ္စစတ္တာလီသပုစ္ဆာဝိသဇ္ဇနာ
မင်းကွန်းဆရာတော်နှင့် မန်လည်ဆရာတော်)

## (ခ) သဗ္ဗညုတဉာဏ်သည်သာ ဘုရားဖြစ်သည်၊ သို့မဟုတ် ခန္ဓာဒြပ်သည်သာ ဘုရားဖြစ်သည်.

၁၉၂၆-ခုနှစ်မှစ၍ အသိုးရှစ်ပဲဖြင့် ထုတ်ဝေခဲ့သော 'လယ်တီတရားသတင်းစာ' ကြီးထဲ၌ "ဉာဏ်တော်ဘုရား" 'ဒြပ်တော်ဘုရား'ဟူသောငြင်းခုန်မှုပြဿနာတခု ပေါ်ပေါက်ခဲ့သည်၊ ထိုစဉ်က ရဟန်းလူရှင် ပညာရှိအချို့က 'ခန္ဓာဒြပ်တော်သည် ဘုရားမဟုတ်၊ သဗ္ဗညုတဉာဏ်တော်သည်သာ ဘုရားဖြစ်သည်'ဟု ဝေဖန်ရေးသားခဲ့ကြသည်၊ အခြားသော ရဟန်း ရှင် လူ ပညာရှိအများစုတို့ကား 'သဗ္ဗညုတဉာဏ်တော်သည် ဘုရားမဟုတ်၊ ခန္ဓာဒြပ်တော်သည်သာ ဘုရားဖြစ်သည်'ဟု ဝေဖန်ရေးသားခဲ့ကြပါသည်၊ ဤ 'ဉာဏ်တော်ဘုရား' 'ဒြပ်တော်ဘုရား' ပြဿနာကား မသေးငယ်လှပါ၊ ဘာသာရေးပြဿနာဖြစ်နေရကား ရဟန်းရှင်လူ အားလုံး အလွန်စိတ်ဝင်စားခဲ့ကြကြောင်း စာပေသမိုင်းကြောင်းအရ သိမှတ်ရပါသည်၊ ဤ'ဉာဏ်တော်ဘုရား' 'ဒြပ်တော်ဘုရား' နှင့်စပ်၍ ပညာရှိကြီးများ၏ မိန့်ဆိုယူဆချက် ဝါဒ-၂-ရပ်ကို ယှဉ်စပ်သုံးသပ်လေ့လာနိုင်ရန် ဆက်လက်၍ တင်ပြအပ်ပါသည်။

## ဉာဏ်တော်ဘုရားအယူဝါဒ

သဗ္ဗညုတဉာဏ်သည် မုချဘုရား၊ အချို့ကလည်း ဒြပ်တော်ကို ဘုရားဟု အဆိုနှစ်ပြင် ရှိရာ၊ သဗ္ဗညုတဉာဏ်တော်သည်

သာ မုချဘုရားဖြစ်၏၊ အကြောင်းသော်ကား 'ဗုဇ္ဈတီတိ ဗုဒ္ဓေါ'၌ ဗုဓဓာတ်၏အရ ဝစနတ္ထကား သဗ္ဗညုတဉာဏ်သည် မုချအားဖြင့် ရ၏၊ သဗ္ဗညုတဉာဏ်သည်သာ သိခြင်းကိစ္စ ဗုဇ္ဈနသတ္တိကို ပြီးစေတတ်သောကြောင့် သဗ္ဗညုတဉာဏ်သည်သာ မုချဘုရားဟူ၍ မှတ်သားရာ၏။

(ယုံးတော်ဆရာတော် ပကိဏ္ဏက ဝိသဇ္ဇနာ)

ဒြပ်တော်ဘုရားအယူဝါဒ

(က) စင်စစ်မုချ ပဏိပါတသရဏထိုက်သော ဝတ္ထုကား 'ဗုဒ္ဓ,ဓမ္မ,သံဃ'ဟူသော ရတနာသုံးပါးအပေါင်းသာတည်း၊ ထိုသုံးပါးတို့တွင် ဗုဒ္ဓရတနာဟူသည် သဗ္ဗညုတဉာဏ်တော် အစရှိသော လောကီ လောကုတ္တရာ ဂုဏ်တော်အပေါင်းတို့ဖြင့် မှတ်အပ်သော သဗ္ဗညုမြတ်စွာဘုရားရတနာတည်း၊ သူအချို့တို့ကမူ 'ဗုဒ္ဓေါ သဗ္ဗညုတညာဏံ'ဟူသော ဂါထာကို ယောက် ၍ ဗုဒ္ဓဟူသည် သဗ္ဗညုတဉာဏ်သာတည်း၊ ခန္ဓာပဉ္စကသတ္တဝိသေသမဟုတ်ဟု မှတ်ယူပြောဆိုကြကုန်၏၊ ထိုသို့ဆိုကုန်သော်လည်းပညတ်ဝေါဟာရအရာတို့၌ သဘောဉာဏ်မလင်း၍ ယူမှားပြောဆိုခြင်းဖြစ်ကုန်သည်၊ ပမာဏ မဟုတ်၊ စင်စစ်သော်ကား ဘုရားဟူသည် သတ္တသန္တာနဒြပ်သာတည်း၊ သတ္တသန္တာနဒြပ်ကိုသာ ဘုရား

ဟူ၍ ခေါ်သည်၊ သကတ်ဖြစ်သော ဂုဏာခမ္မကို မခေါ်ကုန်၊ သတိပြုလေကုန်။

(မန် လည် ဆ ရာ တော်၊ ဝဇီရဗုဒ္ဓိဗျာကရဏကျမ်း
စာမျက်နှာ ၁၁၉၊ သတ္တမပုစ္ဆာဝိသဇ္ဇနာ)

( ခ ) ဗုဒ္ဓေါ-ဘုရားဟူရာ၌'ဗုဓ' ဓာတ်နှင့် 'တ' ပစ္စည်းကို စပ်၍ 'ဗုဒ္ဓ'ဟုဖြစ်လာသည်၊ ဗုဓ-ဓာတ်မှာသဗ္ဗညုတဉာဏ်တော်ကိုကောက်ရသည်၊ တ-ပစ္စည်းမှာ ခန္ဓာတော်နှင့်တကွ သဏ္ဌာန်ပညတ်ကို ကောက်ရသည်၊ သဒ္ဒါမှာ'ဗုဓ' နှင့်'တ' ပေါင်းမိကြမှ 'ဗုဒ္ဓ' ဖြစ်လာသည်၊ အနက်မှာလည်း သဗ္ဗညုတဉာဏ်တော်နှင့် ခန္ဓာဒြပ်နှစ်ပါးစပ်မှ ဘုရားဖြစ်လေသည်။

ထို့ကြောင့် မဟာနိဒ္ဒေသပါဠိတော်, ပဋိသမ္ဘိဒါမဂ်ပါဠိတော်တို့၌'သဟ သဗ္ဗညုတညာဏဿ ပဋိလာဘာ သစ္ဆိကာ ပညတ္တိ၊ ယဒိဒံ ဗုဒ္ဓေါတိ'ဟူ၍ ဟောတော်မူသည်။

ယဒိဒံ ယာအယံဗုဒ္ဓေါတိ-အကြင်ဗုဒ္ဓဟူသော ပညတ်သည်၊ အတ္ထိ၊ ရှိ၏၊ တံ-သော-ဤဗုဒ္ဓဟူသောပညတ်သည်၊ သဟ သဗ္ဗညုတညာဏဿပဋိလာဘာ -- သဗ္ဗညုတဉာဏ်ကိုရတော်မူသည်နှင့်တပြိုင်နက်၊ သစ္ဆိကာ--မှန်ကန်စွာဖြစ်သော၊ပညတ္တိ-ပညတ်ပေတည်း။

ပညတ် အမျိုးမျိုးတို့တွင်လည်း ဥပါဒါပညတ် သဏ္ဌာနပညတ်သဏ္ဌာန်ပညတ်ပေဘည်း၊ ထို့ကြောင့် ခုဒ္ဒကပါဌအဋ္ဌ

ကထာ၌ 'သဗ္ဗဓမ္မေသု အပ္ပဋိဟတဉာဏနိမိတ္တာနုတ္တရဝိမောက္ခပရိဘာဝိတခန္ဓသန္တာနမုပါဒါယ ပညတ္တိတော သဗ္ဗညုတဉာဏပဒဋ္ဌာနံ ဝါ၊ သစ္စာဘိသမ္ဗောဓိမုပါဒါယ ပဏ္ဏတ္တိတော သတ္တာဝိသေသော ဗုဒ္ဓေါ'ဟူ၍ မိန့်တော်မူသည်၊ သီလက္ခန်ဓဋီကာ,သာရတ္ထဒီပနီဋီကာ, မဏိသာရမဉ္ဇူသာဋီကာစသည်တို့၌လည်း ဤအတိုင်းပင်လာသည်။

သဗ္ဗဓမ္မေသု-အလုံးစုံသောတရားတို့၌၊ အပ္ပဋိဟတဉာဏနိမိတ္တာနုတ္တရဝိမောက္ခပရိဘာဝိတခန္ဓသန္တာနံ-အဆီးအတားမရှိ သိစွမ်းနိုင်သော သဗ္ဗညုတဉာဏ်တော်လျှင် အကြောင်းနိမိတ်ရှိသော မြင့်မြတ်သော မောက္ခတို့ဖြင့် ထုံအပ်သော ခန္ဓာငါးပါးအစဉ်ကို၊ ဥပါဒါယ-အစွဲပြု၍၊ ပဏ္ဏတ္တိတော-ပညတ်အားဖြင့်၊ သတ္တဝိသေသော-သတ္တပညတ်အထူးသည်၊ ဗုဒ္ဓေါ-ဗုဒ္ဓမည်၏၊ ဝါ-ဘုရားမည်၏၊ ဝါ-တနည်းကား၊ သဗ္ဗညုတဉာဏပဒဋ္ဌာနံ-သဗ္ဗညုတဉာဏ်၏ ပဒဋ္ဌာန်ဖြစ်သော၊ သစ္စာဘိသမ္ဗောဓိံ-အရဟတ္တမဂ်ဉာဏ်ကို၊ ဥပါဒါယ အစွဲပြု၍၊ ပဏ္ဏတ္တိတော-ပညတ်အားဖြင့် သတ္တဝိသေသော-သတ္တပညတ်အထူးသည်၊ ဗုဒ္ဓေါ-ဗုဒ္ဓမည်၏၊ ဝါ-ဘုရားမည်၏။

ဝိနာလင်္ကာရကျမ်း၌လည်း 'ဗုဒ္ဓေါတိ ကောပဒ္ဒဂုဏောတိ ကော၊ သော အဝိဇ္ဇေယျာဒိတ္တမုပါဂတော ယော'ဟု အမေးပုစ္ဆာနှစ်ခွန်းကို ယူတော်မူပြီးလျှင် 'ဝိသုဒ္ဓခန္ဓသန္တာနော၊ ဗုဒ္ဓေါတိ နိယမော ကတော'ဟူ၍ ဖြေတော်မူသည်။

ဗုဒ္ဓေါတိ-ဗုဒ္ဓေါဟူ၍၊ ဝုတ္တော-ရှေးစကားဥ္ဆ ဆိုခဲ့သော၊ သော-ထိုဘုရားဟူသည်၊ ကော-အဘယ်နည်း၊ ဘုရားဟူသည် ပရမတ်လော့၊ ပညတ်လောဟုမေးသည်၊

ယော ဂုဏော–အကြင်ဂုဏ်တော်မြတ် အပေါင်းသည်၊ အစိန္တိယာဒိတ္တံ အစိန္တေယျစသည်အဖြစ်သို့၊ ဥပါဂတော ရောက်တော်မူ၏၊ သော ဂုဏော-ထိုဂုဏ်တော်မြတ်အပေါင်းဟူသည်၊ ကော-အဘယ်နည်း။ ဘုရားဂုဏ်တော်ဟူသည် ပရမတ်လော, ပညတ်လောဟု မေးသည်။

ဝိသုဒ္ဓခန္ဓသန္တာနော – ကိလေသာတို့မှ ဖင်ပြီးသော ခန္ဓာငါးပါး၏အစဉ်ကို၊ ဗုဒ္ဓေါတိ-ဘုရားဟူ၍၊ နိယမေ-အမြဲမှတ်အပ်သည်ကို၊ ကတော-ပြုအပ်၏။ ခန္ဓာငါးပါး၏ အစဉ်ဖြစ်သော သတ္တပညတ်,သန္တာပညတ်ကို ဘုရားဟူ၍မှတ်ရမည်ဟု ဖြေသည်။

ခန္ဓသန္တာနသုဒ္ဓိတ– ခန္ဓာငါးပါးအစဉ်၏ ဖြူစင်သန့်ရှင်းခြင်းကိုမူကား၊ ဂုဏောတိ-ဘုရားဂုဏ်တော်ဟူ၍၊ နိယမော-အမြဲမှတ်အပ်သည်ကို၊ ကတော-ပြုအပ်၏။ ကိလေသာတို့မှ သန့်ရှင်းစင်ကြယ်သော သဒ္ဒညုတဥ္ပါဏ် အစရှိသော ပရမတ်၊ သဗ္ဗညုတအစရှိသော ပညတ်များကို ဘုရားဂုဏ်တော်ဟူ၍ မှတ်ရမည်ဟု ဖြေသည်။

ဤသို့လျှင် ပါဠိတော်ကြီးတို့၌ရင်း, အဋ္ဌကထာတို့၌ရင်း, ဋီကာတို့၌ရင်း, ဂန္ထန္တရတို့၌ရင်း ဝါသနာနှင့်တကွသော ကိလေသာတို့မှ စင်ကြယ်ပြီးသော ခန္ဓာငါးပါး၊ ထိုခန္ဓာ

ငါးပါးကိုမှီ၍ ခေါ်ဝေါ်အပ်သော သဏ္ဍာနပညတ်၊ ဒြပ်ဝိ လေသကို ဘုရားဆိုသည်ဟု ဖြေဆိုပေသည်။

ကိလေသာတို့မှ အတုမရှိ စင်ကြယ်သော ခန္ဓာငါးရပ် ပရမတ်သည်လည်း ဘုရားမည်ပါ၏၊ ထိုခန္ဓာငါးရပ် ပရမတ် တို့၏ မြင်ရေအယဉ်ကဲ့သို့ အစဉ်ထွေထွေ ဆက်ကာနေသော သန္တာနပညတ်သည်လည်း ဘုရားမည်ပါ၏ဟု ဆိုလိုသည်။

မဂ်ဉာဏ်,ဖိုလ်ဉာဏ်,သဗ္ဗညုတဉာဏ် အစရှိသော အစိတ် စိတ်သော ဉာဏ်တော်တန်ခိုးတော် စသည်ကိုမူကား ဘုရား၏ ဂုဏ်တော်ဟူ၍သာ ဆိုရမည်၊ ဘုရားဟူ၍ မဆိုရဟူ၍။

ဉာဏ်တော်သာဘုရား၊ ခန္ဓာတော် ဘုရားမဟုတ်ဟူသော စကားကို နှင်းနှယ်ချေမွတ်ပြီး ဖြစ်ပါသော်လည်း အကျ ကောက်၍ နောက်ဆွယ်ရှိပြန်သေးသည်ကို ဆိုလိုက်ဦးအံ့။

ဗုဇ္ဈတိ-သိတော်မူတတ်၏၊ ဣတိ တသ္မာ-ထို့ကြောင့်၊ ဗုဒ္ဓေါ၊ ဗုဒ္ဓမည်တော်မူ၏ဟူရာ၌ သိတော်မူတတ်သည်ဟူသော အလုံးကို အဘိဓမ္မာ ခုနှစ်ကျမ်းတွင်ရှာသော် ပညိန္ဒြေစေတ သိက်တခုသာ ရှိသည်။

ပညိန္ဒြေစေတသိက်မှ ကြွင်းကျန်သော ဖဿ, ဝေဒနာ အစရှိသော နာမက္ခန္ဓာလေးပါး၊ ပထဝီ,အာပေါအစရှိသော ရူပက္ခန္ဓာတပါး၊ ဤခန္ဓာငါးပါးထဲမှာ သိခြင်းလက္ခဏာရှိ သောတရားဟူ၍ တခုမျှမပါ၊ ပညတ်တရားဟူသည်မှာ တရားကိုယ်အားဖြင့်ရှိသော တရားပင် မဟုတ်၊ သိတတ်မည် ဝေးစွ၊ သိတတ်သောတရားမဟုတ်ကလည်း မသိတတ်သော တရားပင် ဖြစ်၍၊ ထို့ကြောင့် သိတတ်မှ ဘုရားဆိုရလျှင် မသိ

တတ်သော ဖဿကို ဝေဒနာကိုသညာကို သင်္ခါရစုကိုဝိညာဏ်စုကို ပထဝီကို အာပေါကို တေဇောကို ဝါယောကို ဘုရားဟူ၍ ဆိုခွင့်မရှိ၊ မရှိပါပဲနှင့် ဘုရားဆိုလျှင် အပိုအမှားသာ ဖြစ်လေ၏ဟု သုတ္တန်,အဘိဓမ္မာ, သဒ္ဒါဝေါဟာရ သုံးပါးကို သူ့နေရာနှင့်သူ အစေ့အစပ် မသိတတ်သော ပရမတ်ယောင်ဝါး၊ လုပ်တိုင်းများတို့က ဆိုဘွယ်ရှိပြန်၏၊ ကေန်ဆိုမည်ပင်ဖြစ်၏၊ ဤသို့သောဆိုဘွယ်ကိုလည်း နှင်းနယ်ချေပွတ်ရမည်။

အဘယ်သို့ နှင်းနယ်ချေပွတ်ရမည်နည်း ဟူမူကား 'ဗုဒ္ဓေါ-သိတော်မူတတ်သောဘုရား'ဟူ၍ ဇာ၌ သိတော်မူသည်ကား ဗုဓဓာတ်၏ အနက်၊ တတ်သောဘုရားကား တ-ပစ္စည်း၏ အနက်၊ သိတော်မူကား သဗ္ဗညုတဉာဏ်၊ ဝါ-အရဟတ္တမဂ်ဉာဏ်၊ တတ်သောဘုရားကား ခန္ဓာတော်၊ သိတော်မူကား ဝိသေသန၊ တတ်သောဘုရားကား ဝိသေသျ၊ သိတော်မူကား ကြိယာ၊ တတ်သောဘုရားကား ကာရက၊ ဤသို့ ဗုဒ္ဓဟူသော စကားတခွန်း၏ 'ဗုဓ' တခြား၊ 'တ' ပစ္စည်းတခြား၊ နှစ်ပါး စပ်မှ 'ဗုဒ္ဓ-သိတော်မူတတ်သောဘုရား ဖြစ်သည်။

သိတော်မူအရ ဉာဏ်တော်သည် 'ဗုဓ'၊ တတ်သောဘုရား အရဒြပ်တော်သည် 'တ'၊ နှစ်ပါးစပ်မှ' ဗုဒ္ဓ သိတော်မူတတ်သောဘုရားဖြစ်သည်။

ဗုဓအရဖြစ်သောဉာဏ်တော်သည် ဘုရား၏ဂုဏ်တော်သာ ဖြစ်သည်၊ ဘုရားမဟုတ်၊ တပစ္စည်းအရ ခန္ဓာဒြပ်တော်သည် ဘုရားသာ ဖြစ်သည်၊ ဉာဏ်တော်မဟုတ်၊ ဉာဏ်နှင့်ဒြပ် နှစ်ပါးစပ်မှ သိတော်မူတတ်သော ဘုရားတဆူသာ ဖြစ်သည်။

ဗုဒ္ဓသဒ္ဒါကား ဉာဏ်တော်ကို အစွဲပြု၍ ခန္ဓာငါးပါး ဘုရားဒြပ်ကိုသာ မုချအားဖြင့် ဟောသည်၊ ဉာဏ်တော်ကို မုချအားဖြင့် မဟော၊ ဉာဏ်တော်ကိုမူကား အကြောင်းအနေ မျှသာ ဟောသည်။

နိမိတ္တော တဗ္ဗုမာနေနေ။
တဗ္ဗိသေသျော ပမာနတော။
(သဒ္ဒတ္ထဘောဒစိန္တာ)

နိမိတ္တာတ --အကြောင်း ဖြစ် သော အ နက် ကို မူ ကား၊ သဒ္ဒေန ဗုဒ္ဓအစရှိသောသဒ္ဒါသည်၊ အ ပ ဓာ နေ န အပဓာန အားဖြင့်သာလျှင်။ ဝုတ္တော-ဟောအပ်၏၊ တဗ္ဗိသေသျော- ထိုအကြောင်းတရားသည် အထူးပြုအပ်သော ဒြပ်အနက်ကို သာလျှင်၊ ပဓာနေန မုချအားဖြင့်၊ဝုတ္တော-ဟောအပ်၏။

ထို့ကြောင့်ပင်လျှင် အထက်ကထုတ်ပြခဲ့ပြီးသော ပါဠိ, အဋ္ဌကထာ,ဋီကာကျမ်းသို့၌လည်း ဗုဒ္ဓအရကို သန္တာနပညတ် နှင့်တကွ ခန္ဓာဒြပ်တော်ကိုသာ လိုရင်းကောက်ပြကြကုန်သည်၊ ဤကား သဒ္ဒါကျမ်းဂန်များနှင့် စစ်ဆေးလျှင်လည်း ခန္ဓာ တော်သာ မုချဗုဒ္ဓ၊ မုချဘုရားမည်ကြောင်း၊ ဤဉာဏ်တော် သည်ကား ဘုရားမဟုတ်၊ ဘုရားဂုဏ်တော်သာဖြစ်ကြောင်းကို ထင်လင်းစွာပြလိုက်သော စကားရပ်စုပေတည်း။

ဤစကားရပ်တို့ဖြင့် သဒ္ဒါလည်းမတတ်,ကျမ်းဂန်လည်းမ နှံ့စပ်ရှာကြကုန်သော ပရမတ်ကျောင်း လူယောင်ယောင်တို့ သည် ‘ ဋ္ဌေါ်သိတော်မူတတ်သည် ’ဟူသော အသံရိပ်ကိုဘမ်း၍

ဉာဏ်တော်သည်သာ ဘုရားဟုတ်သည်၊ခန္ဓာတော်ဘုရားမဟုတ် ဟု ပြောင်းပြန်ပြောဆိုသောစကားများကို နှင်းနှယ်ချေပွတ် လိုက်သည်။

(လယ်တီဆရာတော်၊ သာသနဝိသောဓနီကျမ်းနှာ -၁၄၅၊ မှ ၁၄၉။)

(ဂ) အနက်အရကောက်အားဖြင့် ပါရမီတော်အစွမ်း ဖြင့် တကိုယ်တော်လုံး ထုံမွှန်းမွှေးကြိုင်စေအပ် သော ဆရာမခို အလိုလိုဖြစ်သော အရဟတ္တမဂ် ဉာဏ်တော်ဖြင့် ဝါသနာနှင့်တကွ ပယ်ဖျောက် အပ် မှုန့်မှုန့်ညက်ညက် ချေမှုန်းအပ်သော ကိလေ သာအကြွင်းအကျန် ရှိတော်မူသောမဟာကရုဏာ ဉာဏ်,သဗ္ဗညုတဉာဏ် အစရှိသော မနှိုင်းယှဉ်နိုင် သော ဂုဏ်တော်အပေါင်း၏ တည်ရာဖြစ်တော်မူ သော ခန္ဓာတော်အစဉ်သည် ဗုဒ္ဓမည်တော်မူ၏။

(ဋီကာ)

(ဆောင်) လက္ခဏာတော်ကြီးငယ်၊အသွယ်သွယ်ဖြင့်၊သပ္ပါယ် လှစွာ၊ ကိုယ်အင်္ဂါဝယ်၊ ပါရမီတော်အကုန်၊ ကိုယ် လုံးခြုံ၍၊ မွှန်းထုံသင်းကြူ၊ သယမ္ဘူဟု၊ ဉာဏ်တူ ကင်းလတ်၊ အရဟတ်ဖြင့်၊ သတ်ဖြတ်ခပင်း၊ကိလေ ရှင်းသား၊ ဉာဏ်ရှင်းမဟာ၊ ကရုဏာနှင့်၊ သမ္မာ သမ္ဗောဓိ၊ အစရှိလဘ်၊ ဉာဏ်တော်မြတ်၏၊ ကိန်း

ဝပ်စံပျော်၊ ခန္ဓာပေါဝယ်၊ ဘွဲ့တော်ဗုဒ္ဓ၊ ထင်ပါ
ရသည်၊ လောကထွဋ်ထား မြတ်ဘုရား။
(အမရပူရမြို့မဟာဂန္ဓာရုံဆရာတော် သီလက္ခန်
ဘာသာဋီကာ၊ နှာ-၁၁)

တချိန်က 'ဉာဏ်တော်ဘုရား' 'ဒြပ်တော်ဘုရား' ဝါဒနှစ်ရပ်နှင့်စပ်၍ လယ်ဘီတရားသတင်းစာကြီး၌ ပညာရှိရဟန်းရှင်လူအချို့က 'ဉာဏ်တော်သာဘုရား' ဖြစ်ကြောင်း အဆိုပြုရေးသားကြ၍ ပညာရှိရဟန်းရှင်လူအချို့က 'ဒြပ်တော်သာဘုရား' ဖြစ်ကြောင်းအဆိုပြုရေးသားကြ၏၊ ထိုသို့ တဘက်နှင့်တဘက် ဆွေးနွေးရေးသားခဲ့ကြဘူးပါသည်၊ ယင်းဝါဒနှစ်ရပ်ကို ယှဉ်စပ်လေ့လာနိုင်ရန် တင်ပြအပ်ခဲ့ပြီး ဖြစ်ပါသည်၊ ယင်းကြောင့် ဤစာပြုသူက ကြားဝင်၍ အစုံတရာ အဆုံးအဖြတ်ပေးဘွယ် လိုအပ်တော့မည်မထင်ပါ၊ အရပ်ရပ်စာဖတ်ပရိသတ်က 'ဉာဏ်တော်သာ ဘုရားဖြစ်သည်၊ သို့မဟုတ် ဒြပ်တော်သာ ဘုရားဖြစ်သည်' ဟု ကိုယ်တိုင်ပင် အဆုံးအဖြတ်ပေးနိုင်ကြလိမ့်မည်ဖြစ်ပါသတည်း။

## (ဏ) ဗုဒ္ဓသည် လူသားဘုရား ဟုတ်မဟုတ်

ဗုဒ္ဓသည် လူသားမိဘ ၂-ဦးတို့မှ ဖြစ်ထွန်းလျက် မိန်းမှူးသန္ဓေဝင်ဖွားမြင်တော်မူ၍ 'လူသားဗုဒ္ဓ' ပင် ဧကန်စင်စစ်အမှန်ဖြစ်ပါသည်၊ သို့သော် အချို့ပုဂ္ဂိုလ်များ ဗုဒ္ဓ၏ပဋိသန္ဓေယူခန်း၌ မိန့်ဆိုချက်များကို လေ့လာ၍ 'ဗုဒ္ဓသည် နတ်ပေး

သားပင်ဖြစ်လေသလော၊ သို့မဟုတ်ဗုဒ္ဓသည် မေ့ထုန်မဲ့သား ပင်ဖြစ်လေသလော၊ သို့မဟုတ် မယ်တော်မာယာသည်ပင် ဥပုသ်တော်ကျိုးပေါက်ခဲ့ရှိပေလော'ဟူ၍ ယုံမှားသံသယ ဝင်ခဲ့ကြပေသည်။

ဗုဒ္ဓပဋိသန္ဓေယူခဏ်း

'မဟာမယာဒေဝီသည်လည်း ထိုဝါဆိုလဆန်း ၈ ရက်နေ့ မှစ၍ ၁၄ ရက်နေ့အထိ ၆ ရက်တိုင်တိုင် သေရည်သေရက် သောက်စားခြင်းမှ လွတ်ကင်းသော ပန်းနံ့သာအခိုးအထုံ ပန်ဆင်လိမ်းကျံ မွမ်းမံတန်ဆာဆင်ခြင်းတို့နှင့် ပြည့်စုံသော ထိုနက္ခတ်ပွဲသဘင်ကို ပျော်ရွှင်ခံစားတော်မူ၏။ ထိုဝါဆိုလ ဆန်း ၈ ရက်နေ့မှ ၇ ရက်မြောက်ဖြစ်သော ဝါဆိုလပြည့်နေ့ သို့ ရောက်သောအခါ မဟာမာယာဒေဝီသည် နံနက်စော စောကပင် နံ့သာရေမိုးချိုးပြီးလတ်သော် လေးသိန်းကုန် သော အသပြာဥဿာတို့ကိုစွန့်၍ ကြီးမြတ်သော အလှူတော် ကိုပေးလှူတော်မူပြီးလျှင် အလုံးစုံသော အဆင်တန်းဆာ တို့ဖြင့် ဆင်ယင်လျက် မြိန်မြတ်ကောင်းမွန်သော နံနက်ပွဲတော် စာကို တည်ခင်းသုံးဆောင်ပြီးနောက် အင်္ဂါရှစ်ပါးရှိသော ဥပုသ်သီလကို (ဆရာဒေဝီလရသေ့ထံ) ခံယူဆောက်တည်၍ လှပစွာတန်းဆာဆင်အပ်သော ကြက်သရေတိုက်ခန်းသို့ ကွန်းမြန်းကြွချီကာ ကြက်သရေရှိသောနေရာထက်၌ အင်္ဂါရှစ် ပါးရှိသော ဥပုသ်နှလုံး ကျင့်သုံးစံနေတော်မူလေသည်။

ယင်းသို့ ဥပုသ်နှလုံး ကျင့်သုံးစံနေလျက် ထိုလပြည့်နေ့ ညဥ့်၏နောက်ပိုင်း ပစ္ဆိမယာမ်ဝယ် ကြက်သရေရှိသောနေ ရာထက်၌ လျောင်းစက်တော်မူ၍ မျောက်မျဉ်းအိပ်ပျော် ခြင်းသို့ရောက်သောအခါ သိရိမဟာမာယာဒေဝီ မိဖုရားကြီး သည် ဘုရားအလောင်းတော် ပဋိသန္ဓေတည်နေလာမည့်အ ကြောင်း ရှေးပြေးပုဗ္ဗနိမိတ်ဖြစ်သည့် ဤဆိုလတံ့သော အိပ် မက်ကို မြင်မက်တော်မူလေသည်။

မြင်မက်တော်မူပုံကား.... စ တု မ ဟာ ရာဇ် နတ် မင်းကြီး လေးပါးတို့သည် အိပ်စက်ရာနေရာတော်နှင့်တကွ သိရိမဟာ ယာမာဒေဝီကို ပင့်ချီးထမ်းမကြကုန်၍ ဟိမဝန္တာ အဝန္ ဒတ်အိုင်သို့ ဆောင်ကြဉ်းခဲ့ကြကုန်၏၊ ယူဇနာခြောက်ဆယ်ရှိ သော ဆေးဒန်းမြစ်သီလာကျောက်ဖျာအပြင်ဝယ် ခုနှစ် ယူဇနာရှိသော အင်ကြင်းပင်ကြီး၏အောက်၌ ထားကြကုန်၏။

ထို့နောက် ထိုစတုမဟာရာဇ်နတ်မင်းကြီးတို့၏ နတ်မိဖုရား များဖြစ်ကြသော နတ်သမီးတို့သည် လာရောက်ကြကုန်၍ သိရိမဟာ မယာဒေဝီအား အနဝဒတ်အိုင်သို့ ဆောင်ယူကြ ပြန်၍ အညစ်အကြေးတို့ကို ပျောက်ပယ်ရန်အကျိုးငှာ ရေ ချိုး၍ပေးကြကုန်၏၊ နတ်ဝတ်အထည်တို့ကို ဝတ်ဆင်၍ပေးကြ ကုန်၏၊ ပန်း နံ့သာတို့ကို လိမ်းကျံ၍ပေးကြကုန်၏၊ နတ်ပန်း တို့ကို ဆင်မြန်းပန်ဆင်၍ ပေးကြကုန်၏၊ ထို့နောက်တဖန် ထိုအနဝဒတ်အိုင်မှ မနီးမဝေးသောအရပ်၌ တည်ရှိသည့် ငွေ တောင်ကြီး၏အတွင်း ရွှေဗိမာန်တိုက်ခန်းဝယ် အရှေ့အရပ်သို့

ဦးခေါင်းပြု၍ သိရိမဟာမာယာဒေဝီမိဖုရားကြီးကို အိပ်စက်စေကြကုန်၏။

အိပ်စက်တော်မူ၍ မယ်တော်မာယာဒေဝီမိဖုရား မျှောက်မျဉ်းပျော်သောခဏ၌ မြက်သောဆင်ဖြူတော်သည် မယ်တော်မာယာအိပ်စက်ရာ ရွှေဗိမာန်ရှိသည့် ငွေတောင်မှ မနီးမဝေးသောအရပ်၌ တည်ရှိသော ရွှေတောင်ဝယ် လှည့်လည်ကျက်စားခဲ့ပြီးလျှင် ထိုရွှေတောင်မှဆင်းသက်ခဲ့၍ ရွှေဗိမာန်ရှိရာငွေတောင်သို့ တက်လာပြီးသော် ရွှေဗိမာန်အတွင်း ဝင်ရောက်ကာ မဟာမယာဒေဝီမိဖုရားကြီးကို လကျ်ာရစ်လှည့်လည်ပြီးမှ မိဖုရားကြီး၏ လကျ်ာနံ ၂ါးကိုခွဲဖေါက်ဖွင့်လှစ်လျှက် ဝမ်းတိုက်တော်တွင်းသို့ ဝင်လာလေသည် -ဟု မြင်မက်တော်မူ၏။

ယင်းသို့ အိပ်မက်မြင်သောအခိုက်ကာလ ထိုခဏ၌ ဘုရားအလောင်းတော် သောတကေဘုနတ်သားသည် တုသိတာနတ်ပြည် နန္ဒဥယျာဉ်တော်ဝယ် အသွယ်သွယ်သော ကြည့်ရှုနာကြား ခံစားဘွယ်ရာတို့ကို လှည့်လည်ကြည့်ရှုနာကြား ခံစားသုံးဆောင်တော်မူရင်းမှ ဆင်ခြင်အောက်မေ့ခြင်း သတိသမ္ပဇဉ်တရား လက်မလွှတ်ပဲ နတ်သက်ကြွေစုတေတော်မူခဲ့၍ ဘိုးတော်အဉ္စနမင်း ဖြိုကြွင်းထိုနှစ် မဟာသက္ကရာဇ်(၆၇)ခုနှစ် ဝါဆိုလပြည့် ကြာသာပတေးနေ့ မိုးသောက်ကာလ ပစ္ဆိမယာမ်၌ ဥတ္တာရာသန်နက္ခတ်နှင့် စန်းယှဉ်လျှက် ပဋိသန္ဓေစိတ် ၁၉-ပါးတို့တွင် ရှေးဘဝများက မေတ္တာစျာန်၏ရှေ့သွား ပရိကမ္မဘာဝနာအဖြစ်ဖြင့် ပွားခဲ့သော သောမနဿသဟဂုဏ်

ဥာဏသမ္ပယုတ် အသင်္ခါရိက ပဌမမဟာကုသိုလ်စိတ်၏ အကျိုး ဝိပါက်စိတ်ဖြင့် မယ်တော်ဝမ်းကြာတိုက်၌ ပဋိသန္ဓေ စွဲတည် နေတော်မူ၏။

(နိုင်ငံတော်ဗုဒ္ဓသာသနမဟာ ဗုဒ္ဓဝင်ဒုတိယတွဲ နှာ ၁၅ မှ ၁၇ ထိ)

ဤပဋိသန္ဓေတည်နေချိန်ခဏ်း၌ လိုရင်းအဓိက ပြဿနာကြီး တခုကား ဗုဒ္ဓပဋိသန္ဓေတည်နေချိနတွင် မယ်တော်မာယာ သည် 'အ ဗြ ဟ္မ စ ရိ ယ -မေထုန်ရှောင်ကြဉ်မှု' ပါဝင်သော 'အ ဋ္ဌ ငံ် ပေါ သ ထ -အင်္ဂါရှစ်ပါးရှိသော ဥပုသ်'စောင့်သုံး ဆောက်တည်နေ ဆဲ အ ချိန် ဖြစ် သော ကြောင့် ပေ တည်း။ လူသားတို့၌ ပဋိသန္ဓေတည်နေရာမှာ အင်္ဂါ ၃-ပါးရှိသည်၊ ယင်းတို့ကား....

၁။ မိဘလောင်း ၂-ဦးသားတို့ ကူးလူးဆက်ဆံခြင်း။

၂။ ပဋိသန္ဓေတည်နေမည်ဖြစ်သော သတ္တဝါ၏ စုတိဆဲ ဖြစ်ခြင်း

၃။ မိခင်လောင်း၏ ဥတုသမယကြုံကြိုက်ခြင်းတို့ ဖြစ်ကြ သည်။

ဤအင်္ဂါ ၃ ပါးနှင့် ညီညွတ်မှသာလျှင် ပဋိသန္ဓေကိုယ်ဝန် စွဲယူမြဲမမှတာဖြစ်ပါသည်၊ ဤသည်ကိုရည်ညွှန်း၍ စိန္တကျော် သူဦးသြက 'ကဝိလက္ခဏာသတ်ပုံကျမ်းပုဒ်ရေ ၅၁၆ ၌ 'အင်္ဂါ သုံးတန်၊ ညီညွတ်မှန်၊ ကိုယ်ဝန်စွဲစရာ'ဟု ဥပဒေသညွှန်ပြစပ်ဆို ထားပေသည်။

ယင်းကြောင့် ဗုဒ္ဓပဋ္ဌိသန္ဓေယူရာ၌ 'မိဘလောင်း ၂-ဦး သားတို့ ကူးလူးဆက်ဆံခြင်း'ဟူသော နံပါတ်၁--အင်္ဂါရပ် ချို့တဲ့နေရကား ပြဿနာတက်၍ အခက်တွေ့နေရပေသည်၊ ယုံမှားတွေးတောခြင်းသံသယတွေ ဖြစ်ပေါ်လာရပေသည်၊ မန်လည်ဆရာတော်သည် ဤသို့ မလိုလားအပ်သော သို့လော သို့လော တွေးတောခြင်းယုံမှားသံသယများကို ဖယ်ရှားပြစ်လိုသည်၊ ယင်းကြောင့်ပင် မန်လည်ဆရာတော်သည် မင်းကွန်းဆရာတော်အား ပြန်လည်၍ မေးမြန်းသော 'သတပဒိက ပုစ္ဆာကျမ်း'၌ ၅၄ ခုမြောက်ပုစ္ဆာအဖြစ် အောက်ပါအတိုင်း ရွှေကျမ်းပြုကိုဆရာငယ်၊ ဟိုအင်္ဂါဘွင့်စမ်းပလေး'ဟု ပုစ္ဆာ ပြုခဲ့ကြောင်း ထင်ရှားလှပါသည်။

**မေး။** မိမာတာ ကြာခန်းက၊ ပန်းရတု ရာသီ၊
ပွင့်ဆဲစ ခါဆီ၊ တူယှဉ်မှီ ပျော်ပါး။
ကိန်းထိုက်တဲ့ ထိုသသူ၊ ထင်ရှေးရှူ
စုတိခိုက်ငြား၊ သည်အင်္ဂါ စုံစေ့မှု၊
ဘုံဝလေ့ ဤလူ့ပြည်၊ တည်သန္ဓေအများ၊
သို့ပါစင် ကိုသားနှင့်၊ ဘုရားလောင်းမယ်တော်။
မြတ်သီလုံအင်္ဂါ၊ တအင်မျှ ယွင်းလို့မချော်။
အလိုသီးပ ကိုယ်တည်းပျော်၊ မြတ်လောင်းတော်
ရက်ကျန်းနှင့်၊ စက်ကိန်းသန္ဓေရတနာ၊
စွဲ၏ဟောပါ။ သည်သန္ဓေခန်းမှာကွဲ့၊ ရွှေကျမ်းပြု
ကိုဆရာငယ်၊ ဟိုအင်္ဂါဘွင့်စပ်းပလေး။

မန်လည်ဆရာတော်၏ ဤအမေးကို မင်းကွန်းတောရ ဥဒုမ္ဗရချောင်ဆရာတော်က အာဘော်မိမိ ကွက်တိကျ ဖြေဆိုလိုက်သည်၊ ဖြေဆိုရာ၌ အဋ္ဌကထာ, ဋီကာ အထောက်အထားနှင့် ဖြစ်သည်၊ ဆရာတော်က 'တူယှဉ်မှီ တကြိမ်စက်က၊ ခုနှစ်ရက် ခေတ် ဖြစ်ပါသည်သာ'ဟူ၍ အဋ္ဌကထာမိန့်ဆိုချက်ကို ညွှန်ပြလိုက်သည်၊ ဖြေလိုရင်းကား 'မိဘလောင်း ၂ ဦးသားတို့ တူယှဉ်မှီ တကြိမ်စက်ထားလျှင် ၇ ရက်အတွင်း ပဋိသန္ဓေတည်နေနိုင်သောကြောင့် မယ်တော်မာယာသည် ဥပုသ်ဆောင်မဝင်မီကပင် ထိုအင်္ဂါပြီးမြောက် ပြည့်စုံပြီးဖြစ်ပါသည်'ဟု ဖြေလိုရင်းဖြစ်ပါသည်။

အဋ္ဌကထာဆရာ၏ ဤ'တူယှဉ်မှီတကြိမ်စက်က ခုနှစ်ရက် ခေတ်ဖြစ်နိုင်ပါကြောင်း'မိန့်ဆိုချက်သည်ကား လွန်ခဲ့သော နှစ်ပေါင်း ၂၅၀၀ ကျော်က မိန့်ဆိုချက်ဖြစ်သည်၊ ယင်းကြောင့် မိန့်ဆိုချက်သည် ခေတ်မှီရုံမျှမကပဲ 'ခေတ်လွန်စကားသိပ္ပံလွန်စကား' တရပ်ဖြစ်၍ ထူးခြားသည့်ဘွယ်ဖြစ်ပါသည်၊ မင်းကွန်းဆရာတော်၏အဖြေမှာ ထပ်ဆင့်ရှင်းပြရန်ပင် မလိုပါ၊ ဆရာတော်က 'ရွှေကျမ်းနှကြည်မဟာငယ်၊ ဟိုအင်္ဂါ ခက်ပါဘူးလေး'ဟု မိန့်ဆိုသကဲ့သို့ သူ့ပင်ကိုယ်စာသားအတိုင်း ရှင်းလင်းပြတ်သားစွာ သဘောပေါက်နိုင်ပါသည်။

ဖြေ။ မိမာတာ ကြာခန်းက၊ ပန်းရတု ရာသီ၊
ပွင့်ဆဲစခါဆီ၊ တူယှဉ်မှီ ပျော်ပါး။
ကိန်းထိုက်တဲ့ ထိုသဘူ၊ ထင်ရှေးရှူ စုတိခိုက်ငြား။

သည်အင်္ဂါ စုံစေ့မှ၊ ဘုံခွဲလေ့ ဤလူ့ပြည်၊
တည်သန္ဓေအများ။ သည်အင်္ဂါ သုံးပါးတွင်၊
ယုံမှားတဲ့ ထိုအင်္ဂါ။ တူယှဉ်မှီ တကြိမ်ကေကာ၊
ခုနစ်ရက်ခေတ်ဖြစ်ပါသည်သာ။
ဝိမတိ ကျမ်းဋီကာမှာ၊
လခွဲကြာအောင် ခေတ်ဖြစ်ကြောင်းနှင့်၊
စုံပေါင်းနည်းတဖြာ၊ ဟောပြခဲ့ပါ။
သည်သန္ဓေခန်းမှာကွဲ့။
ရှေ့ကျမ်းနှံ့ ကြည်မဟာငယ်၊
ထိုအင်္ဂါခက်ပါဘူးလေး။

(က) ‘မိဘနှစ်ပါး၏ စည်းဝေးခြင်း၊ သတ္တဝါ၏ စုတေဆဲဖြစ်ခြင်း၊ ဥတုသမယကြုံခြင်း ဟူသော ပဋိသန္ဓေရရာ အင်္ဂါသုံးပါးနှင့် ညီညွတ်လျှင် ကိုယ်ဝန်စွဲမြဲဆိုလိုသည်။ ဤ၌ မိဘနှစ်ပါးတို့၏ စည်းဝေးသောအင်္ဂါမှာ တကြိမ်စည်းဝေးက ခုနစ်ရက်အတွင်း ဂဗ္ဘဂဟဏသမယ(ကိုယ်ဝန်ယူချိန်)ဖြစ်၍ အင်္ဂါမြောက်နိုင်သည်ဟု မူလပဏ္ဏာသအဋ္ဌကထာ မဟာတဏှာသင်္ခယသုတ် သာရတ္ထဒီပနီဋီကာများ၌ဆိုသည်။ ဝိမတိ၌လခွဲ (၁၅ ရက်)ဟု ဆိုသည်။ သတ္တဝါစုတိဆဲအင်္ဂါ၌ မိဘတို့စည်းဝေးသည်မှ ခုနစ်ရက်အတွင်းတွင် စုတေလျှင်ပင် အင်္ဂါမြောက်ညီသည်။ ဥတုသမယအင်္ဂါ၌ မိန်းမတို့ဝယ်

သွားအိမ်တည်ရာ အရပ်တွင်စုသော ခဲသောသွေး
သည် ခုနစ်ရက်ပတ်လုံးပွား၍ အခဲပျက်သဖြင့်
စီးဆင်းသည်ကို ဥတုဆိုသည်။ ထိုဥတုအလာများ
ခိုက်လည်း ကိုယ်ဝန်မယူနိုင်၊ဥတုသက်သက် မလာ
ခိုက်လည်း ကိုယ်ဝန်မယူနိုင်၊ ဥတုလာသည့်နေ့က
လေးရက်မြောက်မှ စွဲသော ကိုယ်ဝန်သည်သာ
မပျက်မစီးတည်သည်ဟု သာရတ္ထဒီပနီဋီကာ၌ ဆို
သည်။ယင်းအင်္ဂါသုံးပါးညီက ကိုယ်ဝန်စွဲကြောင်း
ကိုလည်း မူလပဏ္ဏာသပါဠိတော် မဟာတဏှာ
သင်္ခယသုတ် 'မိလိန္ဒပဉှာ'ပါရာဇိကဏ် အဋ္ဌကထာ
ပထမပါရာဇိက အဖွင့်စသော ပါဠိ အဋ္ဌကထာ
ဋီကာတို့နှင့် တပြေးညီစေလျက် 'အသေတတန်၊
ကိုယ်ဝန်လည်းစွဲ၊ ဆင်းရဲတိုင်ထိ၊ သွားသည်မိတ္တိ၊
အဘိုရောက်ခါ၊ သွားရာသွား၊ အင်္ဂါသုံးပါး၊
အကြောင်းအားဖြင့်၊ ယူငြားကိုယ်ဝန်၊ ပဋိသန်
ကား'ဟု ပါရမီခန်းတွင် အရှင်မဟာသီလဝံသ
ဆရာကျော် စပ်ဆိုတော်မူသည်။

(မြောင်လျှမ်းစား မင်းကြီးသီရိမဟာ ဇေယျ
သူရေး၊ ကဝိလက္ခဏာဒီပနီ၊ နှာ ၂၂၅)

(၁) ကာမဘုံ၌ ဂဗ္ဘသေယျက ပဋိသန္ဓေဖြစ်ကြောင်း
ပဋိသန္ဓေဖြစ်ပုံတို့ကို ပြရဆိုရလျှင် ဓာတုဝဝတ္ထာန်
ကမ္မဋ္ဌာန်းကာယဂတာသတိ ကမ္မဋ္ဌာန်းတို့၏အရာ၌

အထူးသဖြင့် ထင်ရှားရန်ရှိသောကြောင့် ပဋိသန္ဓေတည်ကြောင်း ပဋိသန္ဓေတည်ပုံတို့ကို ပြဆိုပေအံ့။

မူလပဏ္ဏာသပါဠိတော် မဟာတဏှာသင်္ခယသုတ်တွင် ဟောတော်မူသောကြောင့်....

(၁) အမိသည်လည်း ဥတုလာ၍ပြီးစ ခုနစ်ရက်အတွင်း ဖြစ်စေ။

(၂) ထိုအမိဝမ်းသို့ ဝင်လတ္တံ့သော သတ္တဝါလည်း ရှေးရှုတည်သည်ဖြစ်စေ။

(၃) ထိုအခါ အမိရာဂစိတ်ဖြစ်အောင် ယောကျာ်း တစ်ုတယောက် ဝတ္ထုတစုံတခု သွားလာထိပါး သည်လည်းဖြစ်စေ။

ဤအင်္ဂါသုံးပါးစုံလျှင် ပဋိသန္ဓေဖြစ်၏။
(ယောမင်းကြီးရေး၊ကာယာနုပဿနာကျမ်း၊ နှာ ၅၉)

## ဆေးသိပ္ပံပညာရပ်နှင့်နှိုးနှောချက်

ဗုဒ္ဓ၏ပဋိသန္ဓေယူရာ၌ သာသနာဝင်ပါဠိအဋ္ဌကထာဋီကာ ကျမ်းစာတို့၏ရှင်းလင်းမိန့်ဆိုချက်မျှဖြင့် မရောင့်ရဲသင့်သေးပါ၊ ယနေ့ခေတ်မှီဆေးသိပ္ပံပညာရပ်များနှင့်လည်း တိုက်ဆိုင်စိစစ်နှိုးနှောကြည့်ရန် လိုအပ်လာပါသေးသည်၊ ယင်းကြောင့်ဆေးသိပ္ပံပညာရပ်၏ ပဋိသန္ဓေဆိုင်ရာညွှန်ပြသောအ

ချက်အလက် အမြောက်အမြားထဲမှ အကျဉ်းချုံး၍လိုရင်း မျှဖော်ပြအပ်ပါသည်။

(၈) 'ဆေးသိပ္ပံပညာကမူ မိဘလောင်း ၂ ဦးသားတို့ တကြိမ် ကူးလူးဆက်ဆံထားလျှင် ၆၀ မိနစ်မှ ၄၈ နာရီအတွင်း(ရက်အားဖြင့် ၂ ရက်အတွင်း) ပဋိသန္ဓေတည်နေနိုင်စွမ်းရှိကြောင်း အဆိုပြုထား ပါသည် ဖခင်လောင်းတို့၏သုက်ပိုး(Sperm cell) နှင့် မိခင်လောင်း၏သားဥ ( Ovum cell ) တို့ ပေါင်းစပ်သွားခြင်းဖြင့် ပဋိသန္ဓေ တည်နေ ကြောင်းကိုပါပြဆိုသည်။

မိခင်လောင်း၏သုက်ပိုးသည် ငါးဖလောင်း ပုံသဏ္ဍာန်ရှိ၍ အလျား ၀၆ မီလီမီတာရှိသည်၊ ယင်း၏ ခေါင်းမှာကား ၀၀၅ မီလီမီတာခန့်ရှိ ကြောင်းဖော်ပြသည်၊ မိခင် လောင်း ၏ သားဥ သည် လုံးသော လုံ့(စက်ဝိုင်း)ပုံသဏ္ဍာန်ရှိ၍အ ချင်းပမာဏမှာ ၀၁၃ မီလီမီတာရှိသည် ဖခင် လောင်း၏သုက်ပိုးသည် မိခင်လောင်း၏သားအိမ် ( Uterus ) အတွင်း ယ်သားဥနှင့် မပေါင်း စပ်မိသော်လည်း နာရီအားဖြင့် ၄၈ နာရီ(ရက် အားဖြင့် ၂ ရက်)အတွင်းမပျက်မစီး တည်ရှိနေ နိုင်သည်ဟု ဖော်ထုတ်ပြဆိုထားပါသည်။

(Applied Physiolcgy by Samsor's wright page-580, Developmental Anatomy by Aray-page-36.)

ဗုဒ္ဓ၏ ပဋိသန္ဓေပြဿနာ၌ ဘာသာရေးကျမ်းစာတို့၏ မိန့်ဆိုချက်က 'မိခင်လောင်း ၂ ဦးသားတို့ တကြိမ်ကူးလူးဆက်ဆံထားလျှင် ၇ ရက်အတွင်း ပဋိသန္ဓေတည်နေနိုင်ကြောင်းနှင့် မိန့်ဆို၍ ဤခေတ်ဆေးသိပ္ပံပညာရပ်ကလည်း 'မိဘလောင်း ၂ ဦးသားတို့ တကြိမ်ကူးလူးဆက်ဆံထားလျှင် ၆၀ မိနစ်မှ ၄၈ နာရီ(ရက်အားဖြင့် ၂ ရက်)အတွင်း ပဋိသန္ဓေတည်နေနိုင်ကြောင်း' ဖော်ထုတ် ညွှန်ပြထားပါသည်။ ဤပြဿနာ၌ ဘာသာရေးကျမ်းစာတို့၏ မိန့်ဆိုချက်နှင့် ဆေးသိပ္ပံပညာရှင်တို့၏ တွေ့သိဖော်ထုတ်ချက်တို့ကား ကွာဟဆန့်ကျင်မှုမရှိဘဲ ဖြစ်စဉ်သဘာဝအားဖြင့် နှီးနှောမိကြပေသည်။ ယင်းကြောင့် အချို့ပုဂ္ဂိုလ်တို့၏ 'ဗုဒ္ဓသည် နတ်ပေးသားပင်ဖြစ်လေသလော သို့မဟုတ် ဗုဒ္ဓသည် မေထုန်မဲ့သားပင် ဖြစ်လေသလော၊ သို့မဟုတ်မူ မယ်တော်မာယာသည်ပင် ဥပုသ်တော်ကျိုးပေါက်ခဲ့၍ပေလော'ဟူသော သို လော သို့သော တွေးတောယုံမှားမှုသံသယကို လုံးဝပပျောက်ကင်းစင်စေလေသည်၊ စင်စစ်အားဖြင့်လည်း ဗုဒ္ဓသည် နတ်ဘုရားလည်းမဟုတ်၊ ထို့ပြင် ဘုရားဇောတိမှဖြစ်သောဘုရားလည်းမဟုတ်ချေ၊ တကယ်သော်သား ဗုဒ္ဓသည် လူသားဖြစ်ကြသော 'သုဒ္ဓေါဒန'နှင့် 'မာယာ'မိဘ ၂ ဦးသားတို့မှ ဖြစ်ရိုးဖြစ်စဉ်အတိုင်း ကောင်းစွာဖြစ်ပွား မီးရှူးသန့်စင် ဖွားမြင်ခဲ့သော လူသားဗုဒ္ဓ(လူသားဘုရား)ပင် ဖြစ် ကြောင်း ကေန်ယုံကြည်ထိုက်ပေသည်။

## (က) ဗုဒ္ဓ၏ဖွားသက္ကရာဇ်နှင့်ဇာတာတော်ပုံ

ဆီးဘန့်နီဆရာတော်ရေး'အင္ဂဇယမော်ကွန်း'ပုဒ်ရေ(၄)၌ ဗုဒ္ဓ၏ မွေးဖွားတော်မူသည့် သက္ကရာဇ် ခုနှစ်၊ လ၊ ရက်၊ နေ့ များနှင့်တကွ ၁၂ ရာသီခွင် ဂြိုဟ်နေဇာတာတော်ပုံကို ဤသို့ ပြဆိုထားပါသည်။

အင်ကြွင်းဥယျာဉ်၊ရောက်သောစဉ်၌၊ဝိညာဉ်နာမ်ယှဉ်၊
သိဘိအလား၊အင်ကြွင်းဖျားလျှင်၊
ဘုရားလောင်းမယ်၊
လက်တော်ဝယ်သို့၊သုံမဒ္ဒိလည်း၊ ရောက်တို့လေက၊
မျိုးမယ်လှလည်း၊ကမ္ဘာလေ၊ လှုပ်လထွေဖြင့်၊
ရပ်နေလျက်သာ၊ ရတနာရောင်ထင်၊သားရွှေစင်ကို၊
ကြည်လင်ညွတ်နူး၊ညစ်မလူးလျှင်၊ကျွန်းဦးသပြေ၊
သီးဝါကြွေသို့၊ထွက်ရေတုံခဲ့၊သိကြောင်းဖွဲ့မူ၊
ခြောက်ဆဲ့ရှစ်ခု၊ ဥတ္တုဂိမှာန်၊ လမွန်ကဆုန်၊ ပုဏ္ဏတိထိ၊
ပြည့်ညီမှန်နေ၊ဝန်းရိုက်ခွေသည်၊ဗေသာခါဝိုင်း၊
ကြယ်ပဘာ်ဆိုင်းသို့၊ပြိုင်းပြိုင်းထွန်းဝါ၊
နေ့သောကြာတွင်၊
မဟာဗြဟ္မာ၊ရာသီမာယ်၊ သူ့ရဲယသောကြ၊ ဗုဒ္ဓယှဉ်လေ၊
မေထုန်သောမ၊လက်လှရာဟု၊သိဟ်တွင်စုလျက်၊
သိမ္ဗူမှန်စွာ၊စန်းဗြိစ္ဆာနှင့်၊ကုံမှာဂုရု၊ မိန်ဟုသောရှိ၊
ယှဉ်စဉ်ပြိုတွင်၊ မီးရှူ-မြင်သော်၊ ပဘက်ရာ၊ နေ့နှယ်ဝါ

သည်၊သုဒ္ဓါဝါသ၊ဘုံကဗြဟ္မာ၊သက်ဆင်းလာ၍၊ ရတနာကွန်ရက်၊ခံပြီးနက်ဝယ်၊ဘုန်းတက်တောက်ပ၊ နတ်ဒေဝလည်း၊အဇိနပဝေ၊ခံလေဘုံလတ်၊လူမင်းမတ် လည်း၊ ညွတ်၍သာကြည်၊ ဘာသိထည်ထက်၊ တည်ဘုံ ပစေ၊ ခံလျှင်းလေသည်၊ ပွင့်ဝေတောလယ်သာမြူး တည်း။

### ဗုဒ္ဓဇာတာတော်ပုံ

ဗုဒ္ဓသည် မဟာသက္ကရာဇ် (၆၈)ခု ဥတုဂိမ္ဟန္တ ကဆုန်လပြည့် သောကြာနေ့ နံနက် တချက်တီး အချိန် ပြိဿတွင် တနင်္ဂနွေ, သောကြာ, ဗုဒ္ဓဟူး၊ မေထုန်တွင် အင်္ဂါ၊ သိဟ်မှာ ရာဟုနှင့် လက်၊ ဗြိစ္ဆာ၌ စန်း၊ ကုံ ကြာသပတေး၊ မိန် စနေ၊ ဝိသာခါ နက္ခတ်နှင့် ယှဉ်လျက် ဖွားမြင်တော်မူသည်။

မန်လည် ဆရာတော်ကလည်း သူ၏ပြောင်မြောက် ပြည့်စုံလှသော မဃဒေဝ လင်္ကာသစ် ပုဒ်ရေ(၅၆၃)တွင် ဗုဒ္ဓ၏ မွေးဖွားတော်မူသည့် သက္ကရာဇ် ခုနှစ်, လ, ရက်, နေ့များနှင့် တကွ ၁၂ ရာသီခွင် ဂြိုဟ်နေဇာတာပုံကို ထပ်တူထပ်မျှပင် အောက်ပါအတိုင်း စပ်ဆိုထားပါသေးသည်။

'သိမ့်ဆူမြေမိုး၊ ဘဝင်ကြိုးမျှ၊ ဆော်နိုးရိုက်ခြိမ်း၊ သောင်းထိုက်ယိမ်းအောင်၊ ခေတ်သိမ်းဥပဒေ၊ နိမိတ်ဘေးဖြင့်၊ သန္နေကိစ္စ၊ စံနေမျှလျက်၊ ဆယ်လရက်ကြာ၊ မင်းသကျာတို့၊ မဟာသက္ကရာဇ်၊ ခြောက်ဆဲ့ရှစ်တွင်၊ နှစ်သစ်အတာ၊ တက်ဦးစွာတိ၊ ဝိသာခါ နက္ခတ်၊ နဝင်းပါဒ်နှင့်၊စီးနတ်ပြိုင်ပ၊ ကဆုန်လ၏၊ပုဏ္ဏမင်္လာ၊ နေ့သောကြာဝယ်၊ ခါတော်နေညီး၊ တချက်တီး၍၊ ကြိုပ်ကြီးအာဒိစ္စ၊ ဗုဒ္ဓဘရဂူ၊ အတူဖြိုးသ၊ စီးလှဖြိုးဆွာ၊ အင်္ဂါမေဿ၊ ဂုရုကုမ္ဘ၊ စနေမိန်စက်၊ လက်နှင့်ရာဟု၊ သိဟ်တွင်စုစည်၊ သာဓုကြီးစွာ၊ ကောင်းခြီးသာ၍၊ ကျာကျာကြော်ထိန့်၊ မြည်အိန့်ထိန်းထိန်း၊ စည်မုဒိန်းသို့၊ ဟိန်းဟိန်းသံငါ၊သွက်သွက်ငြာလျက်၊ စကြဝဠာတသောင်း၊ တိုက်၂.ပေါင်းလုံး၊ ရိုက်ညောင်းထုန်နှဲ၊ ဆယ်ခွဲနှစ်ဝ၊ ပုဗ္ဗနိမိတ်၊ အံ့ဘွယ်ဟိတ်ဖြင့်၊ အကနိဋ္ဌနတ်၊ ဗြဟ္မာမြတ်တို့၊ ဥက္ကဋ္ဌဆူဆူ၊ သရဖူကို၊ စုံတူရွှေစက်၊ နင်းလျက်နှစ်ဘော်၊ တူမမြော်အောင်၊မယ်တော်ဒေဝီ၊ ဝမ်းစေဘိမှ၊ ဆန့်ချိလက်ရုံး၊ ငါဟုကြုံး၍၊ သောင်း လုံး ပူ ဇော်၊ ဘွားမြင်မြော်သည်၊ ၊နှိုင်းလျော်မြငေပူသတည်း။

ဗုဒ္ဓ၏ ဇာတာတော်နှင့်စပ်၍ သုတေသီ ပညာရှင်များအတွက် အနည်းငယ် ဆက် ါဦးအံ့။ သိဟိုဠ်နှင့် ဣန္ဒိယပဏ္ဍိတ်များ မှတ်သားအပ်သော အဆိုအရကား 'ဗုဒ္ဓသည် ဂလိယုဂ

နှစ် နှစ်ထောင့်လေးရာ ခုနစ်ဆယ်ရှစ် (၂၄၇၈)ခု ကကုန် လပြည့် အင်္ဂါနေ့ နံနက်အချိန် ဘွားမြင်သည်'ဟု တောင်ပေါက်ဆရာတော်ပြုစုသော'ဗုဒ္ဓသာသနိကငွေဝိဝင်ကျမ်းကြီး' စာမျက်နှာ(၉၇)၌ ပြဆိုထားသည်။

ဤအခန်း (၂) တွင် သဗ္ဗညုတဉာဏ်တော် အကြောင်းအရာကို တင်ပြလျှင် ယင်းဉာဏ်တော်ရှင် ဗုဒ္ဓ၏အကြောင်းအရာများ မပါဘဲ ပြည့်စုံလိုလောက်မည် မဟုတ်ပေ။ ယင်းကြောင့်(က)မှ(တ)အထိ အချက်အလက်ပေါင်း(၁၆)ချက်တိတိ ပြည့်စုံနိုင်သမျှပြည့်စုံစေရန် ကြိုးပမ်းရှာဖွေစုဆောင်း၍ အကျဉ်းချုံးကာ တင်ပြခဲ့ပါပြီ။ ဤမျှဆိုလျှင် သဗ္ဗညုတဉာဏ်တော် အကြောင်းရင်းမြစ်မှန်များကို လေ့လာရာ၌ အထောက်အပံ့ ကောင်းရစေနိုင်လိမ့်မည်ဟု မြော်လင့်ယုံကြည်ပါသတည်း။

# အခန်း—၃

## ဝစ္ဆပရိဗိုဇ်မေးခွန်းရှည်ကြီး

ကျွန်ုပ်တို့သည် သဗ္ဗညုတဉာဏ်တော်နှင့်စပ်၍ မဇ္ဈိမပဏ္ဏာသပါဠိတော် တေဝိဇ္ဇဝစ္ဆသုတ်(မ၊ ၂၊ ၁၄၉)၌ ဝစ္ဆပရိဗိုဇ်နှင့် ဗုဒ္ဓ၏ အမေးအဖြေစကားတို့ကို ထည့်သွင်းရှင်းလင်းကြရမည် ဖြစ်ပါသည်၊ အဘယ်ကြောင့် ရှင်းလင်းရန် လိုအပ်ပါသနည်း၊ ဤတေဝိဇ္ဇဝစ္ဆသုတ်ကို အခိုင်အမာ အထောက်အထားပြု၍ ပညာရှင်အမည်ခံ(ပဏ္ဍိတမာနီ)ပုဂ္ဂိုလ်အချို့က 'ဗုဒ္ဓကိုယ်တိုင်ကပင် သဗ္ဗညုလို့ ဝန်မခံဘူး၊ ဒါကြောင့် ဗုဒ္ဓမှာ ဘာမဆိုအကုန်သိသော သဗ္ဗညုတဉာဏ်ဆိုတာ မရှိ'ဟူ၍ ဆိုင်းဘုတ်တပ်တာ စွပ်စွဲပြစ်မှားနေကြသောကြောင့် ဖြစ်ပါသည်၊ ထိုဝစ္ဆပရိဗိုဇ်နှင့် ဗုဒ္ဓ၏ အမေးအဖြေမှာ အောက်ပါအတိုင်းပင်ဖြစ်ပါသည်။

**ဝစ္ဆပရိဗိုဇ်** 'ရဟန်းဂေါတမသည် အလုံးစုံကို မြင်၏၊ အကြွင်းမဲ့ဉာဏ်အမြင်ကို ဝန်ခံ၏။ ငါသည် သွားနေစဉ်ဖြစ်စေ၊ ရပ်နေစဉ်ဖြစ်စေ၊ အိပ်

ပျော်နေစဉ်ဖြစ်စေ၊ နိုးကြားနေစဉ်ဖြစ်စေ
အမြဲမပြတ် ဉာဏ်အမြင်သည် ရှေးရှုသိ၏’ ဟု
ပြောဆိုကြသောသူတို့သည် မြတ်စွာဘုရား၏
စကားအရ ပြောဆိုသူများ ဖြစ်ပါကုန်သ
လော၊ မြတ်စွာဘုရားကို မဟုတ်မမှန်သော
အားဖြင့် မစွပ်စွဲဘဲလည်း ရှိကြပါကုန်သ
လော၊ အကြောင်းမှန်ကိုလည်း အကြောင်းမှန်
အားလျော်စွာ ပြောကြားကြပါကုန်သလော၊
မြတ်စွာဘုရား၏ စကားကို လိုက်၍ ပြောဆို
သော သတင်းသုံးဖော် တစုံတယောက်သည်
သူတပါးကဲ့ရဲ့အပ်သော ကဲ့ရဲ့စရာအနည်းငယ်
မျှမရှိဘဲ ဖြစ်ပါသလော။

ဗုဒ္ဓ အိုဝစ္ဆ ‘ရဟန်းဂေါတမသည် အလုံးစုံကို သိ၏၊
အလုံးစုံကို မြင်၏၊ အကြွင်းမဲ့ဉာဏ်အမြင်ကို
ဝန်ခံ၏။ ငါသည် သွားနေစဉ်ဖြစ်စေ၊ ရပ်နေ
စဉ်ဖြစ်စေ၊ အိပ်ပျော်နေစဉ်ဖြစ်စေ၊ နိုးကြား
နေစဉ်ဖြစ်စေ အမြဲမပြတ် ဉာဏ်အမြင်သည်
ရှေးရှုသင့်၏’ဟူ၍ ပြောဆိုသောသူတို့သည်
ငါဘုရား၏စကားအရ ပြောဆိုသူများမဟုတ်
ကုန်၊ ငါဘုရားကို မဟုတ်မှန်သောအားဖြင့်
လည်း စွပ်စွဲကြကုန်၏။

ဝစ္ဆပရိဗိုဇ် အရှင်ဂေါတမ ထိုသို့မဟုတ်ပါမူ အဘယ်သို့
ပြောဆိုသော အကျွန်ုပ်တို့သည် မြတ်စွာဘုရား

၏ စကားအရ ပြောဆိုသူများ ဖြစ်ပါကုန်သလော၊ မြတ်စွာဘုရားကို မဟုတ်မမှန်သောအားဖြင့် မစွပ်စွဲပဲလည်း ရှိကြပါကုန်သလော။

အကြောင်းမှန်ကိုလည်း အကြောင်းမှန်အားလျော်စွာ ပြောဆိုကြသည်ဖြစ်ပါကုန်သလော၊ မြတ်စွာဘုရား၏ စကားကိုလိုက်၍ ပြောဆိုသော သီတင်းသုံးဘော် တစုံတယောက်သည် သူတပါးကဲ့ရဲ့အပ်သော ကဲ့ရဲ့စရာအကြောင်းသည် အနည်းငယ်မျှမရှိပဲ ဖြစ်ပါသလော။

ဗုဒ္ဓ ဝစ္ဆ ‘ရဟန်းဂေါတမသည် ဝိဇ္ဇာသုံးပါးရှိ၏’ဟု ပြောဆိုသောသူသည် အမှန်အားဖြင့် ငါ၏ စကားအရ ပြောဆိုခြင်းဖြစ်ရာ၏၊ ငါ့ကို မမှန်သောအားဖြင့်လည်း မစွပ်စွဲရာ၊ အကြောင်းမှန်ကိုလည်း အကြောင်းမှန် တာလျော်စွာ ပြောဆိုသည်ဖြစ်ရာ၏၊ ငါ၏စကားကိုလိုက်၍ ပြောဆိုသော သီတင်းသုံးဘော် တစုံတယောက်သည် သူတပါးကဲ့ရဲ့အပ်သော ကဲ့ရဲ့စရာ အနည်းငယ်မျှလည်း မရှိပေ။

မှတ်ချက်။ ဗုဒ္ဓသည် မေးခွန်းရှည်ကြီးများကို မေလေ့ရှိသော ဝစ္ဆပရိဗိုဇ်အား ‘ဝစ္ဆ ရဟန်းဂေါတမမှာ ဝိဇ္ဇာသုံးပါး ရှိ၏၊’ဟု ပြောဆိုနိုင်ကြ

ကြောင်း တိုတိုပင် မိန့်ဆိုလိုက်လေသည်၊ ဤဝိဇ္ဇာသုံးပါးဆိုရာ၌ အတိုကောက်အားဖြင့် အများသိနေကြသော ပု၊ ဒိ၊ အာ၊ ဝိဇ္ဇာသုံးပါးတည်း၊ ပု=ပုဗ္ဗေနိဝါသဉာဏ်၊ ဒိ=ဒိဗ္ဗစက္ခုဉာဏ်၊ အာ=အာသဝက္ခယဉာဏ်၊ ဤဝိဇ္ဇာသုံးပါးပင်ဖြစ်ကြောင်း ကောင်းစွာ သတိထားခဲ့ပါ။

## အဋ္ဌကထာရှင်းလင်းချက်

ဤအမေးအဖြေကို ဖတ်ရှုစုံစမ်းဆင်ခြင်လျှင် ဗုဒ္ဓသည် ဝစ္ဆဂေါတ္တပရိဗိုဇ်၏ သဗ္ဗညုတဉာဏ်တော်နှင့်စပ်သော ဤမေးခွန်းရှည်ကြီးကို ဝန်မခံပဲ ပယ်လှန်တော်မူခဲ့ပေသည်၊ ဗုဒ္ဓက ဝန်မခံနိုင်သော အကြောင်းကိုလည်း ယင်းအဋ္ဌကထာ (မ၊ ဋ္ဌ၊ ၃။ ၁၃၆)၌ ရှင်းလင်းချက်ပေးထားပါသည်။ ယင်းတို့ကား........

(က) သမဏော ဂေါတမော သဗ္ဗညူ သဗ္ဗဒဿာဝီအပရိသေသံ ဉာဏဒဿနံ ပဋိဇာနာတိ-ရဟန်းဂေါတမသည် အလုံးစုံကိုသိ၏၊ အလုံးစုံကိုမြင်၏၊ အကြွင်းမဲ့ ဉာဏ်အမြင်ကို ဝန်ခံ၏။

(ခ) စရတော စ မေ တိဋ္ဌတော စ သုတ္တဿ စ ဇာဂရဿ စ သတတံ သမိတံ ဉာဏဒဿနံ ပစ္စုပဋ္ဌိတံ ငါသည်

သွားနေစဉ်ဖြစ်စေ၊ ရပ်နေစဉ်ဖြစ်စေ၊ အိပ်ပျော်
နေစဉ်ဖြစ်စေ၊ နိုးကြားနေစဉ်ဖြစ်စေ၊ အမြဲမပြတ်
ဉာဏ်အမြင်သည် ရှေးရှုထင်၏။

ဤစကားနှစ်ခု၌ ဗုဒ္ဓသည် (က) ဝါကျစကားကို ဝန်ခံနိုင်ပါသည်၊ သို့သော် (ခ) ဝါကျစကားကိုကား ဝန်မခံနိုင်ပေ၊ အဘယ့်ကြောင့်ပါနည်း၊ ပြဿနာမေးရာ၌ ဝစ္ဆပရိဗိုဇ်က သဗ္ဗညု ၅ မျိုးရှိရာ၊ ယင်း ၅ မျိုးထည်းမှ သတတသဗ္ဗညုကိုသာ ရည်စူးညွှန်ပြ၍ မေးခြင်းကြောင့်ဖြစ်၏။

ဝစ္ဆပရိဗိုဇ်၏ မေးခွန်းရှည်ကြီးကို ချုံ့၍မြန်မာပြန်ရသော် 'ရဟန်းဂေါတမသည် အလုံးစုံကိုအမြဲမပြတ်သိမြင်လေသော် သတတသဗ္ဗညုအဖြစ်ဝန်ခံပါသလော' ဟူ၍ ဖြစ်သည်၊ မေးခွန်း၌ 'အမြဲမပြတ်-သတတ သမိတ' ဟူသော ဝိသေသန ကူမထားခြင်းကြောင့် ဗုဒ္ဓသည် ဝန်မခံနိုင်သော (ခ) ဝါကျစကားပေါ်၌ အခိုင်အမာရပ်တည်၍ ဝန်ခံနိုင်သော (က) ဝါကျစကားကိုပါ ပြစ်ပယ်တော်မူခြင်းဖြစ်ပါသည်။

မှန်ပါသည်၊ ဗုဒ္ဓသည် အလိုတော်ရှိ၍ သဗ္ဗညုတဉာဏ်ဖြင့် ဆင်ခြင်တော်မူပါမှသာ အလုံးစုံသောဉေယျဓမ်တို့ကို ပြတ်ပြတ်သားသား သိမြင်တော်ခြင်းဖြစ်ပါသည်၊ ထို့ကြောင့် ဝစ္ဆပရိဗိုဇ်၏ မေးခွန်းရှည်ကြီးကို လုံးဝဝန်မခံပဲ ပယ်လှန်တော်မူပါသည်ဟု ရှင်းလင်းဖွင့်ဆိုထားပါသည်။ ဤရှင်းလင်းချက်ကို တွေးခေါ်မြော်မြင်ရှိသော တကယ့်ပညာရှင်များဖြစ်က လုံးဝဥဿုံ လက်ခံနိုင်လိမ့်မည် ဧကန်ဖြစ်ပါသည်။

ဆက်ဦးအံ့၊ ဗုဒ္ဓ၏ စွမ်းအင်ကြောင့် ပိုင်ဆိုင်ရရှိသော သဗ္ဗညုတဉာဏ်သည် 'အမြဲမပြတ်သိနေသော သတတသဗ္ဗညု' မျိုး မဟုတ်ကြောင်း အထက်ကဆိုခဲ့ပြီးဖြစ်ပါသည်၊ မှန်ပါသည်၊ မကျိန်းစက်(မအိပ်ပျော်)ပဲ နိုးကြားနေသော ဗုဒ္ဓ၏စိတ်သန္တာန်၌ အခွင့်အခါသင့်သလိုပင် မြင်ဖိတ်စက္ခုငြိညာဏ်စသော အခြားဝိပါက်အဗျာကတစိတ်များလည်း အကြောင်းအားလျော်စွာ ဖြစ်ပေါ်နေကြပါသေးသည်၊ နိုးကြားနေတိုင်းလည်း သဗ္ဗညုတဉာဏ်သည် အမြဲမပြတ်ဖြစ်နေသည်မဟုတ်ပါ၊ ကျိန်းစက်(အိပ်ပျော်)နေသော ဗုဒ္ဓသန္တာန်၌ကား သဗ္ဗညုတဉာဏ် လုံးဝမရှိပါ၊ မဖြစ်ပါ၊ အခြားသောဈာနသမာပတ်၊ ဖလသမာပတ်၊ နိရောဓသမာပတ်များ ဝင်စားနေတော်မူချိန်တို့၌လည်း နည်းတူပင် သဗ္ဗညုတဉာဏ်သည် ဖြစ်ပေါ်ခြင်းလုံးဝမရှိပါ၊ အဘိဓမ္မာသဘောအရလည်း လုံးဝမသင့်ပါ၊ မဖြစ်နိုင်ပါ၊ ဗုဒ္ဓသည် ဓမ္မနိယာမကို ကျော်လွန်ကျော်နိုင်သော ပုဂ္ဂိုလ်မျိုးလည်း မဟုတ်သောကြောင့်တည်း။

ဤအရာ၌ လယ်တီဆရာတော ဘုရားကြီးနှင့် အမရပူရ မဟာဂန္ဓာရုံဆရာတော်ဘုရားကြီးတို့၏ မိန့်ဆိုချက် များကို အောက်ပါအတိုင်း ထုတ်ဆောင်ပြအပ်ပါသည်။

> မြတ်စွာဘုရားသည် အဆုံးမရှိသော လောကသုံးပါးတို့၌ သိသင့်သိထိုက်သောအရာဟူသမျှကို အကြွင်းအကျန်မရှိ သဗ္ဗညုတဉာဏ်တော်ဖြင့် ဟုတ်မှန်သောအတိုင်း သိတော်မူ၏၊ ထိုသဗ္ဗညုတဉာဏ်တော်သည် အလိုတော်မရှိဘဲ ဆင်ခြင်တော်မမူဘဲ အခါခပ်သိမ်း

သိ၍နေတော်မူသည်လည်း မဟုတ်ချေ၊ ဘဝင်စိတ်ကျ ၍နေသောအခါ, ဈာန်သမာပတ်ဝင်စားသောအခါ, ဖလသမာပတ်ဝင်စားသောအခါ,နိရောဓ သမာပတ် ဝင်စားသောအခါတို့၌လည်း တပါးသောအာရုံကို သိတော်မူသည် မဟုတ်ချေ။

(သာသနသမ္ဗန္ဓဒီပနီ၊ နှာ ၁၂၁/၂)

သဗ္ဗညုတဉာဏ်သည် တစိတ်တည်းဖြင့် အာရုံအလုံးစုံကို တပြိုင်နက်သိ၏၊ သဗ္ဗညုတဉာဏ်တော်သည် အာရုံအလုံးစုံကို အမြဲသိနေ၏ ဟူသော ဝါဒများကို မမှတ်သားအပ်၊ ဆင်ခြင်လိုက်သည့်အခါ အဆီးအတားမရှိ၊ မည်သည့်အာရုံမဆို သိနိုင်ခြင်းသည်သာလျှင် သဗ္ဗညုတဉာဏ်တော်အစွမ်းပေတည်း။

(သင်္ဂြိုဟ်ဘာသာဋီကာ၊ နှာ ၁၇၉)

## ဝိဇ္ဇာသုံးပါးဖွင့်ပြချက်

ဗုဒ္ဓက 'ဝစ္ဆ' ရဟန်းဂေါတမသည် ဝိဇ္ဇာသုံးပါးရှိ၏ဟုပြောဆိုသောသူသည် အမှန်အားဖြင့် ငါ၏စကားအရ ပြောဆိုခြင်းဖြစ်ရာ၏၊ ငါ့ကို မမှန်သောအားဖြင့်လည်း မစွပ်စွဲရာ၊ အကြောင်းမှန်ကိုလည်း အကြောင်းမှန်အားလျော်စွာ ပြောဆိုသည်ဖြစ်ရာ၏၊ ငါ၏စကားကိုလိုက်၍ ပြောဆိုသော သီတင်းသုံးဖော် တစုံတယောက်သည် သူတပါးကဲ့ရဲ့အပ်သော ကဲ့ရဲ့စရာ အနည်းငယ်မျှလည်း မရှိပေ' ဟု ဝန်ခံဟောကြားလေသည်။

ဝန်ခံဟောကြားရာ၌ ဝစ္စပရိဗိုဇ်တဦးတည်းကိုသာ ဤသို့ ဝန်ခံဟောကြားခြင်း မဟုတ်ပေ၊ ပု,ဒိ,အာဟုဆိုအပ်သော ပုဗ္ဗေနိဝါသဉာဏ်, ဒိဗ္ဗစက္ခုဉာဏ်,အာသဝက္ခယဉာဏ်, ဝိဇ္ဇာ သုံးပါးနှင့်ပြည့်စုံကြောင်း ဝန်ခံချက်တို့သည် ပိဋကတ်တော်၌ ထင်ရှားစွာ အမြောက်အမြား ရှိနေလေသည်၊ ဤအမြောက် အမြားထဲမှ ပါရာဇိကဏ်ပါဠိတော် ဝေရဉ္ဇကဏ္ဍ၌ ဗုဒ္ဓက 'ငါသည် အဝိဇ္ဇာဥခွံကို ပဌမဆုံး ဖောက်ခွဲထွက်မြောက်လာ သော ပုဂ္ဂိုလ်ဖြစ်၍ လောက၌ ဇေဋ္ဌသေဋ္ဌ အကြီးဆုံး အမြတ် ဆုံး ပုဂ္ဂိုလ်ဖြစ်ကြောင်း'မိန့်ဆိုတော်မူခဲ့သည်။

ဗုဒ္ဓ၏ ဝန်ခံဟောကြားအပ်သော ဝိဇ္ဇာသုံးပါးနှင့်စပ်၍ ပါရာဇိကဏ်အဋ္ဌကထာ ဝေရဉ္ဇ ကဏ္ဍအဖွင့် (စာမျက်နှာ ၁၃၈)နှင့် ပါရာဇိကဏ်ဂဏ္ဌိသစ် (၄၄၂) တို့၌ မိန့်ဆိုထား သည်မှာ -

'ဗုဒ္ဓ၏သန္တာန်တော်ဖြစ်သော ပုဗ္ဗေနိဝါသဉာဏ်ဖြင့် အတိ တံသဉာဏ်ကိုပြသည်၊ ဒိဗ္ဗစက္ခုဉာဏ်ဖြင့် ပစ္စုပ္ပန်နှင့်အနာဂတံ သဉာဏ်ကိုပြသည်၊ အာသဝက္ခယဉာဏ်ဖြင့်ကား အလုံးစုံ သော လောကီဂုဏ်, လောကုတ္တရာဂုဏ်ကိုပြသည်၊ မှန်၏၊ ဤဝိဇ္ဇာသုံးပါးတို့ဖြင့် အလုံးစုံလည်းဖြစ်သော သဗ္ဗဂုဏ်ကို ညွှန်ပြ၍ ဗုဒ္ဓသည် မိမိ၏ မြတ်သောအရိယာဇာတ်အားဖြင့် ဇေဋ္ဌသေဋ္ဌ - ကြီးမြတ်သည်၏အဖြစ်ကို ဝေရဉ္ဇာပုဏ္ဏားအား ညွှန်ပြတော်မူသည်'ဟူ၍ ဖွင့်ဆိုရှင်းလင်းထားလေသည်။

ဤဝိဇ္ဇာသုံးပါးတို့တွင် အာသဝက္ခယဉာဏ်ဟုဆိုအပ်သော အရဟတ္တမဂ်ဉာဏ်ကို ပစ္စေကဗုဒ္ဓါတို့နှင့် ရဟန္တာအားလုံးတို့

သည့်လည်း အသီးအသီး ဖြင့်ဆည်းပူးအပ်ပြီးသော ပါရမီ အားလျော်စွာ ရရှိကြသည်ချည်းဖြစ်ကြ၏၊ ယင်းသို့ဖြစ်လျှင် ပစ္စေကဗုဒ္ဓါနှင့် ရဟန္တာတို့၏ ရအပ်သော အရဟတ္တမဂ်ဉာဏ် 'အနုတ္တရာ ဗောဓိ-အတုမရှိမြတ်သောဗောဓိ' ဖြစ်လေသလော၊ မဖြစ်နိုင်လေ၊ အဘယ်ကြောင့်နည်း၊ ထိုပစ္စေကဗုဒ္ဓါရဟန္တာ တို့၏ ရအပ်သော အရဟတ္တမဂ်သည် အလုံးစုံသောဂုဏ်ကို မပေးစွမ်းနိုင်သောကြောင့်တည်း၊ မှန်၏၊ ထိုရဟန္တာတို့၏ အရဟတ္တမဂ်သည် မိမိဖြည့်ဆည်းပူးအပ်သော ပါရမီအား လျော်စွာသော အကျိုး ပေးမြဲဖြစ်ရကား---

အချို့ရဟန္တာတို့၏ အရဟတ္တမဂ်သည် အရဟတ္တဖိုလ်ကျိုး မျှသာ ပေးစွမ်းနိုင်သည်။

အချို့သော အရဟတ္တမဂ်သည် ပု၊ ဒိ၊ အာ၊ ဝိဇ္ဇာသုံးပါး ကို ပေးစွမ်းနိုင်သည်၊

အချို့သော အရဟတ္တမဂ်သည် အဘိညာဉ်ခြောက်ပါးကို သာ ပေးစွမ်းနိုင်လေသည်။

အချို့သောအရဟတ္တမဂ်သည် လေးပါးသော ပဋိသမ္ဘိဒါ ဉာဏ်ကို ပေးစွမ်းနိုင်သည်။

အချို့သော အရဟတ္တမဂ်သည် သာဝကပါရမီဉာဏ်ကို သာ ပေးစွမ်းနိုင်သည်။

ပစ္စေကဗုဒ္ဓါတို့၏ အရဟတ္တမဂ်ဉာဏ်သည် ပစ္စေကဗောဓိ ဉာဏ်ကိုသာ ပေးစွမ်းနိုင်လေသည်။

ဘုရားရှင်တို့၏ အရဟတ္တမဂ်ဉာဏ်သည်ကား အလုံးစုံသော ဂုဏ်၏ ပြည့်စုံခြင်းကို ပေးစွမ်းနိုင်ပေ၏။

အဘယ်ကဲ့သို့နည်း၊ အဘိသိက်သွန်းအပ်ပြီးသော ရှင်ဘုရင်အား တိုင်းနိုင်ငံအတွင်းရှိ အလုံးစုံသောလူကို အစိုးရသကဲ့သို့ပေတည်း၊ ထိုကြောင့် ဗုဒ္ဓ၏ အရဟတ္တမဂ်ဉာဏ်မှတပါးသော ပစ္စေကဗုဒ္ဓါ,ရဟန္တာတို့၏ အရဟတ္တမဂ်ဉာဏ်သည် အနုတ္တရာဗောဓိ-အဘုမှရှိမြတ်သောဗောဓိမဖြစ်နိုင်ပါကြောင်းနှင့်ပါရာဇိကဏ်အဋ္ဌကထာ ဝေရဉ္ဇကဏ္ဍ (စာမျက်နှာ ၁၀၀)၌ ဖွင့်ဆိုထားလေသည်။

အထူးသတိပြုဘွယ်ရှိသည်ကား 'အာသဝါနံ ခယေ ဉာဏာယာတိ အရဟတ္တမဂ္ဂဉာဏတ္ထာယ အရဟတ္တမဂ္ဂေါ ဟိ အာသဝဝိနာသနတော အာသဝါနံ ခယောတိ ဝုစ္စတိ' ဟု ပါရာဇိကဏ်အဋ္ဌကထာ၌ပင် ဖွင့်ထားသည်ဖြစ်ရကား အာသဝက္ခယဉာဏ်နှင့် အရဟတ္တမဂ်ဉာဏ်တို့သည် သဒ္ဒါဝေါဟာရသာ ကွဲပြားကြသော်လည်း အနက်အဓိပ္ပာယ်တူမျှသော ပရိယာယ်ဟူ၍ မှတ်သားအပ်လေသည်။

### ဆီပီးဥပမာ

ရဟန္တာတို့၏ အရဟတ္တမဂ်ဉာဏ်သည် ကိလေသာကို ပယ်သတ်၏၊ သစ္စာလေးပါးတို့ကို ထိုးထွင်း၍ သိခြင်းကိစ္စကို ပြီးစေ၏၊ ပဋိသမ္ဘိဒါဉာဏ်စသည်တို့ကို ထိုရဟန္တာတို့၏ ရှေးပါရမီအကျင့်အားလျော်စွာ ပြီးစေ၏၊ သို့သော်လည်း အထုံဝါသနာအပြစ်ကိုကား ပယ်စွန့်ခြင်းငှာ မစွမ်းနိုင်၊ အလုံးစုံသော ဉေယျတရားကို ထွန်းပြထွန်းလင်းစေခြင်းငှာလည်း မစွမ်းနိုင်ပေ။

ဗုဒ္ဓ၏ အရဟတ္တမဂ်ဉာဏ်သည်ကား အကြွင်းအကျန်မရှိ သောအားဖြင့် အသုံးစုံသော ဉေယျတရားအပေါင်းကို တပြိုင်နက် အလင်းကိုပြုစွမ်းနိုင်သောကြောင့် သမ္မာသမ္ဗောဓိ မည်သည်၊ ဤသို့ အရဟတ္တမဂ်ဉာဏ်ဖြင့် တပြိုင်နက်အလင်း ကိုပြုအပ်ပြီးသည်၏အဖြစ်ကြောင့် နောက်မှ သဗ္ဗညုတဉာဏ် တော်ဖြင့် အလိုရှိအပ်သောတရားကို သိစွမ်းနိုင်ပေသည်။

ယင်းသို့ဖြစ်လျှင် ဤအရာ၌ မေးဘွယ်ရှိနေသည်၊ ဤအရဟတ္တမဂ်ဉာဏ်က အလင်းပြုပြီးနောက်မှ သဗ္ဗညုတဉာဏ်ဖြင့် အလိုရှိတိုင်း ဉေယျတရားကို သိရခြင်းဖြစ်ခဲ့သော် အရဟတ္တမဂ်ဉာဏ်သည်သာလျှင် သဗ္ဗညုတဉာဏ်ဟု ခေါ်ဝေါ်ထိုက် သည်မဟုတ်ပါလော၊ အရဟတ္တမဂ်ဉာဏ်သည် သဗ္ဗညုတဉာဏ် ဟူသောအမည်ကို မရထိုက်ပါ၊ မခေါ်ဝေါ်ထိုက်ပါ၊ အဘယ်ကြောင့်ပါနည်း၊ အရဟတ္တမဂ်ဉာဏ်သည် အလုံးစုံသော ဉေယျတရားကို တပြိုင်နက် အလင်းကိုပြုအပ်သည်၏အဖြစ် ကြောင့် ၎င်းအရဟတ္တမဂ်ဉာဏ်သည် တကြိမ်တည်းသာလျှင် နိဗ္ဗာန်ကို အာရုံပြုခြင်းရှိသည်၏ အဖြစ်တို့ကြောင့်ပေတည်း။

ထိုအနက်အဓိပ္ပာယ်ကို ရည်ညွှန်း၍သာလျှင်ငါသည် ဤ ဆီမီးဥပမာကို ဆောင်အပ်၏၊ ယင်းဥပမာကား ညဉ့်အခါ အမိုက်မှောင်ရှိသောအိမ်အတွင်း၌ ထွန်းအပ်သောဆီမီးသည် တပြိုင်နက်သောခဏ၌ အမိုက်မှောင်ကိုပယ်ဖျောက်၏၊ အိမ်အတွင်း၌ရှိသော အကြင်အိုး ပုံးစသော အသုံးအဆောင် ဘဏ္ဍာများ ရှိရာ၏၊ ထိုအသုံးစုံသော အိုး ပုံး သော အသုံး အဆောင်ဘဏ္ဍာများကို တပြိုင်နက်အလင်းကိုပြု၏၊ ဤသို့

ဆိမိးက အလင်းကိုပြုသော်လည်း ထိုဆိမီးသည် အလုံးစုံသော အိုး,ပုဆိုးစသော အသုံးအဆောင်ဘဏ္ဍာများကိုရှင်း တခု တခုကိုသော်ရှင်း မမြင်နိုင်ပေ၊ အဟုတ်သော်ကား မျက်စိအ မြင်ရှိသောသူသည်သာ ထိုသို့သော အခြင်းအရာအားဖြင့် မြင် ပါသော်လည်း အလိုရှိအပ် အာရုံပြုအပ်သော တခုတခုသော အာရုံကိုသာ မြင်ရသကဲ့သို့ အသားတူသာလျှင် အရဟတ္တမဂ် ဉာဏ်သည် ကိလေသာမြေးယှက်အပ်သော အမိုက်တိုက်ကို ပယ်ဖျောက်သဖြင့် အလုံးစုံသော ဉေယျတရားကို ထွန်းလင်း ပြနိုင်စွမ်းကား ရှိ၏၊ သို့သော်လည်း အရဟတ္တမဂ်ဉာဏ်က ထိုဉေယျတရားတို့ အသီးအခြား မသိနိုင်ပေ၊ ထိုအရဟတ္တမဂ် ဉာဏ်၏ အလင်းပြခြင်း အာနုဘော်စွမ်းအားဖြင့် ကျေးဇူး ပြုပြီးနောက်မှသာ သဗ္ဗညုတဉာဏ်ဖြင့် ဆင်ခြင်သည်အား လျော်စွာ ထိုဉေယျတရားများကို သိနိုင်ပေသည်, ဟူ၍ ဇိနာ လင်္ကာရဋီကာနဝဂုဏဝဏ္ဏနာ (စာမျက်နှာ ၃၄၇)၌ 'ပဒီပေါ ပမာ ဆီမီးဥပမာ'ဖြင့် ဖွင့်ဆိုထားသည့်အတိုင်း မြန်မာပြန်ဆို ချက်ပေတည်း။

## လျှပ်တပြက်ဓာတ်ပုံရိုက်ဥပမာ

'ဥပမာယ ဣဓေကစ္စေ၊ အတ္ထံ ဇာနန္တိ ပဏ္ဍိတာ-ဤလော က၌ အချို့ ပညာရှိတို့သည် ဥပမာစကားဖြင့် အနက်အဓိပ္ပာယ် ကို သိကြကုန်၏'ဟူသော အဆိုပြုချက်အရ ဇိနာလင်္ကာရဋီ ကာဆရာ ပြဆိုသော'ပဒီပေါပမာ'၌ ယနေ့လူတို့ ထင်မြင်

လွယ်ကူသော ဥပမာဖြင့် ထပ်၍ဆောင်ပြရလျှင် အထက်ကောင်းကင်မှ စီး၍ လျှပ်တပြက်မီး( Flash light )ဖြင့် ဓာတ်ပုံရိုက်ယူခြင်းကဲ့သို့ပင် ဖြစ်၏၊ မှန်၏၊ ညဉ့်အမှောင်ထုကြီးထဲ၌ ဝပ်အားများစွာရှိသော လျှပ်တပြက်မီးဖြင့် ဓာတ်ပုံရိုက်ယူသောအခါ လျှပ်တပြက်မီးက ပကတိသဘာဝအရှိဖြစ်သော သက်ရှိသက်မဲ့ အရာဝတ္ထုပစ္စည်း ဟူသမျှကို တခုမကျန် အကုန်အစင် ထွန်းပြခြင်းကို တစက္ကန့်ထက်ပို၍ တိုတောင်းသော အချိန်ကလေးမှာပင် အလင်းရောင်ဖြင့် ထွန်းလင်းစေ၏၊ ထိုအတူပင် အရဟတ္တမဂ်ဉာဏ် အလင်းရောင်က ဘဝသံသရာတလျှောက်လုံး ဖုံးအုပ်ကာဆီး မြှေးယှက်နေခဲ့သော အဝိဇ္ဇာမှောင်ထုကြီးကို တစက္ကန့်အချိန်ကိုကုဋေတသိန်းစိပ်၍ တစိပ်မျှလောက်သာရှိသော စိတ္တက္ခဏတချက်တည်းဖြင့် လုံးဝပယ်ဖျောက်၍ ထွန်းလင်းတောက်ပစေသည်နှင့်တူ၏။

ဖလင်( Film )က ယင်းလျှပ်တပြက်မီးသည် ထွန်းပြအပ်သော ပကတိသဘာဝအရှိဖြစ်သော သက်ရှိသက်မဲ့ အရာဝတ္ထုပစ္စည်း ဟူသမျှကို အရိပ်ထင် ဖမ်းယူထားမှုကား သဗ္ဗညုတဉာဏ်တော်နှင့် တူလေသည်၊ မှန်ပါသည်၊ ယင်းနက်ဂတစ်( Negative )ဖလင်မှာ အလိုရှိလျှင် အဆများစွာ ပုံကြီးချဲ့နိုင် ပုံတူများ ို့လည်း သိန်းသန်းကုဋေချီ၍ ရယူနိုင်စွမ်းဘိသကဲ့သို့ ထိုအတူ နက်ဂတစ်ဖလင်နှင့်တူသော သဗ္ဗညုတဉာဏ်ကို ရယူပိုင်ဆိုင်ထားသော ဗုဒ္ဓကား အကယ်၍ လိုရှိခဲ့လျှင် ဉာဏ်တော်ဖလင်ကို အကြိမ်ပေါင်းသိန်းသန်းကုဋေ

ချီ၍ ပုံတူဥဧယျတရားများကို အောက်မေ့ဆင်ခြင် ခဲ့ထွင် သိမြင်နိုင်ပေသည်၊ ဤကား ဋီကာဆရာပြဆိုသော ပဒီပေါ ပမာ-ဆီမီးဥပမာနှင့်စပ်၍ ယနေ့လူတို့ ပို၍သိမြင်လွယ်သော လျှပ်တပြတ်မီးဖြင့် ဓာတ်ပုံရိုက်ဥပမာပေတည်း။

အထူးသတိပြုရန်ရှိသေး၏၊ လျှပ်တပြက်မီးဖြင့် ဓာတ်ပုံ ရိုက်ရာ၌ လေယာဉ်ပေါ်မှ ရိုက်ယူသော် စတုရန်းမိုင်အနည်း ငယ်သာ ရိုက်ယူနိုင်၏၊ သို့မဟုတ် ဂြိုဟ်တုဖြင့် ရိုက်ယူသော် တိုင်းပြည်ကြီးတခု၊ သို့မဟုတ် မိမိတို့ကမ္ဘာ၊ လကမ္ဘာတခု စသည်ကိုသာ ရိုက်ယူနိုင်စွမ်းရှိမည်ဖြစ်၏၊ သို့သော် ဗုဒ္ဓ၏ အရ ဟတ္တမဂ်ဉာဏ် အလင်းရောင်မာတ်နှင့် လိုက်ဖက်မှန်သော သဗ္ဗညုတဉာဏ်တော်ဖလင်၌ကား အရဟတ္တမဂ်ဉာဏ် လျှပ်တ ပြက်အလင်းရောင် စွမ်းအားဖြင့် ဝိသယခေတ်ဟုဆိုအပ်သော စကြာဝဠာအနန္တကိုပင် ဉာဏ်တော်ဖလင်၌ ရိုက်ယူထားလိုက် နိုင်ကြောင်းပင် ဖြစ်ပေသည်၊ ဆီမီးဥပမာနှင့်စပ်၍ ခေတ်မြင် နှင့် အံဝင်ဂွင်ကျ ထပ်ဆင့်ဥပမာဆောင်ပြချက်တည်း။

## ရှင်အာနန္ဒာနှင့် သန္တကပရိဗိုဇ်

ဗုဒ္ဓသည် ဝန်မခံပဲ ပယ်လှန်တော်မူသော ဝစ္ဆပရိဗိုဇ်၏ မေးခွန်းရှည်ကြီးမျိုးနှင့် အလားတူသော မေးခွန်းရှည်ကြီးတ ခုကိုလည်း သန္ဒကပရိဗိုဇ်က ရှင်အာနန္ဒာအားမေးခဲ့ဘူးသည်၊ ရှင်အာနန္ဒာ၏ ပြန်လည်ဖြေကြားပုံမှာ ရှင်းလင်းတိကျလှ သည်၊အကျေအလည် ဆွေးနွေးဟောပြောသည်၊ဤဆွေးနွေး

မှုသည် သမ္ဗုဒ္ဓဥာဏ်တော်နှင့်စပ်၍ဝစ္ဆပရိဗိုဇ်က မေးသော မေးခွန်းရှည်ကြီးကို ဗုဒ္ဓကဝန်မခံပဲ ပယ်လှန်လိုက်ခြင်း၏ လေးနက်မှန်ကန်သော အဓိပ္ပာယ်ကို ဆောင်ယူနိုင်စေလိမ့် မည်ဖြစ်သည်၊ ယင်းဆွေးနွေးချက်များကား မဇ္ဈိမပဏ္ဏာသ ပါဠိတော် (မ၊ ၂၊ ၁၉၃)သန္ဒကသုတ်၌ အောက်ပါအတိုင်း ထင်ရှားရှိပေသည်။

**သန္ဒကပရိဗိုဇ်**　ရှင်အာနန္ဒာ အာသဝေါကုန်ပြီး မဂ်အကျင့်ကို ကျင့်သုံးပြီး ပြုဘွယ်ကိစ္စကိုပြုပြီး ဝန်ကိုချထား ပြီး ကိုယ်ကျိုးစီးပွားကိုရယူပြီး သံယောဇဉ် ကုန်ခန်းပြီး ကောင်းစွာသိ၍ ကိလေသာမှ လွတ်မြောက်ပြီးသော ရဟန္တာဖြစ်သော ရဟန်းအား သွားနေစဉ်ဖြစ်စေ၊ ရပ်နေစဉ် ဖြစ်စေ၊ အိပ်ပျော်နေစဉ်ဖြစ်စေ၊ နိုးကြားနေ စဉ်ဖြစ်စေ'ငါ့အား အာသဝေါတရားတို့သည် ကုန်ခမ်းကုန်ပြီ'ဟု ဥာဏ်အမြင်သည် အမြဲမ ပြတ် ရှေးရှုထင်နေပါသလော။

**ရှင်အာနန္ဒာ**　သန္ဒက သို့ဖြစ်မူ သင့်အား ဥပမာပြအံ့။ ဤ လောက၌ ဥပမာဖြင့်ပညာရှိသောယောကျ်ား တို့သည် ပြောကြားသော.စကား၏ အနက် အဓိပ္ပာယ်ကို သိကြကုန်၏။ သန္ဒက ဥပမာ အားဖြင့် ယောကျ်ားအား လက်ခြေတို့သည် ပြတ်ကုန်၏။ ထိုယောကျ်ားအား သွားနေစဉ်

ဖြစ်စေ၊ ရပ်နေစဉ်ဖြစ်စေ၊ အိပ်ပျော်နေစဉ်ဖြစ်စေ၊ နိုးကြားနေစဉ်ဖြစ်စေ 'ငါ၏ လက်ခြေတို့သည် ပြတ်ကုန်ပြီ'ဟု အမြဲမပြတ် သိနေပါသလော။

သန္ဒကပရိဗိုဇ် ရှင်အာနန္ဒာ ထိုယောက်ျားသည် အမြဲမပြတ် 'ငါ၏ လက်ခြေတို့သည် ပြတ်ကုန်ပြီ'ဟု မသိပါ။

ရှင်အာနန္ဒာ သန္ဒက ဤအတူသာလျှင် အာသဝေါကုန်ပြီး မဂ်အကျင့်ကို ကျင့်သုံးပြီး ပြုဘွယ်ကိစ္စကိုပြုပြီး ဝန်ကိုချထားပြီး ကိုယ်အကျိုးစီးပွားကို ရယူပြီး သံယောဇဉ် ကုန်ခမ်းပြီး ကောင်းစွာ သိ၍ ကိလေသာမှ လွတ်မြောက်ပြီးသော ရဟန္တာဖြစ်သော ရဟန်းအား သွားနေစဉ်ဖြစ်စေ၊ ရပ်နေစဉ်ဖြစ်စေ၊ အိပ်ပျော်နေစဉ်ဖြစ်စေ၊ နိုးကြားနေစဉ်ဖြစ်စေ၊ 'ငါ့အား အာသဝေါတရားတို့သည် ကုန်ခမ်းကုန်ပြီ' ဟု အမြဲမပြတ် ဉာဏ်အမြင်သည်ရှေးရှုမထင်ပါ။ စင်စစ်သော်ကား ဆင်ခြင်မှသာ'ငါ့အား အာသဝေါတရားတို့သည် ကုန်ခမ်းကုန်ပြီ'ဟု သိပါ၏။

သန္ဒကပရိဗိုဇ် ရှင်အာနန္ဒာ ဤဓမ္မဝိနယ သာသနာတော်၌ ကျွတ်တန်းဝင်သူတို့သည် အဘယ်မျှ များပြားကုန်သနည်း။

ရှင်အာနန္ဒာ    သန္ဒက ဤဗြဟ္မစရိယဝါသ သာသနာတော်၌ ကျင့်တန်းဝင်သူတို့သည် တရာနှစ်ရာလည်း မကကုန်၊ လေးရာငါးရာလည်း မကကုန်၊ စင်စစ်အားဖြင့် လွန်စွာများပြားကုန်၏။

သန္ဒကပရိဗိုဇ်    ရှင်အာနန္ဒာ အံ့ဘွယ်ရှိပါပေစွ၊ ရှင်အာနန္ဒာ မဖြစ်ဘူးမြဲ ဖြစ်ပါပေစွ။မိမိတရားကိုမမြှောက်တင်, သူတပါးတရားကို မနှိမ့်ချဘဲရှိကုန်ဘိ၏။ ရှည်ရှည်လျားလျားတရားဟောပြောခြင်းသာ ဖြစ်ဘုန်ဘိ၏။ ထိုမျှလောက် များပြားသော ကျင့်တန်းဝင်သူတို့လည်းထင်ရှားရှိကုန်ဘိ၏။ သားသေမိခင်၏ သားဖြစ်သော ဤအာဇီဝကတို့သည်ကား မိမိကိုယ်ကိုလည်း ချီးမြှောက်တတ်ကုန်၏။ သူတပါးကိုလည်း ရှုတ်ချတတ်ကုန်၏။ ကျင့်တန်းဝင်သူ သုံးယောက်တို့ကိုသာ ပြနိုင်ကြပါကုန်၏။ထိုသူတို့ကား အဘယ်နည်း။ အနန္ဒဝစ္ဆ၊ ကိသသံကိစ္စ၊ မက္ခလိဂေါသာလတို့ပေတည်းဟု ပြကြကုန်၏။

'အချင်းပရိဗိုဇ်တို့ သင်တို့သည် သွားကြကုန်လော။ ရဟန်းဂေါတမထံ၌ မြတ်သောအကျင့်ကို ကျင့်သုံးမှုရှိ၏။ ငါတို့မှာမူကား ယခုအခါ၌ လာဘ်ပူဇော်သက္ကာ အကျော်အစောတို့ကို စွန့်လွှတ်လိုက်ရန် မလွယ်ကူပြီ'ဟု မိမိပရိဗိုဇ် ပရိသတ်ဘက်တို့လှည့်၍ ဖြောင့်မတ်ရိုးသားစွာ ပြောဆို တိုက်တွန်းလေ၏။

အမှာ။ ။သန္ဒက် ပရိဗိုဇ်နှင့် ရှင်အာနန္ဒာတို့သည် ဘာသာရေးခံယူချက်များကို လေးလေးနက်နက် ဆွေးနွေးထားကြသည်။ ရှည်လျားကျယ်ပြန့်စွာအကျေအလည် ဆွေးနွေးထားကြသည်။ ဤ၌ သဗ္ဗညုတဉာဏ်တော်နှင့် စပ်နွယ်၍ လိုအပ်သမျှသာ ဖော်ပြထားရသည်။ယင်း ဆွေးနွေးချက် အပြည့်အစုံကို မဇ္ဈိမပဏ္ဏာသ ပါဠိတော် မြန်မာပြန် သန္ဒကသုတ် (နှာ ၁၉၁ မှ ၂၀၂)၌ လေ့လာကြည့်ရှုကြပါကုန်။

## ရာဟုလ သံကစ္စည်း၏ ပြုပ်ကွက်ကြီး

ဤစာပြုသူကား သဗ္ဗညုတဉာဏ်တော်နှင့် စပ်နွယ်သော ရှေးခေတ်ပေါ် စာအုပ်စာတမ်းဟူသမျှကို မရအရ ရှာဖွေဖတ်မှတ်ရသည်။ ဤတွင် ထင်ရှားကျော်ကြားလှသော စာရေးဆရာကြီး ရာဟုလသံကစ္စည်း ရေးသား၍ ဦးဆန်းထွန်း ဘာသာပြန်ဆိုသော ‘ဗောဒ္ဓဒဿန-ဗုဒ္ဓအမြင်’စာအုပ်ကိုလည်း ရှာဖွေဖတ်ရှုပြန်သည်။ ၁၉၆၄ ခု ဒုတိယအကြိမ်ရိုက် စာအုပ်ပင်ဖြစ်သည်။ ရာဟုလသံကစ္စည်းသည် သဗ္ဗညုတဉာဏ်နှင့် စပ်၍ ရေးသားရာတွင် တေဝိဇ္ဇဝစ္ဆသုတ္တန် (မ၊ ၂၊ ၁၄၉)နှင့် ကဏ္ဏကတ္ထလသုတ္တန် (မ၊ ၂၊ ၃၂၈) တို့၌လာသော ဗုဒ္ဓကိုယ်တော်တိုင် ဟောကြားချက်များကို ရေးသားဖော်ပြခြင်းမျှသာ ဖြစ်သည်။

ကျွန်ုပ်တို့မြွက်လင့်သလို သူ၏ဆန်းသစ်သော အတွေးအခေါ်များကို တစုံတရာမျှ မတွေ့ရချေ၊ ထို့ပြင် 'သဗ္ဗညုတ ဟူသည်မှာ အမှား' ဟူ၍ပင် မပြည့်မစုံ ကောက်ချက်ချ ရေးသားထားသေးသည်၊ အမှန်အားဖြင့် သဗ္ဗညုအမျိုးအစားသရုပ်နှင့် မည်သည့်သဗ္ဗညု အမျိုးအစားများကို ဗုဒ္ဓကိုယ်တော်တိုင် ပယ်လှန်ဆန့်ကျင်ခဲ့သည်။ မည်သည့်သဗ္ဗညု အမျိုးအစားများကား ဗုဒ္ဓနှင့်လုံးဝမသက်ဆိုင်။ မည်သည့်သဗ္ဗညုမျိုးသည်သာ ဗုဒ္ဓနှင့်သက်ဆိုင်သည်၊ ဖြစ်သင့် ဖြစ်ထိုက်သည့်စသည်ဖြင့် ခွဲခြမ်းစိပ်ဖြာ၍ ပြသင့်သည်။ စာဖတ်ပရိသတ်သို့ ချဉ်းကပ်၍ အကြောင်းမှန် သဘာဝယုတ္တိများဖြင့် ရှင်းလင်းဖော်ပြသင့်သည်။ ယခုကား ထိုသို့မဟုတ်ချေ။ သဗ္ဗညုတဉာဏ်နှင့်စပ်၍ သူလိုသောဆန္ဒနှင့် မှတ်သိတ်နေသော စာဖတ်ပရိသတ်၏ လိုလားချက်ကို ဖြည့်စွက်မပေးနိုင်ဘဲ ဟာကွက်ကြီး ရှိမြဲတိုင်းရှိနေစေသည်။ တကယ်ဆိုရသော် ရာဟုလသံကစ္စည်းသည် လွှည်ကူသော သူကျား ကြိုးတန်းကိုင်၍ လမ်းလျှောက်ခြင်းမျိုးသာ စင်စစ်ပြုခဲ့လေသည်။ ဆိုလိုသည်မှာ ဗုဒ္ဓ၏ သုတ္တန်ကြိုးတန်းကိုကိုင်၍ လမ်းလျှောက်ခဲ့ခြင်းဟုသာ ဆိုလိုသည်။ ထိုထက်ဘာမျှမပိုခဲ့ပေ။ ယင်း၏ဖော်ပြချက်မှာ အောက်ပါအတိုင်းပင် ဖြစ်ပေသည်။

## သဗ္ဗညုတဟူသည်မှာအမှား

ဗုဒ္ဓနှင့်ခေတ်ပြိုင် ဝဒ္ဓမာနကို သဗ္ဗညု,သဗ္ဗဒဿီဟု ခေါ်ဝေါ်သမုတ်ကြသည်၊ ၎င်းအချက်သည် နောင်သောအခါ၌

ဗုဒ္ဓ၏တပည့်များအပေါ်၌လည်း ဩဇာလွှမ်းမိုးမှုရှိသွားခဲ့လေသည်၊ သို့ရာတွင် ဗုဒ္ဓကိုယ်တော်ကမူ သဗ္ဗညုတဟူသော အယူအဆအား ဆန့်ကျင်တော်မူလေသည်။ (မဇ္ဈိမနိကာယ ၂၊ ၃၊ ၁)

ဝစ္ဆဂေါတ္တက မေးလျှောက်လေ၏ -''အရှင်ဘုရား၊ 'သမဏဂေါတမသည် အဆုံးစုံကိုသိ၏၊ အလုံးစုံကိုမြင်၏'ဟု ကြွေးရ၏။ (ဤသို့ ပြောကြားသူများသည်)... အမှန်ကို ပြောကြခြင်းဖြစ်ပါသလော။ မြတ်စွာဘုရားအား မမှန်သောစကားဖြင့် ကဲ့ရဲ့ခြင်းဖြစ်ပါသလော........'

'ဝစ္ဆ၊ ထိုကဲ့သို့ ပြောကြသူများသည် ငါ့အကြောင်း အမှန်ပြောကြသူများမဟုတ်ကုန်။ သူတို့သည် ပမှန်သောစကားဖြင့် ငါ့အား ကဲ့ရဲ့ကြခြင်းဖြစ်ပေသည်။

ထို့ပြင် အခြားတနေရာ၌လည်း (မဇ္ဈိမနိကာယ-၂၊ ၄၊ ၁၀)- 'တပြိုင်နက်တည်းအားလုံးကိုသိသည့်၊ အားလုံးကိုမြင်သည့် (သဗ္ဗညု၊သဗ္ဗဒဿီဖြစ်သည့်)သမဏဗြာဟ္မဏဟု မရှိပေ။'

(ဗုဒ္ဓအမြင်စာအုပ်စာမျက်နှာ-၅၉၊ ၆၀)

ရာဟုလသံကစ္စည်းသည် ဗုဒ္ဓ၏တောဝိဇ္ဇဝစ္ဆသုတ္တန် (မ၊ ၂၊ ၁၄၉) ရင်း၌ ထင်ရှားစွာပါရှိသော

'စရတော စ တိဋ္ဌတော စ သုတ္တဿ စ ဇာဂရဿ စ သတတံ သမိတံ ဉာဏဒဿနံ ပစ္စုပဋ္ဌိတံ-ငါသည် သွားနေစဉ်ဖြစ်စေ၊ ရပ်နေစဉ်ဖြစ်စေ၊ အိပ်ပျော်နေစဉ်ဖြစ်စေ၊ နိုးကြားနေစဉ်ဖြစ်စေ၊ အမြဲမပြတ်ဉာဏ်အမြင်သည် ရှေးရှုထင်နေ၏။

ဟူသော ဤစာပိုဒ်ဝါကျကို မြှုပ်ကွက်အဖြစ် တမင်ချန်ထားခဲ့လေသလော၊ သို့မဟုတ် ရိုးရိုးသားသား မေ့ကျန်ရစ်လေသလော၊ သို့မဟုတ် ပဏ္ဍိတမာနီ ပုဂ္ဂိုလ်အချို့၏ 'ဗုဒ္ဓမှာ သဗ္ဗ ညုတဉာဏ်မရှိ' ဟူသော အယူဝါဒကို အလေးပေးလို အသာအနိုင်ပေးလို၍ ပေးလော၊ သို့မဟုတ် ဉာဏ်တစောင်းဖြင့် ကောက်တကျစ်ပြုလုပ်လို၍ ပေးလော မပြောတတ်ချေ၊ ယင်းကိုယ်တိုင်သာ သိနိုင်ရာ၏၊ မည်သို့ပင်ဖြစ်စေ ကျွန်ုပ်က 'ဤမြှုပ်ကွက်ကြီး' ကို စာဖတ်ပရိသတ်ရှေ့မှောက်သို့ ဖော်ထုတ်ပြသ၍ အသိပေးလိုက်ပါသည်။ ယနေ့ခေတ်ကား အရာရာဝယ် 'အရှိကို မရှိလုပ်၍ မရှိ၊ မရှိကို အရှိလုပ်၍လည်း မရ၊' လိမ်၍ညာ၍ဖြီး၍ ဖြန်း၍ သိုမှိ့၍ရသောခေတ် မဟုတ်တော့၊ စွယ်စုံဝိဇ္ဇာသိပ္ပံခေတ်ပေတည်း

(မှတ်ချက်။ ။အဋ္ဌုထူးမှာ ပထမအကြိမ်ရိုက်နှိပ်စဉ်က ဘာသာပြန်ဆရာသည် ဗောဓိဒေသနပါ အချက်အလက် အနည်းငယ်ခန့်ကို မပြန်ဆိုဘဲ ချွင်းချန်ထားခဲ့သည်၊ ထိုအချက်အလက်များကို ယခုဒုတိယ အကြိမ်ရိုက်နှိပ်ရာတွင် ထည့်သွင်းရိုက်နှိပ်လိုက်ပါသည်။

ဤစာအုပ် စာမျက်နှာ ၅၉နှင့်၆၀ရှိ အချို့သော စာကြောင်းများသည်၎င်း၊ စာမျက်နှာ ၆၇မှ ၇၄အထိ အချို့သော စာကြောင်းများသည်၎င်း၊ ဦးဆန်းထွန်း မြန်မာပြန်သည့် ပထမ

> အကြိမ်ရိုက်နှိပ်ခြင်းတွင် မပါဝင်သော အကြောင်းအရာများဖြစ်သည်၊ ထိုအကြောင်းအရာများကို ယခုဒုတိယအကြိမ်ရိုက်နှိပ်ခြင်းတွင် ကျွန်တော်က ဘာသာပြန်ပြီး ထည့်သွင်းလိုက်ပါသည်'ဟု စာရေးဆရာ ပါရဂူ အမှာစာ ရေးသားထားသည်၊ ဤတွင်'ဗုဒ္ဓအမြင်' (ဗောဓိဒဿန) စာအုပ်ပါ အချက်အလက်အနည်းငယ်ကို ဦးဆန်းထွန်းက ဘာသာမပြန်ပဲ ချွင်းချန်ထားခဲ့သည်ဆိုသည့်အချက်ကို စဉ်းစားဘွယ်ရှိသည်၊ ဤအချက်အလက်အနည်းငယ်ကိုမျှ ဘာသာမပြန်ဆိုဝံ့ရဲအောင် အဘယ်အရာက ဟန့်တားနေဘိသနည်း၊ ဆရာဦးဆန်းထွန်း၏ တိုးတက်သစ်လွင်သော အသိဉာဏ်ကို အဘယ်ကဲ့သို့သော အရိပ်ဆိုးကြီးများက အခမ္မစိုးမိုးနေလေဘိသနည်း၊ ဤသို့ တွေးချင်စရာ အချက်တခုဖြစ်သည်၊ ဆရာဦးဆန်းထွန်းသည် မြန်မာစာပေပညာရှင် ပါဠိစာပေပညာရှင်၊ ထို့ပြင် ဆိုချင်သေးသော်အင်္ဂလိပ်၊ဟိန္ဒီသက္ကတစာပေ(ဘာသန္တရ) ပညာရှင်တဦးတည်း။

ထိုဗုဒ္ဓအမြင်စာအုပ် ပဌမအကြိမ်ရိုက်စဉ် ၁၉၅၂ခုနှစ် ပတ်ဝန်းကျင်အချိန်က ဆရာဦးဆန်းထွန်း၏ ကံဇာတာမှာ မည်မျှညိုးမှိန်ခဲ့ရရှာသည်ကို ကရုဏာသက်ဘွယ် တွေ့မြင်နိုင်သည်၊

ယင်းကြောင့်သာ ဗုဒ္ဓအမြင် (ဗောဓိဒဿန) စာအုပ်ကို ဘာသာပြန်ရာတွင် အချက်အလက်အနည်းငယ်ကို ဘာသာမပြန်ဆိုနိုင်ပဲ 'ကြိယာဝိပန္န' ဖြစ်ခဲ့ရလေသည်၊ ဤသို့ဖြစ်သော်လည်း 'ဗုဒ္ဓအမြင်၊ စာအုပ် ၁၉၆၄-ခုနှစ် ဒုတိယအကြိမ် ရိုက်နှိပ်ရာတွင်ကား ဦးဆန်းထွန်း ဘာသာမပြန်ဆိုပဲ ချွင်းချန်ထားခဲ့သော အကြောင်းအရာအချို့ကို စာရေးသရာ ပါရဂူက ရဲရဲဝံ့ဝံ့ ဘာသာပြန်ဖြည့်ထားလေသည်၊ ယင်းသို့ဖြစ်စေကာမူ ပါရဂူအား 'သူရဲကောင်းကြီး' ဟူ၍ကား မဆိုနိုင်ချေ၊ အဘယ်ကြောင့်ပါနည်း၊ ပါရဂူသည် အကယ်၍သာ ဦးဆန်းထွန်းကဲ့သို့ ၁၉၅၂ ခုနှစ်ပတ်ဝန်းကျင်အချိန်က ကေန်ရင်ဆိုင်ရပါမူ (ကာလော ဧသတိ ဘူတာနိ အရ) ပါရဂူသည်လည်း ဂူချင်မှဂူနိုင်မည်ဖြစ်သောကြောင့်ပေတည်း။)

## မဟုတ်မမှန်သဗ္ဗညု ဝန်ခံချက်များ

ဗုဒ္ဓသည် 'အလုံးစုံကို သိ၏၊ အလုံးစုံကို မြင်၏၊ ငါသည် သွားနေစဉ်ဖြစ်စေ ရပ်နေစဉ်ဖြစ်စေ၊ အိပ်ပျော်နေစဉ်ဖြစ်စေ၊ နိုးကြားနေစဉ်ဖြစ်စေ၊ ငါ့အား အခါခပ်သိမ်း (အမြဲတန်း) ဉာဏ်အမြင်သည် ရှေးရှုထင်နေ၏' ဟူ၍ ဝန်မခံပဲ ပယ်လှန်တော်မူခဲ့သော်လည်း နာဠန္ဒ၏သား နိဂဏ္ဌနာတ ဘုရားကြီးကမူ 'ယင်း အမြဲမပြတ် သိမြင်နေသော သတတသဗ္ဗညု' အဖြစ် ဝန်ခံလေသည်၊ ဤသို့ ဝန်ခံရာ၌ အခြေခံမခိုင်ခန့် ကြောင်းကျိုးမစပ်ပဲ ရှေ့နောက်ပြောင်းပြန်ဆန့်ကျင့်သော အကြောင်း

အချက်များ လေ့လာတွေ့ရှိရ၏၊ အကြောင်းသော်ကား ဤသဗ္ဗညုတဉာဏ်နှင့်စပ်၍ ကောသလမင်းကြီးက နိဂဏ္ဌစသော ဘုရားဘွဲ့ခံ ပုဂ္ဂိုလ်ကြီး ၆-ဦးကို 'အရှင်တို့သည် သဗ္ဗညု အဖြစ်ကို ဝန်ခံပါသလော'ဟု တိုက်ရိုက်မေးလျှောက်ရာ၌ ကား နိဂဏ္ဌစသော ဘုရားကြီးတို့သည် 'သဗ္ဗညု'အဖြစ်ကို ဝန်မခံဝံ့ရှာကြချေ။ သို့ဖြစ်သော်လည်း ဥဒါယီပရိဗိုဇ်, သန္ဒက ပရိဗိုဇ်လို ခေါင်းဆောင်ငယ်များနှင့် အဘယလိစ္ဆဝီမင်းသား, ပဏ္ဍိတကုမာရလိစ္ဆဝီမင်းသားငယ်များကိုမူကား 'အကြွင်းမဲ့ အလုံးစုံကို သိနေသော မြင်နေသော သတတသဗ္ဗညု'ဖြစ်ပါ သည်ဟု မဟုတ်မမှန် ဝန်ခံထားကြသည်။ ဝါကြွားဝန်ခံဝံ့ကြ ပေသည်။ ဤသို့ဝန်ခံထားကြောင်းကို ပိဋကတ်မှထုတ်ဆောင်၍ သိသာရန် သုံးသပ်ပြပေအံ့၊ လေ့လာကြပါကုန်။

## သဗ္ဗညုအဖြစ် ဝန်ခံချက်(က)

အခါတပါး၌ ဗုဒ္ဓသည် ရာဇဂြိုဟ်ပြည် ရှင့်နက်တို့အား အစာကျွေးရာဖြစ်သော ဝေဠုဝန်ကျောင်း၌ သီတင်းသုံး တော်မူ၏။ ထိုအခါ သကုလုဒါယီပရိဗိုဇ်သည်လည်း များစွာ သော ပရိဗိုဇ်ပရိသတ်နှင့် ဥဒေါင်းတို့အား အစာကျွေးရာဖြစ် သော ပရိဗိုဇ်အာရာမ်၌နေ၏၊ ဗုဒ္ဓသည် သကုလုဒါယီ ပရိဗိုဇ်ထံ ချဉ်းကပ်တော်မူ၏။ ထိုအခါ သကုလုဒါယီ ပရိဗိုဇ်က ဗုဒ္ဓအား အောက်ပါအတိုင်း ကြိုဆိုပေသည်။

ဥဒါယိပရိဗိုဇ် အရှင်ဘုရား ဘုန်းရှိသော မြတ်စွာဘုရား ကြွတော်မူပါလော့။ မြတ်စွာဘုရား၏ ကြွလာခြင်းသည် ကောင်းသော ကြွလာခြင်းဖြစ်ပါ၏။ အရှင်ဘုရားသည် ဤအရပ်သို့ကြွလာရန် အလှည့်ကို ကြာမြင့်မှ ပေးတော်မူဘိ၏။ အရှင်ဘုရား ထိုင်တော်မူပါလော့။ ဤနေရာကို ခင်းထားပါ၏။

ဗုဒ္ဓ ဥဒါယိ ယခုအခါ အဘယ်စကားဖြင့် သင်တို့စည်းဝေးနေထိုင်ကြကုန်သနည်း။ သင်တို့၏ မပြီးဆုံးသေးသော စကားသည် အဘယ် ပါနည်း။

ဥဒါယိပရိဗိုဇ် အရှင်ဘုရား ယခုအခါ အကျွန်ုပ်တို့ စုဝေးနေထိုင်လျက် ပြောဆိုနေသော စကားကိုထားပါဦး၊ ဤစကားမျိုးသည် အရှင်ဘုရားအား နောင် အခါ၌လည်း ကြားရန် ခဲယဉ်းမည် မဟုတ်ပါ။ အရှင်ဘုရား ဤပရိသတ်သို့အကျွန်ုပ် ချဉ်းကပ်သောအခါ ပရိသတ်သည် များစွာသော ဖီလာစကားပြောဆိုလျက် နေပါ၏။ အရှင့်ဘုရား ဤပရိသတ်သို့ အကျွန်ုပ်ချဉ်းကပ်သောအခါ 'အရှင်မြတ်ဥဒါယိသည်ငါတို့အား တရားဟောလိမ့်မည်၊ ထိုတရားကို နားထောင်ကုန်အံ့' ဟု ဤပရိသတ်သည် အကျွန်ုပ်၏ မျက်နှာကို မော်ကြည့်လျက်သာ နေပါ၏၊ အရှင်

ဘုရား ဤပရိသတ်သို့ မြတ်စွာဘုရား ချဉ်းကပ်လာတော်မူသောအခါ 'ငါတို့အား မြတ်စွာဘုရားသည် တရားဟောလိမ့်မည်၊ ထိုတရားကို နာကြားကုန်အံ့'ဟု အကျွန်ုပ်သည်၎င်း, ဤပရိသတ်သည်၎င်း မြတ်စွာဘုရားမျက်နှာကို မော်ကြည့်လျက်သာ နေကြပါကုန်၏။

ဗုဒ္ဓ ဥဒါယိ သို့ဖြစ်ပါမူ ငါတရားဟောရမည့် အကြောင်းကို သင်ကစ၍ပြောလော့။

ဥဒါယိပရိဗိုဇ် အရှင်ဘုရား ယခင့်ယခင်နေ့တို့က 'အလုံးစုံကို သိ၏၊ အလုံးစုံကို မြင်၏၊ ငါသည် သွားနေစဉ်ဖြစ်စေ၊ ရပ်နေစဉ်ဖြစ်စေ၊ အိပ်ပျော်နေစဉ်ဖြစ်စေ၊ နိုးကြားနေစဉ်ဖြစ်စေ၊ အမြဲမပြတ် ဉာဏ်အမြင်သည် ရှေးရှုထင်နေ၏'ဟု အကြွင်းမဲ့ ဉာဏ်အမြင်ကို ဝန်ခံသောသူသည် ရှိပါ၏။ ထိုပုဂ္ဂိုလ်သည် ကျွန်ုပ်ကရှေ့အဖို့ကိုအကြောင်းပြု၍ ပြဿနာကိုမေးသည်ရှိသော် အကြောင်းတခုဖြင့် အကြောင်းတခုကို ဖုံးလွှမ်းပါ၏၊ အမျက်ထွက်၊ စိတ်ဆိုးခြင်း၊ နှလုံးမသာယာခြင်းကိုလည်း ထင်စွာပြုပါ၏။

ထိုအကျွန်ုပ်အား မြတ်စွာဘုရားကိုသာလျှင် အကြောင်းပြု၍ 'ဩော်....ဘုန်းတော်ရှိသော မြတ်စွာဘုရား၊ ဩော် ကောင်းသော စကားကို ဆိုတော်မူတတ်သော မြတ်စွာဘုရား၊

မြတ်စွာဘုရားသည်ဤတရားတို့ကို ကောင်းစွာ ကျွမ်းကျင်တော်မူ၏’ဟု အောက်မေ့မိပါ၏။

ဗုဒ္ဓ ဥဒါယီ အလုံးစုံကိုမြင်၏ ငါသည် သွားနေစဉ် ဖြစ်စေ၊ ရပ်နေစဉ်ဖြစ်စေ၊ အိပ်ပျော်နေစဉ် ဖြစ်စေ၊ နိုးကြားနေစဉ်ဖြစ်စေ၊ ငါ့အားအမြဲ မပြတ် ဉာဏ်အမြင်သည် ရှေးရှုထင်နေ၏’ ဟု အကြွင်းမဲ့ဉာဏ်အမြင်ကို ဝန်ခံသောထိုပုဂ္ဂိုလ် သည် သင့်ကို ‘ရှေ့အဖို့ကို အကြောင်းပြု၍ ပြဿနာကို မေးသည်ရှိသော အကြောင်းတခု ဖြင့် အကြောင်းတခုကို ဖုံးလွှမ်း၊ အပသို့ စကားကို ရောက်စေ၏၊ အမျက်ထွက်ခြင်း၊စိတ် ဆိုးခြင်း၊ နှလုံးမသာယာခြင်းကိုလည်း ထင် စွာပြု၏’ဟု သင်ဆို၏။ထိုသူသည်ကား အဘယ် သူနည်း။

ဥဒါယီပရိဗိုဇ် အရှင်ဘုရား နာဋ၏သား နိဂဏ္ဌပါတည်း။
(မဇ္ဈိမပဏ္ဏာသပါဠိ၊စူဠသကုလုဒါယီသုတ်၊ နှာ ၂၂၂၊ ယင်းမြန်မာပြန်၊ နှာ ၂၃၄)

## သစ္စကဏ် အတွေ့အကြုံသစ်

ဤနေရာတွင် လိစ္ဆဝီမင်း ပရိသတ်အလယ်၌ သစ္စကပရိဗိုဇ် က ဗုဒ္ဓ၏အပေါ် သူ၏ထင်မြင်ယူဆချက်များကို ဝန်ခံပြော ဆိုလိုက်ပုံကို တင်ပြချင်ပါသည်။အနည်းငယ် ဆက်ပါဦးမည်၊

သစ္စကပရိဗိုဇ်ကား ပူရဏကဿပ၊ မက္ခလိဂေါသာလ၊ အဇိတကေသကမ္ဗလ၊ ပကုဓကစ္စာယန၊ သဉ္စယ၊ နာဋပုတ္တနိဂဏ္ဌ၊ ဤဘုရားကြီးခြောက်ဆူ၏ တပည့်သာဝကလည်း မဟုတ်သလို ဗုဒ္ဓ၏ တပည့်သာဝကလည်း မဟုတ်ချေ။

သစ္စကသည် အမိဘက်မှ ဝါဒငါးရာ၊ အဘဘက်မှ ဝါဒငါးရာ အယူဝါဒပေါင်း တထောင်ကို သင်ယူတတ်မြောက်ထားသည်။ အခြားအယူဝါဒများကိုပါ လေ့ကျက်ဆည်းပူးထားရကား စကားအရာ သူတဖက်သား မယှဉ်သာအောင် စွမ်းဆောင်ကျွမ်းကျင်သူဖြစ်သည်။ သူသည် တသီးပုဂ္ဂလ အယူဝါဒရှင် ဆရာကြီးတဦးလည်း ဖြစ်သည်။ သူသည် ဝေသာလီပြည်၌ မင်းညီမင်းသားများကို အတတ်ပညာသင်ကြားပေးရသော အကြီးတော် မင်းဆရာကြီးတဦးလည်း ဖြစ်နေပြန်သည်။ လိစ္ဆဝီမင်းများ၏အပေါ်၌ပင်သြဇာသက်ရောက်သည်။ သူသည် ပူရဏကဿပ, နိဂဏ္ဌ, အာဇီဝကစသောဘုရားကြီးများနှင့် အယူဝါဒယှဉ်ပြိုင်ပြောဆို၍ ဝါဒတင်ဆိုနိုင်စွမ်းပေသည်။ သူသည် ဤသို့သော ဘဝပေးအခြေအနေကြောင့် ဝေသာလီပြည် ပရိသတ်စုံ ဗိုလ်ပုံအလယ်၌-

'ဝါဒလမ်းစဉ်ဖြင့် ငါကအပြစ်တင်ဆိုလျှင် မတုန်မလှုပ် မယိမ်းယိုင်မည့် လက်ကတီးချိုင်းကြားတို့မှ ချွေးမထွက်မည့် ရဟန်းအပေါင်းရှိသူ ဂိုဏ်းရှိသူ ဂိုဏ်းဆရာဖြစ်သူ သမဏပြာဟ္မဏဟု ဝန်ခံသူကိုရင်း, အရဟံဂုဏ်ရှင် သမ္မာသမ္ဗုဒ္ဓဂုဏ်ရှင်ဟု ဝန်ခံသူဘုရားကိုရင်း ငါမတွေ့မမြင်ချေ။ စိတ်စေတနာမရှိသော တုန်းတိုင်

ကိုသော်လည်း ဝါဒလမ်းစဉ်ဖြင့် ငါကအပြစ်တင်လို
လျှင် ထိုတုန်းတိုင်သော်မှလည်း တုန်လှုပ်ယိမ်းယိုင်လေ
ရာ၏။ လူဖြစ်သော သူမှာကား အဘယ်မှာ ဆိုဘွယ်
ရာရှိတော့အံ့နည်း’

ဟူ၍ ခြိမ်းခြောက်ဝါကြွား ကြုံးဝါးလေ့ရှိသည်၊

သစ္စကသည် ငါ့ပြင်မရှိ မာနတန်ခွန်ထူ၍ ‘နိုင်ချင့်ကြွက်’ ကဲ့သို့ ဗုဒ္ဓနှင့်လည်း အယူဝါဒယှဉ်ပြိုင်ရန် ကြိုးပမ်းအားထုတ်လာလေတော့သည်၊ သူသည် ‘အိုလိစ္ဆဝီမင်းတို့ ထွက်ကြကုန်လော့၊ အိုလိစ္ဆဝီမင်းတို့ ထွက်ကြကုန်လော့၊ ငါသည် ယနေ့ ရဟန်းဂေါတမနှင့် အတူတကွ စကားစစ်ထိုးပွဲ အယူဝါဒယှဉ်ပြိုင်ပွဲ ဖြစ်လိမ့်မည်၊ ငါသည် ရဟန်းဂေါတမကို အယူဝါဒလမ်းစဉ်ဖြင့် ဤသို့ဤပုံ ဆွဲကိုင်လှုပ်ရမ်း ချေးမှုန်းပြစ်မည်’ စသည်ဖြင့် ဟိန်းဟောက်ဝါကြွား ကြွေးကြော်စည်းရုံး ခေါ်ဆောင်လာသည်။

ယင်းကြောင့် လိစ္ဆဝီမင်းသား ငါးရာ စုရုံးလိုက်ပါလာကြသည်၊ ဤပွဲကြီး၌ အကယ်၍ သဗ္ဗညုဘုရားသာ ကေန်မဟုတ်ပဲ ဘုရားတုဘုရားယောင်သာ ဖြစ်ပါမူ သစ္စကပရိဗိုဇ်၏ ဤတပည့်သာဝက မင်းပရိသတ် အခြံအရံ အရှိန်အဝါဖြင့်ပင် တုန်လှုပ်ပြိုလဲ အရှုံးပွဲကြီးနှင့် မရှုမလှ ကေန်ရင်ဆိုင်ရပေရာ၏၊ ယခုမူ ပစ္စကပရိဗိုဇ်က ဗုဒ္ဓအား ဝါဒတင်းမေးလျှောက်ခွင့် တောင်းခံရာတွင် ဗုဒ္ဓက ‘အဂ္ဂိဝေဿန အနွယ်ဖြစ်သော သစ္စက အကယ်၍ အလိုရှိက မေးစမ်းလော့’ဟု တင်းတင်းရင်းရင်းပင် သဗ္ဗညုဘုရားရှင်တို့၏ ဖိတ်ခေါ်ခြင်း (သဗ္ဗ

ညူပဝါရဏာ)ဖြင့် ဖိတ်ခေါ်လိုက်သည်၊ ပြဿနာမေးခွင့် ပြုလိုက်သည်၊ ဤသို့ဖြစ်ပင် အယူဝါဒစစ်ပွဲကြီး စတင်လေသည်။

သစ္စကသည် အပွဲပွဲတွင် အနိုင်ကြဲလာခဲ့သမျှ ဗုဒ္ဓနှင့်တွေ့ရသော ဤဝါဒစစ်ပွဲတွင်မှ မျက်နှာမလှ ဦးခေါင်းငိုက်စိုက် ကျလျှက်ရှုံးပွဲကြီးနှင့် တည့်တည့်ကြီး ရင်ဆိုင်တိုးလိုက်ရသည်၊ ပို၍ အခံရခက်ဘွယ်တခုကား ဤရှုံးပွဲကြီးဝယ် မိမိ၏တပည့်ဖြစ်သူ 'ဒုမ္မုခ'လို လိစ္ဆဝီမင်းသားငယ်တဦးက ပရိသတ်အလယ် ပြက်ရယ်ပြုခြင်းကို 'လဲရာဆင်နင်း'ဆိုဘိသကဲ့သို့ ခံယူလိုက်ရသေးသည်၊ 'ကိုယ့်တပ်ကကိုယ့်ကိုပြန်နင်းသည်'ဟု ဆိုနိုင်သည်။

ယင်းအကြောင်းရာစုံကို မူလပဏ္ဏာသပါဠိတော် စူဠသစ္စကသုတ်နှင့် မဟာသစ္စကသုတ်တို့၌ လေ့လာနိုင်ကြလေသည်၊ ဤရှုံးပွဲကြီးတွင် သစ္စက ပရိဗိုဇ်သည် ထူးခြားသောအတွေ့အကြုံသစ်တရပ်ကို အမြတ်ရလိုက်သည်၊ သူသည် သူ့အတွေ့အကြုံသစ် ဖြစ်ရပ်မှန် ရလဒ်ကို လိစ္ဆဝီမင်းပရိသတ်အလယ်၌ ဖြောင့်မတ်ပွင့်လင်းစွာ အောက်ပါအတိုင်း ပြောချလိုက်သတည်း။

'အရှင်ဂေါတမအံ့ဘွယ်ပါပေစွ'

အရှင်ဂေါတမ မပြစ်ဖူးမြဲဖြစ်ပါပေစွ။

အရှင်ဂေါတမမှာကား ဤသို့ ထိခိုက်၍ ထိခိုက်၍ ပြောဆိုပါသော်လည်း .ခေါင်းချိတ်သောစကားရပ်တို့ဖြင့် ပြောဆိုပါသော်လည်း အရေအဆင်းသည် ဖြူစင်၏၊ မျက်နှာအဆင်း

သည်လည်းကြည်လင်နေ၏၊ ကိလေသာရန်သူကိုသတ်နိုင်သော အလုံးစုံသောတရားတို့ကို ကိုယ်ဘိုင်မှန်စွာသိသော ဘုရား၏ ထုံးတမ်းစဉ်လာပင် ဖြစ်ပါပေ၏။

အရှင်ဂေါတမ အကျွန်ုပ်သည် ပူရာဏကဿပ၊ မက္ခလိဂေါသာလ၊ အဇိတကေသကမ္ဗလ၊ ပကုဓကစ္စာယန၊ သဉ္စယ၊ နာဋ္ဌ၏သား နိဂဏ္ဌနာဋ္ဌပုတ္တ တို့ကို စကားလမ်းစဉ်ဖြင့် အပြစ်တင်ဆိုဘူးသည်ကို အမှတ်ရပါ၏၊ ထိုပုဂ္ဂိုလ်အားလုံးတို့သည်လည်း အကျွန်ုပ်ကစကားလမ်းစဉ်ဖြင့် အပြစ်တင်ဆိုသော် အကြောင်းတခုဖြင့် အကြောင်းတခုကို ဖုံးဖိကြပါ၏၊ အပြင်၊ အပသို့ စကားကို လွှဲဖယ်ကြပါ၏၊ အမျက်ထွက်ကြခြင်း၊ ပြစ်မှားကြခြင်း၊ စိတ်ဆိုးကြခြင်းကို ထင်ရှားပြကြပါ၏။

အရှင်ဂေါတမမှာကား ဤသို့ ထိခိုက်၍ ထိခိုက်၍ ပြောဆိုသော်လည်း ကောင်းချိတ်သောစကားရပ်ကိုဖြင့် ပြောဆိုပါသော်လည်း အရေအဆင်းသည် ဖြူစင်၏၊ မျက်နှာအဆင်းသည်လည်း ကြည်လင်နေ၏၊ ကိလေသာရန်သူကိုသတ်နိုင်သော အလုံးစုံသော တရားတို့ကို ကိုယ်ဘိုင်မှန်စွာသိသော ဘုရား၏ ထုံးတမ်းစဉ်လာပင် ဖြစ်ပါပေ၏။'

## မဟုတ်မမှန်သဗ္ဗညုဝန်ခံချက် (၁)

ဗုဒ္ဓသည် အယုဝါဒတွေ လှိုင်စွာများပြား ဖောင်းကြွနေ ချိန်၌ အမ်ကအားဖြင့် အမြစ်ဘွယ်နေပြီဖြစ်သော 'အတ္တဝါဒ'ကို ရင်းမြစ်မကျန် တော်လှန်ဖြိုဖျက်၍ ယင်း၏နေရာ၌

'အနတ္တဒေသနာအလံတော်'ကို ငွားငွားစွင့်စွင့် လွှင့်ထူလိုက်လေ၏၊ ဤသို့ ဘာသာရေး တည်ငြိမ်မှုမရှိသေးပဲ အယူဝါဒတွေပေါ်ပေါက်နေချိန်၌ ရဟန်း, ရသေ့, ပရိဗိုဇ်စသော သူတော်စင်များနှင့် ပုဏ္ဏား, သူဌေး, သူကြွယ်, ကုန်သယ်, လယ်လုပ်စသော လူတန်းစားအသီးသီးတို့သည် မည်သည့်အယူဝါဒသည်သာ ကောင်းမြတ်သော အယူဝါဒမှန်ဖြစ်ကြောင်း စူးစမ်းလာကြပေသည်၊ ယင်းတို့အထဲတွင် အဘယလိစ္ဆဝီမင်းသားနှင့် ပဏ္ဍိတကုမာရလိစ္ဆဝီမင်းသားတို့လည်း အပါအဝင်ဖြစ်ကြ၏၊ ထိုမင်းသားနှစ်ဦးတို့သည် ဝေသာလီပြည် မဟာဝုန်တော ပြာသာဒ်ဆောင်ပေါက်သော ကျောင်း၌ သီတင်းသုံးနေသော ရှင်အာနန္ဒာအား အယူဝါဒစုံစမ်းရာ၌ နိဂဏ္ဌဆရာကြီးသည် သဗ္ဗညုအဖြစ် ဝန်ခံပါကြောင်းနှင့် အောက်ပါအတိုင်း လျှောက်မေးခဲ့ပေသည်။

'အရှင် ဘုရား အာ နန္ဒာ' နာဋပုတ္တတက္ကတွန်းသည် တရားအားလုံးကို သိ၏၊ တရားအားလုံးကို မြင်၏၊ သွားနေစဉ်ဖြစ်စေ၊ ရပ်နေစဉ်ဖြစ်စေ၊ အိပ်ပျော်နေစဉ်ဖြစ်စေ၊ နိုးကြားနေစဉ်ဖြစ်စေ၊ ငါ့အား အမြဲမပြတ် ဉာဏ်အမြင်သည် ရှေးရှုထင်နေ၏'ဟု အကြွင်းမဲ့ဉာဏ်အမြင်ကို ဝန်ခံ၏၊ ထိုတက္ကတွန်းသည် ခိုးမြဲသောအကျင့်ဖြင့် ကံဟောင်းတို့၏ ပျက်စီးခြင်းကို ပညတ်၏၊ မပြုလုပ်ခြင်းဖြင့် ကံသစ်တို့၏အကြောင်းကို သတ်ခြင်းကို ပညတ်၏၊ ဤသို့ ကံကုန်ခြင်းကြောင့် ဆင်းရဲကုန်ဆုံး၏၊ ဆင်းရဲကုန်ဆုံးခြင်းကြောင့် ခံစား

မှုကုန်ဆုံးခြင်းကြောင့် ဆင်းရဲအားလုံး ဆေးမြေ့ကုန်ဆုံးရမည်၊ ဤသို့ ကိုယ်တိုင်ရှုအပ်သော ကိလေသာတို့ကို ဖဆေးမြေ့ကုန်ဆုံးစေတတ်သည့် ထိုစင်ကြယ်သောအကျင့်ဖြင့် ဝဋ်ဆင်းရဲကို လွန်မြောက်၏ဟု ဟောပြောပါ၏။'အရှင်အာနန္ဒာ' ဤအရာ၌ မြတ်စွာဘုရားသည် အဘယ်သို့ဟောတော်မူပါသနည်း။

(အင်္ဂုတ္တိုရ်ပါဠိ နိဂဏ္ဌသုတ်၊ အံ၊ ၁၊ ၂၂၁၊
ယင်းမြန်မာပြန် ၂၃)

## မဟုတ်မမှန်သဗ္ဗညုဝန်ခံချက် (၈)

ဗုဒ္ဓသည် ကောသမ္ဗီပြည် ဃောသိတာရုံကျောင်း၌ သိတင်းသုံးတော်မူ၏၊ ထိုအချိန်၌ သန္ဒကပရိဗိုဇ်သည် ငါးရာမျှသော ပရိဗိုဇ်ပရိသတ်နှင့်အတူ ပိလက္ခဂူ၌နေ၏၊ ထိုအခါ၌ ရှင်အာနန္ဒာနှင့် သန္ဒကပရိဗိုဇ်တို့ ဘာသာရေးအယူဝါဒဆိုင်ရာများကို ဆွေးနွေးပြောဟောကြ၏၊ ထိုဆွေးနွေးဟောပြောရာ၌ ရှင်အာနန္ဒာက'အလုံးစုံ ဘာမဆို အမြဲသိနေသည်'ဟု ဝန်ခံကြသော ဘာသာရေးဆရာကြီးတို့၏ ဖြစ်ကြောင်းကုန်စင်ကို အောက်ပါအတိုင်း သန္ဒကပရိဗိုဇ်အား ပြောကြားထားလေသည်။

သန္ဒက လောက၌'အချို့သော ဆရာသည် အလုံးစုံကိုသိ၏၊ အလုံးစုံတို့မြင်၏၊ ငါသည် သွားနေစဉ်ဖြစ်စေ၊ ရပ်နေစဉ်ဖြစ်စေ၊ အိပ်ပျော်နေစဉ်ဖြစ်စေ၊ နိုးကြားနေစဉ်ဖြစ်စေ၊

ငါ့အား အမြဲမပြတ် ဉာဏ်အာမြင်သည် ရှေးရှုထင်၏’ဟု အကြွင်းမဲ့ ဉာဏ်အာမြင်ကို ဝန်ခံ၏၊ ထိုဆရာသည် လူမရှိသောအိမ်သို့လည်း ဝင်မိ၏၊ ဆွမ်းလည်းမရ၊ ခွေးကိုက်လည်းခံရ၏၊ ကြမ်းသောဆင်မြင်းနွားတို့နှင့် တွေ့ဆုံရ၏၊ မိန်းမယောကျ်ားတို့၏ အမည်ကိုရင်း မေးယူရ၏၊ ရွာအမည်,နိဂုံးအမည်များကိုလည်း မေးယူရ၏၊ ခရီးလမ်းကိုပါ မေးရ၏။

ထိုဆရာသည်‘ဤအမှုသည် အသို့ပါနည်း’ဟု မေးသည်ရှိသော် လူမရှိသောအိမ်ကို ငါဝင်သင့်၏၊ ထို့ကြောင့် ဝင်၏၊ ဆွမ်းကိုလည်း မရသင့်၊ ထို့ကြောင့် မရခဲ့၊ ခွေးသည် ကိုက်သင့်၏၊ ထိုကြောင့် ကိုက်၏၊ ကြမ်းသော ဆင်မြင်းနွားတို့နှင့်လည်း တွေ့ဆုံသင့်၏၊ ထိုကြောင့် တွေ့ဆုံရ၏၊ မိန်းမယောကျ်ားတို့ အမည်ကိုရင်း,အနွယ်ကိုရင်း မေးသင့်၏၊ ရွာနှင့်နိဂုံး၏ အမည်ကိုရင်း, လမ်းခရီးကိုရင်း မေးသင့်၏၊ ထိုကြောင့် မေး၏ဟု ထိုဆရာသည် ပြော၏။

(မဇ္ဈိမပဏ္ဏာသပါဠိ၊ သန္ဒကသုတ် နှာ-၁၈၈။
မြန်မာပြန် နှာ ၂၀၀)

# အခန်း—၄

## ဗုဒ္ဓ၏ သဗ္ဗညုအဖြစ် ဝန်ခံချက်များ

ဝိနည်းမဟာဝါပါဠိတော် ပဉ္စဝဂ္ဂိကထာ၌ ဗုဒ္ဓသည် အရဟတ္တမဂ်ဉာဏ်, သဗ္ဗညုတဉာဏ်ကို ရတော်မူပြီး၍ ပဉ္စဝဂ္ဂီ ၅ ဦးအား တရားဟော ကြွတော်မူရာ ဂယာနှင့် ဗောဓိပင်အကြား၌ ဥပကတက္ကတွန်း(စာပါခေါ် ဆာဝါ၏ ခင်ပွန်းလောင်း)နှင့်တွေ့ဆုံစပုံ ဗုဒ္ဓကိုယ်တိုင် 'အလုံးစုံကိုသိသော-သဗ္ဗဝိဒူ'အဖြစ်ကို ဝန်ခံတော်မူခဲ့ပါသည်။ အဋ္ဌကထာ၌'သဗ္ဗဝိဒူ'ပုဒ်ကို 'ဘုံလေးပါး၌ဖြစ်သော အလုံးစုံသော တရားကို သိ၏'ဟု ဖွင့်ဆိုထားပေသည်။ ဗုဒ္ဓနှင့် ဥပကတို့၏ မေးဖြေကြပုံမှာ အောက်ပါအတိုင်း ဖြစ်ပေသည်။

**ဥပက** ငါ့ရှင် သင်၏ကုန္ဒြေတို့သည် အထူးသဖြင့်ကြည်လင်ကုန်၏။ အရေအဆင်းသည် စင်ကြယ်ပေ၏။ ဖြူစင်ပေ၏။

ငါ့ရှင် သင်သည် အဘယ်သူကို ရည်ညွှန်း၍ ရဟန်းပြုသနည်း။

သင်၏ ဆရာကား အဘယ်သူနည်း။ သင်သည် အဘယ်သူ၏ တရားကို နှစ်သက်ဘိသနည်း

ဗုဒ္ဓ ဥပက ငါသည် အလုံးစုံကို လွှမ်းမိုးနိုင်၏၊ အလုံးကိုသိ၏၊ တရားအားလုံးတို့၌ ကိလေသာဖြင့် မလိမ်းကျံ၊ အလုံးစုံကို စွန့်ပြစ်အပ်ပြီ။ တဏှာ၏ကုန်ရာ နိဗ္ဗာန်ကို အာရုံပြုရသောကြောင့် ကိလေသာမှ လွတ်ပြီး၊ ကိုယ်တိုင်ထိုးထွင်းသိမြင်ပြီးဖြစ်၍ အဘယ်သူ့ကို ငါ့ဆရာဟူ၍ ညွှန်ပြရပါအံ့နည်း။

ဥပက ငါ့အား ဆရာမရှိ၊ ငါနှင့်တူသောသူမရှိ၊ နတ်နှင့်တကွသော လောက၌ ငါ့အားတုဖက်ပြိုင်ဆိုင်နိုင်သော ပုဂ္ဂိုလ်လည်း မရှိပေ။

ငါသည် လောက၌ရဟန္တာတည်း၊ ငါသည် အတုမရှိသောသူတည်း၊ နတ်လူတို့၏ ဆရာတည်း၊ အလုံးစုံသော တရားတို့ကို ကိုယ်တိုင်မှန်စွာသိသော တဆူတည်းသော ဘုရားတည်း၊ ကိလေသာငြိမ်း ငြိမ်းသည်ဖြစ်၍ ချမ်းမြေ့၏။

ငါသည် ဓမ္မစကြာတရားကို ဟောခြင်းငှာကာသိတိုင်း ဗာရာဏသီပြည်သို့ သွားပေအံ့။ သူကန်းသဖွယ်ဖြစ်သော လောက၌ တရားတည်းဟူသော အမြိုက်နိဗ္ဗာန်စည်ကြီးကို တီးခတ်ပေအံ့။

ဥပက    ငါ့ရှင် သင်ဝန်ခံသည့်အတိုင်းဆိုလျှင် 'အဆုံး
         မရှိသောဉာဏ်နှင့် ပြည့်စုံသော မာရ်ငါးပါး
         ကိုအောင်သော ဘုရားဖြစ်ထိုက်ပေ၏။
ဗုဒ္ဓ    ဥပက အာသဝေါတရား ကုန်ခြင်းသို့ရောက်
         သော ငါကဲ့သို့သောပုဂ္ဂိုလ်သည် စင်စစ်ဇိန
         မည်ကုန်၏၊ငါသည် ယုတ်မာသော အကုသိုလ်
         တရားတို့ကို အောင်အပ်ပြီးသောကြောင့် ဇိန
         မည်၏။
ဥပက    'ငါ့ရှင် ဤသို့လည်း ဖြစ်နိုင်ရာ၏၊ ဟုတ်ပေရာ
         ၏'ဟု ပြောဆိုကာ ဥပကသည် ဦးခေါင်းကို
         ညိတ်လျက် လမ်းဖယ်၍သွားလေ၏။

(ဝိ၊ ၃၊ ၁၁၊ ၁၂။ ဝိ၊ ဋ္ဌ၊ ၃၊ ၂၄၅။ မ၊ ၁၊ ၂၂၇။)

ထို့ပြင် ဗုဒ္ဓသည် ပဉ္စဝဂ္ဂီ ၅ ဦးအား ဓမ္မစကြာတရားဟော ကြားနေစဉ်၌လည်း 'ငါသည် အနုတ္တရသမ္မာသမ္ဗောဓိ အတုမရှိသောသဗ္ဗညုတဉာဏ်ကို ထိုးထွင်း၍သိ၏'ဟု အောက်ပါအတိုင်းဝန်ခံဟောကြားတော်မူခဲ့ပါသည်။

'ရဟန်းတို့ ဤအရိယသစ္စာလေးပါးတို့၌ ဤသို့ သုံးပါးသောအပြန် တဆယ့်နှစ်တန်သောအခြင်းအရာရှိသော မှန်ကန်သော ဉာဏ်အမြင် မစင်ကြယ်သေးသမျှ ကာလပတ်လုံး ငါသည် နတ်,မာရ်နတ်,ဗြဟ္မာနှင့်တကွသော နတ်လောကနှင့် သမဏ,ဗြာဟ္မဏ,မင်းများ,လူများနှင့်တကွသော လူ့လောက၌ အတုမရှိသော အလုံးစုံသောတရားတို့ကို ကိုယ်တိုင်မှန်ကန်

စွာသိသော အရဟတ္တမဂ်ဉာဏ်,သဗ္ဗညုတဉာဏ်ကို သိပြီဟု ဝန်မခံခဲ့ချေ။

ရဟန်းတို့ ဤအရိယာသစ္စာလေးပါးတို့၌ ဤသို့ သုံးပါးသောအပြန် တဆယ့်နှစ်တန်သော အခြင်းအရာရှိသော မှန်ကန်သောဉာဏ်အမြင်သည် စင်ကြယ်လာသောအခါ၌သာလျှင် ငါသည် နတ်,မာရ်နတ်, ဗြဟ္မာနှင့်တကွသော နတ်လောကနှင့် သမဏ, ဗြာဟ္မဏ,မင်းများ, လူများနှင့်တကွသော လူ့လောက၌ အတုမရှိသော အလုံးစုံသောတရားတို့ကို ကိုယ်တိုင်မှန်စွာသိသော အရဟတ္တမဂ်ဉာဏ်, သဗ္ဗညုတဉာဏ်ကို သိပြီဟူ၍ ဝန်ခံခဲ့ပေ၏။

(ဝိ၊၃၊၁၆။<br>
ဝိ၊ဋ္ဌ၊၃၊၂၄၅၊၆။<br>
သံ၊၃၊၃၇၀။<br>
သံ၊ဋ္ဌ၊၃၊၃၂၇။<br>
သံ၊ဋ္ဌီ-၂၊၅၄၁။)

သဗ္ဗညုကောက်ပြစ်ခြင်း

သူ[illegible]ရှင်တို့သည်<br>
နှစ်လို[illegible]စ်ခွရှိသောစကား,<br>
အချည်းနှီးရှိသောစကား,<br>
မှားယွင်းသောစကားတို့ကို<br>
ဟောကြားတော်မမူကြပေ။<br>
(ဗုဒ္ဓဝံသပါဠိ၊ ၃၁၅)

ဤကဲ့သို့ ဗုဒ္ဓကိုယ်တော်တိုင် ဝန်ခံဟောကြားချက်တို့ကို ထောက်ရှုဆင်ခြင်၍ ဗုဒ္ဓသည် အလုံးစုံကိုသိမြင်သည့် သဗ္ဗညု ဖြစ်ကြောင်းနှင့် ဗုဒ္ဓဝင်တော်၌ သဗ္ဗညုတဉာဏ် ကေန်ရှိကြောင်း သက်ဝင်ယုံကြည်သင့်ပေသည်။

ယာဝတ္တကာ၊ ဉေယျမံနှင့်၊ဉာဏံဟူက၊
အနန္တတည့်၊လေးဆအစုတ်၊မယုတ်မလွန်၊
ဟုတ်လှမှန်လျက်၊ကေန်အရိုး၊သိမြင်ကျိုးလျှင်၊
မိုးကြိုးပုဆိန်၊တချက်ရှိန့်သို့၊နိုင်းချိန်ရှေ့နောက်၊
စောကြောထောက်လျက်၊မလျှောက်ရပြန်၊
ခွန်းချင်းမှန်သား၊ သမန္တစက်၊
ကျေးဇူးနက်တည့်၊ မိန့်မြွက်တွေငေါ်၊
စကားတော်ကား၊မလျော်လေဘဲ၊ဆိုချွတ်လွဲလျက်
နှစ်ကွဲမရှိစွာလွန်တည်း။
(ပါရမီတော်ခန်းပျို့ ပုဒ်ရေ ၃၆)

**ကောသလမင်းကြီး အမေး**

ဗုဒ္ဓ၏ ကိုယ်တော်တိုင် ထိုးထွင်းသိမြင်တော်မူ ပိုင်ဆိုင်တော်မူသော သဗ္ဗညုတဉာဏ်တော်ကို ရှေးခေတ်လူသားများလည်း ယုံမှားသံသယရှိခဲ့ကြသည်၊ ယခုခေတ်တွင်မှ မယုံကြည်သူ စွပ်စွဲသူများ ပေါ်ပေါက်ခဲ့သည် မဟုတ်ချေ၊ယင်းကြောင့် သဗ္ဗညုတဉာဏ်တော်နှင့်စပ်၍ ယနေ့ခေတ်နောက်ပွား လူသားတို့ ယုံမှားစွပ်စွဲပြောဆိုနေကြခြင်းမှာ ဘာမျှဆန်း

သင်သောအရာ မဟုတ်ချေ၊ ဖြစ်ရိုးဖြစ်စဉ်တရပ်သာ ဖြစ်၍ နေပေသည်၊ ဤသဗ္ဗညုတဉာဏ်တော်နှင့် စပ်၍ဗုဒ္ဓအား ကောသလမင်းကြီးက ရိုးဖြောင့်ပွင့်လင်းစွာ မေးလျှောက်ခဲ့ဘူးသည်၊ ဗုဒ္ဓကလည်း 'မိမိသည် သဗ္ဗညုဖြစ်ကြောင်း မှန်ပေ၏'ဟု ရဲဝံ့ပြတ်သားစွာ ဝန်ခံတော်မူခဲ့သည်၊ သံယုတ်ပါဠိတော် ကောသလသံယုတ် ဒဟရသုတ်(သံ-၁၊၆၈)၌ ယင်းကြောင်းအရာ ပြည့်စုံစွာ အောက်ပါအတိုင်း လာရှိပေသည်။

ကောသလမင်း အရှင်ဂေါတမ အတုမရှိသော သဗ္ဗညုတဉာဏ်ကို ထိုးထွင်း၍သိ၏ဟု ဝန်ခံတော်မူပါသလော။

ဗုဒ္ဓ မင်းမြတ် မှန်၏၊ အရှင်ဂေါတမသည် အတုမရှိသော သဗ္ဗညုတဉာဏ်ကို ထိုးတွင်း၍သိ၏ဟူသော စကားကို ကောင်းစွာဆိုသူသည် ငါ့ကိုသာလျှင် ရည်ညွှန်း၍ ဆိုသည်ဖြစ်ရာ၏။

မင်းကြီး မှန်ပါ၏၊ ငါသည် အတုမရှိသော သဗ္ဗညုတဉာဏ်ကို ထိုးတွင်း၍သိ၏။

(ယင်းသုတ်၏အဖွင့် (သံ၊ ဋ္ဌ၊ ၁၊ ၁၁၉)၌ 'အနုတ္တရံ သမ္မာသမ္ဗောဓိံ'ကို 'အတုမရှိအလုံးစုံကိုသိသော သဗ္ဗညုတဉာဏ်'ဟု ဖွင့်ဆိုထားပါသည်၊ အခြားအဋ္ဌကထာတို့လည်း အလားတူပင် ဖွင့်ဆိုထားကြပေသည်။)

ကောသလမင်း အရှင်ဂေါတမ များသော သံဃာ ရှိကုန်
သော ဂိုဏ်းရှိကုန်သော ဂိုဏ်းဆရာဖြစ်ကုန်
သော ကျော်စောထင်ရှားကုန်သော များ
သောအခြံအရံရှိကုန်သော အယူဝါဒကို ပြု
တတ်ကုန်သော လူအများက သူတော်ကောင်း
ဟု သမုတ်အပ်သော အကြင်သမဏဗြာဟ္မဏ
တို့သည်ရှိကြပါကုန်သေး၏၊ ထိုသမဏဗြာဟ္မဏ
တို့ကား 'ပူရဏကဿပ၊ မက္ခလိဂေါသာလ၊ နိ
ဂဏ္ဌ၊ သဉ္စယ၊ ကစ္စာယန၊ အဇိတတို့ဖြစ်ကုန်၏၊
ထိုသမဏ ဗြာဟ္မဏတို့သည်လည်း အကျွန်ုပ်က
'အတုမရှိသော သဗ္ဗညုတဉာဏ်တော်ကို ထိုး
တွင်း၍ သိကြပါကုန်သလော'ဟု မေးအပ်
သည်ရှိသော်'အတုမရှိသော သဗ္ဗညုတဉာဏ်ကို
ထိုးတွင်း၍ သိ၏'ဟူ၍ ဝန်မခံကြပါကုန်။

အရှင်ဂေါတမသည် ပဋိသန္ဓေအားဖြင့်
ငယ်လည်းငယ်ပါသေး၏၊ ရဟန်းဝါအဖြစ်ဖြင့်
ငယ်နုလည်းငယ်နုပါသေး၏၊ အဘယ်ကြောင့်
သဗ္ဗညုအဖြစ် ဝန်ခံတော်မူဘိသနည်း။

ဗုဒ္ဓ မင်းမြတ် ဤ ၄ မျိုးတို့ကို'ငယ်ကုန်၏'ဟူ၍
မထီမဲ့မြင် မပြုအပ်ကုန်၊ မဖိနှိပ်မလှမ်းမိုးအပ်
ကုန်၊ ထို ၄ မျိုးတို့ကား 'မင်း၊ မြွေ၊ မီး၊ ရဟန်း
တို့ပင်တည်း၊ ထို ၄ မျိုးတို့ကို'ငယ်ကုန်၏'ဟူ၍
မထီမဲ့မြင် မပြုအပ်ကုန်၊ မဖိနှိပ်မှုလှမ်းမိုးအပ်

ကုန်၊ မင်းမြတ် ရာဇာမျိုးနှင့်ပြည့်စုံသော အမျိုးသုံးပါးကိုလွှမ်းမိုး၍ဖြစ်သော မျှားသော အခြံအရံရှိသော မင်းသားငယ်ကို ပညာရှိသည် ငယ်၏ဟူ၍ မထီမဲ့မြင် မပြုရာ မဖိနှိပ် မလွှမ်းမိုးရာ။

မင်းမြတ် အကြောင်းသော်ကား ထိုမင်းသားသည် မင်းအဖြစ်ကိုရ၍ လူတို့ကို အစိုးရသည်ရှိသော် ထိုမင်းသားသည် ရန်ညိုးသို့ လျှက် အမျက်ထွက်သည်ဖြစ်၍ ထိုမထီမဲ့မြင်ပြုသူ၌ ပြင်းထန်စွာ ရာဇဒဏ်ကျခံစေတတ်၏၊ ထို့ကြောင့် မိမိ၏အသက်ကို စောင့်ရှောက်သောသူသည် ထိုမင်းသားငယ်ကို မထီမဲ့မြင်ပြုခြင်း ဖိနှိပ်လွှမ်းမိုးခြင်းမှ ရှောင်ကြည်ရာ၏။

မင်းမြတ် ရွာ၌ရှင်း၊ တောင်၌ရှင်း အကြင်အရပ်၌ မြွေကိုမြင်တွေ့ရာ၏၊ ထိုမြွေကို ငယ်၏ဟူ၍ မထီမဲ့မြင် မပြုရာ၊ အကြောင်းသော်ကား အဆိပ်ပြင်းထန်သော ထိုမြွေသည် မထီမဲ့မြင်ပြုသောသူမိုက်ကို ကိုက်ရာ၏၊ ထိုကြောင့် မိမိ၏အသက်ကို စောက်ရှောက်သောသူသည် ထိုမြွေငယ်ကို မထီမဲ့မြင်ပြုခြင်းမှ ရှောင်ကြဉ်ရာ၏။

မင်းမြတ် မီးကို အနည်းငယ်ဟူ၍ လူသည် မထီမဲ့မြင်မပြုရာ၊ ထိုမီးသည် လောင်စာကို

ရသည်ရှိသော် အလွန်စွမ်းပကားကြီးမားသည် ဖြစ်၍ အိုးအိမ်နှင့်တကွ လူတို့ကို လောင်ကြွမ်းရာ၏။ ထို့ကြောင့် မိမိ၏အသက်အိုးအိမ်စည်းစိမ်ကို စောင့်ရှောက်သော သူသည် မီးကို အနည်းငယ်မျှဟု မထီမဲ့မြင်ပြုခြင်းမှ ရှောင်ကြဉ်ရာ၏။

မင်းမြတ် သီလနှင့်ပြည့်စုံသော ရဟန်းသည် သီလတန်ခိုးဖြင့် အကြင် မထီမဲ့မြင်ပြုသော နှိုပ်စက်ကလူ ပြစ်မှားခြင်းပြုသော သူကို လောင်ကြွမ်းစေတတ်၏။ ထိုသူအား သား, သမီး, ဆင်, မြင်း, ကျွဲ, နွား စသည်တို့သည်မဖြစ်ထွန်းကုန်၊ အမွေအနှစ် ဥစ္စာတို့လည်း မရတတ်ကြကုန်။ သားသမီးမရှိကုန်သည်ဖြစ်၍ လည်း ဆစ်ကျိုးသော ထန်းပင်ငုတ်တို့နှင့် တူတတ်ကုန်၏။

ထို့ကြောင့်သာလျှင် ပညာရှိသော မိမိ၏ အကျိုးစီးပွားကို ကောင်းစွာ မြော်မြင်သော ယောကျ်ားသည် မြွေကို၎င်း, မီးကို၎င်း, များသောအခြံအရံရှိသောမင်းကို၎င်း, ကောင်းမွန်သင့်လျော်စွာပင် ပြုမူဆက်ဆံ ကျင့်ဆောင်ရာ၏။

**ကောသလမင်း** အရှင်ဂေါတမ အလွန်နှစ်သက်အပ်ပါပေစွ၊ အလွန်နှစ်သက် အပ်ပါပေစွ။ အရှင်ဘုရား အကျွန်ုပ်သည် ဘုရား,တရား,သံဃာကို ကိုးကွယ်လည်းလျှောင်းရာဟူ၍ ကပ်ရောက်ပါ၏။ အရှင်ဘုရား မြတ်စွာဘုရားသည် ယနေ့မှအစပြု၍ အသက်ထက်ဆုံး ကိုးကွယ်ဆည်းကပ်သူဖြစ်သော ဥပါသကာဟူ၍ အကျွန်ုပ်ကို အသိအမှတ်ပြုတော်မူပါလော့။

ဤအမေးအဖြေ အပြည့်အစုံကို လေ့လာသုံးသပ်ကြည့်လျှင် ကောသလမင်း၏ အမေးကို ဗုဒ္ဓက ဖြေဆိုရာ၌ ဗုဒ္ဓသည် 'မိမိ အတုမရှိသော သဗ္ဗညုတဉာဏ်ကို ထို့ထွင်း၍သိ၏' ဟူ၍ ဝန်ခံမိန့်ဆိုချက်ကိုလဲဘဲ ရဲရဲဝံ့ဝံ့ အခိုင်အမာ ဝန်ခံလို့ပြန်ရကား 'ရဟန်း,မင်း,မြွေ,မီးလေးထွေ ကယ်စေမပေါ့နှင့်'ဟူ၍ ကြောင်းကျိုးမှန်ပြ၍ ကောသလမင်းအား မိန့်တော်မူခဲ့ပေသည်။

ဤနေရာ၌ အထူးသတိချပ်ဘွယ်တခု တွေ့ရ၏။ ယင်းကား မိမိကိုယ်ကို မိမိ ဘုရားဘွဲ့ခံယူထားကြသော နိဂဏ္ဍစသော ဆရာကြီး ၆ ဦးတို့သည် အချို့သာမန် လူတန်းစားများကိုကား မဟုတ်မမှန်ဘဲ ဝါကြွား၍ 'သဗ္ဗညူ' အဖြစ် ဝန်ခံရန် ဝံ့စားကြသော်လည်း ကော

သလမင်းကြီးလို ပုဂ္ဂိုလ်မျိုး၏ တိုက်ရိုက်မေးလျှောက်ရာ၌ကား'သဗ္ဗညု'အဖြစ်ကို ဝန်ခံရန် မရဲဝံ့ရှာကြကြောင်းပင် ဖြစ်သည်။

## သဗ္ဗညုတဉာဏ် အမည်ရပုံ

အဘိဓမ္မတ္ထ သင်္ဂဟအဋ္ဌကထာ၏ အဖွင့်ဖြစ်သော အဘိဓမ္မတ္ထဝိဘာဝိနီဋီကာခေါ် ဋီကာကျော်ကျမ်း သဗ္ဗသင်္ဂဟဝဏ္ဏနာ၌ 'လောကုတ္တရာမဂ်စိတ် အဘိညာဉ်စိတ်တို့သည် အကြိမ်များစွာမဖြစ်ကြဘဲ စိတ္တက္ခဏ တကြိမ်တည်းသာ ဖြစ်ကြသော်လည်း ထိုဇောသဘောရှိသည်၏ အဖြစ်ကြောင့် (အာရုံ၌ ထိုထိုသောကိစ္စကို ပြီးစေသည်၏ အစွမ်းဖြင့် လျင်သောအဟုန်ဖြင့် ဖြစ်ခြင်းရှိသောကြောင့်)ဇော မည်ကြ၏။ အဘယ်ကဲ့သို့နည်း။ တပါးတပါးသောအာရုံကို အာရုံပြု၍သိသော်လည်း သဗ္ဗညုတဉာဏ်သည် အလုံးစုံသော ဉေယျမံ တရားတို့ကို ထိုးထွင်း၍သိခြင်း၌ စွမ်းနိုင်သည်၏အဖြစ်နှင့် ယှဉ်ခြင်းကြောင့် တရံတဆစ်မျှ ထိုသဗ္ဗညုတဉာဏ်'ဟူသောအမည်ကို မစွန့်နိုင်ဘိသကဲ့သို့တည်း၊ ဤသို့မှတ်ယူအပ်၏'ဟု ဖွင့်ဆိုထားလေသည်။

ယင်းဋီကာကျော်ကျမ်းကို ထပ်ဆင့်၍ဖွင့်ပြန်သော မဏိမဉ္ဇူသာဋီကာ (စာမျက်နှာ ၃၉၀)၌ လာသော ဖွင့်ဆိုချက်များကိုယူ၍ အရှင်ဇနကာဘိဝံသမူ ဋီကာကျော်နိဿယသစ်(စာမျက်နှာ ၁၂၇)၌ ရှင်းလင်းပြည့်စုံစွာ မိန့်ဆိုချက်များကို အောက်ပါအတိုင်း မှတ်သားအပ်လှပါသည်။

> ‘အလုံးစုံကိုသိသောဉာဏ်ကို သဗ္ဗညုတဉာဏ်ဟု ခေါ်၏။ ထိုဉာဏ်သည်တကယ်သိရာ၌‘သင်္ခါရ၊ ဝိကာရ၊ လက္ခဏာ၊ နိဗ္ဗာန်၊ ပညတ်’ဟူသော ဉေယျတရားတို့တွင်ရှင်း တပါးစီတပါးစီကိုသာ သိ၏။ သို့သော် အလုံးစုံကို သိနိုင်စွမ်းသော သတ္တိရှိသောကြောင့် တပါးစီတပါးစီကို သိခိုက်မှာလည်း‘သဗ္ဗညုတ’ဟူသော အမည်ကို မစွန့်သကဲ့သို့ ထို့အတူ မဂ်စိတ် အဘိညာဏ်စိတ်တို့သည် တကြိမ် တကြိမ်သာ ဖြစ်သော်လည်း အဟုန်ပြင်းစွာဖြစ်ခြင်းသဘောရှိသောကြောင့် ဇဝန ဟူသော အမည်ကို မစွန့်ဟူလို’

အထက်ပါ မိန့်ဆိုချက်များကို ရှုစု၍ ကောက်ချက်ယူရသော် ဗုဒ္ဓသည်သဗ္ဗညုတဉာဏ်တော်ဖြင့် ဆင်ခြင်၍ဆင်ခြင်၍ တပါးစီတပါးစီကို သိနေခိုက်တွင်လည်းဖြစ်စေ၊ အလိုတော်မရှိ၍ မဆင်ခြင်၍ မသိသောအခိုက်တွင်လည်းဖြစ်စေ ‘အလုံးစုံကိုသိသူ-သဗ္ဗညု’ဟူသော အမည်ကို မစွန့်ပေ။ အဘယ်ကြောင့်နည်း။ ထိုဉေယျတရား အလုံးစုံကို အလိုတော်ရှိ၍ ဆင်ခြင်ပါက သိစွမ်းနိုင်သော စွမ်းရည်ရှိနေသောကြောင့်ပေတည်း။ ယင်း ဉာဏ်တော်ကြောင့်ရာ ဗုဒ္ဓကို ‘သဗ္ဗညုဗုဒ္ဓ သဗ္ဗညုဘုရား’ဟူသော အမည်တော်ကို ရတော်မူပေသည်ဟု မှတ်ယူအပ်ပေသည်။

**သဗ္ဗသဒ္ဒါအနက် ၄ မျိုး**

ဤသဗ္ဗညူ(သဗ္ဗ+ဉာ+ရူ)ပုဒ်၌ ပါဝင်သောသဗ္ဗသညူ့ဒ္ဒါ

၏ ဟောစွမ်းနိုင်သောအနက်နှင့်စပ်၍ အထူးသတိထားလေ့လာရန် လိုအပ်လာပြန်ပါသည်၊ ယင်းသဗ္ဗသဒ္ဒါသည် အနက်လေးမျိုးကို ဟောစွမ်းနိုင်ပါသည်၊ ယင်းအနက်တို့ကား–

၁။ သဗ္ဗသဗ္ဗ=ဥဿျေံတရား ၅-ပါးဟူသောအနက်။

၂။ ပဒေသသဗ္ဗ=အာရုံ-၅ ပါးဟူသောအနက်။

၃။ အာယတနသဗ္ဗ=အဇ္ဈတ္တိကာယတန-၆ ပါးဗာဟိရာယတန ၆ ပါးဟူသောအနက်။

၄။ သက္ကာယသဗ္ဗ= တေဘူမကတရားများဟူသောအနက်တို့ဖြစ်ကြသည်။

ဤသဗ္ဗသဒ္ဒါ၏ ဟောအပ်သောအနက် ၄ မျိုးတို့တွင် သဗ္ဗညုပုဒ်၌ပါဝင်သော သဗ္ဗသဒ္ဒါ၏ လိုအပ်သောအနက်မှာကား 'ဥဿျေံတရား ၅ ပါး=သဗ္ဗသဗ္ဗ'ဟူသော အနက်ပင်ဖြစ်ပေသည်၊ ယင်း'သဗ္ဗသဗ္ဗ အနက်ကိုဟောသော သဗ္ဗသဒ္ဒါသည်ကား မည်သည့် တစုံတခုသော တရားမျှ အကြွင်းအကျန် လုံးဝမရှိသော 'နိပ္ပဒေသသဗ္ဗ'မျိုးပင် ဖြစ်သည်၊ မှန်ပါသည်။ ပဋိသမ္ဘိဒါမဂ်ပါဠိတော် (၃၇၅)၌ 'ခပ်သိမ်းကုန်သော ဥဿျေတရားတို့သည် လက္ခဏာ,ရသစသော ခပ်သိမ်းသော အခြင်းအရာအားဖြင့် ဗုဒ္ဓ၏ဉာဏ်တော်အဝ၌ ရှေ့ရှုထင်လာကြကုန်၏' ဟူ၍ ဟောတော်မူသောကြောင့် ဖြစ်ပေသည်။

ကြွင်းသော 'သက္ကာယသဗ္ဗ၊ အာယတနသဗ္ဗ၊ ပဒေသသဗ္ဗ' တို့ကား တစုံတခု အကြွင်းအကျန်နှင့်တကွဖြစ်သော 'ပဒေသသဗ္ဗ'မျိုးတို့ ဖြစ်ကြသည်၊ ဤသို့ သဗ္ဗသဒ္ဒါဟောအပ်သော

အနက်တို့နှင့်စပ်၍ ကောက်ချက်ယူရသော် ဗုဒ္ဓ၏ သဗ္ဗညုတ်ဉာဏ်တော်၌ ကျန်လိုအပ်သော 'သဗ္ဗ'ကား တစုံတခုအကြွင်းအကျန် လုံးဝမရှိသော 'နိပ္ပဒေသသဗ္ဗ' မျိုးသည်သာ ကေန်ဖြစ်ကြောင်း မှတ်သားအပ်ပေသည်။ (ပဋိသံ၊ ၃၇၅။ သံဋ္ဌ၊ ၃၊ ၄။ သာရတ္ထဒီ၊ ၃၊ ၂၀၈-၉။ သဒ္ဒနီတိပဒမာလာ ၃၅၇-၈။ ယင်းဦးဗုဒ်နိဿယ။ ၇၂၀၊ ၂၂။)

## ဉာဏ်သုံးခု၊ တခုတော့ကေန်ဖြစ်လိမ့်မည်

ဗုဒ္ဓသည် သဗ္ဗညုတဉာဏ်နှင့်စပ်၍ ဖြစ်ပေါ်လာသော ပြဿနာအများအပြားနှင့် ရင်ဆိုင်တော်မူခဲ့ရ၏၊ ဗုဒ္ဓသည် သဗ္ဗညုတဉာဏ်နှင့်စပ်၍ပင် အင်္ဂုတ္တိုရ်ပါဠိတော် (အံ၊ ၁၊ ၁၈၅)သရဘသုတ်၌ သရဘပရိဗိုဇ်အား တိတိလင်းလင်း ပြင်းပြင်းပြပြ မိန့်ဟတော်မူခဲ့သည်၊ သရဘပရိဗိုဇ်သည်ကား ဗုဒ္ဓသာသနာတော်သို့ ဝင်ရောက်နေထိုင်ပြီးလျှင် တဖန်ပရိပဲဇ်အဖြစ်သို့ ပြန်လည်သက်ဆင်းသွားသူလည်းဖြစ်၏၊ ထို့ကြောင့် ဗုဒ္ဓ၏မိန့်ဟချက်မှာ သဗ္ဗညုတဉာဏ်ကို လေ့လာသူတို့အတွက် ရှင်းလင်းပြတ်သားကြည်လင်သော ကြေးမုံပြင်တချပ်ကဲ့သို့ပင် ဖြစ်ပေသည်။

**သရဘပရိဗိုဇ်** ငါသည် သာကီဝင်းသား ဘုရားတပည့်သား ရဟန်းတို့၏ တရားကိုသိပြီ၊ သာကီဝင်မင်းသား ရဟန်းတို့၏တရားကို သိသောကြောင့် သာလျှင် ထိုသာသနာတော်မှ ထွက်ခွါလာခဲ့သည်။

ရဟန်းများ   မြတ်စွာဘုရား သရဘမည်သော ပရိဗိုဇ်သည် ဤသာသနာတော်မှ ထွက်ခွါသွားခါစ ဖြစ်ပါ၏၊ ထိုပရိဗိုဇ်သည် ရာဇဂြိုဟ်ပြည် ပရိသတ်အလယ်၌'ငါသည် သာကီဝင်မင်းသား ရဟန်းတို့၏တရားကိုသိသောကြောင့်သာလျှင်၊ထိုသာသနာမှ ထွက်ခွါခဲ့၏'ဟု ဤသို့သောစကားကိုပြောဆိုနေပါသည်၊ အရှင်ဘုရား တောင်းပန်ပါ၏၊ မြတ်စွာဘုရားသည် သိပ္ပိနီမြစ်ကမ်းနား ပရိဗိုဇ်တို့အရာမ် သရဘပရိဗိုဇ်ရှိရာသို့ သနားသောအားဖြင့် ချဉ်းကပ်တော်မူပါ။

(ဗုဒ္ဓသည် ဆိတ်ဆိတ်နေခြင်းဖြင့် လက်ခံတော်မူ၏။ဗုဒ္ဓသည် ညနေချမ်းအချိန်၌ တပါးတည်း ကိန်းအောင်းရာမှ ထတော်မူလျက်သိပ္ပိနီမြစ်ကမ်းနား ပရိဗိုဇ်အရာမ် သရဘပရိဗိုဇ်ရှိရာသို့ ချဉ်းကပ်ပြီးလျှင် အောက်ပါအတိုင်းမိန့်တော်မူ၏)

ဗုဒ္ဓ   သရဘ'ငါသည် သာကီဝင်မင်းသား ရဟန်းတို့၏တရားကို သိပြီ၊ သာကီဝင်မင်းသားရဟန်းတို့၏တရားကို သိသောကြောင့်သာလျှင် ထိုသာသနာတော်မှ ထွက်ခွါခဲ့၏'ဟု သင်ဤသို့ဆိုခြင်းသည် မှန်သလော'။(သရဘပရိဗိုဇ်ကား ဆိတ်ဆိတ်နေ၏။)

'သရဘ ပြောလော့၊ သင်သည် သာကီဝင်မင်းသား ရဟန်းတို့၏တရားကို အဘယ်သို့ သိသနည်း၊ အဘယ်မျှ သင့်အား မပြည့်စုံသေးလျှင် ငါကပြည့်စွက်ပေးမည်၊ အကယ်၍ သင့်အား ပြည့်စုံနေလျှင်မူ ငါကဝမ်းမြောက်မည်။ (နှစ်ကြိမ်မြောက်လည်း သရဘပရိဗိုဇ်ကား ဆိတ်ဆိတ်နေဘိ၏။)

'သရဘ' သင်သည် သာကီဝင်မင်းသား ရဟန်းတို့၏တရားကို အဘယ်သို့ သိသနည်း၊ အကယ်၍ သင့်အား မပြည့်စုံသေးလျှင် ငါက ပြည့်စွက်ပေးမည်၊ အကယ်၍ သင့်အား ပြည့်စုံနေလျှင် ငါကဝမ်းမြောက်မည်။' (သုံးကြိမ်မြောက်လည်း သရဘပရိဗိုဇ်ကား ဆိတ်ဆိတ်ပင်နေ၏။)

ပရိဗိုဇ်များ

'ငါ့ရှင်သရဘ သင်တောင့်တနေသော ရဟန်းဂေါတမကပင် သင့်ကိုမိန့်ကြားနေ၏၊ ငါ့ရှင်သရဘ ပြောလိုက်ပါလော့၊ သင်သည် သာကီဝင်မင်းသား ရဟန်းတို့၏တရားကို အဘယ်သို့ သိပါသနည်း၊ အကယ်၍ သင့်အား မပြည့်စုံသေးလျှင် ရဟန်းဂေါတမက ပြည့်စွက်ပေးပါလိမ့်မည်၊ အကယ်၍ သင့်အား ပြည့်စုံနေလျှင် ရဟန်းဂေါတမက ဝမ်းမြောက်ပါလိမ့်မည်။'

(ပရိဗိုဇ်များက ဤသို့ ပြောဆိုလေသော် သရဘပရိဗိုဇ်သည် ဆိတ်ဆိတ်နေကာ မျက်နှာမလှ ခေါင်းငိုက်ဆိုက်ကျ အောက်သို့ချအပ်သော မျက်နှာရှိသည်ဖြစ်၍ မှိုင်တွေငေးမောကာဖြင့် ပြောစရာစကားမရှိပဲ ထိုင်နေရရှာ၏။')

၆၃ 'ပရိဗိုဇ်တို့ အကြင်သူသည် ငါ့ကို အလုံးစုံသောတရားတို့ကို ကိုယ်တိုင်မှန်စွာသိတော်မူ၏ဟူ၍ ဝန်ခံသော အရှင်ဘုရားသည် ဤမည်သော တရားတို့ကိုမူကား ထိုးထွင်း၍ မသိသေးပါဟု ဆိုလာငြားအံ့၊ ငါသည် ထိုသို့သောသူကို ကောင်းစွာမေးမြန်း စိစစ်စစ်ဆေးနဲ့ပါမူ ထိုသူသည် စကားတခုဖြင့် စကားတခုကိုသော်၎င်း ဖုံးကွယ်လိမ့်မည်၊ အခြားစကားကို ယူဆောင်၍သော်လည်း ပယ်လိမ့်မည်၊ စိတ်ဆိုးခြင်း,အမျက်ထွက်ခြင်း,မနှစ်သက်ခြင်း အမူအရာကိုသော်လည်း ထင်စွာပြုလိမ့်မည်၊ ဤသုံးမျိုးသော ဌာနတို့တွင် တမျိုးသော ဌာနသို့ ကေန်ရောက်ရမည်၊ ဤသရဘပရိဗိုဇ်ကဲ့သို့ ဆိတ်ဆိတ်နေရကာ မျက်နှာမလှ ခေါင်းငိုက်ဆိုက်ကျလျက် အောက်သို့ ချအပ်သော မျက်နှာရှိသည်ဖြစ်၍ မှိုင်တွေငေးမောကာဖြင့်

ပြောစရာ စကားမရှိပဲသော်လည်း ထိုင်ခနဲ့ရလိမ့်မည်။

ပရိဗိုဇ်များ  ငါ့ရှင်သရာဘ တောအုပ်ကြီးထဲ၌ မြေခွေးအိုသည် ခြင်္သေ့သံဟောက်မည်ဟု ဟောက်သော်လည်း ကွဲအက်သောမြေခွေးသံသာ ထွက်သကဲ့သို့ သင်သည် ရဟန်းဂေါတမကွယ်ရာ၌ ခြင်္သေ့သံဟောက်မည်ဟု ဟောက်သော်လည်း ကွဲအက်သောမြေခွေးသံသာလျှင် ထွက်ဘိ၏။ ငါ့ရှင်သရာဘ ကြက်မငယ်သည် ကြက်ဖသံတွန်မည်ဟု တွန်ပါသော်လည်း ကြက်မသံသာ ထွက်သကဲ့သို့ သင်သည် ရဟန်းဂေါတမကွယ်ရာ၌ ကြက်ဖသံတွန်မည်ဟု တွန်သော်လည်း ကြက်မသံသာ ထွက်လာဘိ၏၊ ဤသို့လျှင် ထိုပရိဗိုဇ်တို့ နှုတ်နှင်တံဖြင့် ဝိုင်းအုံ၍ထိုးဆွကြကုန်၏။

## သဗ္ဗညုပြဿနာ နန်းတွင်းရောက်လာခြင်း

ကျွန်ုပ်တို့သည် သဗ္ဗညုတဉာဏ်နှင့်စပ်၍ ဤမျှမြင့် မရောင့်ရဲသင့်သေးပါ၊ မဇ္ဈိမပဏ္ဏာသပါဠိတော် ကဏ္ဏကတ္ထလသုတ် (မ၊ ၂၊ ၃၊ ၃၂၈)၌လာသော ကောသလမင်း၏အမေးနှင့် ဗုဒ္ဓ၏အဖြေစကားတို့ကို ဘက်၍ ကြားနာ မှတ်သားကြပါဦးစို့။

၅၁၈ ကောသလမင်း အုပ်စိုးသော ဥရုညမြို့နယ် ကဏ္ဏကတ္ထလမည်သော သားသမင်တော။

**ဇာတ်ဝင်ပုဂ္ဂိုလ်များ။** ဗုဒ္ဓ၊ ရှင်အာနန္ဒာ၊ ကောသလမင်း၊ ဝိဋူဋဘစစ်သူကြီး၊ သဉ္စယပုရောဟိတ်ပုဏ္ဏား နှင့် နောက်လိုက်မင်းချင်းများ။

**ကောသလမင်း** အရှင်ဘုရား ‘တရားအလုံးစုံကိုမြင်သော အကြွင်းမဲ့ဉာဏ်အမြင်ရှိ၏ဟု ဝန်ခံနိုင်သော သမဏသည်၎င်း ဗြာဟ္မဏသည်၎င်း မရှိ၊ ဤသို့ ဝန်ခံနိုင်သော အကြောင်းအမျိုးမျိုးသည် မရှိနိုင်ဟု ရဟန်းဂေါတမဆို၏’ဟု ပြောဆိုသော သူတို့သည် မြတ်စွာဘုရား၏ စကားအတိုင်း ပြောဆိုကြပါကုန်သလော၊ မြတ်စွာဘုရားကို မဟုတ် မမှန်သော အကြောင်းဖြင့် မစွပ်စွဲပဲ ရှိကြပါကုန်၏လော။

အကြောင်းအားလျော်သော အကြောင်းကိုလည်း ပြောကြပါကုန်သလော၊

တစုံတခုသော အကြောင်းအားလျော်စွာ ပြောဆိုခြင်း,အဆင့်ဆင့် ပြောဆိုခြင်းသည် ကဲ့ရဲ့အပ်သောအရာသို့မရောက်ပဲ ရှိပါ၏လော။

**ဗုဒ္ဓ** မင်းကြီး ‘တရားအလုံးစုံကိုသိသောတရား အလုံးစုံကို မြင်သောအကြွင်းမဲ့ ဉာဏ်အမြင် ရှိ၏ဟု ဝန်ခံနိုင်သောသမဏသည်၎င်းဗြာဟ္မဏ သည်၎င်းမရှိ၊ ဤသို့ဝန်ခံနိုင်သော အကြောင်း

မျိုးသည် မရှိနိုင်ဟုရဟန်းဂေါတမဆို၏’ပြော
ဆိုကြသောသူတို့သည် ငါဘုရားစကားအတိုင်း
ပြောဆိုကြသည် မဟုတ်ကုန်၊ ထိုသူတို့သည်
မဟုတ်မမှန်သော အကြောင်းအရာဖြင့်လည်း
ငါဘုရားကို စွပ်စွဲကြကုန်၏။

ကောသလမင်း ဝိဋူဍဘစစ်သူကြီးအဘယ်သူသည် ဤသဗ္ဗညု
ပြဿနာစကားကို နန်းတော်တွင်းသို့ ပြော
ကြားပါသနည်း။

ဝိဋူဍဘ အရှင်မင်းကြီး အာကာသဂေါတ်ဖြစ်သော
သဉ္စယပုဏ္ဏားသည် ပြောကြားပါ၏။

ကောသလမင်း ငါ၏စကားဖြင့် အာကာသဂေါတ်ဖြစ်သော
သဉ္စယပုဏ္ဏားကို သင့်ကိုပသေနဒီကောသလ
မင်းကြီးခေါ်၏ဟု ‘ဆို၍ ခေါ်စေလော့ဟု’
မင်းချင်းယောကျ်ားကို စေခိုင်းလိုက်၏။

ကောသလမင်း အရှင်ဘုရား မြတ်စွာဘုရားသည် တစုံတခု
ကိုရည်ညွှန်း၍ ဟောတော်မူသော စကား
သည် ရှိတန်ရာပါ၏၊ ထိုစကားကိုပင် လူအ
များက တမျိုးတမည်အားဖြင့် သိမှတ်နေရာ
ပါ၏။ အရှင်ဘုရား ထိုကဲ့သို့စကားမျိုးကို
မြတ်စွာဘုရားသည် ပြောဆိုဘူး၏ဟု မှတ်မိ
တော်မူပါသလား။

ဗုဒ္ဓ မင်းကြီးတကြိမ်တည်းဖြင့်သာလျှင် အလုံးစုံကို
သိနိုင်သော အလုံးစုံကိုမြင်နိုင်သော သမဏ

သည်ရှင်း ဗြာဟ္မဏသည်ရှင်းမရှိ၊ ဤသို့သိမြင်နိုင်စွမ်းသော အကြောင်းမျိုးသည်မရှိနိုင်၊ ဤသို့သော စကားပြောကြားဘူးသည်ကို ငါဘုရားမှတ်မိ၏။

**ကောသလမင်း** အရှင်ဘုရား တကြိမ်တည်းဖြင့် သာလျှင် အလုံးစုံကိုသိနိုင်သော အလုံးစုံကိုမြင်နိုင်သော သမဏသည်ရှင်း ဗြာဟ္မဏသည်ရှင်းမရှိ၊ ဤသို့ သိနိုင်မြင်နိုင်သော အကြောင်းမျိုးသည် မရှိနိုင်ဟု အကြောင်းမှန်သဘောကို မိန့်တော်မူပါပေ၏။

**မင်းချင်းယောကျ်ား** အရှင်မင်းကြီး အာကာသနွယ် ဖြစ်သော သဉ္စယပုဏ္ဏား ရောက်လာပါပြီ။

**ကောသလမင်း** ပုဏ္ဏားအဘယ်သူသည် ဤသဗ္ဗညုပြဿနာနှင့် စကားကိုနန်းတော်တွင်း၌ ပြောဆိုဘိသနည်း။

**သဉ္စယပုဏ္ဏား** အရှင်မင်းကြီး ဝိဋူဍဘစစ်သူကြီးပါတည်း၊

**ဝိဋူဍဘ** အရှင်မင်းကြီး သဉ္စယပုဏ္ဏားပါတည်း။

**မင်းချင်းယောကျ်ား** အရှင်မင်းကြီး သွားအံ့သော အချိန်တိုင်ပါသည်။

**ကောသလမင်း** အရှင်ဘုရား အကျွန်ုပ်တို့သည် မြတ်စွာဘုရားကို သဗ္ဗညုတဉာဏ်အကြောင်းကို မေးလျှောက်ကြပါကုန်၏၊ မြတ်စွာဘုရားသည် သဗ္ဗညုတဉာဏ်အကြောင်းကို ဖြေကြားတော်

မူပါ၏၊ ထိုဖြေကြားချက်ကိုလည်း အကျွန်ုပ်
တို့သည် သဘောကျပါကုန်၏၊ နှစ်လည်းနှစ်
သက်ကြပါကုန်၏၊ နှစ်လိုစိတ်လည်း ရှိကြပါ
ကုန်၏၊ အရှင်ဘုရားအကျွန်ုပ်တို့လည်း ယခု
အခါပြန်ကြပါကုန်အံ့၊ အကျွန်ုပ်တို့သည်များ
သောကိစ္စ များသောပြုစရာများ ရှိကြပါ
ကုန်၏။

ဗုဒ္ဓ မင်းကြီး ယခုပြန်ချိန်ကိုသင်သိပေ၏။

(ကောသလမင်းကြီးသည် မြတ်စွာဘုရား
ကိုရှိခိုးအရိုအသေပြုခါ ဘုရားရှင်ထံမှပဲသွား
လေသတည်း။)

မှတ်ချက်။ ။ဤသဗ္ဗညုတဉာဏ် ပြဿနာကို နန်းတွင်း၌
ပြောဆိုကြသူများမှာ သားတော်ဝိဋဋူဘစစ်
သူကြီးနှင့် ပုရောဟိတ်သဉ္စယပုဏ္ဏားတို့ဖြစ်နေ
ကြ၏၊ အခြားတစ်စုံတစ်ဦးကသာ ဗုဒ္ဓအား သဗ္ဗ
ညုတဉာဏ်နှင့်စပ်၍ ထိပါးပုတ်ခတ်ပြောမိပါ
မူကား ရာဇဒဏ်သင့်မည် ကေန်ဖြစ်ပေ၏၊
ယခုကား ဗုဒ္ဓရှေ့တော်မှောက်တွင် ဖြစ်နေ
ပြောသူတို့က သားတော်နှင့် ပုရောဟိတ်ဖြစ်
နေခြင်းနှင့်'ကာလဒေသ၊ ပုဂ္ဂလကိုနှိုင်းဆမိမိ
သိရှိတတ်သူ၊ ပဏ္ဍိတ်ဟူ၏'ဟူသော ဥပဒေသ
အရ အလွန်လိမ္မာသော မင်းချင်းယောကျ်ား
သည် ပြဿနာပြီးဆုံး ပြေငြိမ်းစေရန်'အရှင်

မင်းကြီး သွားချိန် တိုင် ပါပြီ’ဟု ကြားစင် လျှောက်လိုက်ခြင်းဖြစ်ပြီး ငြိမ်းပြီးဆုံးသွား၏၊ ဤမင်းယောကျာ်းကား လိမ္မာပါးနပ်ရာ၌ စံယူဘွယ်မင်းချင်းတဦးပါပေ။

## သမန္တစက္ခုကာသိမှတ်ဘွယ်

ဤအရာ၌ ဗုဒ္ဓကတရားအလုံးစုံကို သိနိုင်မြင်နိုင်အကြွင်းမဲ့ ဉာဏ်အမြင်ရှိသော သမန္တစက္ခုရှိကြောင်းကို ဝန်ခံဟောကြား၍၊ တရားအလုံးစုံကို တကြိမ်တည်းဖြင့်သာလျှင် သိမြင်နိုင်စွမ်းသော သကိံသဗ္ဗညုအဖြစ် ခံယူနိုင်သော သမန္တစက္ခုမရှိကြောင်းကိုသာ အတိအလင်း ရှင်းရှင်းကြီးဟောကြားလိုက်ခြင်းဖြစ်ပါသည်။ ဤသမန္တာနှင့်စပ်၍ သတိချပ်ဘွယ်ရှိသည်ကား ဗုဒ္ဓကား ဗုဒ္ဓသည် မိမိကိုယ်ကို‘သမန္တ’ဟူ၍ရင်း ‘ပြာဟ္မဏ’ဟူ၍ရင်း ဝန်ခံဟောကြားချက်တို့သည် ပိဋကတ်၌ အမြောက်အမြားရှိနေကြောင်းပင် ဖြစ်လေသည်။

## အထူးရှင်းလင်းချက်

လောက၌ တခုသောအာဝဇ္ဇန်း (တကြိမ်သာ ဆင်ခြင်ခြင်း)ရှိသော မနောဒွါရ ဝိထိစိတ်ဖြင့် အတိတ်အနာဂတ်ပစ္စုပ္ပန်ဖြစ်သော အချိန်ကာလကွဲပြားခြားနားသော တရားအလုံးစုံကို တကြိမ်တည်းဖြင့်သိမြင်နိုင်သော တစုံတယောက်သောသူသည်မရှိနိုင်ပေ၊ မှန်ပါသည်။ တခုသောဝိထိစိတ်ဖြင့်

အတိတ်၌ဖြစ်သော တရားအလုံးစုံကို သိအံ့ဟုခြင်ဆင်သော်လည်း ယင်းအတိတ်၌ဖြစ်သော သဘောတရားအလုံးစုံကို အကုန်အစင်သိမြင်ခြင်းငှါ မစွမ်းနိုင်ပေ၊ အမှန်အားဖြင့် ယင်းအတိတ်သဘောတရားတို့တွင် တစိတ်တဒေသသောအကြောင်းကိုသာ သိစွမ်းနိုင်ခြင်းဖြစ်ပါသည်၊ အတိတ်တရားတို့ကို သိအံ့ဟုဆင်ခြင်သော ထိုစိတ်ဖြင့် အခြားသော အနာဂတ်နှင့် ပစ္စုပ္ပန်အကြောင်းအရာတို့ကို အချင်းခပ်သိမ်းပင် (လုံးဝပင်)မသိမမြင်နိုင်ပေ။

အနာဂတ်တရားကို သိမြင်ရန် ဆင်ခြင်သော တခုသောဝီထိစိတ်ဖြင့်လည်း တခြားသောအတိတ်နှင့် ပစ္စုပ္ပန်တရားများကို လုံးဝပင်မသိမြင်နိုင်သည့်ပြင် ဆင်ခြင်ရင်းဖြစ်သောအနာဂတ်တရားအလုံးစုံကိုလည်း အကုန်အစင်မသိမမြင်နိုင်ပဲ တစိတ်တဒေသကိုသာ သိမြင်နိုင်ကြောင်းပင်ဖြစ်ပါသည်။

ပစ္စုပ္ပန် အကြောင်းအရာ တို့ကို သိရန်ဆင်ခြင်ရာ၌လည်း နည်းတူပင်ဖြစ်ပါသည်၊ အကျဉ်းချုပ်ဆိုလိုရင်းကား 'တခုသောဝီထိစိတ်ဖြင့် (ဝါ) တကြိမ်တည်းဖြင့် သဘောတရားအလုံးစုံကို မသိမြင်နိုင်ပေ'ဟူ၍ ဖြစ်ပါသည်၊ ဤကား တခုသောဝီထိစိတ်နှင့် သဘောတရားအလုံးစုံကို တကြိမ်တည်းဖြင့် မသိနိုင်မမြင်နိုင်ဟူသော အကြောင်းအရာနှင့် စပ်၍ဖြစ်ပေါ်လာသော ပြဿနာတည်းဟု ယင်းအဋ္ဌကထာ (စာမျက်နှာ ၂၄၆)ကဖွင့်ဆိုရှင်းလင်းထား၍၊ယင်း၏အဖွင့်ဋီကာ(စာမျက်နှာ ၁၆၃)ကလည်း အလျော်ပင်ဖွင့်ဆိုထားပေသည်။

## ဗုဒ္ဓ၏ စိန်ခေါ်ချက်များ

ဗုဒ္ဓသည် သောကတမြို့ ကာဠကာရာမသူဌေး၏ အရာမ်၌ သီတင်းသုံးနေတော်မူ၏၊ ထိုစဉ်က ဗုဒ္ဓသည် ရဟန်းတို့အား မိမိသည် သဗ္ဗညုတဉာဏ်နှင့် ပြည့်စုံပါကြောင်း ဝန်ခံဟော ကြားခဲ့သည်၊ ဗုဒ္ဓသည် သဗ္ဗညုတဉာဏ်တော်နှင့် စပ်၍ နတ်ဗြဟ္မာလောကနှင့် လူ့လောကကိုပါ ခြုံငုံသိမ်းယူ၍ စိန် ခေါ်လိုက်သည်၊ တဦးတယောက်၏ မျက်စိ နားနှာလျှာ ကိုယ် တွေ့စိတ်သိ မျှမကမူ၍ နတ်ဗြဟ္မာလောကနှင့် လူလော ကနှစ်ရပ်လုံးတို့၏ မြင်အပ် ကြားအပ် တွေ့အပ် သိအပ် ရအပ် ရှာမှီးအပ်၊ စိတ်ဖြင့်အဖန်ဖန်လေ့လာ ကျက်စားအပ်သော အာရုံအလုံးစုံကို ငါဘုရားသိ၏ဟု ရဲရင့်စွာကြွေးကြော်ထား ၏၊ ဗုဒ္ဓသည် အသိဉာဏ်ပညာအရာ၌ လောကကြီးတခုလုံးကို လွှမ်းမိုး၍ စိန်ခေါ်ထားခြင်းပင်ဖြစ်ပေသည်။

ယင်းစိန်ခေါ်ချက် အပြည့်အစုံသ ဉ်ကား အင်္ဂုတ္တိုရ်ပါဠိ တော် လောကသုတ်နှင့် ကာဠကာရာမသုတ် (အံ၊ ၁၊ ၃၃၂၊ ၃၃၃)တို့၌၎င်း၊ ဒီဃနိကာယ်ပါထိကဝဂ္ဂပါဠိတော် ပါသာ ဒိကသုတ် (ဒီ၊ ၃၊ ၁၁၁)၌၎င်း၊ ဒီဃနိကာယ်သီလက္ခန် ပါဠိ တော် အမ္ဗဋ္ဌသုတ်(ဒီ၊ ၁၊ ၉၈)၌၎င်း၊ အောက်ပါအတိုင်း ဖြစ်ပါသည်။

(က) ရဟန်းတို့ ငါဘုရားသည် နတ်မာရ်နတ်ဗြဟ္မာတို့နှင့် သမဏ ဗြာဟ္မဏမင်းများ လူများနှင့် တကွသော

လူ့လောကသည် မြင်အပ် ကြားအပ် တွေ့အပ် သိအပ် ရအပ် ရှာမှီးအပ် စိတ်ဖြင့်အဖန်ဖန်လေ့လာကျက်စားအပ်သော အာရုံအလုံးစုံကို ထိုးထွင်း၍ သိတော်မူ၏၊ ထို့ကြောင့် 'တထာ တ' ဟု ဆိုအပ်၏။

(ခ) ရဟန်းတို့ နတ်မာရ်နတ်ဗြဟ္မာတို့နှင့်တကွသော နတ်လောကနှင့်လူလောကသမဏဗြာဟ္မဏမင်း လူများနှင့်တကွသော လူ့လောကသည်၊ မြင်အပ် ကြားအပ် တွေ့အပ် သိအပ် ရအပ် ရှာမှီးအပ်စိတ်ဖြင့် အဖန်ဖန်လေ့လာကျက်စားအပ်သော အာရုံအလုံးစုံကို ထူးသောဉာဏ်ဖြင့်သိပြီးပြီ၊ ထိုအာရုံအလုံးစုံကို ငါဘုရားသည် ထင်စွာသိပြီးပြီ၊ ထိုအာရုံအလုံးစုံတို့ကိုမူကား ငါဘုရားသည် တဏှာဒိဋ္ဌိတို့ဖြင့် မကပ်ရောက်ပေ။

(ဂ) ရဟန်းတို့ နတ်မာရ်ဗြဟ္မာတို့နှင့်တကွသော နတ်လောကနှင့် သမဏဗြာဟ္မဏမင်း လူများနှင့်တကွသော လူ့လောကသည် မြင်အပ် ကြားအပ် တွေ့အပ် သိအပ် ရအပ် ရှာမှီးအပ်သောစိတ်ဖြင့် အဖန်ဖန် လေ့လာကျက်စားအပ်သော အာရုံအလုံးစုံကို ငါဘုရားမသိဟုဆိုငြားအံ့ ငါ၏စကားသည် အမှားဖြစ်ရာ၏။

(ဃ) ချစ်သားစုန္ဒ နတ်မာရ် မင်း ဗြဟ္မာမင်းနှင့်တကွသော လောကကြီးသည် 'ရဟန်းပုဏ္ဏား၊ နတ်နှင့်တကွ

သော သတ္တဝါအပေါင်းသည် မြင်အပ် ကြားအပ် တွေ့အပ် ဉာဏ်ဖြင့်ရောက်အပ် ရှားမှီးအပ် စိတ်ဖြင့် အဖန်ဖန်ဆင်ခြင်စူးစမ်းအပ်သော အာရုံဟူသမျှကို တထာကာတအမည်ရသည့် ဗုဒ္ဓသည် ထိုးတွင်းသက်ဝင်၍ သိမြင်အပ်၏၊ ထို့ကြောင့် တထာဂတဟူ၍ ဆိုအပ်၏။

( င ) အမ္ဗဋ္ဌလုလင်အကြင်ပုဂ္ဂိုလ်၏ ငါဘုရားအပေါ်၌ သဗ္ဗညုဟုတ်လေသလား မဟုတ်လေသလားဟု ယုံမှားခြင်း(ကင်္ခါ) တွေးတောခြင်း(ဝိမတိ)ရှိနေသည်ဖြစ်အံ့၊ ထိုယုံမှားသံသယရှိနေသော ပုဂ္ဂိုလ်သည် ငါဘုရားကိုပြဿနာမေးခြင်းဖြင့် သုတ်သင်ရှင်းလင်းစေရာ၏၊ ငါဘုရားသည် ပြဿနာကို ဖြေဆိုတော်မူခြင်းဖြင့် သုတ်သင်ရှင်းလင်းစေအံ့ဟု ဤသို့ဖိတ်ခေါ်မိန့်ကြားတော်မူ၏။

## သဗ္ဗညုတဉာဏ် သိမြင်ပုံ

လောက၌ လောကုတ္တရာ လောကီနယ်ပယ်ကြီးနှစ်ခုရှိကြသလို ဂုဏ်ထူးကြီးများလည်း နှစ်ခုပင်ရှိကြသည်၊ ယင်းသို့ကား လောကုတ္တရာဂုဏ်ထူးကြီးနှင့် လောကီဂုဏ်ထူးကြီးတို့ဖြစ်ကြသည်၊ လောကုတ္တရာဂုဏ်ထူးကြီးဆိုသည်မှာ အခြားမဟုတ်ပဲ မြတ်စွာဘုရားပစ္စေကဗုဒ္ဓါရဟန္တာအရှင်တို့၏ မိမိတို့ပါရမီဂုဏ်အလျောက် အသီးအသီးရရှိကြသော အရဟတ္တမဂ် အရဟတ္တဖိုလ်ဂုဏ်ထူးကြီးတို့ဖြစ်ကြ၏။

လောကီဂုဏ်ထူးကြီးဆိုသည်ကား မြတ်စွာဘုရားတို့သည် သာရတော်မူအပ်သော သဗ္ဗညုတဉာဏ်တော် ကြီးပေတည်း၊ ဤသဗ္ဗညုတဉာဏ်တော်ကြီးကို ရရှိမှသာ ဗုဒ္ဓဘွဲ့ကိုခံယူရရှိနိုင်ပေသည်၊ ဤဉာဏ်တော်ဖြင့်သာ ဝေနေယျလူနတ်ဗြဟ္မာမသော သတ္တဝါတို့၏အကျိုးစီးပွါးကို ဆောင်ရွက်နိုင်ပေသည်၊ ဤဉာဏ်တော်ကိုရရှိအောင် မလွယ်ကူလှပေ၊ တကယ်ဆိုသော်ပဲ့လှော်ပဲ့စီး၊ ဤဝန်ကြီးကို၊ မငြီးမငွေ့၊ လျော့မေ့မမူ၊ ကိုယ်ထူကိုယ်ထ၊ လုံ့လရှေးရှေး၊ နှိုးဆော်ရေးဖြင့် လေးသင်္ချေနှင့်ကမ္ဘာတသိန်း ဒါနစသော ပါရမီတော်များကိုဖြည့်ကျင့်ဆည်းပူးရသည်ဖြစ်၍ အလွန်ခက်ခဲလှသည်၊ ခက်ခဲသည်နှင့်အမျှ ပါရမီပြည့်ဝ၍ ဗုဒ္ဓဘွဲ့ကိုရရှိတော်မူကြသောအခါ၌လည်း ဉာဏ်တော်တို့၏လျင်မြန်ထူးရှထက်မျက်လှသော ဘက်စုံမြင်(သမန္တစက္ခု)ဉာဏ်မှန်နှင့် သဗ္ဗညုတဉာဏ်တော်ဂုဏ်ဖြင့် ကုံလုံပြည့်ဝကြရပေသည်၊ မည်မျှကုံလုံပြည့်ဝကြပေသနည်း၊ အဖြေသည်ကား ပဋိသမ္ဘိဒါမဂ်ပါဠိတော်ပညာဝဂ်မဟာပညာကထာ (၁၊၉၊၁၇၆)၌ အောက်ပါအတိုင်း ဟောထားပါသည်။

အတိတ်အနာဂတ် ပစ္စုပ္ပန်ကာလသုံးတို့၌ ဗုဒ္ဓဉာဏ်တော်အား အသိအတားမရှိ၊

အကြင်မျှလောက် သိအပ်သော တရားအပေါင်းသည်ရှိ၏၊ ထိုမျှလောက်သော ဉာဏ်တော် သည်ရှိ၏။

အကြင်မျှလောက် ဉာဏ်တော်သည် ရှိ၏၊ ထိုမျှလောက်သိအပ်သော တရားသည်ရှိ၏။

ဉာဏ်တော်သည် သိအပ်သောတရားလျှင် အပိုင်းအခြားရှိ၏။

သိအပ်သော တရားအပေါင်းသည် ဉာဏ်တော်လျှင် အပိုင်းအခြားရှိ၏။

ဉာဏ်တော်သည် သိအပ်သောတရားအပေါင်းကို လွန်၍မဖြစ်၊

သိအပ်သော တရားနယ်ပယ်သည် ဉာဏ်တော်ကို လွန်၍မဖြစ်၊

ထိုသိအပ်သောတရားနယ်ပယ် သိတတ်သောဉာဏ်တို့သည် အချင်းချင်းအဆုံးအပိုင်းအခြား အညီအမျှတည်ရှိကြကုန်၏။

ဥပမာကား ကောင်းစွာထိစပ်အပ်ကုန်သော အုပ်စုံဖြစ်ကုန်သော ကြုတ်နှင့် အဖုံးတို့၏ အောက်ခံဖြစ်သော ကြုတ်သည် အထက်ဖြစ်သော အဖုံးကိုမလွန်၊ အထက်ဖြစ်သော အဖုံးသည် အောက်ခံဖြစ်သော ကြုတ်ကိုမလွန်၊ ကြုတ်နှင့် အဖုံးတို့သည် အချင်းချင်း အဆုံး အပိုင်းအခြား အညီအမျှတည်ရှိကြသကဲ့သို့ပေတည်း။

(မှတ်ချက်။ ။'ဆင္ဒသံဂါယနာတင်မူ ပဋိသမ္ဘိဒါမဂ် ပါဠိတော်နိသျ စာမျက်နှာ(၃၄၁)၌ 'သမုဂ္ဂပဋလ'သဒ္ဒါကို'ပအုပ် အပြင်'ဟု အနက် မြန်မာပြန်ဆိုထားပါသည်။ ယင်း ပြန်ဆိုချက်သည်

အသိခက်သော ပေါရာဏ စကားမျိုးဖြစ်၍ အများသိလွယ်စေရန် ရည်သန်၍ ရှေး ဆရာကြီးတို့၏ မြန်မာပြန်ဆိုနည်းကိုယူ၍ 'သမုဂ္ဂပဋလ ကြုတ်အဖုံး' 'သမုဂ္ဂပဋလာနံ - ကြုတ်၊ အဖုံးတို့၏ဟု မြန်မာပြန်ဆိုလိုက်ပါသည်။)

ပကြွဝဋ္ဋာ၊ အဇဋ္ဋာနှင့်၊ သတ္တဝါများ၊
ဉာဏ်၏အားဖြင့်၊ လေးပါးနန္တ၊ ရေခဲကလျှင်
သုံးစမသိ၊အံ့ဘွယ်ရှိ၏၊ ဗောဓိဉာဏ်မွန်၊အမြင်
သန့်၍၊ အနန္တာရုံ၊ ကြုံသားထပ်မျှ၊ မျက်နှာဝ
နှင့်၊ တန်ကြွမြေ၊ ကြုတ်ဖုံးထဲသို့၊ အံ့အဲသရာ၊
စက္ကဝါနှင့်၊ အာဏာမိုးပြင်၊ လူပုံယင်ကို၊ သိ
မြင်လေနိုင်၊ ဉာဏ်မလွှိုင်။

(ပါရမီတော်ခန်းပျိုး ပုဒ်ရေ ၆၄)

## သဗ္ဗညုဘုရားရှင်တို့၏ ဖိတ်ကြားခြင်း

ဗုဒ္ဓသည် ထိုထိုသော ဘီလူးမင်း,နတ်,ရဟန်း,ပုဏ္ဏား ပရိဗိုဇ်တို့အား 'သဗ္ဗညုပဝါရဏာ -သဗ္ဗညုဘုရားရှင်တို့၏ ဖိတ်ကြားခြင်းဖြင့် 'ဖိတ်ကြားမှုကို ပြုတော်မူ၏၊ သဗ္ဗညုပဝါရဏာ ဟူသည် ပစ္စေကဗုဒ္ဓါ, အဂ္ဂသာဝက,မဟာသာဝက, ရဟန္တာတို့နှင့် လုံးဝမဆက်ဆံသော သီးခြားဖိတ်ကြားမှုမျိုးဟု ဆိုလိုပါသည်။ ထိုပစ္စေကဗုဒ္ဓါ ရဟန္တာတို့သည်ကား 'သင်အလိုရှိရာ မေးစမ်းလော့'ဟု စိစိကြပ်ကြပ် တတ်တတ်ဝန့်' အာမခံခြင်း

မပြုပဲ 'သင်မေးသောစကားကို ကြားနာရပြီးမှ ငါသိလျှင် ဖြေကြားပေအံ့'ဟု လျှော့လျှော့စကား အကြွင်းထား၍ ဖိတ်ကြားကြလေသည်။

သမ္ဗုဒ္ဓဘုရားရှင်တို့သည်ကား တစုံတယောက်က ပြဿနာကို မေးလျှောက်သောအခါ၀ယ် 'သင်အလိုရှိရာကို မေးစမ်းလော့၊ မေးသမျှကို သင့်အား ငါသည် အဆုံးရောက်အောင် ဖြေကြားပေအံ့' ဟူ၍ တင်းတင်း ရင်းရင်း စကားကြွင်းကျန်မထားဘဲ ရဲရဲတောက် ဖိတ်ကြားတော်မူကြကုန်၏။ ယင်းသို့ ဖိတ်ကြားပုံကို အနည်းငယ်မျှ ဖော်ပြရလျှင်ကား....

(က) ငါ့ရှင် အာဠ၀ကဘီလူး အကယ်၍ အလိုရှိအံ့၊မေးစမ်းလော့။

(ခ) အဇာတသတ်မင်းမြတ် အကယ်၍အလိုရှိအံ့၊ မေးစမ်းလော့။

(ဂ) သိကြားမင်း အမှတ်မရှိသော ပြဿနာကို စိတ်နှလုံး၌ အလိုရှိအံ့၊ ထိုအမှတ်မရှိသော ပြဿနာကို မေးစမ်းလော့၊ ငါသည် သင်၏ ဆိုထိုပြဿနာ၏ သာလျှင် အဆုံးကိုပြုအံ့။

(ဃ) ရဟန်း ထိုသို့ဖြစ်လျှင်ကား သင်သည် အကယ်၍ အလိုရှိအံ့၊ မိမိနေသော နေရာ၌နေ၍ မေးစမ်းလော့။

(င) ဗာ၀ရိယပုဏ္ဏား သင်၏ငှင်း, အလုံးစုံသောသူတို့၏ ငှင်း, ခပ်သိမ်းသော ယုံမှားသံသယကို ငါသည် ပြုအပ်ပြီးသော အခွင့်ရှိကုန်သည်ဖြစ်၍ သင်တို့

သည် တစုံတခုသော ပြဿနာကို စိတ်နှလုံး၌အလို ရှိကြကုန်၏၊ မေးကြစမ်းလော့။

(စ) သဘိယပရိဗ္ဗိဇ် ခပ်သိမ်းသော ပြဿနာကို စိတ်နှလုံး၌ အလိုရှိ၏၊ ထိုပြဿနာကို ငါ့အား မေးစမ်းလော့၊ ငါသည် ထိုပြဿနာ၏အဆုံးကိုပြုအံ့။ (ဒီ၊ ၁၊၄၀။ ဒီ၊ ဋ္ဌ၊ ၁၊ ၁၄၁။ သီလက္ခန်ဂဏ္ဌိ နှာ ၃၃၄၊ သမညဖလသုတ်အဖွင့်။)

ဤသို့ ရဲရဲတင်းတင်း သဗ္ဗညုပဝါရဏာဖြင့် ဖိတ်ကြားနိုင်ခြင်းကား သမ္မာသမ္ဗုဒ္ဓ ဘုရားရှင်တို့၏ အရာသာဖြစ်ပါသည်။ အခြားသော ပစ္စေကဗုဒ္ဓ၊ စတုသစ္စဗုဒ္ဓ၊ သုတဗုဒ္ဓတို့၏ အရာ မဟုတ်ချေ။ ဤဗုဒ္ဓ ၄ မျိုးတို့တွင် သမ္မာသမ္ဗုဒ္ဓ ပုဂ္ဂိုလ်ဟူသည် အဘယ်ကဲ့သို့သော ပုဂ္ဂိုလ်မျိုးဖြစ်၍၊ သဗ္ဗညုတဉာဏ်ဟူသည် အဘယ်ကဲ့သို့သော ဉာဏ်မျိုးဖြစ်ကြောင်း အောက်ပါပါဠိတော် တိုက်ရိုက်ဟောကြားချက်များဖြင့် သိမှတ်ထိုက်လှပါသည်။

၁။ အဘယ်ကဲ့သို့သော ပုဂ္ဂိုလ်သည် သမ္မာသမ္ဗုဒ္ဓမည်သနည်း။ အကြင်ပုဂ္ဂိုလ်သည် ရှေးအခါ၌ မကြားစဖူးကုန်သော တရားတို့၌ ကိုယ်တော်တိုင် သစ္စာ ၄ ပါးတို့ကို ထိုးထွင်း၍ သိတော်မူ၏။ ထိုရှေးက မကြားစဖူးကုန်သော တရားတို့၌လည်း အလုံးစုံသိသော သဗ္ဗညုဘုရားအဖြစ်သို့ ရောက်တော်မူ၏။ အားတော် ၁၀ တန်။ ဉာဏ်တော် ၁၀ ပါးတို့၌

လည်း အစိုးရသည်၏ အဖြစ်သို့ ရောက်တော်မူ၏။
ဤပုဂ္ဂိုလ်ကို သမ္မာသမ္ဗုဒ္ဓဟူ၍ ဆိုအပ်၏။
(ပုဂ္ဂလပညတ်ပါဠိ နှာ ၁၁၇)

၂။ မြတ်စွာဘုရား 'သဗ္ဗညုတဉာဏ်ဟူသည် အဘယ်ပါနည်း၊ အလုံးစုံးပြုပြင်စီမံအပ်သမျှ သင်္ခတတရားစုကိုဂင်း၊ အလုံးစုံ မပြုပြင် မစီမံအပ်သော အသင်္ခတ တရားစုကိုဂင်း၊ အကြွင်းအကျန်မရှိ သိတတ်၏၊ထို့ကြောင့် သဗ္ဗညုတဉာဏ်မည်၏၊ ထိုသို့ အလုံးစုံကို အကုန်သိမြင်ရာ၌ အပိတ်အပင်အတားအဆီးမရှိသော (အနာဝရဏ) ဉာဏ်မည်၏။
(ပဋိသမ္ဘိဒါမဂ်၊ ဉာဏကထာ၊ နှာ-၁၂၅)

## သမ္မာသမ္ဗုဒ္ဓ၊ ပစ္စေကဗုဒ္ဓါစသည် ခြားနားချက်

သမ္မာသမ္ဗုဒ္ဓပစ္စေကဗုဒ္ဓါ ဝယာရန်ဖြစ်ကြသော ရှင်သာရိပုတြာရှင်မောဂ္ဂလ္လာန်နှင့် အခြားရဟန်းတို့၏ ပညာဉာဏ်စူးရှထက်မြက်မှု အရည်အသွေးအဆင့်အတန်းမတူညီကြပဲ ထူးခြားကြပါသည်၊ မှန်ပါသည်၊ သမ္မာသမ္ဗုဒ္ဓဘုရားရှင်, ပစ္စေကဗုဒ္ဓါ ရှင်သာရိပုတြာ,ရှင်မောဂ္ဂလ္လာန်နှင့်အခြားရဟန္တာတို့၏ ပါရမီ ဖြည့်ကျင့်ရမှုအမြင့်အရာ အနိမ့်အမြင့်အချိန်ကာလတို့ရှည်မတူညီကြပဲ ကွဲပြားကြပါသည်၊ ယင်းကြောင့်ပင် မိမိတို့ဖြည့် ဆည်းပူအပ်သော ပါရမီအကြောင်း ကံအားလျော်စွာပညာ

ဉာဏ်စူးရှထက်မျက်မှု အရည်အသွေးအဆင့်အတန်း မတူညီကြပေ၊ ဤသို့ မတူခြားနားကြောင်းကို အောက်ပါ ပုဂ္ဂလပညတ်ပါဠိတော်စာမျက်နှာ (၁၈၀-၁)၌လာရှိသော ဟောကြားချက်များဖြင့် မှတ်သားဆောင်ယူထားသင့်ပါသည်။

## သမ္မာသမ္ဗုဒ္ဓသဗ္ဗညုဘုရား

ထိုမှာတိကာစကားရပ်၌ အကြင်ပုဂ္ဂိုလ်သည် ရှေး၌မကြားဘူးကုန်သော တရားတို့၌ ကိုယ်တိုင်သာလျှင် သစ္စာလေးပါးတို့ကို ထိုးထွင်း၍သိ၏၊ ထိုတရားတို့၌လည်း အလုံးစုံသိခြင်းသို့ရောက်၏၊ ထိုကိုယ်တိုင်ဖြစ်စေအပ်သော သဗ္ဗညုတဉာဏ်ဖြင့် ထိုပုဂ္ဂိုလ်ကို အလုံးစုံသောတရားတို့ကို ကိုယ်တိုင်မှန်စွာသိသော သဗ္ဗညုဘုရားဟု မှတ်အပ်၏။

## ပစ္စေကဗုဒ္ဓါ

ထိုမှာတိကာစကားရပ်၌ အကြင်ပုဂ္ဂိုလ်သည် ရှေး၌မကြားဘူးကုန်သောတရားတို့၌ အလိုလိုကိုယ်တိုင်သာလျှင် သစ္စာလေးပါးတို့ကို ထိုးထွင်း၍သိ၏၊ ထိုတရားတို့၌လည်း အလုံးစုံသိခြင်းသို့မရောက်၊ ဗိုလ်တရားတို့၌လည်း လေ့လာခြင်းသို့မရောက်၊ ထိုပစ္စေကသမ္ဗောဓိဉာဏ်ဖြင့် ထိုပုဂ္ဂိုလ်ကို ပစ္စေကဗုဒ္ဓါဟုမှတ်အပ်၏။

## ရှင်သာရိပုတ္တရာနှင့် ရှင်မောဂ္ဂလ္လာန်

ထိုမှာတိကာစကားရပ်၌ အကြင်ပုဂ္ဂိုလ်သည် ရှေး၌မကြားဘူးကုန်သောတရားတို့၌ အလိုလိုကိုယ်တိုင်သာလျှင် သစ္စာလေး

ပါးတို့ကို ထိုးထွင်း၍မသိ၊ ယခုဘဝ၌ပင်ဆင်းရဲ၏ အဆုံးကိုပြု၏။ သာဝကပါရမီဉာဏ်သို့လည်းရောက်၏၊ ထိုသာဝကပါရမီဉာဏ်ဖြင့် ထိုပုဂ္ဂိုလ်တို့ကို သာရိပုတြာမောဂ္ဂလ္လာန်တို့ဟု မှတ်အပ်ကုန်၏။

ကြွင်းသောရဟန္တာများ

ထိုမာတိကာစကားရပ်၌ အကြွင်ပုဂ္ဂိုလ်သည် ရှေး၌မကြားဘူးကုန်သောတရားတို့၌ အလိုလိုကိုယ်တိုင်သာလျှင် သစ္စာလေးပါးတို့ကို ထိုးထွင်း၍မသိ၊ ယခုဘဝ၌ပင်ဆင်းရဲ၏ အဆုံးကိုပြု၏၊ သာဝကပါရမီဉာဏ်သို့ မရောက်၊ ထိုဒုက္ခ၏အဆုံးကိုပြုခြင်းဖြင့် ထိုပုဂ္ဂိုလ်တို့ကို၊ သာရိပုတြာမောဂ္ဂလ္လာန်တို့မှ ကြွင်းသောရဟန္တာပုဂ္ဂိုလ်တို့ဟူ၍ မှတ်အပ်ကုန်၏။

သမ္မာသမ္ဗုဒ္ဓ၊ ပစ္စေကသမ္ဗုဒ္ဓအထူး

ယင်းပုဂ္ဂလပညတ်ပါဠိတော် ကေကပုဂ္ဂလပညတ္တိ(စာမျက်နှာ-၁၁၇)၌ပင် အဘယ်သို့သောပုဂ္ဂိုလ်ကို သမ္မာသမ္ဗုဒ္ဓပုဂ္ဂိုလ်ဟုခေါ်ဆို၍၊ အဘယ်သို့သောပုဂ္ဂိုလ်ကို ပစ္စေကသမ္ဗုဒ္ဓဟုခေါ်ဆိုကြောင်းကို တိကျပြတ်သားစွာ ဟောကြားထားပါသေးသည်၊ ယင်းဟောကြားချက်များကိုလည်း ပိုမိုပြည့်စုံစေရန်မှတ်ယူဆောင်ထားအပ်ပါသည်။

သမ္မာသမ္ဗုဒ္ဓ

အလုံးစုံသောတရားတို့ကို ကိုယ်တိုင်မှန်စွာ သိမြင်သော သမ္မာသမ္ဗုဒ္ဓပုဂ္ဂိုလ်ဟူသည် အဘယ်နည်း၊ ဤလောက၌ အချို့

သောပုဂ္ဂိုလ်သည် ရှေး၌မကြားဘူးကုန်သော တရားတို့၌ ကိုယ်တိုင်သစ္စာလေးပါးတရားတို့၌ အကုန်အစင်သိမြင်ခြင်းသို့ရင်း အားတော်ဆယ်တန် ဉာဏ်တော်ဆယ်ပါးတို့၌ လေ့လာနိုင်နင်းခြင်းသို့ရင်းရောက်၏၊ ထိုပုဂ္ဂိုလ်ကို အလုံးစုံသောတရားတို့ကို ကိုယ်တိုင်မှန်စွာ သိမြင်နိုင်သော သမ္မာသမ္ဗုဒ္ဓပုဂ္ဂိုလ်ဟူ၍ ဆိုအပ်၏။

## ပစ္စေကသမ္ဗုဒ္ဓ

သစ္စာလေးပါးတရားကို အသိးအခြားသိမြင်သော ပစ္စေကသမ္ဗုဒ္ဓပုဂ္ဂိုလ်ဟူသည်အဘယ်နည်း၊ ဤလောက၌ အချို့သောပုဂ္ဂိုလ်သည် ရှေး၌မကြားဘူးကုန်သောတရားတို့၌ ကိုယ်တိုင်ထိုးထွင်းသိမြင်၏၊ ထိုသစ္စာလေးပါးတရားတို့၌ အကုန်အစင်သိမြင်ခြင်းသို့ရင်း အားတော်ဆယ်တန် ဉာဏ်တော်ဆယ်ပါးတို့၌ လေ့လာနိုင်နင်းခြင်းသို့ရင်းမရောက်၊ ဤပုဂ္ဂိုလ်ကို သစ္စာလေးပါးတရားကို အသိးအခြားသိမြင်သော ပစ္စေကသမ္ဗုဒ္ဓပုဂ္ဂိုလ်ဟူ၍ဆိုအပ်၏။

## ဉာဏ်တော်ထူးခြားချက်များ

ဗုဒ္ဓ၏အောက်၌ အကောင်းဆုံး ဗောဓိဉာဏ်ရှင်တို့အား ပစ္စေကဗုဒ္ဓါတို့နှင့် အဂ္ဂသာဝကရှင်သာရိပုတြာနှင့် ရှင်မောဂ္ဂလ္လာန်တို့ဖြစ်ကြသည်။

ထိုအရှင်တို့သည် ကိုယ့်သန္တာန်၌ဖြစ်သော ရုပ်နာမ်တရားတို့ကိုသာ သိသင့်သမျှသိကြသည်၊ သူတပါးသန္တာန်၌ဖြစ်သော ရုပ်နာမ်တရားများနှင့်သက်မဲ့ ဗဟိဒ္ဓ တော, တောင်, ရေ, မြေစသော ရုပ်ဝတ္ထုတို့၏ ထူးခြားမှုအဆင့် လျှင်မြန်ဆန်းကြယ်စွာ ပြောင်းလဲမှုစသည်ကို အပြည့်အစုံ ကုံလုံစွာ မသိမြင်နိုင်ကြပဲအချို့အဝက် တစိတ်တဒေသကိုသာ သိမြင်တော်မူကြသည်။

သဗ္ဗညုဗုဒ္ဓတို့သည်ကား မိမိသန္တာန်၌ဖြစ်သော ရုပ်နာမ်တရားများကိုရှင်း ဝိညာဏ်မဲ့ (သက်မဲ့) ဖြစ်သော တော, တောင်, ရေ, မြေစသော ရုပ်ဝတ္ထုတို့၏ ခတ်သဘာဝ ထူးခြားမှုအဆင့်ဆင့်လျှင်မြန်ဆန်းကြယ်စွာ ပြောင်းလဲဖြစ်ထွန်းမှုစသည်ကို ပြည့်စုံကုံလုံစွာ သိမြင်တော်မူပါကြောင်းနှင့် အဋ္ဌကထာ, ဋီကာဆရာတို့က အောက်ပါအတိုင်း ဖေါ်ဆောင်ညွှန်ပြထားကြလေသည်။

သဗ္ဗညုဗုဒ္ဓတို့သည်ကား အသက်ဝိညာဏ်မဲ့ ရုပ်ဝတ္ထုတို့၏ ခတ်သဘာဝချင်း ထူးခြားခြင်းကိုလည်း သိမြင်တော်မူကြသည်၊ 'ဤမည်သောခတ်သဘော၏ လွန်ကဲဖြစ်ထွန်းများပြားခြင်းကြောင့် ဤအမည်ရှိသော သစ်ပင်၏ပင်စည်သည် ဖြူဖွေးသော အဆင်းရှိနေရသည်၊ အခေါက်အခွံသည်ထူထဲနေရသည်၊ ပါးလွှာနေရသည်၊ အရွက်သည်လေးထောင့်သဏ္ဌာန်အဝိုင်းသဏ္ဌာန်စသည်ဖြစ်၍ နေရသည်၊ အပွင့်သည် အဖြူအနီအဝါအညို ထိုထိုအဆင်းရှိနေရသည်၊ အနံ့ကောင်း အနံ့ဆိုး ဟာမျိုးမျိုး ရှိနေရသည်၊ အသီးသည် အကြီးအငယ်

နှစ်မျိုး ကွဲပြားခြားနား၍ အဝိုင်းလေးထောင့်ပုံဟန်စသည် ကွဲပြားထူးခြားနေရသည်။ အချိုအချဉ် အစပ်အခါး အရသာ အစားစားရှိနေရပေသည်။ 'ဤသို့ဂနသေချာ သိမြင်တော်မူကြပါလေသည်။ အဘို၊ ဠ၊ ၂၊ ၄၃၈၊ မ၊ ဋီ၊ ၃။ ၂၇၂။ နိုင်ငံတော် ဗုဒ္ဓသာသန မဟာဗုဒ္ဓဝင် ပဥ္စမတွဲ ၇၄၇)

## ဗုဒ္ဓ၏ ရဲရဲတောက်စကား

ဗုဒ္ဓသည် မည်သို့သော ပရိသတ်၌မဆို မိမိကိုယ်ကိုမိမိ ရဲရင့်သူဖြစ်ပါကြောင်း ရဲရဲတောက် ပြောကြား ဝန်ခံထားသည်။ အဘယ်ကဲ့သို့ ရဲရဲတောက် ပြောကြားဝန်ခံထားသနည်း။ ဗုဒ္ဓသည် မိမိ၏ပြောကြားချက် အဆိုပြုချက်ကို သမဏဖြစ်စေ၊ ဗြာဟ္မဏကဖြစ်စေ၊ နတ်ကဖြစ်စေ၊ မာရ်နတ်ကဖြစ်စေ၊ ဗြဟ္မာကဖြစ်စေ၊ လောက၌ တစုံတယောက်က ဖြစ်စေ၊ မည်သူကမျှ အကြောင်းပြယုတ္တိနှင့်တကွ ရှုပ်ချဲ့ပြစ်တင်နိုင်မည့် အရိပ်နိမိတ်ကိုမျှ မတွေ့မြင်ရသောကြောင့် ငြိမ်းချမ်းခြင်း၊ ဘေးမရှိခြင်း၊ ရဲရင့်ခြင်းသို့ ရောက်နေရပေသည်ဟု အင်္ဂုတ္တိုရ်၊ စတုက္ကနိပါတ် ဝေသာရဇ္ဇသုတ် (အံ၊ ၁၊ ၃၁၅)နှင့် မူလပဏ္ဏာသပါဠိ မဟာသီဟနာဒသုတ် (မ၊ ၁၊ ၁၃၈) တို့၌ ဟောကြားချက်များကို မှတ်သားနိုင်ရန် အကျဉ်းမျှ ထုတ်ဆောင်ပြအပ်ပါသည်။

၁။ ရဟန်းတို့ အလုံးစုံသော တရားတို့ကို ကိုယ်တိုင် မှန်စွာသိ၏ဟု ဝန်ခံသော အရှင်ဘုရားသည် 'ဤ

မည်သော တရားတို့ကိုကား ထိုးထွင်း၍ မသိအောင်ကုန်သေး’ဟု ငါ့ကို သမဏကဖြစ်စေ၊ ဗြာဟ္မဏကဖြစ်စေ၊ နတ်ကဖြစ်စေ၊ မာရ်နတ်ကဖြစ်စေ၊ ဗြဟ္မာကဖြစ်စေ၊ လောက၌ တစုံတယောက်က ဖြစ်စေ၊ ထိုအရာ၌ အကြောင်းပြယုတ္တိနှင့်တကွ အပြစ်တင်စောဒနာနိုင်မည့် အရိပ်နိမိတ်ကိုမျှ ငါမမြင်ရသောကြောင့် ငြိမ်းချမ်းခြင်း၊ ဘေးမရှိခြင်း၊ ရဲရင့်ခြင်းသို့ရောက်လျက်နေ၏။

၂။ အာသဝေါတရားတို့ကုန်ပြီဟု ဝန်ခံသော အရှင်ဘုရားအား ‘ဤမည်သော အာသဝေါတရားတို့သည် မကုန်သေးကုန်’ဟု ငါ့ကို သမဏကဖြစ်စေ၊ ဗြာဟ္မဏကဖြစ်စေ၊ နတ်ကဖြစ်စေ၊ မာရ်နတ်ကဖြစ်စေ၊ ဗြဟ္မာကဖြစ်စေ၊ လောက၌ တစုံတယောက်ကဖြစ်စေ ထိုအရာ၌ အကြောင်းပြယုတ္တိနှင့်တကွ အပြစ်တင် စောဒနာနိုင်မည့် အရိပ်နိမိတ်ကိုမျှ ငါမမြင်သောကြောင့် ငြိမ်းချမ်းခြင်း၊ ဘေးမရှိခြင်း၊ ရဲရင့်ခြင်းသို့ရောက်လျက်နေ၏။

၃။ စျာန်မဂ်ဖိုလ်၏ အန္တရာယ်ကို ပြုတတ်ကုန်၏ ဟု အရှင်ဘုရား ဟောကြားသော ထိုတရားတို့သည် မှီဝဲသောသူအား စျာန်မဂ်ဖိုလ်၏အန္တရာယ်ကို မပြုရှမ်းနိုင်ကုန်’ဟု ငါ့ကိုသမဏကဖြစ်စေ၊ ဗြာဟ္မဏကဖြစ်စေ၊ နတ်ကဖြစ်စေ၊ မာရ်နတ်ကဖြစ်စေ၊ ဗြဟ္မာကဖြစ်စေ၊ လောက၌ တစုံတယောက်က ဖြစ်

စေ၊ အကြောင်းပြယုတ္တိနှင့်တကွ အပြစ်တင် စောဒနာနိုင်မည့် အရိပ်နိမိတ်ကိုမျှ ငါမမြင်ရသောကြောင့် ငြိမ်းချမ်းခြင်း၊ ဘေးမရှိခြင်း၊ ရဲရင့်ခြင်းသို့ ရောက်လျက်ရှိ၏။

၄။ 'ဝဋ္ဋဆင်းရဲကုန်ခြင်းငှာ အရှင်ဘုရားဟောကြားသောတရားသည် ဟောကြားထားတိုင်း ကျင့်သုံးသူအား ဝဋ္ဋဆင်းရဲကုန်ရန် ကောင်းစွာ မထုတ်ဆောင်နိုင်ပါ'ဟု ငါ့ကို သမဏကဖြစ်စေ၊ ဗြာဟ္မဏကဖြစ်စေ၊ နတ်ကဖြစ်စေ၊ မာရ်နတ်ကဖြစ်စေ၊ လောက၌ တစုံတယောက်သောသူက အကြောင်းပြယုတ္တိနှင့်တကွ အပြစ်တင် စောဒနာနိုင်မည့် အကြောင်းကို မမြင်ရသောကြောင့် ငြိမ်းချမ်းခြင်း ဘေးမရှိခြင်း၊ ရဲရင့်ခြင်းသို့ရောက်လျက်နေ၏။

ရဟန်းတို့ မြတ်စွာဘုရား၏ ရဲရင့်ကြောင်း ဝေသာရဇ္ဇဉာဏ်နှင့်ပြည့်စုံသော မြတ်စွာဘုရားသည် မြင့်မြတ်ကြောင်းကိုဝန်ခံ၏၊ ပရိသတ်ဟူသမျှ၌ ရဲဝံ့သောစကားကို မြွက်၏၊ မြတ်သော တရားစကြာကို လည်စေတော်မူ၏ဟု မိန့်တော်မူ၏။

ဗုဒ္ဓဉာဏ်တော် ဂုဏ်ရည်များကို ပိုမိုကျယ်ပြန့် ပြည့်စုံစွာ သိရှိနိုင်ရေးအတွက် အင်္ဂုတ္တိုရ် ဆက္ကနိပါတ်လာ 'သီဟနာဒ' သုတ်နှင့် သီလက္ခန်ပါဠိတော် မဟာသီဟနာဒသုတ်များကို ဖတ်မှတ်ကြပါလေဦးဟု တိုက်တွန်းအပ်ပါသည်။ ဤ၌ကား ယင်းသုတ်များလာ ဟောကြားချက်များကို ဖော်ပြရန် အခွင့်မသာတော့ပေ။

## မပြမသိ ပြမှသိ

ဗုဒ္ဓသည် သဗ္ဗညုတဉာဏ်တော်နှင့်စပ်၍ ဤမျှဝန်ခံကြွေး ကြော်ထားတော်မူခြင်းသည် ပုထုဇဉ်များ အလေ့ကဲ့သို့ ဝါ ကြွားပလွှားလိုသော အလိုဆိုးမျိုး လုံးဝရှိတော်မမူပေ။ ဤသို့ သဗ္ဗညုတဉာဏ်တော်ကို ဝန်ခံပြောဆိုရခြင်းကား ဝေနေယျ သတ္တဝါတို့၏အကျိုးစီးပွားကို ရွက်ဆောင်တော်မူလိုလှသော မဟာကရုဏာတော်ကြောင့်ပင်ဖြစ်၏၊ မှန်ပါသည်။ လူနတ် ဗြဟ္မာသတ္တဝါတို့သည် သဗ္ဗညုတဉာဏ် ဂုဏ်သတ္တိကို ထင်စွာ မပြပါမူ သိနိုင်ကြမည် မဟုတ်ကြကုန်။ ထင်ရှားပြမှသာ သိနိုင်ကြမည်၊ လေးခံ ကြောက်ရွံ့ကြမှသာ ရိုသေလေး စားလာကြမည်၊ ရိုသေလေးစားလာကြပါမှသာ ဗုဒ္ဓဟော ကြားအပ်သော မဇ္ဈိမ ပဋိပဒါ မဂ္ဂင်လမ်းသို့ ဖြောင့်တန်း ထက်သန် ဝမ်းမြောက်စွာသွားနိုင်ကြမည်၊ ကျင့်ဆောင်နိုင် ကြမည်ဟု အကျိုးအဆက်ဆင် မြင်တော်မူသောကြောင့် သဗ္ဗညုတဉာဏ်တော်၏ ဂုဏ်သတ္တိစွမ်းပကားကို ပြသရခြင်း ဖြစ်လေသည်။

ပေါယယ်ထိုထို၊ လူဒိုလ်အရှိ၊ များအချိုလည်း၊
သတ္တိဗလ၊ စွမ်းကာမကို၊ မပြမသိ၊ ပြမှသိ၏၊
သိမှထိတ်လန့်၊ ရွံ့ကြောက်ခဲ့၏၊ ခန့်မှရိုသေ၊
ရိုသေသော်သာ၊ လိုက်နာရှင်လန်း၊
ကျင့်ဖြောင့်တန်း၏။

(မဃဒေဝလင်္ကာသစ်၊ အပိုဒ် ၁၈၀)

## ရှင်သာရိပုတြာ မှန်းဆသိရပုံ

သဗ္ဗညုတဉာဏ်တော်သည် မကြံစည်နိုင် မကြံစည်အပ်သော အစိန္တေယျဂုဏ် ဤမျှ ဤမျှ ပမာဏရှိ၏ဟု မတိုင်းတာနိုင် မနှိုင်းခိုင်းနိုင်သော အပ္ပမေယျဂုဏ် ဤမျှ ဤမျှ အရေအတွက်ရှိပေ၏ဟု ဂဏန်းသင်္ချာဖြင့် မဖော်ပြနိုင် မဖော်ပြအပ်သော အသင်္ချေယျဂုဏ်တို့နှင့် ပြည့်စုံပေ၏။ ယင်းကြောင့် အဋ္ဌသာလိနီ အဋ္ဌကထာနိဒါန်း (၁၃)၌ 'သဗ္ဗညုတဉာဏ်တော်ကို သဗ္ဗညုတဉာဏ်ဖြင့်သာ သိမြင်နိုင်ပေ၏'ဟု ဖွင့်ဆိုထားပါသည်။

မှန်ပါသည်၊ မဇ္ဈိမပဏ္ဏာသပါဠိတော် သုဘသုတ် (မ၊ ၂၊ ၄၁၇)၌ ဗုဒ္ဓနှင့်ယှဉ်ပြိုင်၍ တင်းတင်းမာမာဝါဒတင်ဆိုရင်း နောက်ဆုံး၌ ဥပါသကာအဖြစ်၌တည်၍ ပြန်လာခဲ့သော သုဘလုလင်ကို ပုဏ္ဏားတယောက်က လမ်းခုလပ်တွင် 'ရဟန်းဂေါတမ၏ ဉာဏ်ပညာသည် အဘယ်သို့ ရှိလေသနည်း' ဟု မေးမြန်းစုံစမ်းရာ၌ 'သင်သည် အကျွန်ုပ်ကို အဘယ်သို့ပုဂ္ဂိုလ်ထင်သနည်း။ အကြင်သူသည် ရဟန်းဂေါတမ၏ ပညာရှိသောအဖြစ်ကိုသိ၏၊ ထိုသူသည်လည်း ထိုရဟန်းဂေါတမကဲ့သို့ သဘောရှိသည်ဖြစ်ရာသည် မဟုတ်ပါလော'ဟု သုဘလုလင်ပြန်လည်ပြောကြားခဲ့လေသည်။

ရှင်သာရိပုတြာသည် ဉာဏ်ပညာ ကြီးကျယ်ပြန့်ပြောရာတွင် ဗုဒ္ဓ၏အောက်၌ အမြတ်ဆုံး ထိပ်တန်း ဧတဒဂ်ဘွဲ့ရရှိတော်မူ၍၊ မဟာပညာပတ္တ ပုဂ္ဂိုလ်ကြီးဖြစ်၍ အသင်္ချေနှင့်

ကမ္ဘာတသိန်းအတွင်း ဖြစ်ရပ်များကို ပြန်ပြောင်းအောက်မေ့၍ ဆင်ခြင်သုံးသပ်နိုင်စွမ်းလည်း ရှိပေသည်။ ဗုဒ္ဓကပင် ‘ရှင်သာရိပုတြာသည် ငါဘုရား၏ ဓမ္မစက်ကို အတုလိုက်၍ အစဉ်လျောက်၍ ဟောဖော်လည်ပတ်စေနိုင်၏’ ဟုမိန့်ကြားတော်မူထားသည်။

ထိုမျှပညာဉာဏ်ကြီးမြင့်သော်လည်း ဤသဗ္ဗညုတဉာဏ်တော်အရာ၌မူကား ရှင်သာရိပုတြာမကြောင့် ဉာဏ်တော်သည်ပင် ပြည့်စုံကုံလုံစွာ စူးစမ်းဆင်ခြင်မှုပြုခြင်းငှာ မစွမ်းနိုင်ပေ။ သို့ဖြစ်၍ ဓာရုးတော်သို့ အစဉ်လိုက်၍ မှန်းဆခြင်းနည်းဖြင့်သာ သိရပေသည်။ ဤအကြောင်းစုံကား မဟာဝဂ္ဂသံယုတ်ပါဠိတော် နာလန္ဒသုတ် (သံ၊ ၃၊ ၁၃၇၊ ၃၃၉)၌ရှင်း ဒီဃနိကာယ်ပါထိက ဝဂ္ဂပါဠိတော် သမ္ပသာဒနီယသုတ် (ဒီ၊ ၃၊ ၀၂)၌ရှင်း မဟာဝဂ္ဂပါဠိတော် မဟာပရိနိဗ္ဗာနသုတ်(ဒီ၊ ၂၊ ၆၉)၌ရှင်း အောက်ပါအတိုင်း ဟောကြားထားပေသည်။

ရှင်သာရိပုတြာ — မြတ်စွာဘုရား သဗ္ဗညုတဉာဏ်အရာ၌ မြတ်စွာဘုရားထက် သာလွန်၍သိသော အခြားသော သမဏ ဗြာဟ္မဏမည်သည် ရှိလည်းမရှိခဲ့ပါ၊ ရှိလိမ့်မည်လည်း မဟုတ်ပါ၊ ယခုလည်း မရှိဟု မြတ်စွာဘုရားအပေါ်၌ အကျွန်ုပ်သည် ဤသို့ယုံကြည်နေပါ၏။

ဗုဒ္ဓ — သာရိပုတြာ သင်သည် ‘မြတ်စွာဘုရား သဗ္ဗညုတဉာဏ်အရာ၌ မြတ်စွာဘုရားထက် သာ

လွန်၍သိသော အခြားသော သမဏ ဗြာဟ္မဏ မည်သည် ရှိလည်းမရှိခဲ့ပါ၊ ရှိလိမ့်မည်လည်း မဟုတ်ပါ။ ယခုလည်းမရှိဟု မြတ်စွာဘုရား အပေါ်၌ အကျွန်ုပ်သည် ဤသို့ယုံကြည်နေပါ၏ ဟူသော ဤကြီးကျယ် ခန့်ငြားလှသော စကားကိုဆိုဘိ၏။ တိကျလှသောစကားကို ဆိုဘိ၏၊ ခြင်္သေ့ဟောက်သံကဲ့သို့ ရဲရင့်သော စကားကိုဆိုဘိ၏။

သာရိပုတြာ ရှေးက ဖြစ်တော်မူကြပြီး သော၊ နောင်ဖြစ်တော်မူလတံ့ကုန်သော ပူဇော်အထူးကို ခံထိုက်ကုန်သော မြတ်စွာဘုရား တို့၏စိတ်ကို ထိုမြတ်စွာဘုရားတို့ ဤသို့သီလရှိ ကုန်ပြီ၊ ဤသို့သမာဓိရှိကုန်ပြီ၊ ဤသို့ပညာရှိ ကုန်ပြီ၊ ဤသို့နေလေ့ရှိကုန်ပြီဟုငင်း၊ ထိုမြတ် စွာဘုရားတို့သည် ဤသို့ အာသဝ တရားတို့မှ လွတ်မြောက်ကုန်ပြီဟုငင်း၊ သင့်စိတ်ဖြင့် ပိုင်း ခြား၍သိသလော။

ရှင်သာရိပုတြာ ဗုဒ္ဓ မြတ်စွာဘုရား ဤသို့မသိပါ။

သာဝိပုတြာ ယခုအခါ၌ ပူဇော်အထူးကို ခံ တော်မူထိုက်ကုန်သော တရားတို့ကို ကိုယ်တိုင်း မှန်စွာ သိတော်မူသော ငါဘုရား၏ စိတ်ကို 'မြတ်စွာဘုရားသည် ဤသို့သီလရှိ၏၊ ဤသို့ သမာဓိတရားရှိ၏၊ ဤသို့ပညာရှိ၏၊ ဤသို့ နေ

လေ့ရှိ၏ဟု၎င်း မြတ်စွာဘုရားသည် ဤသို့
အာသဝေါတရားတို့မှ လွတ်မြောက်၏ဟု၎င်း
ဤသို့သင့်စိတ်ဖြင့် ပိုင်းခြား၍သိသလော။

ရှင်သာရိပုတြာ မြတ်စွာဘုရား ဤသို့မသိပါ။

ဗုဒ္ဓ သာရိပုတြာ အတိတ် အနာဂတ် ပစ္စုပ္ပန်တို့၌
ဖြစ်တော်မူကုန်သော ပူဇော်အထူးကို ခံထိုက်
ကုန်သော အလုံးစုံသောတရားတို့ကို ကိုယ်တိုင်
မှန်စွာ သိတော်မူကုန်သော ဤမြတ်စွာဘုရား
တို့၏စိတ်ကို ပိုင်းခြား၍သိနိုင်သောဉာဏ်သည်
သင့်အားမရှိ၊ ထိုသို့သိနိုင်သော ဉာဏ်မရှိပါ
ဘဲလျက် 'သဗ္ဗညုတဉာဏ် အရာ၌ မြတ်စွာ
ဘုရားထက် သာလွန်၍သိသော အခြားသမဏ
ဗြာဟ္မဏ သည်လည်း မရှိခဲ့ဘူးပါ၊ နောင်
ရှိလိမ့်မည်လည်းမဟုတ်ပါ၊ ယခုအခါ၌လည်း
မရှိပါဟု မြတ်စွာဘုရားအပေါ်၌အကျွန်ုပ်သည်
ယုံကြည်ပါ၏ဟူသော ဤကြီးကျယ်ခန့်ငြား
တက်ကျပြတ်သား၍ ခြင်္သေ့ဟောက်သံကဲ့သို့ ရဲရဲ
တောက်စကားကို အဘယ်ကြောင့် သင်ပြော
ဆိုဘိသနည်း။

ရှင်သာရိပုတြာ မြတ်စွာဘုရား၊ အတိတ် အနာဂတ် ပစ္စုပ္ပန်
တို့၌ဖြစ်ကုန်သော ပူဇော်အထူးကို ခံတော်မူ
ထိုက်ကုန်သော အလုံးစုံသော တရားတို့ကို
ကိုယ်တိုင်မှန်စွာ သိတော်မူကုန်သော မြတ်စွာ

ဘုရားတို့၏စိတ်ကို ပိုင်းခြား၍ သိမြင်နိုင်သော ဉာဏ်သည် အကျွန်ုပ်အား မရှိပါ၊ ထိုသို့ မရှိငြားသော်လည်း အကျွန်ုပ်သည် တရားတော်သို့ အစဉ်လိုက်၍ သိရပါ၏။

မြတ်စွာဘုရား ဥပမာသော်ကား မင်း၏ အစွန်အဖျားကျသော မြို့တမြို့ရှိခဲ့ရာ ပြအိုးတံ တိုင်းဖြင့် အခိုင်အလုံ ကာရံထား၏၊ ဖြောင့်ဝင်ပေါက်မျှမရှိ လုံခြုံလှပါ၏။ တံခါးသည်လည်း တပေါက်သာရှိ၏။ ထိုမြို့တံခါးစောင့်သည် ဤမြို့သို့ ဝင်သူထွက်သူ သူစိမ်းပြင်ပသတ္တဝါ အကြီးစားတို့သည် ဤတံခါးပေါက်ကပင် ထွက်၏ ဝင်၏ဟုသိနိုင်ပါသည်။ ထိုအတူ အတိတ် အနာဂတ် ပစ္စုပ္ပန်ဖြစ်ကုန်သော မြတ်စွာဘုရားတို့သည်လည်း စိတ်ကို ညစ်ညူးစေတတ်ကုန်သော၊ ပညာကိုအားနည်းအောင် ပြုတတ်ကုန်သော နီဝရဏငါးပါးတို့ကို ပယ်စွန့်၍ သတိပဋ္ဌာန် လေးပါးတို့၌ စိတ်ကိုကောင်းစွာတည်စေ၍ ဗောဇ္ဈင်ခုနစ်ပါးတို့ကို ဟုတ်တိုင်းမှန်စွာ ပွားစေ၍၊ အတုမရှိ မြတ်သော သမ္မာသမ္ဗောဓိဉာဏ်နှင့် သဗ္ဗညုတဉာဏ်တော်ကို ထိုးထွင်း၍ သိတော်မူကြကုန်၏ဟု တရားတော်သို့ အစဉ်လိုက်၍ သိရပါ၏။

ဗုဒ္ဓ — သာရိပုတြာ .... ကောင်းပေစွ ကောင်းပေစွ၊
ထို့ကြောင့်ပင် သင်သည် ဤတရားဒေသနာ
တော်ကို ရဟန်း,ရဟန်းမ၊ ဥပါသကာ,ဥပါ
သိကာမတို့အား အမြဲမပြတ် ဟောကြားလေ
လော့။

သာရိပုတြာ မှန်၏၊ ငါဘုရားအပေါ်၌ ယုံ
မှားခြင်း၊ တွေးတောခြင်းရှိကုန်သော၊ မဂ်
ဖိုလ်မှ အချည်းနှီးဖြစ်ကုန်သော သူတို့သော်
မှလည်း ဤတရားဒေသနာတော်ကို ကြားနာ
ရသည်ရှိသော် ငါဘုရားအပေါ်၌ ယုံမှား
ခြင်းကို၎င်း၊ တွေးတောခြင်းကို၎င်း ပယ်
ဖျောက်နိုင်ပေလတံ့။

ခရာရွှေလိပ်၊ မင့်တံဆိပ်ဖြင့်၊ ခတ်နှိပ်လျှံ
ဝင်း၊ရွှေတတင်း၌၊ကြွင်းမဲ့ထိုမျှ၊မကျဉ်ရအောင်၊
မင်းမှသိရာ၊ မင်းဘဏ္ဍာသို့၊ အနာဝရဏ်၊ သဗ္ဗ
ဉာဏ်ဖြင့်၊သမန္တစက်၊စံမဘက်သား၊ မင်းထက်
မင်းစစ်၊ ရှင်ချစ်တို့သာ၊ သိထိုက်စွာတည့်၊
ဝိဇ္ဇာကိစ္စ၊ ဤဉာနသည်၊ အညဝါဒီ၊ ရှင်ဗာ
ဟီတို့၊ မမှီနည်းလွတ်၊ တတ်လှငြားလည်း၊ပိုင်း
ခြားယုတ်လတ်၊ အမြွတ်ဟူသ၊ သုံးပါးမျှတို၊
ဘဝနည်းစွာ၊ သိန်းလောက်သာနှင့်၊ ကမ္ဘာ
တဆယ်၊ သည်ကကယ်၍၊ လေးဆယ်မကျော်၊
ရော်ရော်မှန်းမှန်း၊ မျက်ကန်းကြိုးလျှောက်၊

ဗာဟိလျှောက်ဖြင့်၊ ရှေးနောက်မမြင်၊ အဖြစ်
မြင်ခဲ့၊ အရှင်မဟာ၊ ပစ္စေကာလည်း၊ ပါရမီ
ဖြည့်ကိန်း၊တသိန်းကပ်နေ၊ နှစ်သင်္ချေမျှ၊မထွေ
မထူး၊ ကျေးဇူးမဖြင်၊ တဆစ်ထင်ခဲ့၊ မြှောက်
တင်ဝဲ့ယာ၊ ဂုဏ်မဟာဖြင့်၊ ပညာဏ္ဍိ၊ မယှံ
ပြိုင်ဘို့၊ ရှင်တို့အမှူး၊ နှစ်ဦးအဂ္ဂ၊ သာဝကနှင့်၊
ရှင်မယသော်၊ သက်တော်လွန်ရှည်၊ ဗာကု
ထေရ်တို့၊ဖြည့်သည်ကိန်းလွန်၊ မြင်သိတွန်လည်း
ကျွန်၏ခွန့်အား၊ မင်းပါးပျောက်ကွယ်၊ ဓန
နိုးကြွယ်သို့၊ အံ့ဘွယ်မထင်၊ မသစ်လွင်ခဲ့၊
ကောင်းကင်စက္ကဝါ၊သတ္တာဝိညာဏ၊ လေးနန္တ
တွင်၊ ဆုံးဆမသိ၊ ဉာဏ်တော်ရှိသည့်၊ မုနိချစ်
ရှင်၊ သခင်ဘုရား၊ တို့ထွတ်ထားသာ၊ ထင်ရှား
ခွဲစိတ်၊ အတိတ်နာဂတ်၊ ကျန်မလွတ်အောင်၊
ဆုံးဖြတ်အကျယ်၊ သိနိုင်ဘွယ်တည့်၊ ဖုံးကွယ်သို
ဝှက်၊ ထိုအနက်ကို၊ ဆက်၍ဘုန်းတူ၊ ပွင့်တော်
မူမှု၊ ရှင်လူအများ၊ ထင်ရှားသူငါ၊ သိရပါအံ့၊
နောက်လာယခု၊ ကျွတ်ဆုရွယ်ချောင်း၊ ဝေ
နေပေါင်းအား၊ ရှင်ကောင်းမျှော်ရှု၊ ဟော
ဖော်ပြုဟု၊ ဇာစုံတပေါင်း၊ ပန်ထွာတောင်း
သည်၊ ဆယ်ချောင်းဦးတင် ဝပ်စင်းတည်း။

(မဃဒေဝလင်္ကာသစ်၊ ပုဒ်ရေ ၂၂)

# အခန်း—၅

## သဗ္ဗညုတဉာဏ်တည်းဟူသော ဓမ္မခေတ်

လောက၌ အသိဉာဏ်ဖြင့် ရပ်တည်နေကြသော လူနတ်ဗြဟ္မာတို့သည် မိမိတို့၌ရှိသော အသိဉာဏ်ပေတန်ဖြင့် တိုင်းတာ၍ မသိမှုလေတိုင်း 'အလုံးစုံကိုသိ၏'ဟု ဝန်ခံကြသော သမဏ ဗြာဟ္မဏများအပေါ်၌ ယုံမှားသံသယရှိနေကြသည်။ ရှိလည်းရှိသင့်ကြသည်၊ အဘယ်ကြောင့်ပါနည်း အသိဉာဏ်၏ နယ်ပယ်ကား အသိခံအရာခပ်သိမ်း ကျယ်ဝန်းစွာ တည်ရှိသမျှ ကျယ်ဝန်းနေပေသည်။ စဆုံးမထင်သော စကြာဝဠာ အနန္တဝယ် သိစဘွယ်တို့ကား ကြွယ်ဝ ကျယ်ပြောလှသောကြောင့်ပင်တည်း။

တကယ်ဆိုရသော် အသိဉာဏ်သည် ဝန်ထုပ်ဝန်ပိုးကြီးတခုကဲ့သို့ လေးလံစွာ သိမ်းသယ်ဆောင်နေရသော ရုပ်ဝတ္ထုမျိုးမဟုတ်ဘဲ အတိုင်းအတာမဲ့ လျင်မြန်ပေါ့ပါးသော နာမ်ခေတ်မျိုးသာဖြစ်သည်။ ဤအရာ၌ ဗုဒ္ဓ၏ အလုံးစုံသိခြင်းမှာ မဖြစ်နိုင်သော လုပ်ရပ်ဒဏ္ဍာရီမျိုး မဟုတ်ချေ။ ဖြစ်ရိုးဖြစ်စဉ်ရိုးရိုးပင်ဖြစ်သည်။မဖြစ်နိုင်စရာ ဆန်းကျယ်လှစွာသော နိယာ

မလွန် သဘောမျိုးမဟုတ်ပေ။ ဤအကြောင်းအရာနှင့် စပ်၍ ဗုဒ္ဓနှင့် အဘယရာဇကုမာရမင်းသားတို့ ဟောပြောဆွေးနွေးချက်၌ ရှင်းလင်းပြတ်သားစွာ တွေ့ရပေသည်။ အဘယ ရာဇကုမာရမင်းသားကား နိဂဏ္ဌဆရာကြီး၏ အတွင်းသားတပည့်တဦးဖြစ်သည့်ပြင်၊ ဗုဒ္ဓနှင့်ဝါဒစစ်ထိုးရေး၌ ရှေ့ပြေးတပ်ဦးကိုယ်စားလှယ်အမာခံတဦးလည်း ဖြစ်သည်။ယင်းအကြောင်းအရာစုံကို မဇ္ဈိမပဏ္ဏာသပါဠိ အဘယရာဇကုမာရသုတ် (မ၊ ၂၊ ၅၄)၌ အောက်ပါအတိုင်း လေ့လာနိုင်ကြပေသည်။

အချိန် — ဗုဒ္ဓသည် ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်း၌ သီတင်းသုံး နေတော်မူသော တနေ့သော အချိန်။

ဌာန — ရာဇဂြိုဟ်ပြည် အဘယကုမာရ မင်းသား၏ စံတော်အိမ်။

ဇာတ်ဝင်ပုဂ္ဂိုလ်များ — ဗုဒ္ဓနှင့်နောက်ပါသံဃာ(၃)ပါး၊သဗ္ဗညု ဝန်ခံသူ နိဂဏ္ဌဆရာကြီး၊ ကလေးငယ်တဦးကို ပွေ့ပိုက်ထားသော အဘယမင်းသားနှင့် နောက်လိုက်အခြံအရံ ပရိသတ်များ။

နိဂဏ္ဌ — မင်းသားလာလော့၊ သင်သည် ရဟန်းဂေါတမကို အပြစ်တင်ချေလော့၊ဤသို့အပြစ်တင်နိုင်သော် 'အဘယမင်းသားကား ဤသို့ဤသို့ တန်ခိုးအာနုဘော်ကြီးသော ရဟန်းဂေါတမကို အပြစ်တင်နိုင်ပေ၏' ဟု သင်၏ နာမည်

ကြီးခြင်း ကောင်းသတင်းသည် ပျံ့နှံ့၍ထွက်လာ၏။

**အဘယမင်းသား** အရှင်နိဂဏ္ဌ အကျွန်ုပ်သည် ဤသို့ တံခိုးအာနုဘော်ကြီးသော ရဟန်းဂေါတမကို အဘယ်သို့ အပြစ်တင်ဝံ့ပါအံ့နည်း။

**နိဂဏ္ဌ** မင်းသားသင်သည် ရဟန်းဂေါတမကို ရဟန်းဂေါတမအရှင်သည် သူတပါး ကြိုက်နှစ်သက်ဘွယ်မရှိသော စကားမျိုးကို ပြောဆိုပါသလောဟု မေးလော့၊ ထိုအခါ ရဟန်းဂေါတမက မင်းသား ငါသည် ဤသို့ သူတပါးကြိုက်နှစ်သက်ဘွယ်မရှိသော စကားမျိုးကို ပြောဆို၏ဟုပြောဆိုအံ့၊ ဤသို့ ပြောဆိုလျှင် အရှင်ရဟန်းဂေါတမသည် ပုထုဇဉ်နှင့် ခြားနားမှုအဘယ်မှာရှိအံ့နည်းဟု ပြောဆိုလော့၊ မှန်ပေ၏။ ပုထုဇဉ်တို့သည် သူတပါး ကြိုက်နှစ်သက်ဘွယ်မရှိသော စကားမျိုးကို ပြောဆိုပါ၏ဟု ပြောဆိုလော့။

အကယ်၍ ရဟန်းဂေါတမက မင်းသား ငါသည် ဤသို့ သူတပါး ကြိုက်နှစ်သက်ဘွယ်မရှိသော စကားမျိုးကို မပြောပါဟု ဆိုလျှင် အရှင်ဂေါတမ ထိုသို့ဖြစ်လျှင် အရှင်ဂေါတမသည် ဒေဝဒတ်ကို ဒေဝဒတ်သည် အပါယ်သို့သွားမည့်သူတည်း၊ ငရဲသို့ကျမည့်သူတည်း၊ ငရဲ

၌ တကမ္ဘာလုံး တည်မည့်သူတည်း၊ ကုစား၍ မရနိုင်သူတည်းဟု အဘယ်ကြောင့် ဆိုပါသနည်း ထိုသို့ပြောဆိုခြင်းကြောင့် ဒေဝဒတ်သည် အမျက်ထွက်ခါ နှလုံးမသာမယာ ဖြစ်နေပါ၏ဟု သင်မင်းသားက ပြောလေလော့။

မင်းသား ဤနှစ်ဘက်အစွန်းထွက်နေသော ပြဿနာကို ရဟန်းဂေါတမသည် အစွန်းလွတ်အောင် မပြောဆိုနိုင်ရာ၊ အပြစ်ကင်းလွတ်အောင် မပြောဆိုနိုင်ရာ၊ ဥပမာအားဖြင့် ယောကျ်ား၏ လည်မျို၌ ညိတွယ်ချိတ်မိနေသော သံဆူးခွကို ထိုယောကျ်ားသည် ထွေးအန်ခြင်းငှာလည်းမပြုနိုင်၊ မျိုချခြင်းငှာလည်း မပြုနိုင်သကဲ့သို့ မထွေးနိုင်, မအံနိုင်, မမျိုနိုင် ဖြစ်နေပေလိမ့်မည်။

**အဘယမင်းသား** အရှင်နိဂဏ္ဌ ကောင်းပါပြီ။

(မင်းသားသည် မိမိဆရာကြီး နိဂဏ္ဌ၏ ဥာဏ်စွမ်းကုန် ဥာဏ်လက်ကုန်နိုင်၍ ကြံစည်ထားသော ဤသွန်သင်ချက်ကို အားရယုံကြည်စွာပင် ဝန်ခံမိခဲ့သည်။ မင်းသားသည် နိဂဏ္ဌဆရာကြီးထံမှ ဖယ်ခွာ၍ ဗုဒ္ဓထံသို့ ချဉ်းကပ်ကာ ပုံအသေပုံသည်။ ထိုစဉ်အဘယမင်းသား၏ စိတ်ဝယ် ယနေ့ကား ပြဿနာတင်ရန် အချိန်မရှိတော့။ အကယ်၍ ပြဿနာတင် ချင်လည်း

ရဟန်းဂေါတမ၏ ဌာနတွင်ဖြစ်၍ တနည်းတလမ်းအားဖြင့် မိမိဘက်က အခွင့်အရေး ရှုံးနိမ့်နေ၏။ မိမိအိမ်၌ ပြဿနာတင်ရလျှင် ပိုမိုကောင်းမည်ဟု အကြံပြုလိုက်သည်။ ယင်းသို့အကြံပြုချက်အတိုင်း ဗုဒ္ဓအား အရှင်ဂေါတမ အရှင်ဂေါတမသည် နောက်ပါသံဃာ (၃) ပါးနှင့်အတူတကွ အကျွန်ုပ်၏နေအိမ်သို့ နက်ဖြန် ဆွမ်းဘုန်းပေးကြွပါဟု ဘိတ်ကြား၏။ ဗုဒ္ဓက ဆိတ်ဆိတ်နေခြင်းဖြင့် လက်ခံလိုက်သည်။ ဤနေရာတွင် သတိပြုဘွယ်တခု ရှိနေသေး၏။ မင်းသားသည် ဗုဒ္ဓနှင့်တကွ ရာချီသော သံဃာများကို ဆွမ်းကျွေးနိုင်၏။ သို့သော် ပြဿနာတင်ရာတွင် ဗုဒ္ဓဘက်က ဝိုင်းဝန်း၍ အုတ်အုတ်ကျွက်ကျွက် ပြောဆိုကြမည်ကို စိုးရိမ်၏။ ထို့ပြင် ဗုဒ္ဓတပါးတည်းကိုသာ ပင့်ပြန်လျှင်လည်း အဘယမင်းသည် သဒ္ဓါတရားနည်းပါး၏ဟု သူတပါးတို့ ကဲ့ရဲ့မည်ကိုပါ ရှောင်ကွင်းခြင်း၏။ ယင်းကြောင့် နောက်ပါသံဃာ (၃)ပါးကိုပါ ပင့်ခဲ့လေသည်။ နောက်တနေ့နံနက်တွင် ဗုဒ္ဓနှင့် သံဃာသုံးပါးကို ဆွမ်းဆက်ကပ်၏။ ဆွမ်းကိစ္စပြီးဆုံးသောအချိန်၌ အဘယမင်းသားသည် နုထွေးသော ကလေးငယ်တယောက်ကိုရင်ခွင်ပိုက်ခါ ပေါင်

ပေါ်တင်ထား၍ ဗုဒ္ဓနှင့်မနီးမဝေးသောအရပ်၌ထိုင်လျက်နေလေသည်။)

**အဘယမင်းသား** အရှင်ဂေါတမ အရှင်ဂေါတမသည် သူတပါး ကြိုက်နှစ်သက်ဘွယ်မရှိသော စကားမျိုးကို ပြောဆိုပါသလော။

**ဗုဒ္ဓ** မင်းသား ဤစကားမျိုးတို့၌ တထစ်ချအားဖြင့် မပြောဆိုနိုင်ပေ။

**အဘယမင်းသား** အရှင်ဂေါတမ ဤပြဿနာ မေးမှု၌ နိဂဏ္ဌကြီးတို့ ပျက်စီးကုန်ကျပါပြီ၊ နိဂဏ္ဌကြီးတို့ ပျက်စီးကုန်ကျပါပြီ။

**ဗုဒ္ဓ** မင်းသား အဘယ်ကြောင့် သင်သည် ဤပြဿနာမေးမှု၌ နိဂဏ္ဌကြီးတို့ ပျက်စီးကုန်ကြပါပြီဟု ဆိုရဘိသနည်း။

**အဘယမင်းသား** အရှင်ဂေါတမ အကျွန်ုပ်ကို နာဋ၏သား နိဂဏ္ဌဆရာကြီးက မင်းသားလာလော့။ သင်သည် ရဟန်းဂေါတမကို အပြစ်တင်ချေလော့ဟု အပြည့်အစုံသင်ကြား၍ စေခိုင်းလိုက်ပါ၏။

(ဤနေရာ၌ပင် မင်းသားက နိဂဏ္ဌ ဆရာကြီး၏ သွန်သင်ချက်များကို အပြည့်အစုံ ပြန်လည်တင်လျှောက်လေ၏။ သတိချပ်ဘွယ် တခုကား အဘယမင်းသားသည် မိမိ၏ပေါင်ပေါ်၌ ကလေးငယ်ကိုတင်ထား၏။ အကယ်၍

ရှင်ဂေါတမနှင့် သူရှုံးငါနိုင်ပြဿနာတင်ရာ
တွင် မိမိဘက်က အခြေအနေမကောင်းလျှင်
ရှုံးနိမ့်ပုံပေါ်လျှင် ဤကလေးငယ်ကိုငိုအောင်
ပြု၍ (ဆိတ်၍) ကလေး ငို သော အခါ
ယခု ကလေးငယ်ငိုလှသေး၏၊ နောက်မှပင်
ဤပြဿနာကို ဆက်လက်ဆွေးနွေး ပြောဆို
ကြပါစို့ဟု အရှုံးအနိုင် မပြီးပြတ်မီပင်
အောင်မြင်စွာ ဆုတ်ခွာရေးအတွက် ဤသို့
ကလေးငယ်ကို မင်းသားက ပေါင်ပေါ်ဝယ်
တမင်တင်ထားခြင်း ဖြစ်၏။ ဤကား ဝါဒ
ပြိုင်ဆိုင်သူတို့၏ နည်းဗျူဟာ တရပ်ပင် ဖြစ်
သည်။ သို့သော် ဗုဒ္ဓကား ဤကလေးငယ်ကို
ပင် လက်ဦးယူကာ ပိုင်နိုင်စွာ အသုံးချတော်
မူလိုက်ပါသည်။)

ဗုဒ္ဓ မင်းသား ထိုစကားကို အဘယ်သို့ မှတ်ထင်သ
နည်း။ သင်၏ပေါင်ပေါ်၌ရှိသော ကလေး
ငယ်သည် သင်၏မေ့လျော့မှုကြောင့်ပင်ဖြစ်
ဖြစ်၊ အထိမ်း၏ မေ့လျော့မှုကြောင့်ပင်ဖြစ်
ဖြစ်၊ သစ်သားကို သစ်သားစကို ဖြစ်စေ၊
ကျောက်ခဲ အိုးကြွမ်းကွဲကိုဖြစ်စေ ခံတွင်း၌
ထည့်မိလေငြားအံ့၊ ထိုကလေးကို အဘယ်သို့
ပြုလုပ်ရသနည်း။

အဘယမင်းသား    အရှင်ဂေါတမ အကျွန်ုပ်သည် ထိုကလေးငယ် ပါးစပ်တွင်းရှိ ထိုအရာကို ထုတ်ဆောင်ယူရပါ၏၊ အကယ်၍သာ အသာအယာဖြင့် ထုတ်ယူခြင်းငှာ မတတ်နိုင်ပါက လက်ဝဲလက်ဖြင့် ဦးခေါင်းကိုချုပ်ကိုင်၍ လက်ချောင်းကို ကောက်ကွေး၍ သွေးသံရဲရဲ ထွက်လာငြားသော်လည်း ထုတ်ယူရပါမည်၊အဘယ်ကြောင့်ဟူမူ အရှင်ဂေါတမ အကျွန်ုပ်သည် ထိုကလေးငယ်အား အစဉ်သနားကရုဏာရှိခြင်းကြောင့်ပါတည်း။

ဗုဒ္ဓ    မင်းသား ဤအတူပင် မဟုတ်မှန် အကျိုးစီးပွားနှင့်လည်း မဆက်စပ်၊ သူတပါးတို့လည်း မကြိုက်နှစ်သက်၊ ထိုစကားမျိုးကို ငါ မပြောဆို။

ဟုတ်မှန်၏၊အကျိုးစီးပွားနှင့်ကား မဆက်စပ်၊ သူတပါးတို့လည်း မကြိုက်မနှစ်သက်၊ ထိုစကားမျိုးကိုလည်း ငါမပြောဆို။

ဟုတ်မှန်၏၊ အကျိုးစီးပွားနှင့်လည်း ဆက်စပ်၏၊ သူတပါးတို့ကား မကြိုက် မနှစ်သက်၊ ထိုစကားမျိုးကိုကား ငါသည် အခါအားလျော်စွာ ပြောဆို၏။

မဟုတ်မမှန် အကျိုးစီးပွားနှင့်လည်း မဆက်စပ်၊ သူတပါးတို့ကား ကြိုက်နှစ်သက်၏၊ ထိုစကားမျိုးကိုလည်း ငါမပြောဆို။

ဟုတ်မှန်၏၊ အကျိုးစီးပွားနှင့် မဆက်စပ်၊ သူတပါးတို့ကား ကြိုက်နှစ်သက်၏၊ ထိုစကားမျိုးကိုလည်း ငါမပြောဆို။

ဟုတ်မှန်၏၊ အကျိုးစီးပွားနှင့် ဆက်စပ်၏၊ သူတပါးတို့လည်း ကြိုက်နှစ်သက်၏၊ ထိုစကားမျိုး၌ ငါသည် အခါအားလျော်စွာ ပြောဆို၏။

ထိုသို့ဖြစ်ခြင်းသည် အဘယ်ကြောင့်နည်း၊ မင်းသား ငါသည် သတ္တဝါများကို အစဉ်သနားခြင်းရှိသောကြောင့်ပေတည်း။

အဘယမင်းသား အရှင်ဂေါတမ မင်းပညာရှိ၊ ပုဏ္ဏားပညာရှိ၊ သူကြွယ်ပညာရှိများနှင့် ပရိဗိုဇ်ရဟန်းပညာရှိတို့၏ ပြဿနာကို စီစဉ်ကုန်၍ ရှင်ဂေါတမကို ချဉ်းကပ်မေးမြန်းကြကုန်၏။ အရှင်ဂေါတမ အကြင်သူတို့သည် ငါ့ကိုဤသို့မေးကုန်လတံ့။ ငါသည် ထိုသူတို့အား ဤသို့မေးလျှင် ဤသို့ဖြေကြားအံ့ဟု ရှင်ဂေါတမအား ရှေးဦး မ ထွက င် ကြိုတင်စိတ်ကူးကြံစည်ထားခြင်း ရှိပါသလော။ သို့မဟုတ် ခဏ

ခြင်းဖြင့်ပင် ထိုပြဿနာ၏ အဖြေသည် ရှင်ဂေါတမ၏ ဉာဏ်ထည်းမှာ ထင်ရှားလာပါသလော။

ဗုဒ္ဓ မင်းသား ထိုသို့ဖြစ်လျှင် ဤအရာ၌ သင်မင်းသားကိုသာလျှင် ပြန်မေးပေအံ့။ သင်မင်းသားနှစ်သက်သလို ဖြေကြားလော့။ မင်းသား ထိုစကားကို သင်အဘယ်သို့ထင်သနည်း။ သင်သည် ရထား၏ အစိတ်အပိုင်း အင်္ဂါအကြီးငယ်တို့၌ ကျွမ်းကျင်၏လော။

အဘယမင်းသား အရှင်ဂေါတမ မှန်ပါ၏၊ အကျွန်ုပ်သည် ရထား၏ အစိတ်အပိုင်း အင်္ဂါကြီးငယ်တို့၌ ကျွမ်းကျင်ပါ၏။

ဗုဒ္ဓ မင်းသား ထိုစကားကို အဘယ်သို့ မှတ်ထင်သနည်း၊ အကြင်သူတို့က အသင်မင်းသားကို ရထား၏ ဤအင်္ဂါကြီးငယ် အစိတ်အပိုင်းသည် အဘယ်မည်ရှိသနည်းဟု မေးကုန်ရာ၏၊ ထိုသူတို့က ငါ့ကို ဤသို့မေးလတံ့၊ ငါသည် ထိုသူတို့အား ဤသို့ဖြေကြားအံ့ဟု သင့်မှာ ရှေးဦးမဆွကပင် ကြိုတင်စိတ်ကူး ကြံစည်ထားရှိပါသလော၊ သို့မဟုတ် ခဏခြင်းဖြင့်ပင် ထိုပြဿနာအဖြေသည် သင်၏ဉာဏ်တည်းမှာ ထင်မြင်၍ လာရာသလော။

**အဘယမင်းသား** အရှင်ဂေါတမ အကျွန်ုပ်သည် ရထား အတတ်ကို တတ်သိနားလည်နေပါ၏၊ ရထား၏ အင်္ဂါကြီးငယ် အစိတ်အပိုင်းတို့၌ ကျွမ်းကျင်ပါ၏၊ ရထား၏ အလုံးစုံသော အင်္ဂါကြီးငယ် အစိတ်အပိုင်းတို့ကို ကောင်းစွာသိထားပါ၏၊ တခဏချင်းဖြင့်ပင် ထိုပြဿနာ၏ အဖြေသည် အကျွန်ုပ်၏ ဉာဏ်ထည်းမှာ ထင်မြင်၍ လာရပါ၏။

၄၃ မင်းသား ဤအတူပင် မင်းပညာရှိ ပုဏ္ဏား ပညာရှိ၊ သူကြွယ်ပညာရှိများနှင့် ပရိဗိုဇ် ရဟန်းပညာရှိတို့က ဤပြဿနာကို စီစဉ်ကုန်၍ ငါ့ထံသို့ချဉ်းကပ်ကာ မေးမြန်းကြကုန်၏၊ ခဏ ခြင်းဖြင့်ပင် ထိုပြဿနာ၏ အဖြေသည် ငါ့ ဉာဏ်ထည်းမှာပင် ထင်မြင်၍လာ၏၊ ထိုသို့ ဖြစ်ခြင်းမှာ ဘယ်အတွက်ကြောင့်နည်း။ မင်းသား ငါသည် သဗ္ဗညုတဉာဏ် တည်းဟူသော ဓမ္မဓာတ်ကို ထိုးထွင်း၍သိထား၏၊ ယင်း သဗ္ဗ ညုတဉာဏ် တည်းဟူသော ဓမ္မဓာတ်ကို ထိုး ထွင်း၍ သိထားခြင်းကြောင့် တခဏခြင်းပင် ထိုပြဿနာ၏ အဖြေသည် ငါ့ဉာဏ်ထည်းမှာ ထင်မြင်၍လာ၏။

**အဘယမင်းသား** အရှင်ဂေါတမ ဟောတော်မူချက်သည် အလွန်နှစ်သက်ဘွယ် ရှိပါလေစွ၊ အရှင်ဂေါ

ဘမ ဟောတော်မူချက်သည် အလွန်နှစ်သက်ဘွယ်ရှိပါပေစွ၊ အကျွန်ုပ်ကို ယနေ့မှ အစပြု၍ အသက်ထက်ဆုံး 'ရတနာသုံးပါးကို ကိုးကွယ်ဆည်းကပ်တတ်သော ဥပါသကာ'ဟူ၍ အသိအမှတ်ပြုတော်မူပါ။

ဤဝါဒစစ်ထိုးပွဲ၌ ဟောပြော ဆွေးနွေးချက်များကို စူးစမ်းဆင်ခြင်လျက် အဘယမင်းသားက ဗုဒ္ဓအားမေးလျှောက်၍ ဗုဒ္ဓ၏ဖြေကြားချက်မှာ ရှိုးရိုးဖြစ်ရိုးဖြစ်စဉ်ထက် ဘာမျှပိုလွန်ဆန်းပြားမှု မရှိပေ၊ အသိဉာဏ်ပညာ ပြည့်စုံကုံမှု၊ လေ့လာကျွမ်းကျင်မှု၊ စူးရှနှံ့စပ်မှု စသည်ကိုသာ တွေ့ရှိရလေသည်။ အလုံးစုံသိသူ သဗ္ဗညုပုဒ်ကို အဓိပ္ပာယ်ဆောင်ရာ ဖွင့်ရာ၌ ပင်ကိုယ်အရှိသဘာဝထက် ပိုမိုလွန်ကဲမှုမဖြစ်စေရန် လိုအပ်လှပေသည်။ ဗုဒ္ဓ၏ သဗ္ဗညုတဉာဏ်သည် အလုံးစုံကို အမြဲထာဝရ သိမြင်နေခြင်းမျိုးမဟုတ်ဘဲ လိုအပ်သောအခါ ယင်းလိုအပ်သည့်အသိခံကို စူးစမ်းဆင်ခြင်မှသာ သိမြင်တော်မူသည်။ မလိုအပ်၍ မစူးစမ်းမဆင်ခြင်ပါက သိမြင်တော်မမူပေ။ မှန်ပါသည်၊ ဗုဒ္ဓ၏ သဗ္ဗညုတဉာဏ်သည် မီးစုံးကျောက်တုံးကြီးလို အမြဲထာဝရ လင်းနေသည့်နှယ် မိမိ၏ဉာဏ်အမြင်သည် အမြဲထာဝရအလုံးစုံကို သိမြင်နေခြင်းမဟုတ်၊ အလိုရှိသောအခါ ဆင်ခြင်လိုက်မှသာ သဗ္ဗညုတဉာဏ်တော်မြတ်ဓမ္မတော် ဖြစ်ပေါ်လာ၍ အလုံးစုံ သိမြင်ကြောင်းကို မဇ္ဈိမပဏ္ဏာသပါဠိတော် တေဝိဇ္ဇဝစ္ဆသုတ်၌ ဝန်ခံထားလေသည်။

ဆက်ပါဦးမည်၊ လယ်တီဆရာတော် ပြုစုစီရင်သော အနုဒီပနီပါဠိ စာမျက်နှာ(၁၀၁)တွင်'အပ္ပမညာ'ပုဒ်ကို ဖွင့်ဆိုရာ၌ ဤသဗ္ဗညုတဉာဏ်တော်ကိုပင် စံယူ၍နိုင်း၍ ဖွင့်ဆိုထားလေသည်။ ယင်း၏ဖွင့်ဆိုချက်မှာ....

'အပ္ပမညာ = အတိုင်းအတာမဲ့ သတ္တဝါပညတ်ကို အာရုံပြုသောတရား'ဟု ဆိုအပ်သော်လည်း သတ္တဝါတဦးတယောက်အပေါ်၌ပင် ကရုဏာ,မုဒိတာတရားပွားများအာရုံပြုနေခိုက်မှာလည်း အပ္ပမညာပင် မည်ပါသည်၊ အဘယ်ကဲ့သို့နည်းဟူမူ အလုံးစုံသိသော သဗ္ဗညုတဉာဏ်တော် တခုတည်းသော အသိခံအာရုံ၌ သိမြင်မှုဖြစ်နေခိုက်မှာလည်း သဗ္ဗညုတဉာဏ် (အလုံးစုံသိသောဉာဏ်)ဟုပင် ခေါ်ဘိသကဲ့သို့တည်းဟု ဖွင့်ဆိုထားလေသည်။ ယင်းကြောင့် သဗ္ဗညုတဉာဏ်သည် မဖြစ်နိုင်သော နိယာမလွန် သဘောမျိုးမဟုတ်ဘဲ ဖြစ်ရိုးဖြစ်စဉ် ဗုဒ္ဓဓမ္မတာအတိုင်း သိမြင်ခြင်းသာ ဖြစ်ပေသည်။

## မိလိန္ဒမင်းနှင့် ရှင်နာဂသေန

မိလိန္ဒမင်းသည်၊ အသိဉာဏ်ပညာကို အသုံးပြုစေစား ဝေဘန်ရာ၌ လူ့သမိုင်းဝယ် စံယူဘွယ်အစဉ်အလာ ကြီးမားသော ပုဂ္ဂိုလ်ကြီးတဦးဖြစ်သည်။သူသည် ဗုဒ္ဓ၏သဗ္ဗညုတဉာဏ်ကို ယုံမှားသံသယရှိနေသည်။ ယင်းကြောင့်သာ သဗ္ဗညုတ ဉာဏ်

တော်ကို တိုက်ရိုက်ထိခိုက်၍ ရှင်နာဂသေနအား မေးခွန်းရှည်ကြီးများ ထုတ်ဆောင်မေးမြန်းခဲ့လေသည်။ မိလိန္ဒမင်းနှင့် ရှင်နာဂသေနတို့၏ မေးဖြေများကိုပါ ဆက်လက်လေ့လာလျှင် သဗ္ဗညုတဉာဏ်ဖြင့် သဘာဝဖြစ်ရပ်မှန်များ ပိုမိုပြည့်စုံလာပေမည်။

ဗုဒ္ဓသည် အလုံးစုံ သိမသိ

မိလိန္ဒမင်း — အရှင်နာဂသေန ဘုရားရှင်သည်အလုံးစုံသော တရားကို သိမြင် တော်မူလေ့ ရှိသည်ဖြစ်၍ သဗ္ဗညူ မည်ပါသလော။

ရှင်နာဂသေန — မိလိန္ဒမင်းကြီး ဘုရားရှင်သည် အလုံးစုံသောတရားကို သိမြင်တော်မူသည်ဖြစ်၍ သဗ္ဗညူ မည်တော်မူပါ၏။

မိလိန္ဒမင်း — အရှင်နာဂသေန ထိုသို့အလုံးစုံသောတရားကို သိမြင်တော်မူလျက် အစဉ်အတိုင်း သိက္ခာပုဒ်ကို ပညတ်တော်မူကောင်းလျက် အဘယ်ကြောင့် တပည့်သားတို့အပြစ် အရေးပေါ်မှ ပညတ်တော်မူရသနည်း။

ရှင်နာဂသေန — မင်းကြီး၊ မင်းကြီး၌ အလုံးစုံသော ဆေးတို့ကို သိတတ်သော တစုံတယောက်သော ဆေးသမားသည် ရှိ၏လော။

မိလိန္ဒမင်း  အလုံးစုံသော ဆေးတို့ကို သိတတ်သော ဆေး သမားရှိပါ၏။

ရှင်နာဂသေန  မင်းကြီး အသို့နည်း၊ ထိုဆေးသမားသည် နာဖျားမကျန်းရှိသော သူကို ဆေးတိုက်အပ် သော အချိန်ကာလ၌သာ ဆေးကို တိုက်သ လော၊ ထိုသို့မဟုတ် အခါမရောက်မီ ဆေးကို တိုက်လေသလော။

မိလိန္ဒမင်း  အရှင်ဘုရား နာသောသူကို ဆေးတိုက်သင့် သော အချိန်ကာလ၌ တိုက်ပါ၏၊ မတိုက်အပ် သော အချိန်ကာလ၌ မတိုက်ပါ။

ရှင်နာဂသေန  မင်းကြီး ထို့အတူ ဘုရားရှင်သည် အလုံးစုံ သောတရားကို သိမြင်တော်မူလေ့ရှိသည်ဖြစ် ၍ သဗ္ဗညု မည်တော်မူ၏။ တပည့် သံဃာ တော်တို့အား သိက္ခာပုဒ်ကို အချိန်အခါ မ ရောက်သော် ပညတ်တော်မမူ၊ အချိန်အခါ ရောက်သော်သာ အသက်ထက်ဆုံး မလွန်ကျူး အပ်ဟူ၍ ပညတ်တော်မူပါ၏။

မိလိန္ဒမင်း  အရှင်နာဂသေန သင့်တင့်လျောက်ပတ် ပါပေ၏။

(မိလိန္ဒပဉှာပါဠိ၊ သဗ္ဗညုဘာဝပဉှာ ၇၈)

## နှစ်ဖက်စွန်းထွက်သော အမေးများ

မိလိန္ဒမင်းကား အလုံးစုံသိခြင်း၊ သဗ္ဗညုနှင့်စပ်၍ ကျေနပ်မှုမရှိလှပေ။ ယင်းကြောင့် ဒေဝဒတ္တပဗ္ဗဇ္ဇပဉှာ၌ ဘုရားရှင်သည် ဒေဝဒတ်အား ရဟန်းပြုပေးလျှင် သံဃာသင်းခွဲလိမ့်မည်။ ယင်းကံကြောင့် အဝီစိငရဲ၌ တကပ်ပတ်လုံး ခံရလိမ့်မည်ဟုသိလျက် ရဟန်းပြုပေးခြင်းဖြစ်ပါက သတ္တဝါတို့အပေါ် သနားကရုဏာရှိ၍၊ အကျိုးစီးပွားကို ဆောင်လေ့ရှိ၍၊ အကျိုးစီးပွားမဲ့ကို ဖယ်ရှား၍ အကျိုးစီးပွားကိုသာဆောင်တော်မူ၏ဟူသောစကားသည် မှားယွင်းရာ၏။ အကယ်၍ ဘုရားရှင်သည် မသိ၍ ရဟန်းပြုပေးလေသည်ဖြစ်အံ့၊ ဘုရားရှင် အလုံးစုံသိသူ သဗ္ဗညုမဖြစ်ရာ (သဗ္ဗညု မမည်ရာ) အရှင်နာဂသေန ဤနှစ်ဖက်စွန်းထွက်သော ပြဿနာသည် အရှင့်ထံသို့ရောက်ပါ၏၊ ဤအရှုပ်အထွေးကြီးကို ဖြေရှင်းတော်မူပါလော့ဟူ၍ မေးခွန်းထုတ်ခဲ့လေသည်။

ထို့ပြင် တချိန်က ရှင်သာရိပုတြာနှင့် ရှင်မောဂ္ဂလ္လာန်မထေရ်ကြီးတို့သည် နောက်ပါတပည့်ပရိသတ်နှင့်အတူ ဘုရားရှင်ထံဆည်းကပ်ရန် ရောက်ရှိလာကြ၏။ ထိုစဉ် တပည့်တို့၏ ငါးလုသော တံငါများကဲ့သို့ ကျယ်လောင်ပြင်းပြသော အသံများကြောင့် ဘုရားရှင်သည် တပည့်ပရိသတ်နှင့်တကွ အဂ္ဂသာဝကကြီးနှစ်ပါးကိုပါ နှင်ထုတ်တော်မူသည်။ ထိုအခါ သာကီဝင်မင်းများသည် သဟံပတိဗြဟ္မာမင်းတို့က မျိုးစေ့

ဥပမာ, နွားသားငယ်ဥပမာများဆောင်၍ လျှောက်ထားမှ သည်းခံနှစ်သက်၍ ပြန်လည်ခေါ်စေတော်မူခဲ့ဘူးသည်။

ဤအချက်ကို မိလိန္ဒမင်းက အကျအနကောက်ယူ၍ အရှင်နာဂသေန ဘုရားရှင်သည် ထိုဆောင်ပြသော ဥပမာတို့ကို သိတော်မမူသည်ဖြစ်အံ့။ ထိုသို့ဖြစ်လျှင် ဘုရားရှင်သည် အလုံးစုံသော တရားတို့ကို သိတော်မူသော သဗ္ဗညု မဖြစ်ရာ (သဗ္ဗညု မမည်ရာ) အကယ်၍ ထိုဥပမာကို သိတော်မူသည်ဖြစ်အံ့၊ ထိုသို့ဖြစ်လျှင် နှိပ်စက်တော်မူလို၍ နှင်ထုတ်တော်မူခဲ့သော် မဟာကရုဏာတော် မရှိသည်ဖြစ်ရာပါ၏။ ဤ နှစ်ဖက်စွန်းထွက်သောပြဿနာသည် အရှင်ဘုရားထံသို့ရောက်၏၊ ထိုပြဿနာကို ငြိမ်းပါစေလော့ဟူ၍ မေးမြန်းခဲ့လေသည်။

အမေးခံရသူသည် အကယ်၍ ရှင်နာဂသေနသာ မဟုတ်ခဲ့ပါမူ ဤနှစ်ဖက်စွန်းထွက်သော ပြဿနာကို လွတ်လွတ်ကျွတ်ကျွတ် အစွန်းလွတ်အောင် ဖြေကြားစွမ်းဆောင်နိုင်လိမ့်မည်မဟုတ်ချေ။ အကယ်ဆိုရသော် ရှင်နာဂသေနမူ ပြိုင်ဘက်ဘောလုံးအသင်းသည် အခြားပြိုင်ဘက် ဘောလုံးအသင်းက တံတိုင်းကြီးသဖွယ် ခုခံကာကွယ်နေခြင်းကို ထိုးဖောက်၍ ရှင်းလင်းသေသပ်စွာ လွတ်လွတ်ကျွတ်ကျွတ်ကြီး အနိုင်ဂိုးသွင်းသွားသော ဘောလုံးသမားကဲ့သို့ နှစ်ဖက်စွန်းလွတ်အောင် ရှောင်ရှား၍ ဖြေစွမ်းနိုင်လေသည်။ သာသနာ့ဝင်စကားနှင့် ဆိုရသော် (အဗ္ဘာ မုတ္တောဝ စန္ဒိမာ)တိမ်တိုက်မှ ကျွတ်လွတ်သွားသော လပြည့်ဝန်းနှယ်သာတည်း။

ဤသို့ မေးဖြေခြင်းရာ အပြည့်အစုံကို ဖော်ပြရန် အခွင့် မသာတော့ပါ။ လိုအပ်သူတို့သည် မိလိန္ဒပဉှာ ပါဠိကျမ်း ရင်းနှင့် ယင်း မြန်မာပြန်များ၌ ကြည့်ရှုလေ့လာကြပါလေ၊ ဤကား အမှာစကားချပ်တည်း။

## ကျေးဇူးတင်ဘွယ် မိလိန္ဒမင်း

မိလိန္ဒမင်းသည် သဗ္ဗညုတဉာဏ်တော်အပေါ်ဝယ် လုံးဝ ကျေနပ်လက်ခံလိုဟန် မရှိသေးချေ။ ယင်းကြောင့် သဗ္ဗညုတ ဉာဏ်တော်၏ အရှိသဘာဝဖြစ်စဉ်နှင့် လျော်ညီသော (သဗ္ဗ ညုတဉာဏ်တော်၏ အရှိသဘာဝဖြစ်စဉ်ကို ဖော်ထုတ်ရန် လမ်းခင်းဖော်ဆောင်လေသကဲ့သို့ ဖြစ်သော) မေးခွန်းဖြင့် ရှင်နာဂသေနအား ထပ်မံမေးမြန်းလေသည်။ ဤအမေးအဖြေ သည် ဗုဒ္ဓ၏ သဗ္ဗညုတဉာဏ်တော်အပေါ်ဝယ် နှောင်း လူ သားတို့ လက်ခံယုံကြည်စေနိုင်ရန် ကြီးစွာသော အထောက် အပံ့ကြီးတရပ် ဖြစ်ပေသည်။

သို့ဖြစ်ရာ သဗ္ဗညုတဉာဏ်တော်နှင့်စပ်သော အောက်ပါ အမေးကို မေးမြန်းခဲ့သော မိလိန္ဒမင်းအား အထူးကျေးဇူး တင်ရမည်သာ ဖြစ်ပေသည်။

မိလိန္ဒ — အရှင်နာဂသေန ဗုဒ္ဓသည် တရား အလုံးစုံကို သိသူ သဗ္ဗညူ ဖြစ်ပါသလော။

**ရှင်နာဂသေန** — မင်းမြတ် ဟုတ်မှန်ပါ၏၊ ဗုဒ္ဓသည် တရား အလုံးစုံကိုသိသူ သဗ္ဗညုဖြစ်ပါပေ၏။ ထိုသို့ ဖြစ်သော်လည်း ဗုဒ္ဓ၏ဉာဏ်အမြင်သည် အမြဲ မပြတ် ထင်မြင်နေသည် မဟုတ်ပါ၊ ဗုဒ္ဓ၏ သဗ္ဗညုတဉာဏ်သည် ဆင်ခြင်ခြင်းနှင့် ဆက်စပ် နေပါသည်၊ ဆင်ခြင်လျှင် အလိုရှိတိုင်းသိတော် မူနိုင်ပါသည်။

**မိလိန္ဒ** — ရှင်နာဂသေန ထိုဗုဒ္ဓအား ဆင်ခြင်ရှာမှီးခြင်း ဖြင့်သာ သဗ္ဗညုတဉာဏ်သည် အကယ်၍ဖြစ် ငြားအံ့၊ ထိုသို့ဖြစ်လျှင်ဗုဒ္ဓသည် အလုံးစုံကိုသိ သူ သဗ္ဗညုမဟုတ်နိုင်ရာပါ၊ ရှင်နာဂသေနဆင် ခြင်ခြင်းကိုလည်း ရှာမှီးခြင်းဖြင့်သာ ပြုလုပ် ရရှိပါသည်၊ တောင်းပန် တိုက်တွန်း ပါ၏၊ ထိုသဗ္ဗညုမည် သင့်ရာ၌ အကျွန်ုပ်ကို နိုင်လုံ သောအကြောင်းပြဖြင့် သိစေပါလော့။

**ရှင်နာဂသေန** — မင်းမြတ် ဥပမာအားဖြင့် ဥစ္စာစည်းစိမ်တို့ ဖြင့် ကုံလုံကြွယ်ဝသော သူဌေးတဦးရှိ၏၊ ထိုသူဌေးအိမ်သို့ ဧည့်သည်တဦးအချိန်မဲ့ရောက် လာ၏၊ ထိုသူကား ထမင်းကျွေးထိုက်သူ ဖြစ် သည့်အပြင် ဆာလောင်နေသူလည်း ဖြစ်၏၊ ထို့ကြောင့် ထမင်းကို စီချက်ပြုတ်ရပြန်၏၊

ထိုဧည့်သည်အား ရောက်လျှင် ရောက်ခြင်း ထမင်းပွဲရှေ့ရောက်မကျွေးနိုင်ပါ၊ ထိုမျှထမင်း ဘောဇဉ်ချို့တဲ့ကာမျှဖြင့် သူဌေးကိုဥစ္စာမရှိသူ ဆင်းရဲသူဟုမခေါ်ထိုက်ပါ မင်းမြတ်ထိုအတူ ပင်ဗုဒ္ဓဆင်ခြင်မှုဟူသော ချို့တဲ့ကာမျှဖြင့် ဗုဒ္ဓကို တရားအလုံးစုံသိသူ သဗ္ဗညုမဟုတ်ဟု မဆိုနိုင်ပါ။

**မိလိန္ဒ** — အရှင်နာဂသေနဗုဒ္ဓသည် ဆင်ခြင်၍ ဆင်ခြင်၍ အလိုတော်ရှိတိုင်း သိမြင်နိုင်ပါသလော။

**ရှင်နာဂသေန** — မင်းမြတ်ဗုဒ္ဓသည် ဆင်ခြင်၍ ဆင်ခြင်၍ အလိုတော်ရှိတိုင်း သိမြင်နိုင်သည် မှန်ပါပေ၏။

(ရှင်နာဂသေနက မိလိန္ဒအား အသီးရှိသောသစ်ပင်ဥပမာ၊ စကြာမင်းဥပမာတို့ဖြင့်လည်း ရှင်းလင်းပြသေး၏၊ နောက်ဆုံး၌ မိလိန္ဒမင်းသည် သဗ္ဗညုတဉာဏ်တော်အပေါ် အောက်ပါအတိုင်း လုံးဝကျေနပ်မှုရရှိခဲ့လေသည်)

**မိလိန္ဒ** — ရှင်နာဂသေနအကြောင်းပြကား ခိုင်လုံပါပေ၏၊ ဗုဒ္ဓသည်အလုံးစုံသိသူ သဗ္ဗညုပါတည်းဟု

တပည့်တော်များ၀န်ခံပါကုန်၏ဟုအားဝရမ်း
သာဆိုတုံမူပြုလေသည်။

(မိလိန္ဒပဉှာပါဠိ၊ သဗ္ဗညုတဘာဝပဉှာ ၁၀၄၊ ၁၁၃)

မိလိန္ဒမင်းကား အတွေးအခေါ်ပညာဉာဏ်ကြီးမားသူဖြစ်၍ သဗ္ဗညုတဉာဏ်၏သဘာဝဖြစ်စဉ်နှင့် စူးရှနက်နဲပုံအသိခံနယ်ပယ်ကျယ်ဝန်းလေသာမျှ ဉာဏ်တော်ကွန်ရက် ဖြန့်ကြက်လွှမ်းခြုံနိုင်ပုံကို သဘောကျကျေနပ်လက်ခံလိုက် လေသည်၊ ယနေ့နှောင်းခေတ်၌ သဗ္ဗညုတဉာဏ်တော်ကို ဤနှယ်ထိုနှယ်၊ စွပ်စွဲဝေဘန်ကြသူတို့ကား မိလိန္ဒမင်းကို ကမ္ဘာ့သမိုင်းဝင်အကျော်အခေါ် ပညာရှင်ဂဇက်ဝင်မဟုတ်ကြသည်ကို မိမိကိုယ်မိမိသိသင့်ကြပေသည်။

တချောင်းထောင် လက်ညှိုးနှင့်၊
အမျက်ဆိုး ရရာ၊
တချက်ထိုး ပြလာသော်၊
ကျစရာ ပြန်ငှဲ့။
သုံးချောင်းက ကိုယ့်ကိုပင်၊
ကိုယ်သာလျှင် ထိုးတတ်လေခဲ့။

(အရှင်အာဒိစ္စဝံသ)

## လယ်တီဆရာတော်၏ နှစ်ဖက်ဖော်ထုတ်ချက်

ဆက်ပါဦးမည်၊ ဉာဏ်ပညာကြီးမားသူတို့တွင် လယ်တီဆရာတော်ဘုရားသည် တပါးအပါအဝင်ဖြစ်သည်၊ ဆရာတော်သည် အဘိဓမ္မာဖြစ်စဉ် သဘာဝကို အထူးကျွမ်းကျင်တော်မူသည်၊ ကျွမ်းကျင်တော်မူသည်အားလျော်စွာ မူလပကတိအရှိကိုအရှိအတိုင်း ရဲဝံ့ပြတ်သားစွာ ဖော်ထုတ်ဝံ့သောသတ္တိစွမ်းပကာလည်းရှိသည်၊ ဗုဒ္ဓသည်ဆင်ခြင်၍ ဆင်ခြင်၍အလိုရှိတိုင်းသိမြင်နိုင်၏,ဟုဆိုသဖြင့် ဗုဒ္ဓသည် အလိုမရှိ၍မဆင်ခြင်ပါမူကား မသိမြင်နိုင်ဟူသော မဆိုပဲပြီးသော (အဝုတ္တသိဒ္ဓိ)နည်းဖြင့် ရှင်းလင်းဖော်ထုတ်ထားသည်၊ မှန်ပါသည်၊ ဆရာတော်သည် တဖက်ပြအဓိပ္ပာယ်ဖြင့် ရပ်တန့်လမ်းဆုံးမသွားပဲဘဲ အခြားတဖက်ပြအဓိပ္ပာယ်ကိုပါ မြော်မြင်နိုင်ခြင်းမှာ ဆရာတော်၏ ဉာဏ်ပညာကြီးကျယ် ရဲရင့်မှု၏ ပြိုပြင်သောရလဒ်တခုပင်ဖြစ်ပါသည်။ ယင်းသို့ဖော်ထုတ်ချက်ကို သာသနသမ္ပတ္တိဒီပနီကျမ်း စာမျက်နှာ(၁၂၁)၌ အောက်ပါအတိုင်းလေ့လာနိုင်လေသည်။

မြတ်စွာဘုရားသည် အဆုံးမရှိသော လောကသုံးပါးတို့၌ သိသင့်သိထိုက်သောအရာဟူသမျှကို အကြွင်းအကျန်မရှိ သဗ္ဗညုတဉာဏ်တော်သည် အလိုတော်မရှိဘဲ၊ ဆင်ခြင်တော်မမူဘဲ အခါခပ်သိမ်းသိ၍ နေတော်မူသည်သည်း မဟုတ်ချေ၊ ထိုသဗ္ဗညုတဉာဏ်

သည် မြတ်စွာဘုရား၏အလိုတော်နှင့်လည်း စပ်၍ဖြစ်၏၊ ဆင်ခြင်တော်မူခြင်းအာဝဇ္ဇန်းနှင့်လည်း စပ်၍ဖြစ်၏၊ ထိုစကားမှန်၏၊ မြတ်စွာဘုရားသည် ထိုသဗ္ဗညုတဉာဏ်တော်ဖြင့် အကြင်အကြင်အရာကို သိတော်မူခြင်းငှာ အလိုရှိလျှင်ဆင်ခြင်တော်မူလေ့ရှိ၏၊ ထိုသို့သိတော်မူ၍ ဆင်ခြင်သောအခါမှသာလျှင် ထိုထိုအရာကိုသိတော်မူသည်သာဖြစ်၏၊ အလိုရှိလျှင် ဆင်ခြင်တော်မူလျှင် မသိသောအရာဟူ၍မရှိချေ၊ အလုံးစုံသိမြင်တော်မူသည်သာလျှင်တည်း၊ ထို့ကြောင့်ထိုဉာဏ်တော်ကို သဗ္ဗညုတဉာဏ်ဟူ၍၎င်း၊ အနာဝရဏဉာဏ်ဟူ၍၎င်း၊ သမန္တစက္ခုဉာဏ်ဟူ၍၎င်း၊ သမ္မာသမ္ဗောဓိဉာဏ်ဟူ၍၎င်း ဆိုအပ်၏။

အကြင်အကြင် အရာကို သိတော်မူလို၍ ဆင်ခြင်တော်မူသောအခါ ထိုထိုအရာကိုသိတော်မူ၏ဟူ၍ဆိုသဖြင့် အကြင်အကြင်အရာကိုသိခြင်းငှာ ဆင်ခြင်တော်မမူ၊ အာရုံပြုတော်မမူ၊ ထိုသို့ဆင်ခြင်အာရုံပြုခြင်းမရှိသောအခါ ထိုထိုအရာကိုသိတော်မမူဟူသောစကားလည်း ပြီးစီးလေ၏၊ ဘဝင်စိတ်ကျ၍နေသောအခါ ဈာန်သမာပတ်ဝင်စားသောအခါ နိရောဓသမာပတ်ဝင်စားသောအခါတို့၌လည်း တပါးသောအာရုံကို သိတော်မူသည်မဟုတ်ချေ။

ဗုဒ္ဓဒဿန(ဗုဒ္ဓအမြင်)၃ မျိုး

ဗုဒ္ဓဒဿနပုဒ်ကို ဗုဒ္ဓအမြင်ဟု မြန်မာပြန်ဆိုရသည်၊ ဗုဒ္ဓအမြင်ကား ၃ မျိုး ကွဲပြားနေသည်၊ ယင်း ဗုဒ္ဓအမြင် ၃ မျိုးတို့မှာ ...

(က) အချို့အရာ၌ မံသစက္ခု(ပင်ကိုယ်မျက်စိ)ဖြင့် မြင်ခြင်း။

(ခ) အချို့အရာ၌ ဒိဗ္ဗစက္ခု(နတ်မျက်စိကဲ့သို့သော အသိဉာဏ်)ဖြင့်မြင်ခြင်း။

(ဂ) အချို့အရာ၌ သဗ္ဗညုတဉာဏ်တော် (သမန္တစက္ခု) ဖြင့် မြင်ခြင်းဟူ၍ ဖြစ်ကြသည်။

ဤအရာသည် သဗ္ဗညုတဉာဏ်တော်ဖြင့် မြင်ခြင်းဟု ဆိုလျှင်လည်း'မြင်ခြင်း'နှင့်'သိခြင်း' ၂ မျိုးလုံးပင် ပညာဉာဏ်၏ ဝေဝုစ်ပရိယာယ်စကားလှယ်သာဖြစ်ကြောင်း မှတ်သားထားသင့်ပေသည်။

(ပကတိ)မံသစက္ခု

ချဲ့ဦးအံ့၊ ဗုဒ္ဓ၏ ပကတိ မံသစက္ခု(မျက်စိ)ဖြင့် မြင်တော်မူခြင်းမျိုးကား သဠာယတနသံယုတ် အာသီဝိသဝဂ် ပဉ္စမဒါ

ရှက္ခန္ဓာပမသုတ်၌လာသော 'မြတ်စွာဘုရားသည် ဂင်္ဂါမြစ်ရေဖြင့်မျောလာသော သစ်တုံးကြီးကို မြင်တော်မူ၏'ဟူသော အရာမျိုးပင်ဖြစ်သည်။

(သီ-ဋ္ဌ၊ ၁၊ ၄၅။ သီလက္ခန္ဓဝဂ္ဂသဋ္ဌကထာ ၂၀၇)

ဗုဒ္ဓ၏ မဟာသစ္စကျမ်းတော်နှင့်စပ်၍ နှစ်ပေါင်းချီ၍ စွာ လေ့လာသိရှိနိုင်ကြရန် စွယ်စုံပညာကျော် အမတ်ကြီးဖြစ်သော မင်းကြီး ဦးဘိုးသွင်၏ အဆိုအမိန့်များကို ဖော်ပြလို့ အခွင့်ရောက်လာရကား အောက်ပါအတိုင်း ဖော်ဆောင်ပြအပ်ပါသည်။

## မြတ်စွာဘုရား၏ သသမ္ဘာရ မဟာသစ္စကျမ်းတော်ကို အသီးသီး ထုတ်ဖော်၍ ပြခြင်း

သုံးလူ့အထွတ် မြတ်စွာဘုရား၏ ပကတိဖြစ်သော သသမ္ဘာရစက္ခုတော်တည်းဟူသော မဟာသစ္စကျမ်းတော် အဆင်းငါးပါးရှိ၏၊ ဒီအဆင်းငါးပါးဟူသည် မျက်တောင်မွေး၊ မျက်ခုံးမွေးတို့သည် ပြောင်ပြောင်လက်လက် နက်၏၊ မျက်တောင်တို့သည် ကိုယ်တော်အလုံး၌ အသားတော်ကဲ့သို့ ရွှေအဆင်းဖြစ်၍ ဝါ၏၊ ငယ်ဝ မျက်ထောင့်တော ကိုသည် ပြောင်ပြောင် လက်လက် နီ၏၊ ကတ္တပါနီအဆင်း ပိုးပချန် အဆင်းရှိ၏၊ မျက်

လုံးအလယ်၌ ဗုဒ္ဓသရဏစေ့ကဲ့သို့ ပြောင်ပြောင်လက် လက်နက်၏၊ မျက်ဖြူနေရာ၌ သောကြာဂြိုဟ်ကဲ့သို့ ပြောင်ပြောင်လက်လက် ဖြူ၏၊ ဤကား သသမ္ဘာရ စက္ခုတော်၏အံ့ဘွယ်။

ပကတိ စက္ခုပသာဒရုပ်တော်မူကား နေ့ညဉ့်မဆို တယူဇနာတိုင်တိုင် မြင်တော်မူနိုင်၏၊ ညဉ့်အခါ လ ကွယ်နေ့ သစ်ပင်အားကြီးသော တောအုပ်၊ မိုးမှောင် ကျခြင်းဟူသော အင်္ဂါလေးပါးနှင့် ပြည့်စုံသောအမိုက် ၌သော်လည်း တယူဇနာတိုင်တိုင် မြင်တော်မူနိုင်၏၊ တိုက်နံရံ တခါးရွက် တောတောင် ချုံပိတ်ပေါင်းတို့၏ တဘက်ရှိသော ရူပါရုံဆိုသော်လည်း အပိတ်အပင်မရှိ မြင်တော်မူနိုင်၏၊ တောင်အစရှိသော အပိတ်အပင် ခြား အင်္ဂါလေးပါးနှင့်ပြည့်စုံသော အမိုက်တွင် တယူ ဇနာခရီး၌ နှမ်းလှည်းတွင် တင်အပ်သော နှမ်းလုံးတို့ ကို တလုံးစီရေတွက်တော်မူနိုင်၏၊ ဤသို့ မြတ်စွာဘု ရား၏ ပကတိပသာဒရုပ်ဖြစ်သော မံသစက္ခုတော် သည် မြင်တော်မူနိုင်၏ဟူ၍ တရားစစ်သူကြီးဖြစ်တော် မူသော အရှင်သာရိပုတ္တရာသည် မဟာနိဒ္ဒေသပါဠိ တော်တွင် ဟောတော်မူ၏။ ပညာ စက္ခုတော်မူကား အဘယ်ဆိုဘွယ်ရှိအံ့နည်း။ ထို့ကြောင့် မြတ်စွာဘုရား ဂုဏ်တော်သည်လည်း အစိန္တေယျဖြစ်လေ၏။

(ကာယာနုပဿနာကျမ်း ၁၆)

ဤသို့ မံသစက္ခုတော်ဖြင့် မြင်စွမ်းနိုင်ရာနှင့်စပ်၍ ကျည်းကန်ရှင်ကြီး၏ စွယ်စုံကျော်ထင် ပုစ္ဆာ၌ကား ‘မံသတွင်မည့်၊ စက္ခုသည်၊ ဘုန်းစည် ဘယ်ဇလောက် မြင်သနည်း’ဟု ပုစ္ဆာပြုထားသည်။ ယင်းပုစ္ဆာကို အဖြေရှင် ကျီးသဲဆရာတော်က ‘ဘုရားရှင်၏ ပကတိ မျက်စိမျက်လုံးတော်သည် စကြာဝဠာ တထောင်တိုင်အောင် မြင်စွမ်းနိုင်၏၊ နားတော်လည်း နည်းတူပင်ဟု ဗုဒ္ဓဝင်အဋ္ဌကထာနှင့် ပါရာဇိကဏ် အဋ္ဌကထာတို့ကို ကိုး၍ဖြေဆိုထားခြင်းကိုလည်း မှတ်သားသင့်ပါသေးသည်။

## ဒိဗ္ဗစက္ခု

ဗုဒ္ဓ၏ ဒိဗ္ဗစက္ခုဖြင့် မြင်တော်မူခြင်းမျိုးကား ဒီဃနိကာယ်သုတ် မဟာဝါ မဟာပရိနိဗ္ဗာနသုတ် ပါဠိလိပ္ပတ္တနဂရမာပနကထာ၌လာသော မြတ်စွာဘုရားသခင် အထူးစင်ကြယ်သော လူသားတို့၏ စက္ခုပသာဒကိုလွန်သော နတ်မျက်စိကဲ့သို့သော အဘိဉာဏ်ဖြင့် ထောင်လိုက်ထောင်လိုက် စုရုံး၍ အိမ်ယာတို့ကို သိမ်းပိုက်နေသော နတ်တို့ကို မြင်တော်မူ၏ ဟူသော အရာမျိုးပင်ဖြစ်သည်။ သာမန် လူသားတို့၏ စက္ခုပသာဒဖြင့် မမြင်စကောင်းသော အသွန်သိမ်မွေ့ နူးညံ့နက်နဲသော ရုပ်ဝတ္ထု နာမ်တရားတို့ကို ဒိဗ္ဗစက္ခုအဘိဉာဏ်ဖြင့် သိမြင်ခြင်းငှာ စွမ်းနိုင်လေသည်။

ဤကဲ့သို့ ဒိဗ္ဗစက္ခုဖြင့် မြင်စွမ်းနိုင်သော အကြောင်းအရာတို့ကား ဘုရားဟော ပိဋကတ်တော်ဝယ် အမြောက်အမြား ရှိနေလေသည်။ ဤအမြောက်အမြားထဲမှ ဗုဒ္ဓသည်သာမဟုတ်မူဘဲ အဂ္ဂသာဝက ၂ ပါးနှင့် အခြားရဟန္တာ အချို့တို့လည်း ယင်းဒိဗ္ဗစက္ခုအဘိညာဏ်ဖြင့် မြင်စွမ်းနိုင်ကြသည်။ ဤအရာ၌ သံယုတ္တပါဠိ လက္ခဏသံယုတ် အဋ္ဌသုတ်(၄၄၁) ၌လာသော ရှင်မောဂ္ဂလ္လာန် ရှင်လက္ခဏတို့ အတုန့်အလှယ် မေးဖြေကြပုံနှင့် ဘုရားရှင်က ရှင်မောဂ္ဂလ္လာန် သက်သေရရှိပြီဖြစ်၍ ယင်းအရိုးဆက်ပြိတ္တာ၏ ရှေးအကုသိုလ်ကံအကျိုးရင်း အကျိုးဖျားများကို ဆက်လက်ဟောကြားချက်ကိုပါ ထုတ်ဆောင်ပြအပ်ပါသည်။

## ရှင်မောဂ္ဂလ္လာန် ပြုံးတော်မူပုံ

အခါတပါးဝယ် ရှင်မဟာမောဂ္ဂလ္လာန်နှင့် ရှင်လက္ခဏတို့သည် ဂိဇ္ဈကုဋ်တောင်၌ သီတင်းသုံးနေကြသည်။ တနံနက်တွင် အရှင် ၂ ပါး အတူတကွ ဆွမ်းခံထွက်ခဲ့ကြသည်၊ ရှင်မဟာမောဂ္ဂလာန်သည် ဂိဇ္ဈကုဋ်တောင်မှ ဆင်းသက်လာစဉ် တင်ရှားစွာ ပြုံးတော်မူသည် ယင်းကြောင့် ရှင်လက္ခဏက ရှင်မဟာမောဂ္ဂလ္လာန်အား အောက်ပါအတိုင်း မေးလေသည်။

ရှင်လက္ခဏ — အရှင်မဟာမောဂ္ဂလ္လာန် ထင်ရှားစွာပြုံးခြင်း၏ အကြောင်းကား အဘယ်နည်း၊ ပြုံးရ

လောက်အောင် အထောက်အပံ့ကား အဘယ်ပါနည်း။

ရှင်မောဂ္ဂလ္လာန် ငါ့ရှင်လက္ခဏ ဤပြဿနာကိုမေးခြင်းကား အခါမဟုတ်သေးပါ၊ မြတ်စွာဘုရား၏ အနီးမျက်မှောက်သို့ရောက်မှ ငါ့ကို ဤပြဿနာကို မေးပါတော့။

(ရှင်မဟာ မောဂ္ဂလ္လာန်နှင့် ရှင်လက္ခဏတို့သည် ဆွမ်းခံပြန်ချိန်ဝယ် ဘုရားရှင်ထံသို့ ဆည်းကပ်ရောက်ရှိကြသည်။)

ရှင်လက္ခဏ ရှင်မဟာမောဂ္ဂလ္လာန် ထင်ရှားစွာပြုံးခြင်း၏ အကြောင်းကား အဘယ်ပါနည်း၊ ပြုံးရလောက်အောင် အထောက်အပံ့ကား အဘယ်ပါနည်း။

ရှင်မောဂ္ဂလ္လာန် ငါ့ရှင်လက္ခဏ ငါသည် ဂိဇ္ဈကုဋ်တောင်မှ ဆင်းသက်သော် ကောင်းကင်၌သွားနေသော အရိုးဆက်ပြိတ္တာကို မြင်ရပြီး ထို အရိုးဆက်ပြိတ္တာကို ငှင်းတ၊ ကျီးကန်းနှင့် စွန်ရဲတို့သည် အစဉ်လိုက်၍လိုက်၍ နံကြားတို့၌ ထိုးဆွနှိုပ်စက်ကုန်၏၊ ဆိတ်ဆွဲကုန်၏၊ ဖောက်ခွဲကုန်၏၊ ထိုအရိုးစုပြိတ္တာသည် နာကျင်လှသောအသံကို

ပြု၏၊ ငါ့ရှင်လက္ခဏ ထိုငါ၏စိတ်၌ ‘အိုအချင်းတို့ အံ့ဘွယ်ဖြစ်စွတကား၊ မဖြစ်ဘူးမြဲ ဖြစ်စွတကား။ ဤသို့သော သဘောရှိသည်လည်း သတ္တဝါဖြစ်ရဘိသေး၏။ ဤသို့သဘောရှိသည်လည်းဖြစ်သော အတ္တဘောကိုရခြင်း ဖြစ်ဘိသေး၏’ဟု အကြံအစည်ဖြစ်ရပြီ။

ဗုဒ္ဓ ထိုအခါ၌ မြတ်စွာဘုရားသည် ‘ရဟန်းတို့ တပည့်သာဝကသည် ဤသို့သဘောရှိသော သတ္တဝါကို သိနိုင်ဘိ၏၊ မြင်နိုင်သိ၏၊ မျက်မြင်သက်သေ ပြုနိုင်ဘိ၏၊ ထို့ကြောင့် တပည့်သာဝကတို့သည် ဒိဗ္ဗစက္ခု ရှိကုန်သည်ဖြစ်၍ နေကုန်စွတကား။ ရဟန်းတို့ တပည့်သာဝကတို့သည် ဉာဏ်ရှိကုန်သည် ဖြစ်၍ နေကုန်စွတကား။ ရဟန်းတို့ ငါဘုရားသည် ရှေးကပင်လျှင် ဤသတ္တဝါကို မြင်ဘူးပြီ၊ သို့ဖြစ်သော်လည်း ငါဘုရားသည် မပြောကြားဘူးခဲ့၊ ငါဘုရားလည်း ဤအရိုးဆက်ပြိတ္တာအကြောင်းကို ပြောကြားအံ့၊ သူတပါးတို့ကလည်း ငါဘုရား၏စကားကို မယုံကြည်ကုန်ရာ၊ ထိုမယုံကြည်ခြင်းသည် ထိုသူတို့အတွက် အကျိုးမဲ့ခြင်းငှာ၊ ဆင်းရဲခြင်းငှာဖြစ်ရာ၏။ ရဟန်းတို့ ဤသတ္တဝါသည် ဤရာဇဂြိုဟ်ပြည်၌ပင်လျှင် နွားသတ်သမား ဖြစ်

ဘူးပြီ၊ ထိုနွားသတ်သမားသည် ထိုအကုသိုလ် ကံအကျိုးကြောင့် များစွာသောနှစ်တို့ပတ်လုံး အနှစ်အရာတို့ပတ်လုံး၊ အနှစ်တထောင်တို့ ပတ်လုံး ငရဲ၌ကျပြီး၍ ထိုအကုသိုလ်ကံ၏ ကြွင်း ကျန်သော အကျိုးဆက်ကြောင့် ဤသို့သော အတ္တဘောကိုရ၍ ခံစားရ၏ဟူ၍ သိစေတော် မူလေသည်။

ထိုပြင် မဟာပရိနိဗ္ဗာနသုတ်၌ ရှင်အာနန္ဒာသည် နာတိက ရွာမှ စုတေသေလွန်သွားကြသော ရာချီများပြားသော ရဟန်း ရှင်လူတို့၏ လားရာဂတိများကို ဗုဒ္ဓအားလျှောက်ထားမေး မြန်းခဲ့လေသည်၊ ဗုဒ္ဓသည် အပြည့်အစုံ ပြန်လည်ဖြေကြားရှ ရှင်အာနန္ဒာအား အောက်ပါအတိုင်းပင် မိန့်ကြားတော်မူခဲ့ လေသည်။

အာနန္ဒာ ဤသေသွားသူ၏ လားရာဂတိနှင့် တမ လွန် အကြောင်းအရာကို ပြောကြားမှုသည် တရားနှင့် ပြည့်စုံသူတိုင်း ကိုယ်တိုင်ပင် ပြုလုပ်နိုင်သော အမှုဖြစ် ၍ ငါဘုရားကိုယ်တိုင် ဆောင်ရွက် ရလောက်အောင် ခက်ခဲသော အံ့ဘွယ်အထူးအဆန်းမဟုတ်၊ အာနန္ဒာ လူသေတိုင်းသေတိုင်းပင် ငါဘုရားသို့ချဉ်းကပ်၍ ဤ အကြောင်းအရာကို မေးမြန်းနေကြလျှင် ငါဘုရား အား ပင်ပန်းပေရုံမျှသာ ဖြစ်ရာ၏။

အာနန္ဒာ ထိုသို့ဖြစ်ရကား အကြင် ကြေးမုံတရား (ဓမ္မာဒါသ)နှင့် ပြည့်စုံသော အရိယာ သာဝကသည် ပြောကြားလိုပါမူ ငါသည် ငရဲဂတိကုန်ပြီးသူဖြစ်၏။ တိရစ္ဆာန်ဂတိကုန်ပြီးသူဖြစ်၏၊ ပြိတ္တာဂတိ ကုန်ပြီးသူ ဖြစ်၏၊ ကြီးပွားချမ်းသာခြင်းကင်းရာ အပါယ်ဂတိ ကုန်ပြီးသူဖြစ်၏၊ ငါသည် သောတာပန်ဖြစ်ပြီ၊ ပျက်စီးကျရောက်ခြင်းမရှိပြီ၊ ကိန်းသေမြဲသူဖြစ်လေပြီ၊ အထက်မဂ်သုံးပါးလျှင် နောက်ဆုံး လားရောက်ရာရှိသူ ဖြစ်လေပြီဟု မိမိကိုယ်တိုင်ပင် မိမိအကြောင်းကိုပြော ကြားနိုင်ပေ၏။

ဗုဒ္ဓသည်ကြေးမုံတရားကိုဆက်၍ ဟောကြားတော်မူသည့် ဤဩယင်းတရားကို ဖော်ဆောင်ပြရန် အခွင့်မသာတော့ပါ၊ လိုအပ်သူတို့သည် ဒီဃနိကာယ်မဟာဝဂ္ဂပါဠိ မဟာပရိနိဗ္ဗာန သုတ်(၇၉-၈၀)၌ နာယူကြပါကုန်၊ ဤကား အမှာစကား ချပ်တည်း။

ဤဖော်ပြချက်ကိုကား ဒိဗ္ဗစက္ခုဖြင့် သိမြင်နိုင်စွမ်းသော အကြောင်းအရာ အမြောက်အမြားမှ အနည်းငယ်မျှသာဖြစ်ပါသည်၊ သုတလိုလားသူတို့သည် ဒိဗ္ဗစက္ခုဖြင့်သိမြင်နိုင်စွမ်း သောအကြောင်းအရာ အပြည့်အစုံကို ပါဠိသမ္မိဒါမဂ္ဂပါဠိ မဟာဝဂ်ဉာဏကထာဒိဗ္ဗစက္ခုဉာဏနိဒ္ဒေသ(၁၁၀)၌လေ့လာ ကြပါလေ။

## သမ္မာဒိဋ္ဌိဉာဏ် (သမန္တစက္ခု)

ဗုဒ္ဓ၏သမ္မာဒိဋ္ဌိဉာဏ် (သမန္တစက္ခု)ဖြင့် မြင်တော်မူခြင်း မျိုးကား မြတ်စွာဘုရားသည်လက်ဝါးအပြင်၌ တင်ထားအပ်သောရှစ်ရှားသီး(ဇီးဖြူသီး)ကိုမြင်သကဲ့သို့ ထို့အတူ အလုံးစုံသောဉေယျဓမ္မသိဘွယ်တရားကို သမ္မာဒိဋ္ဌိဉာဏ်(သမန္တစက္ခု) ဖြင့်မြင်တော်မူ၏ဟူသော အရာမျိုးပင်ဖြစ်ပါသည်၊ မှန်ပါသည်၊ ဤသည်ကိုရည်ညွှန်း၍ ကျည်းကန်ရှင်ကြီးက သူ၏စွယ်စုံကျော်ထင်ပုစ္ဆာကျမ်း၌ 'သမ္မာဒိဋ္ဌိမည်၊ ဉာဏ်တော်သည် မည်သို့အာရုံပြုသနည်း' ဟု ပုစ္ဆာပြုထားပါသည်၊ ယင်းပုစ္ဆာကိုအဖြေ ရှင်ကျီးသဲဆရာတော်က ဤပုစ္ဆာ၌ အဖြေဝိသဇ္ဇနာကား–

'သမ္မာဓမ္မေ ဇာနနသီလတာယ သမ္မာဒိဋ္ဌိ' ဟု ဋီကာ၌ ဝိဂ္ဂိုဟ်ပြုသည်၊ ထိုဝစနတ္ထ၌ 'သမ္မာဓမ္မေ' ဟူသော ကံပုဒ်ကို ဆိုရကား သင်္ခါရ ဝိဟာရ လက္ခဏာနိဗ္ဗာန်ပညတ်တည်းဟူသော အလုံးစုံသော ဉေယျတရားတို့ကိုပင် အာရုံပြု၏ဟူ၍ သိရာ၏' ဟူ၍ဖြေဆိုထားပါသည်။

ဤသမ္မာဒိဋ္ဌိဉာဏ်(သမန္တစက္ခု)ဖြင့် သိမြင်နိုင်စွမ်းသော အကြောင်းအရာအပြည့်အစုံကို ပဋိသမ္ဘိဒါမဂ်ပါဠိမဟာဝဂ် ဉာဏကထာ သမ္မာဒိဋ္ဌိဉာဏနိဒ္ဒေသ (၁၂၅၊ ၁၂၉) တို့၌ လေ့လာနိုင်ကြပါသည်။

## သမ္ဗုဒ္ဓတဉာဏ်၏သဘာဝဖြစ်ရပ်မှန် (၄)မျိုး

သမ္ဗုဒ္ဓတဉာဏ်၏အစွမ်းသတ္တိ ၃ မျိုးကား-

အခန်း(၂)တွင်ပြဆိုခဲ့ပြီးဖြစ်သည်၊ ဤ၌ကား သမ္ဗုဒ္ဓတဉာဏ်၏အရှိ သဘာဝဖြစ်ရပ်မှန် ၄ မျိုးကို ဖော်ထုတ်ပြဆိုလိုပေသည်၊ ရှင်းဦးအံ့ သမ္ဗုဒ္ဓတဉာဏ်ဆိုသည်ကား 'သမ္ဗုဒ္ဓတပုဒ်' နှင့် 'ဉာဏ' ပုဒ်တို့(သမ္ဗုဒ္ဓတ+ဉာဏ)သမာသ်ကွဲစပ်ထားသည် ယင်းသမ္ဗုဒ္ဓပုဒ်နှင့်တွဲစပ်ထားသော ဉာဏပုဒ်ကို 'ပညာ'ဟူ၍ရင်း ဝိဇ္ဇာဟူ၍ရင်း 'အမောဟ'ဟူ၍ရင်း အရာအားလျော်စွာ ပိဋကတ်တော်၌ ပရိယာယ်တူအသုံးပြုလေ့ရှိသည်။

ယင်းကြောင့် သမ္ဗုဒ္ဓတဉာဏ်ပညာသည်--

(၁) ပဋိဝေဓလက္ခဏာ=ဟုတ်မှန်သောသဘောကို ထိုးထွင်းသိခြင်းလက္ခဏာရှိခြင်း၊

(၂) ဝိသယောဘာသနရသာ=အာရုံကိုထင်ရှားပြခြင်းကိစ္စရှိခြင်း၊

(၃) မနသိကာရပဒဋ္ဌာနာ=အာရုံကို စိတ်၌ပြုပေးခြင်းလျှင်နီးစွာသောအကြောင်းရှိခြင်း၊

(၄) အသမ္မောဟ ဥပဋ္ဌာန=အာရုံ၌ မတွေဝေသော သဘောတရားဟု ရှေးရှုထင်လာမှုရှိခြင်းဟူ၍ သဗ္ဗညုတဉာဏ်ပညာ၏ အရှိသဘာဝဖြစ်ရပ်မှန် ၄-မျိုးဖြစ်ပါသည်။

အနည်းငယ်ချဲ့ဦးအံ့၊ သဗ္ဗညုတဉာဏ်သည်ကား ဉေယျမံ တရားအလုံးစုံကိုသိမြင်ခြင်း သက်သက်သာဖြစ်သည်၊ မှန်၏၊ သဗ္ဗညုတဉာဏ်သည် အခြားသောဒသဗလဉာဏ်တို့ထက် သိအပ်သောတရားတို့ကိုဂင်း၊ ထိုထက်အလွန်ကိုဂင်း၊ အပြားအားဖြင့် ထိုးထွင်းသိမြင်နိုင်သည်၊ သို့သော်သဗ္ဗညုတဉာဏ်ကား ထိုဒသဗလဉာဏ်စသည်တို့၏ ကိစ္စအလုံးစုံကိုကား မပြုလုပ်နိုင်ချေ။

ဥပမာ· သဗ္ဗညုတဉာဏ်သည် ဈာန်သဘောဖြစ်၍ ဈာန်ဝင်းစားခြင်းငှာ မစွမ်းနိုင်ပေ၊ ထိုပြင်သဗ္ဗညုတဉာဏ်သည် ဣဒ္ဓိဝိဓအဘိဉာဏ်ကဲ့သို့ တယောက်မှအများဖြစ်ခြင်း၊အများမှတယောက်ဖြစ်ခြင်း၊ ကိုယ်ထင်ရှားဖြစ်ခြင်း၊ ကိုယ်ကွယ်ပခြင်း (ကိုယ်ပျောက်ခြင်း) နံရံ၏တဖက် တံတိုင်း၏တဖက် တောင်၏တဖက်သို့ အငြိအတွယ်မရှိပဲ ရောက်ခြင်း၊ မြေ၌မှုလည်း ရေ၌ကဲ့သို့ငုတ်လျှိုးနိုင်(မြေလျှိုးနိုင်)ပေါ်နိုင်ခြင်း၊ရေ၌လည်း မြေပြင်ကဲ့သို့သွားလာနိုင်ခြင်း ကောင်းကင်၌လည်း စကြာသွားနိုင်ခြင်း၊ နေ့နှင့်လကိုလည်း လက်ဖြင့်သုံးသပ်ဆုပ်နိုက်နိုင်ခြင်း၊ ကိုယ်ဖြင့်ဗြဟ္မာပြည်တိုင်အောင်ပင် ရောက်နိုင်ခြင်းစသည်တို့ကို မပြုနိုင်ပေ။

သဗ္ဗညုတဉာဏ်သည် အရဟတ္တမဂ်ဉာဏ်ကဲ့သို့ ကိလေသာတို့ကိုသမုစ္ဆေဒပဟာန်ဖြင့် ပယ်သတ်ခြင်းကုန်ခန်းစေခြင်းငှာ မပြုနိုင်ချေ ယင်းကြောင့်သဗ္ဗညုတဉာဏ်ကား ဉေယျဓမ်တရားအလုံးစုံကိုသိမြင်ခြင်းကိစ္စသာ အစိုးတရအဓိပတိဖြစ်ပေသည်။ (ပဋိသမ္ဘိဒါမဂ္ဂပါဠိ၊ မူလပဏ္ဏာသအဋ္ဌကထာ၊အင်္ဂုတ္တရအဋ္ဌကထာ၊ နေတ္တိအဋ္ဌကထာ၊ သမ္မောဟဝိနောဒနီအဋ္ဌကထာ၊ ဝိသုဒ္ဓိမဂ္ဂအဋ္ဌကထာ၊ ယင်းဋီကာသီလက္ခန္ဓဋီကာသစ် ပရမတ္ထသရူပဘေဒနီကျမ်းစသည်ကိုမှီငြမ်းပြုသည်။)

## ကြာဝင်္ဂ ကုဋ္ဌေတသိန်းကို အလင်းရောင်ဖြင့် တိုင်းတာခြင်း

တစုံတယောက်က ‘သဗ္ဗညုတဉာဏ်၏ အစိုးတရအဓိပတိသိမြင်နိုင်သော နယ်ပယ်ကား မည်မျှကျယ်ဝန်းပါသနည်း’ဟု မေးလျှင် ‘သဗ္ဗညုတဉာဏ်သည် အသိဉေယျဓမ်တရား ရှိသမျှရှိ၏၊ ထိုမျှပင်သဗ္ဗညုတဉာဏ်က အစိုးတရအဓိပတိသိမြင်နိုင်၏’ဟု အလွယ်တကူပင်ဖြေဆိုနိုင်သည်၊ ယင်းသို့အဖြေမျိုးကသာမန်လူသားတို့အသိဉာဏ်ဖြင့် ယုံမှတ်လက်ခံနိုင်ကြမည်မဟုတ်ချေ၊ အဘယ်ကြောင့်ဆိုသော် ပိုင်းခြားပြအပ်သော၊ ဉေယျဓမ်အရာကပင် ပမာဏလွန် (အတိုင်းအတာမဲ့) ဖြစ်နေသောကြောင့်တည်း၊ သဗ္ဗညုတဉာဏ်ကား တိုင်းတာစမ်းသပ်၍ရှုကြောင်းသော ရုပ်စက္ကုမျိုးမဟုတ်ပေ၊ နာမ်တရားအ[illegible]စ်၍ မသိသိမျှတိုင်းတာစမ်းသပ်နိုင်ခြင်း မရှိပေ။

ယင်းသို့ဖြစ်ရာ သဗ္ဗညုတဉာဏ် ပါဝါစွမ်းအင်ကို မှန်းဆ တွက်ချက်နိုင်ဘွယ်ရာ အခြားရုပ်ဝတ္ထုအတိုင်းအတာပမာဏ တစုံတခုအမှန်ပင်လိုအပ်လျက်နေပေသည်၊ ဤအရာ၌'ဗုဒ္ဓ၏အသံရုပ်ဓာတ်နှင့်ရောင်ခြည်(ရုပ်ဓာတ်)မည်မျှဝေးလံကျယ်ဝန်းစွာသွားလာပေါက်ရောက်နိုင်ပါသနည်း'ဟူသော ပြဿနာ၏အဖြေကိုရှာဖွေယူရန် အထူးလိုအပ်လာသည်၊ယင်းအဖြေသည်ပင် သဗ္ဗညုတဉာဏ်၏ ထွင်းဖောက်ကျက်စားသွားရောက်နိုင်သောနယ်ပယ်အကျယ်အဝန်းကို ဤရွေ့ဤမျှရှိ၏'ဟု အတိုင်းအတာပမာဏအတိအကျကို ရရှိမည်မဟုတ်သော်လည်း ခန့်မှန်းယူဆနိုင်ဘွယ်ရလဒ်ကိုကား မုချရရှိပေမည်။

ဤအရာ၌ ကျွန်ုပ်တို့ရှင်အာနန္ဒာနှင့် ဘုရားရှင်တို့မေးဖြေချက်များကို ဆက်၍နာယူဖူးစမ်းသင့်ကြသည်၊ ယင်းကား တချိန်ကရှင်အာနန္ဒာသည် ဗုဒ္ဓအသံ(ရုပ်ဓာတ်)ကမည်မျှအထိဝေးလံကျယ်ဝန်းစွာသွားရောက်နိုင်သည်ကို သိချင်နေသည်၊ သိချင်စေသောအကြောင်းရင်းကား သံယုတ္တနိကာယ် ဗြဟ္မသံယုတ်(၁၅၇)၌လာသော'အရုဏဝတီသုတ်'ကို ကြားနာမှတ်သားဘူးရကား ယင်းသုတ်တွင်သိချင်စကောင်းသော သဲလွန်စအရိပ်အမြွက်ကိုလည်း ဗုဒ္ဓထံမှရရှိထားပြီးဖြစ်သည်၊ရှင်အာနန္ဒာသည် ယင်းသဲလွန်စအရိပ်အမြွက်ကိုရယူ၍ ဗုဒ္ဓအားသုံးကြိမ်မြောက်တိုင်တိုင် မေးလျှောက်ရာ ဗုဒ္ဓကလည်း မေးလျှောက်တိုင်းပင် အောက်ပါအတိုင်း ဖြေဆိုတော်မူခဲ့ပေသည်။

ရှင်အာနန္ဒာ — အရှင်ဘုရား ဤစကားကို မြတ်စွာဘုရား ထံမှ တပည့်တော် နာကြားမှတ်သားရဘူးပါသည် 'အာနန္ဒာသိခိမြတ်စွာဘုရား၏'အသိဘူ' မည်သော တပည့်သည် ဗြဟ္မာဘုံ၌တည်လျက် လောကဓာတ်တထောင်ကို အသံဖြင့်ကြားသိစေနိုင်၏'ဟု မှတ်သားရဘူးပါသည်၊ မြတ်စွာဘုရားသည်ကား အဘယ်မျှသောအရပ်ကို အသံတော်ဖြင့် ကြားသိစေရန် စွမ်းနိုင်ပါသနည်း-

ဗုဒ္ဓ — အာနန္ဒာ ထိုအဘိဘူသည်ကား တပည့်မျှသာတည်း၊ ဘုရားရှင်တို့သည်ကား မနှိုင်းရှည်အပ်သောပုဂ္ဂိုလ်တို့ပေတည်း၊ (ရှင်အာနန္ဒာသည် ဗုဒ္ဓအား ဤမေးခွန်းဖြင့်ပင် သုံးကြိမ်မြောက်တိုင်တိုင်မေးလျှောက်လေ၏၊ ဤသို့သုံးကြိမ်မြောက်မေးလျှောက်မေးပါမှ အောက်ပါအတိုင်းဖြေကြားတော်မူ၏။)

ဗုဒ္ဓ — အာနန္ဒာ စကြာဝဠာတထောင်ရှိ စူဠနိကာလောကဓာတ် (လောကဓာတ်ငယ်)ကို သင်ကြားဘူးသလော။

ရှင်အာနန္ဒာ — မြတ်စွာဘုရား ထိုစူဠနိကာ လောကဓာတ်ကို ဟောချိန်တန်ပါပြီမြတ်စွာဘုရား ဟောတော်

မူမည့်စူဠနိကယ် လောကဓာတ်ကို မြတ်စွာဘုရားထံမှကြားနာ၍ ရဟန်းတို့သည်မှတ်သားဆောင်ထားကြပါလိမ့်မည်။

ဗုဒ္ဓ — အာနန္ဒာသို့ဖြစ်လျှင် နာကြားလော့ ကောင်းစွာနှလုံးသွင်းလော့၊ ဟောကြားပေအံ့။

ရှင်အာနန္ဒာ — အရှင်ဘုရားကောင်းပါပြီ။

ဗုဒ္ဓ — အာနန္ဒာ လ နေ တို့ လှည့်လည်လျက် အရပ်မျက်နှာတို့ထွန်းလင်းတောက်ပရာ စကြာဝဠာတခု အပိုင်းအခြားကို တထောင်ဖြင့်မြှောက်ယူရသောလောကသည်ရှိ၏၊ ထိုလောကဓာတ်တထောင်၌ လတထောင် နေတထောင် မြင့်မိုရ်တောင်မင်းတထောင် ဇမ္ဗူဒိပ်တောင်ထွတ်တထောင်၊ အပရဂေါယာန အနောက်ကျွန်းတထောင် ဥတ္တရကုရုမြောက်ကျွန်းတထောင် ပုဗ္ဗဝိဒေဟ အရှေ့ကျွန်းတထောင် မဟာသမုဒ္ဒယာလေးထောင်နတ်မင်းကြီးလေးထောင် စတုမဟာရာဇ် နတ်ဘုံတထောင် တာဝတိံသာ နတ်ဘုံတထောင်၊ ယာမာနတ်ဘုံတထောင် တုသိတာနတ်ဘုံတထောင် နိမ္မာနရတိနတ်ဘုံတထောင်၊ ပရနိမ္မိတဝသဝတ္တိနတ်ဘုံတထောင် ဗြဟ္မာဘုံတထောင်ရှိ၏။

အာနန္ဒာ ဤလောကဓာတ်ကို တထောင်ဖြင့်မြှောက်ခြင်းရှိသော စူဠနိကာ လောကဓာတ်ဟုဆိုအပ်၏။ အာနန္ဒာ တထောင်နှင့် မြှောက်ခြင်းရှိသော စူဠနိကာ လောကဓာတ် တခုအပိုင်းအခြားကို တထောင်ဖြင့်မြှောက်ယူရသော လောကဓာတ်ရှိ၏၊ အာနန္ဒာ ဤလောကဓာတ်ကို နှစ်ကြိမ်မြှောက် တထောင်ဖြင့်မြှောက်ခြင်းရှိသော မဇ္ဈိမိကာ လောကဓာတ်ဟု ဆိုအပ်၏။

အာနန္ဒာ နှစ်ကြိမ်မြှောက် တထောင်ဖြင့်မြှောက်ခြင်းရှိသော မဇ္ဈိမိကာ လောကဓာတ်တခုကို တထောင်ဖြင့်မြှောက်ယူရသောလောကဓာတ်သည်ရှိ၏၊အာနန္ဒာဤလောကဓာတ်ကို သုံးကြိမ်သုံးခါ ထောင်များစွာမြှောက်ခြင်းရှိသော'မဟာလောကဓာတ်'ဟုဆိုအပ်၏။

အာနန္ဒာငါဘုရားသည် အလိုတော်ရှိသော် စကြာဝဠာကုဋေတသိန်းရှိ မဟာလောကဓာတ်ကို အသံဖြင့်ကြားသိစေနိုင်၏၊ ထို့ထက် အလွန်လည်း အလိုရှိရာအရပ် အပိုင်းအခြားကိုကြားသိစေနိုင်ပေ၏။

ရှင်အာနန္ဒာ — အရှင်ဘုရား မြတ်စွာဘုရားသည် အဘယ်သို့ လျှင် စကြာဝဠာကုဋေတသိန်းရှိ မဟာလောကဓာတ်ကို အသံဖြင့် ကြားသိစေတော်မူနိုင်ပါသနည်း။

ဗုဒ္ဓ — အာနန္ဒာ ငါဘုရားသည် အကြင်အခါ၌စကြာဝဠာကုဋေတသိန်းရှိ မဟာလောကဓာတ်ကို အလင်းရောင်ဖြင့် ပိုလွှတ်ပြန့်နှံ့စေရာ၏၊ ထိုအခါ ထိုသတ္တဝါတို့သည် ထိုအလင်းရောင်ကိုသိကုန်ရာ၏၊ ထိုနောက်ငါဘုရားသည်ကြွေးကြော်သံကိုပြုရာ၏၊ အသံကိုကြားစေနိုင်ရာ၏၊ အာနန္ဒာဤသို့လျှင် ငါဘုရားသည်စကြာဝဠာကုဋေတသိန်းရှိ မဟာလောကဓာတ်ကို အသံဖြင့်ကြားသိစေနိုင်၏၊ ထိုထက်အလွန်လည်းအလိုရှိရာ အရပ်အပိုင်းအခြားကို ကြားသိစေနိုင်၏။

(အင်္ဂုတ္တရနိကာယ် တိကနိပါတ် စူဠနိကာသုတ် ၂၂၀)

စူဠနိကာသုတ်၌လာသော အရှင်အာနန္ဒာ၏ အမေးကို ဗုဒ္ဓကဖြေကြားသော အကြောင်းအရာတို့ကို အထောက်အထားပြု၍ ဗုဒ္ဓကိုသံသရာဝဋ်ဒုက္ခမှ ကယ်တင်တွက်မြောက်စေသော သဗ္ဗညုဘုရားအဖြစ်ချင်း၊ သိပ္ပံ လွန် လောကဓာတ်ပညာ

ရှင်ကြီး တဆူအဖြစ်ဖြင့် ကိုးကွယ်မြတ်နိုး နိုင်ကြလိမ့်မည်ဖြစ်သည်။အဘယ်ကြောင့်ပါနည်း၊ ဤသို့လူသားကမ္ဘာမှ အလွန်ဝေးလံသောအရပ်သို့ အလင်းရောင်နှင့် အသံကို ပို့လွှတ်လွှင့်ထုတ်နိုင်ခြင်းကို ဟိုလွန်ခဲ့သော နှစ်ပေါင်း ၂၅၀၀ ကျော်ခေတ်ကပင် ဗုဒ္ဓကိုယ်တိုင် မိန့်ကြားခဲ့သောကြောင့်တည်း။

မှန်လှပါသည် ယနေ့တိုးတက်နေသော သိပ္ပံပညာခေတ်တွင် ဤလူသားကမ္ဘာမှအလွန်ဝေးလံသော ဂြိုဟ်နက္ခတ်တာရာတို့၏ အကွာအဝေးကို တိုင်းတာရာ၌ အလင်းရောင် လျင်မြန်နှုန်းကို စံယူသုံးစွဲနေကြရပြီဖြစ်သည်။ အလင်းရောင်၏ သွားရောက်နိုင်သော အမြန်နှုန်းမှာ တစက္ကန့်လျှင် မိုင်ပေါင်း တသိန်းရှစ်သောင်း ခြောက်ထောင် (၁၈၆၀၀၀)ရှိသည်ဟု သိပ္ပံပညာရပ်က ဆိုထားပါသည်။

အလင်းရောင်တို့သည် ဤရွေ့ ဤမျှဟုအဆုံးအပိုင်းအခြားမရှိသော အနန္တလောကဓာတ်သို့ အဟုန်လျှင်စွာ ပြေးသွားနေကြကြောင်းကို နိုင်ငံတော် ဗုဒ္ဓသာသန မဟာဗုဒ္ဓဝင် ဒုတိယတွဲ စာမျက်နှာ(၃၆၆)၌ ပဋ္ဌာန်းတရားတော်ကို သုံးသပ်ဆင်ခြင်တော်မူသည့်နေ့၌ မြတ်စွာဘုရား၏ ကိုယ်တော်မှ ထွက်ပေါ်ကွန့်မြူးကြသော ရောင်ခြည်တော်တို့သည် ယနေ့တိုင်အောင်ပင် အနန္တစကြာဝဠာ လောကဓာတ်တို့သို့ ဥတုဇရုပ် အဆက်ဆက်အနေဖြင့် ပြေးသွားလျက်ရှိကြကုန်၏။

ဟူ၍ မိန့်ဆိုရေးသားထားသည်။အဋ္ဌကထာဋီကာများနှင့် ဗုဒ္ဓဝင် အစောင်စောင်တို့၌လည်း အလားတူပင် မိန့်ဆိုရေး သားထားကြသည်။ ဤသို့အကြောင်းအရာကို မင်းကွန်းဥဒုမ္ဗရ တောရဆရာတော်က သူ၏'ပဉ္စစတ္တာလီသပုစ္ဆာ'ကျမ်း၌ ၃၉ ကြိမ်မြောက် ပုစ္ဆာအဖြစ်ဖြင့်မေးခဲ့၍ မန်လည်ဆရာတော်က လည်း ဖြေဆိုခဲ့သည်။ မေးဖြေအစုံမှာ အောက်ပါအတိုင်းပင် ဖြစ်သည်။

## မင်းကွန်း ဆရာတော် အမေး

ခုနစ်တန်သတ္တာဟတွင်၊ စတုတ္ထရွှေဘုံ၊ စံမြန်းခိုက် အကြုံဝယ်၊ ခြောက်ထွေစုံထင်ရှား၊ ပြေးထွက်သည့် ရောင်ဆိုင်ငယ်၊ သည်ခုတိုင်ရှိပါလိမ့်လား။

ခြောက်ရောင်ရှင်ဘုရားမှ၊ ကြွသွားသိဝံပြည်၊ မြန်း ဘိမတည်၊ လျှံဝါမြရောင်ခြည်ငယ်၊ ရှိသင့်မည်ခက် မောစွ၊ သဘောကျမ်းလာမှန်၊ နိစ္စကောန်၊ ရှိ,မရှိ နှစ် တန်ကို၊ သွေမလှန် ဝေခြမ်းပလေး။

## မန်လည် ဆရာတော် အဖြေ

ခုနစ်တန်သတ္တာဟတွင်၊ စတုတ္ထရွှေဘုံ၊ စံမြန်းခိုက် အကြုံဝယ်၊ ခြောက်ထွေစုံထင်ရှား၊ ပြေးထွက်သည့်

ရောင်ဆိုင်ငယ်၊ သည်ခုတိုင်ရှိပါလိမ့်လား၊ ခြောက်
ရောင်ဆိုင်ဘုရားမှ၊ ကြွသွားသိဝံ့ရွှေပြည်၊ မြန်းဘိမ
တည်၊ လျှံဝါမြရောင်ခြည်ငယ်၊ ရှိသင့်မည်ခက်မော
ဟု အာဘောနှင့် ရှင့်စောဒနာ၊ မေးတဲ့ပုစ္ဆာ၊ ယာဝဇ္ဇ
ဒိဝံသာကို၊ ရွှေဒို့ကာမိန့်တောင်း၊ ခုတိုင်ပခြောက်ရောင်
ရှိနိုင်ငယ်၊ တထိန်ထိန် ပြေးကျက်ရှိကြောင်း၊ ကျမ်း
လာလောက် မှတ်ကောင်းစွ၊ အကြောင်းကို ဘယ်ရှာ
သာကို၊ ထူးသည့်ဖြစ်ပုံ၊ လူသဘောနှင့်၊ ငိရောခိအလုံး
စုံကို၊ ပါရမိဂုဏ်လွန်လွန်းလို့ လေး။

(ဇင်းမှာ စကားရင်း ၂ ချိုး ပိုစေသည်)

## စကြာဝဠာ ခရီးရှည်ကြီးသွားသူ လူသား

လောက၌ တခါတရံတွင် တကယ့်ဖြစ်ရပ်မှန်တို့သည် စိတ်ကူးယဉ်ထက်ပင် ပိုမိုဆန်းကြယ် နေတတ်ကြသည်ကို တွေ့ရတတ်သည်။ ဤဝေးလံလှသော စကြာဝဠာခရီးရှည်ကြီးကို လူသားကိုယ်ဖြင့် (လူသားကိုယ်တိုင်)သွားခဲ့ဘူးသည်။ ယင်းပုဂ္ဂိုလ်ကား စကြာဝဠာ လောကအဆုံးသို့ ရောက်လိမ့်နိုးနိုး မြှော်လင့်ချက်ကြီးစွာဖြင့် သွားခြင်းဖြစ်သည်။သို့သော် ယင်းပုဂ္ဂိုလ်ကား စကြာဝဠာခရီးရှည်ကြီးမဆုံးဘဲ စကြာဝဠာ အကြား၌ပင် သေလွန်ခဲ့ရရှာလေသည်။ ယင်းပုဂ္ဂိုလ်က ဗုဒ္ဓအား မေးလျှောက်ရင်း သူ၏ဖြစ်ကြောင်းကုန်စင်ကို ဖွင့်ဆိုလျှောက်ထားပြန်သည်။

ဗုဒ္ဓကလည်း ထိုသူ၏ ခရီးရှည်ကြီးသွားပုံ အခြင်းအရာနှင့် စကြာဝဠာ အနန္တ(စကြာဝဠာ အဆုံးမရှိ)ဖြစ်သည်ကို လက်ခံတော်မူသည်။ ယင်းကြောင့်သာ ဤအကြောင်းအရာကို ရဟန်းတို့အား တဖန်ပြန်လည်၍ ဟောကြားခြင်းဖြစ်သည်။ ဤလူသား စကြာဝဠာခရီးသည်ကြီး အကြောင်းကို မူရင်းဖြစ်သော အင်္ဂုတ္တိုရ်ပါဠိ စတုက္ကနိပါတ် ရောဟိတဿသုတ်(အံ၊ ၁၊ ၃၆၅)နှင့် သဂါထာဝဂ္ဂဒေဝပုတ္တသံယုတ်(သံ၊ ၁၊ ၆၀-၁)တို့၌ အောက်ပါအတိုင်း လာရှိပေသည်။

ရောဟိတဿနတ်သား — အရှင်ဘုရား ပဋိသန္ဓေ မနေရာ, မအိုရာ, မသေရာ, မရွေ့လျောရာ တဖန်မဖြစ်ရာသော ကာလ၏အဆုံးကို ခြေနှင့်သွားခြင်းဖြင့် သိရန်,မြင်ရန် ရောက်ရန် တတ်ကောင်းပါသလော။

ဗုဒ္ဓ — ဒါယကာနတ်သား ပဋိသန္ဓေမနေရာ, မအိုရာ, မသေရာ, မရွေ့လောရာ, တဖန်မဖြစ်ရာသော လောက၏အဆုံးကို ခြေနှင့်သွားခြင်းဖြင့် 'သိအပ်,မြင်အပ်,ရောက်အပ်၏'ဟု ငါမဆိုပေ။

ရောဟိတဿနတ်သား — အရှင်ဘုရား အံ့ဘွယ်ရှိပါပေစွ၊မဖြစ်ဘူးမြဲ ဖြစ်ရပေစွ အရှင်ဘုရား၊ မြတ်စွာဘုရားသည် ဒါယကာနတ်သား ပဋိသန္ဓေမနေရာ,

မအိုရာ, မသေရာ, မရွေ့လျောရာ, တဖန်မဖြစ်ရာသော လောက၏အဆုံးကို ခြေနှင့်သွားခြင်းဖြင့် သိအပ်, မြင်အပ်, ရောက်အပ်၏ဟု ငါမဆို'ဟူ၍ ဤစကားကို အလွန်လျှင်မြန်ကောင်းစွာ ဟောအပ်ပါ၏။

အရှင်ဘုရား ရှေး၌ ဖြစ်ခဲ့ဘူးသည်ကား အကျွန်ုပ်သည် တံခိုးနှင့်ပြည့်စုံ၍ ကောင်းကင်သို့ ပြန်တက်သွားလာနိုင်သော မုဆိုး၏သား ရောဟိတဿမည်သော ရသေ့ ဖြစ်ခဲ့ဘူးပါသည်။

အရှင်ဘုရား ထိုအကျွန်ုပ်၏ လျင်မြန်ပုံမှာ ဤသို့သဘောရှိခဲ့ပါသည်။ လေးအတတ်ကို သင်ကြားပြီး၍ လေးအတတ်၌ လက်ကျင့်ရပြီးသော မင်းအိမ်၌ လေးအတတ်ကို ပြပြီးသော မြဲမြံခိုင်ခန့်သော လေးရှိသော လေးဆရာသည် ခဲယဉ်းမှုမရှိသော ပေါ့ပါးသော မြှားဖြင့် ထန်းပင်ရိပ်ကို ဖီလာကန့်လန့် လွန်စေသည့် အချိန်ကာလနှင့်အမျှ တခုသော စကြာဝဠာကို လွန်စေနိုင်သည့် သဘောရှိသော လျင်မြန်ခြင်း ရှိခဲ့ပါသည်။ ဤသို့သဘောရှိသော ခြေလှမ်း ဖြစ်ခဲ့ဘူးပါသည်။

အရှေ့သမုဒ္ဒရာမှ အနောက်သမုဒ္ဒရာကို လွှန်စေနိုင်သော သဘောရှိသော ဝေးကွာသော သဘောရှိသော ခြေလှမ်းရှိခဲ့ပါသည်။

အရှင်ဘုရား ဤသို့သဘောရှိသော လျင်မြန်ခြင်းနှင့်ပြည့်စုံသော ဤသို့သဘောရှိသော ခြေလှမ်းနှင့်ပြည့်စုံသော ထိုအကျွန်ုပ်အား 'ငါသည် ခြေနှင့်သွားခြင်းဖြင့် လောက၏အဆုံးသို့ရောက်ရမည်ဟု ဤသို့သဘောရှိသော စိတ်အလိုဆန္ဒ ဖြစ်ခဲ့ဘူးပါသည်။

အရှင်ဘုရား အနှစ်တရာ အသက်ကြွင်းရှိသေးသော ထိုအကျွန်ုပ်သည် အနှစ်တရာ အသက်ရှင်လျက် စားချိန်,သောက်ချိန်,ခဲချိန်,လျက်ချိန်မှတပါး ကျင်ကြီးကျင်ငယ်စွန့်မှု,အိပ်စက်မှု, အပန်းဖြေနာ.နေမှုမှတပါး ·အနှစ်တရာပတ်လုံးကို သွားခဲ့ရာ လောကအဆုံးကို မရောက်ဘဲ စကြာဝဠာ အကြား၌သာလျှင် သေလွန်ရပါသည်။

အရှင်ဘုရား အံ့ဘွယ်ရှိပါပေစွ၊ မဖြစ်ဘူးမြဲဖြစ်ပါပေစွ၊ မြတ်စွာဘုရားသည် ဒါယကာနှင့်အား ပဋိသန္ဓေမနေရာ,မအိုရာ,မသေရာ,မရွေ့လျောရာ,တဖန်မဖြစ်ရာသော ဓလောက

၏အဆုံးကို သွားခြင်းဖြင့် သိအပ်,မြင်အပ်, ရောက်အပ်၏ဟု ငါမဆိုဟူ၍ ဤစကားကို အလွန်လျှင် ကောင်းစွာ ဟောတော်မူအပ် ပါ၏။

ဗုဒ္ဓ ဒါယကာနတ်သား ပဋိသန္ဓေမနေရာ, မအိုရာ, မသေရာ,မရွေ့လျောရာ, တဖန်မဖြစ်ရာသော လောက၏အဆုံးကို ခြေနှင့်သွားခြင်းဖြင့် သိအပ်,မြင်အပ်,ရောက်အပ်၏ဟူ၍ ငါမဆို။

ဒါယကာနတ်သား လောက၏ အဆုံး နိဗ္ဗာန်သို့ မရောက်ဘဲ ဝဋ်ဆင်းရဲ၏ အဆုံးပြုခြင်းကိုလည်း ငါမဆို။

ဒါယကာနတ်သား စင်စစ်အားဖြင့် သညာလည်းရှိ စိတ်လည်းရှိသော တလံမျှလောက်သော ဤခန္ဓာကိုယ်၌သာလျှင် လောကကို၎င်း၊ လောကဖြစ်ပေါ်ကြောင်းကို၎င်း၊ လောက၏ချုပ်ရာ နိဗ္ဗာန်ကို၎င်း၊ လောက၏ချုပ်ရာနိဗ္ဗာန်သို့ ရောက်ကြောင်း အကျင့်ကို၎င်း ငါပညတ်၏။

ဤရောဟိတဿသုတ်၌လာရှိသော အချက်အလက်များကို ထောက်ရှုဆင်ခြင်သော် ဈာန်အဘိညာဏ်ရ ရောဟိတဿ

ရသော့ဖြစ်စဉ်အခါက စကြာဝဠာလောကအဆုံးကို သွားအံ့ဟု ကြီးမားသောဆန္ဒဖြင့် အားထုတ်ခဲ့သည်၊ သူ၏သွားသောအမြန်နှုန်း အလျင်အဟုန်မှာ 'ထန်းရိပ်တကူး မြှားနှယ်မြူး'ဆိုသော အချိန်ကာလအတွင်း၌ပင် စကြာဝဠာတခုကို ကျော်ဖြတ်နိုင်သည်။ ထန်းပင်ရိပ်ကို မျှားဖြတ်သွားသော အချိန်သည် တစက္ကန့်ထက်ပင် အချိန်တိုတောင်းပေသေးသည်။ ဤသို့သော အလျင်အဟုန်ဖြင့် နှစ်တရာပတ်လုံး ခရီးပြင်းနှင်သော်လည်း စကြာဝဠာအဆုံးသို့ကား မရောက်၊ စကြာဝဠာအကြား၌ပင် သေလွန်ခဲ့ရသည်ဟု ဆို၏။ မှန်ပါသည် ဤသို့ပင် ဖြစ်ရပါမည်၊ စကြာဝဠာခရီးရှည်ကြီးကား အလင်းနှစ်ပေါင်း ရာထောင်သောင်းသိန်းသန်းကုဋေမျှမကဘဲ အလင်းနှစ်ပေါင်း ရာကုဋေထောင်ကုဋေနှင့်ချီ၍ သွားရမည့် ရောမမဟာခရီးရှည်ကြီးပေတကား။

## စကြာဝဠာ ဘယ်မှာဆုံးပါလိမ့်

ဤစကြာဝဠာ ခရီးရှည်ကြီးနှင့်စပ်၍ ယနေ့လူသားတို့ယုံကြည်လက်ခံသော သိပ္ပံပညာရပ်၏ တွေ့သိဖော်ထုတ်ချက်များကို ဖော်ပြချင်ပါသည်။ ဖော်ဆောင်ပြရန်လည်း အခွင့်သင့်ရောက်လာပါသည်။ယင်းကြောင့် ၁၉၆၉ခုနှစ်ထုတ် တိုင်းအပတ်စဉ်မဂ္ဂဇင်းမှ ( .measurina earth's nation ) အမည်ရှိ သိပ္ပံဆောင်းပါးကို 'စကြာဝဠာ ဘယ်မှာဆုံးပါ

လိမ့်’ဟူသော ခေါင်းစီးဖြင့် မြန်မာပြန်ဆိုချက်များကို ထုတ်နှုတ်ဖော်ပြလိုက်ပါသည်။

ဤကမ္ဘာပါဝင်သည့် နေစကြာဝဠာ အဖွဲ့အစည်းကြီး တခုလုံးသည် ဂလက်ဆီကြီးတွင် မည်မျှသေးငယ်သော အစိတ်အပိုင်း ကလေးမျှသာဖြစ်သည်ကိုငှင်း၊ဤဂလက်ဆီကြီးသည် မည်မျှကြီးမားကျယ်ဝန်းသည့် အဖွဲ့အစည်းကြီး ဖြစ်သည်ကိုငှင်း ချင့်တွက်နိုင်ပေသည်။ ဤသည်တို့ကို ထောက်ရှုပြန်သဖြင့်လည်း ကျွန်ုပ်တို့၏ နေစကြာဝဠာအဖွဲ့အစည်း တခုလုံးသည် ဤမျှကြီးမားကျယ်ပြန့်သော ဂလက်ဆီကြီးအတွင်း လှည့်ပတ်သွားလာနေပုံမှာ တံငါလှေငယ်တခု ပစိဖိတ်သမုဒ္ဒရာအတွင်း၌ လှည့်ပတ်သွားလာနေသည်နှင့် တူကောင်းတူနေပေလိမ့်မည်။

နက္ခတ်တာရာ ပညာရှင်ကြီးများ၏ လေ့လာချက်များအရ ကျွန်ုပ်တို့၏ ဂလက်ဆီကြီးတွင် ကြယ်ပေါင်းကုဋေ ၁၀၀၀၀ ပါဝင်သည်ဟု သိရသည်၊ ကျွန်ုပ်တို့၏ ဂလက်ဆီကြီးသည် ခရုပတ် ပုံသဏ္ဍာန်ရှိပြီး ဝမ်းဘဲဥပုံမကျတကျ ခပ်လျားလျားသဏ္ဍာန်ရှိသည်။ ၎င်း၏ အကျယ်ဆုံးသောနေရာ တဖက်စွန်းမှ အခြားတဖက်စွန်းထိ အကွာအဝေးမှာ အလင်းနှစ်ပေါင်း ၁၀၀,၀၀၀(တသိန်း)ကွာဝေးသည်။

အလင်းနှစ်ဆိုသည်မှာ အလင်းရောင်၏ တနှစ်ကာလအတွင်း သွားရောက်နိုင်သော အမြန်နှုန်းကို ဆိုလိုသည်။

အလင်းရောင်၏ တစက္ကန့် အမြန်နှုန်းမှာ မိုင်ပေါင်း ၁၈၆,၀၀၀ ဖြစ်သည်။

သို့ဖြစ်ရာ အလင်းရောင်၏ တမိနစ် အမြန်နှုန်းမှာ မိုင်ပေါင်း ၁၁,၁၆၀,၀၀၀။

တနာရီ၏ အမြန်နှုန်းမှာ မိုင်ပေါင်း ၆၆၉,၆၀၀,၀၀၀။

တရက်၏ အမြန်နှုန်းမှာ မိုင်ပေါင်း ၁၆,၀၇၀,၄၀၁,၀၀၀။

တနှစ် (၃၆၅) ရက်၏ အမြန်နှုန်းမှာ မိုင်ပေါင်း ၅,၈၆၅,၆၉၆,၀၀၀,၀၀၀ မိုင်ဖြစ်သည်။

ဤသို့ဖြင့် အလင်းရောင်နှစ် ၁၀၀,၀၀၀ ၏ အမြန်နှုန်းကို၊ သို့မဟုတ် အကွာအဝေးမှာ မိုင်ပေါင်း မည်မျှရှိမည်ကို ချင့်ယူနိုင်ပေသည်။

ကျွန်ုပ်တို့၏ ဂလက်ဆီကြီးသည် အာကာသဟင်းလင်းကြီးတွင် တခုတည်းသာ ထည်းထည်းကြီး ရှိနေသည်မဟုတ်၊ ကျွန်ုပ်ကဲ့သို့ အလားတူ ဂလက်ဆီပေါင်း ၂၅၀၀ ပါဝင်သည်။ ဆူပါကလက်စတားဟု ခေါ်သော မဟာဂလက်ဆီ အဖွဲ့အစည်းကြီး ရှိနေသေးသည်။ ယင်းဆူပါဂလက်ဆီ အဖွဲ့အစည်းကြီးကလည်း အာကာသ ဟင်းလင်းပြင်ကြီးတွင် သူတခုတည်း ဧကစာရီ တင်နေသည် မဟုတ်၊ သန်းပေါင်းများစွာရှိနေသည်။

ယခုအခါတွင် ဤကမ္ဘာမှ သိပ္ပံဆိုင်ရာ ကိရိယာများနှင့် နေ့ာက်တွေ့နဲ့စနစ်များဖြင့် လေ့လာတွေ့သိနိုင်သည်။ ကောင်းကင်ပြင်၏ အကျယ်အဝန်းမှာ အချင်းအားဖြင့် အလင်းနှစ်ပေါင်း ကုဋေ ၂၀၀၀ ကျယ်ဝန်းသည်၊ ယင်းအထဲ၌ ဆူပါ ဂလက်စတား မဟာဂလက်ဆီပေါင်း သန်းပေါင်းများစွာ ပါဝင်သည်။

(သုတပဒေသာစာစောင် အတွဲ ၂၊ အမှတ် ၁)
ဇန်နဝါရီလ ၁၉၇၅ ခု။

## နာမ်ဓာတ်၏ လျှင်မြန်ခြင်း စွမ်းအင်

ဤသိပ္ပံဆောင်းပါး၏ ဖော်ပြချက်များဆိုလျှင် စကြာဝဠာတို့ကား လူသားကမ္ဘာမှ မည်မျှဝေးလံ၍ မည်မျှကြီးမားကျယ်ပြန့်စွာ ဆက်စပ်တည်နေကြသည်ကို မှန်းဆသိသာနိုင်ပေသည်။ ယင်းစကြာဝဠာ အသီးသီးတို့၌ သိစကောင်းသော အသိခံ အခြင်းအရာတို့လည်း အမြောက်အမြား ပြည့်နှက်တည်ရှိနေကြပေလိမ့်မည်။ ယင်းသို့ စကြာဝဠာ ခရီးရှည်ကြီးကို သွားရောက် ကျက်စားနိုင်ရန် လျှင်မြန်လှသော အလင်းရောင်ရုပ်ဓာတ်၏ စွမ်းသန်ချက်မျှဖြင့် လုံလောက်လိမ့်မည်မဟုတ်ချေ။

ယင်းသို့ဖြစ်ရာ အလင်းရောင် ရုပ်ဓာတ်ထက် သာလွန်လျှင်မြန်သော အခြားဓာတ်တမျိုးကို ရှာဖွေသော် နာမ်ဓာတ်ကိုသာ တွေ့ရပေသည်။ ယင်းနာမ်ဓာတ်တို့၏ သတ္တိစွမ်းပကားကို စူးစမ်းဖော်ထုတ်ရန် လိုအပ်လာပြန်လေသည်။ ဗုဒ္ဓ၏ အလုံးစုံသိခြင်းကား ရုပ်ဝတ္ထု၊ ရုပ်ဓာတ် လုံးဝမဟုတ်ဘဲ နာမ်ဓာတ်သာ မုချဖြစ်လေသည်။

အနည်းငယ်ခွဲချဉ်းအံ့၊ အဘိဓမ္မာဘာသာရပ်က နာမ်ဓာတ် ၅၃ မျိုးရှိကြောင်း မိန့်ဆိုသည်။ စိတ်အကျဉ်း ၈၉၊ အကျယ်အားဖြင့် ၁၂၁ ရှိသည်။ စိတ်ဟူသမျှသည် အာရုံ၏ သဘောကိုသိခြင်း၊ လက္ခဏာယူရကား ယင်းစိတ်တို့ကို တမျိုးတည်း

ပြု၍ စိတ် ၁ မျိုးနှင့် စေတသိက် ၃၂ မျိုးပေါင်းသော် နာမ် တေပညာသခေါ် နာမ်ဓာတ် ၅၃ မျိုးဖြစ်သည်။ သဗ္ဗညုတ ဉာဏ်ပညာသည် နာမ်ဓာတ် ၅၃ မျိုးတို့တွင် တမျိုးအပါ အဝင်ဖြစ်သည်။

သဗ္ဗညုတဉာဏ်ပညာခေါ် သမန္တစက္ခုကား စကြာဝဠာ ပေါင်း ကုဋေတသိန်းမကသိမြင်ခြင်းငှာ စွမ်းနိုင်သော နာမ်ဓာတ်မျိုးပင်ဖြစ်သည်။ ယင်းသဗ္ဗညုတဉာဏ်ပညာ နာမ်ဓာတ်သည် အမှီအတွယ်မဲ့ သူချည်းသက်သက် ကေစာရီဖြစ်နေသည် မဟုတ်ပေ။ မိမိဆိုင်ရာစိတ်တို့၌ ယှဉ်မှီရပ်တည်နေသည်။ ထို့ကြောင့် ဉာဏ်ပညာသည် စိတ်လျင်မြန်သော အဘိုင်းအတာ အထိပင် လိုက်ပါလျင်မြန်ရသည်။ ယင်းသို့ဖြစ်ရာဉာဏ်ပညာ၏ အယှဉ်အမှီခံဖြစ်သော စိတ်တို့၏ လျင်မြန်ခြင်းနှင့်စပ်၍ လေ့လာရန် အထူးလိုအပ်လာပြန်ရာ ကျွန်ုပ်တို့ဆက်၍ လေ့လာကြကုန်စို့။

## စိတ်၏ လျင်မြန်ပုံ နှိုင်းဆချက်

သဗ္ဗညုတဉာဏ်ဟု အမည်ရသော ပညာ စေတသိက်သည် လောကီဓာတ် ဖြစ်သော မဟာကြိယာ ဉာဏသမ္ပယုတ် စိတ်တို့၌ ယှဉ်မှီရသည်ဖြစ်ရာ၊ ယင်းစိတ်တို့၏ လျင်မြန်သော အတိုင်းအတာအထိ လိုက်ပါယှဉ်မှီရသည်ကို သတိချပ်ရပေ

မည်။ ယင်းတို့၏ လျင်မြန်ခြင်းနှင့် စပ်လျဉ်း၍ ဗုဒ္ဓကိုယ်တော်တိုင် ဟောကြားတော်မူခဲ့သည်မှာ....

ရဟန်းတို့ စိတ်ထက်လျင်မြန်သောဖြစ်ခြင်း၊ ချုပ်ခြင်းရှိသော တစုံတခုသော သဘောတရားကိုမျှ ငါ ဘုရားမမြင်၊ နှိုင်းယှဉ်ဖွယ်ရာ ဥပမာပြုရန်ပင် မလွယ်ကူပေဟု ဟောကြားတော်မူခဲ့သည်။

(အံ၊ ၁၉။ ကထာဝတ္ထု၊ ၁၅၇)

စိတ်၏ဖြစ်ခြင်း ချုပ်ခြင်းသည် အလွန် လျင်မြန်လှသည်၊ လက်ဖျောက်တခါတီး အချိန်ကာလအတွင်း၌ ဖြစ်,တည်,ပျက်ဟူသော ခဏတ္တယ(ခဏ ၃.ပ း)နှင့်ပြည့်စုံသော စိတ်ပေါင်း အကြိမ် ကုဋေတသိန်းမက ဖြစ်နိုင်ပျက်နိုင်ပေသည်ဟု အဋ္ဌကထာဋီကာဆရာတို့က မိန့်ဆိုကြလေသည်။

(သံ၊ ဋ္ဌ၊ ၂၊ ၉၂။ အဘိ၊ ဋ္ဌ၊ ၂၊ ၃၁။ အနု၊ ဋီ၊ ၁၊၇၅)

ယင်းစိတ်တို့ လျင်မြန်မှုနှင့်စပ်၍ ရှင်နာဂသေနက မိလိန္ဒမင်းအား နှိုင်းခိုင်း၍ ရှင်းလင်းပြောကြားသည်ကို [illegible]လာဘို့ လိုအပ်လာပြန်ပါသည်။ နှိုင်းခိုင်းရှင်းလင်းမှုမှာ အော[illegible]ပါအတိုင်းပင် ဖြစ်ပါသည်။

လက်ဖျောက်တခါတီး အချိန်ကာလ၌ဖြစ်သော စိတ်,စေတသိက်တို့ကို အကယ်၍ စုပေါင်းထားသည် ဖြစ်အံ့၊ စပါးတင်းရေ ၁၀၅၉ တင်း ၆ ပြည်ရှိစပါး တို့သည် လက်ဖျောက် တခါတီး အချိန်ကာလ၌ဖြစ် သော စိတ် ၁ ခုကို စပါး ၁ လုံး ၁ လုံးချ၍ ရေတွက် သည်ရှိသော် ယင်းစပါး ၁၀၅၉ တင်း ၆ ပြည်ရှိ စပါးစေ့တို့သည် ကုန်ကုန်ရာ၏။ လက်ဖျောက်တခါ တီး အချိန်ကာလ၌ဖြစ်သော စိတ် စေတသိက်တို့ကား မကုန်နိုင်ရာ။

ဤမျှသော စိတ္တက္ခဏ အပေါင်းသည်လည်း ရာဂ နှင့်တကွဖြစ်သော ပုထုဇဉ်တို့၏ စိတ်ပမာဏသာဖြစ် ၏။ ထိုထက် သောတာပန်ပုဂ္ဂိုလ်၏ စိတ်၊ထိုထက် သက ဒါဂါမ်ပုဂ္ဂိုလ်၏ စိတ်၊ထိုထက် အနာဂါမ်ပုဂ္ဂိုလ်တို့၏ စိတ်၊ ထိုထက် ရဟန္တာပုဂ္ဂိုလ်တို့၏ စိတ်၊ ထိုထက် ပစ္စေကဗုဒ္ဓါ၏စိတ်သည် လျင်မြန်၏၊ သဗ္ဗညုတဉာဏ် တော်ရှင် ဗုဒ္ဓ၏ စိတ်တော်မှာကား ယင်းစိတ်တို့ထက် မရေတွက်နိုင်သော အဆအပြန်ပေါင်း အသင်္ချေ အားဖြင့် စင်လည်းစင်ကြယ်၏၊ လျင်လည်း လျင်မြန် လှ၏ဟု မိလိန္ဒပဉှာပါဠိ (စာမျက်နှာ ၁၀၉၊ ၁၁၃) တို့၌ မိန့်ဆိုထားပါသည်။

လျှပ်တပြက်၊ လက်တဘွက်၌၊ ဖြစ်ပျက်အနေ၊နာမ် ရုပ်သေတို့၊ကုဋေတသိန်း၊ ရေကိန်းတမျှ၊ စုပုံရသော်၊ ကောသလထုံး၊ ၂တိုင်းသုံးမှတ်ခြင်း၊ တင်းရှစ်ဆယ်ဝင်၊ အကြွင်ခေါ်ဝေါ်၊ ရာကျော်လှည်းပေါင်း၊ တင်း လောက်ကောင်းသား၊ တသောင်းပုံပြု၊ စပါးစုထက်၊ အထုများစွာ၊ မကရာဟု၊ ကျမ်းလာမဆိတ်၊ ဝိပရိတ် တည့်။

(မဃဒေဝလင်္ကာသစ်၊ ပုဒ်ရေ ၁၁၀)

ကျည်းကန်ရှင်ကြီးသည် ဤသည်တို့ကို ရည်ညွှန်း၍ သူ၏ စွယ်စုံကျော်ထင်ပုစ္ဆာ'အတိတ်ကာရန်ဝယ် 'သတ္တဝါစိတ်၊ ဘု ရားစိတ်၊ ဘယ်စိတ်သာ၍ လျင်သနည်း'ဟု ပုစ္ဆာပြုခဲ့ပါသည်။ အဖြေရှင် ကျီးသဲ့ဆရာတော်ကလည်း ဘုန်းရှင်၏ စိတ်တော် သည် သတ္တဝါတို့၏ စိတ်ထက် လျင်မြန်ပါကြောင်းနှင့် အဋ္ဌ သာလိနီ အဋ္ဌကထာ (စာချက်နှာ ၁၆)လာ အဆိုပြုချက်ကို ယှဉ်ပြဆိုထားပါသည်။ သီလက္ခန် အဋ္ဌကထာ(စာချက်နှာ ၅၇)၌လည်း ဘုရားရှင်၏စိတ် လျင်မြန်ကြောင်း အဆိုပြု ချက်ကိုလည်း သိမှတ်ဘွယ်ရာဖြစ်ပါသည်။

စိတ်တော်တခု ဉာဏ်တော်တခုသာ

စိတ်၏ နိယာမသဘောသည် ခဏတခုတည်း၌ စိတ်နှစ်ခု စသည်ပြိုင်၍ ဖြစ်ရိုးဓမ္မတာ မရှိပေ။ ထို့ကြောင့် ဗုဒ္ဓသန္တာန်၌ဖြစ်သော စိတ်သည်လည်း ခဏတခုတည်း၌ စိတ်တခုတည်းသာဖြစ်နိုင်သည်။ ဤနိယာမ သဘောအရ ဗုဒ္ဓသန္တာန်၌ဖြစ်သော ကာမာဝစရ မဟာကြိယာ ဉာဏသမ္ပယုတ် စိတ္တုပ္ပာဒ် တခုတည်း၌ဖြစ်သော သဗ္ဗညုတဉာဏ်တော်သည် တခုသာ ယှဉ်မှိနိုင်သည်။ ဉာဏ်တော်နှစ်ခု သို့မဟုတ် ဉာဏ်တော် အမြောက်အမြား မယှဉ်နိုင်ကြ မဖြစ်နိုင်ကြပါ။တခြားသော ဖဿ ဝေဒနာ သညာစသော စေတသိက်တို့လည်း ထိုနည်းနှင်နှင်သာ ဖြစ်ကြပါသည်။

ထိုသို့ စိတ်တခု၌ ဉာဏ်တော်နှစ်ခု သို့မဟုတ် ဉာဏ်တော် အမြောက်အမြားဖြစ်ကြခြင်း မရှိသော်လည်း ဗုဒ္ဓ၏သန္တာန်၌ဖြစ်သော စိတ်တို့သည်ကား ဘဝင်၏ လျင်မြန်သောဖြစ်ခြင်း၊ ဆည်းပူးလေ့ကျက်အပ်ပြီးသော ဝသီဘော်ရှိခြင်းတို့ကြောင့် တခဏတည်း၌ ဖြစ်နေသကဲ့သို့ ဖြစ်ကြပေသည်။

ဤသို့ ဗုဒ္ဓစိတ်တော်တို့သည် အလွန်လျင်မြန်လွန်းရကား ထိုစိတ်တို့၏ ယှဉ်မှိရသော ဉာဏ်တော်တို့သည်လည်း တခဏတည်း၌ပင် ဒလစပ်ဖြစ်တည်နေသကဲ့သို့ ဖြစ်ကြပါသည်။ထိုသို့ ဗုဒ္ဓ၏ စိတ်တော်ဉာဏ်တော်တို့သည် အလွန့်အလွန် လျင်မြန်

လွန်းသည် ဖြစ်ကြရကား ဗုဒ္ဓသည် အကယ်၍ အလိုတော်ရှိ၍ ဆင်ခြင်တော်မူလျှင် ဉေယျဓမ္မတရားအလုံးစုံကို အသီးသီးဝိယိကျ စူ.စမ်းဆင်ခြင်၍ သိတော်မူရသော်လည်း တချိန်တည်း (တပြိုင်နက်) သိစွမ်းတော်မူသကဲ့သို့ ဖြစ်နေသည်ကို ယုံကြည်လက်ခံနိုင်ကြပေလိမ့်မည်။

(ဒီ၊ ဋ္ဌ၊ ၁၊ ၅၇။ မ၊ ဋ္ဌ၊ ၄၊ ၆၀။
မဏိဒီပဋီကာ ဝိသတိဂါထာဝဏ္ဏနာ)

ပစ္စဝေက္ခဏာမည်ယု<sup></sup>ိ၊ ဉာဏ်စိထိမျိုး၊ ဆဲ့ကိုးချက်နောက်၊ မဖောက်မပြန်၊ နာဝရဏ်ဖြင့်၊ သမန္တစက်၊ စံမဘက်အောင်၊ ဝက်ဝက်ခြားပိုင်း၊ ဉေယျဂိုဏ်းကို၊ ယုံိတိုင်းမကြွင်း၊ မရှိခြင်းမျှ၊ ခြင်းတော့သည်သနှ၊ ပိတ်မကာဘဲ၊ နောင်လာခုတိတ်၊ ပရိတ်မဟဂ်၊ ကိုးချက်လောကုတ်၊ မယုတ်လုံးစုံ၊ အာရုံခြောက်ဘို့၊တရားတို့လည်း၊ အလို့အလျောက်၊ လျှင်ရှောက်မညောင်း၊ တပေါင်းချက်ပြီး၊ သီးသီးစည်ကာ၊ လိုရာအကြိမ်၊ ဆွတ်ချွေနှိမ်ဘို့၊ သင်္ကမာ၊ သိနိုင်စွာကြောင့်၊ ကြံငှာမရှိ၊ အံ့ဘွယ်ရှိသား၊ အစိန္တိယာ၊ မဟာဝဇီရ၊ ဉာဏကြီးထု၊ သဗ္ဗညုဟု၊ အံတုမဲ့ဆို၊ ဗုဒ္ဓဘို့သို့၊ လုံးစုံရောက်ဆိုက်၊ အောင်လံစိုက်၍၊ သောင်းထိုက်ငှန်းဝေ၊ကျော်နှံ့စေလျက်၊ အသင်္ချေယျ၊ နာမတံဆိပ်၊ ခပ်နှိပ်မဆုံး၊

သုံးခေတ်လုံးတွင်၊ ဘက်မမြင်သည့်၊ ငါလျှင်သုံးလူထွတ်
ထားတည်း။

(မဃဒေဝလင်္ကာသစ်၊ ပုဒ်ရေ ၅၃၄)

## ပေါင်းရုံးစုစည်း၍ ကောက်ချက်ယူသော်

ဗုဒ္ဓ၏ သဗ္ဗညုတဉာဏ်တော် အကြောင်းခြင်းရာ အဋ္ဌုပ္ပတ္တိကို အခန်း ၅ ခန်းတို့ဖြင့် ဖော်ဆောင်ထုတ်ပြအပ်ခဲ့ပြီးပါပြီ။ ဤသို့ဖော်ဆောင်ထုတ်ပြရာ၌ ပါဠိတော် အဋ္ဌကထာ ဋီကာများနှင့် ဂန္ထဝင်ကျမ်းစာ ဒႈမြောက်အမြားတို့၏ ဟောကြားချက်များ၊ အဖွင့်များ၊ အဓိပ္ပာယ် ကောက်နုတ်ချက်များကို အကိုးသာဓကပြု၍ စွမ်းနိုင်သမျှ ကြိုးပမ်းတင်ပြခဲ့ပါသည်။ ဤသို့ဖော်ပြအပ်ပြီးသော အကြောင်းအရာ အချက်အလက်အားလုံးတို့ကို အတိုချုံးပေါင်းရုံးစုစည်း၍ ကောက်ချက်ယူရသော်....

၁။ သဗ္ဗညုတဉာဏ်ရှင် ဗုဒ္ဓသည် နတ်ဘုရား၊ သို့မဟုတ် ဘုရားဇာတိမှဖြစ်သော ဘုရားမျိုးမဟုတ်ဘဲ၊ လူသားဗုဒ္ဓ လူသားဘုရား ကေန်ဖြစ်ခြင်း။

၂။ သဗ္ဗညုတဉာဏ်တော်သည် မဖြစ်နိုင်သော(ဒဏ္ဍာရီဆန်သော) သဘာဝနိယာမလွန် အဖြစ်မျိုး မဟုတ်ခြင်း။

၃။ သဗ္ဗညုတဉာဏ်တော်သည် ထာဝရအမြဲလင်းနေသော မီးစုံးကျောက်တုံးကြီးနှယ် အလုံးစုံကို အစဉ်ထာဝရ အမြဲသိနေသော အသိဉာဏ်မျိုး မဟုတ်ခြင်း။

၄။ သဗ္ဗညုတ ဉာဏ်တော်သည် မရှိသည်ကို ရှိလာအောင် ဖန်ဆင်း၍သိခြင်းမျိုးမဟုတ်ဘဲ သိဘွယ်ရာ အသိခံ အရှိကို အရှိအတိုင်းပင် ထိုးထွင်း၍သိခြင်းသာဖြစ်ခြင်း။

၅။ သဗ္ဗညုတဉာဏ်တော်သည်လောကသားအလုံးနှင့် ယှဉ်နွှယ်ဆက်စပ်နေသော လောကီသဘောတရားသာဖြစ်ခြင်း။

၆။ သဗ္ဗညုတဉာဏ်တော်သည် ဗုဒ္ဓ၏သန္တာန်၌ အခါခပ်သိမ်း(ထာဝရအမြဲ)မရှိခြင်း။

၇။ ဗုဒ္ဓသည် အလိုတော်မရှိ၍ သဗ္ဗညုတဉာဏ်တော်ဖြင့် မဆင်ခြင်လျှင် ဧယျဓမ္မတရားအလုံးစုံကို သိမြင်တော်မမူခြင်း။

၈။ ဗုဒ္ဓသည် အလိုတော်ရှိ၍ သဗ္ဗညုတဉာဏ်တော်ဖြင့် အသီးသီး စူးစမ်းဆင်ခြင်သည်ရှိသော် ကာလသုံးပါး၌ဖြစ်သော ဧယျဓမ္မတရားအလုံးစုံကို အပိတ်အပင် အဆီးအတားမရှိ အသီးသီး ထိုးထွင်း၍ သိမြင်တော်မူနိုင်ခြင်းဟူ၍ ဖြစ်ပါသည်။

ဤသို့ ပေါင်းရုံးစုစည်း၍ ရရှိသော ကောက်ချက်များကို ရယူကာ ဗုဒ္ဓ နှောင်းသာဝကငယ်ဖြစ်သော(အရှင်အရိယဝံသ ထေရ်မည်သော)အကျွန်ုပ်သည် အခိုင်အမာ အဆိုပြုချက်တခုကို လေးဆစ်ကဗျာလေးဖြင့် ဤနှယ် မှတ်တမ်းတင် ယိုက်ပါသည်။

### လေးဆစ် ကဗျာ

* ဉာဏ်တံခွန် သဗ္ဗညု၊

* မှတ်ရှုကြ လောကီမှန်။

* ခပ်သိမ်းခါ ယှဉ်မရှိတယ်၊

* မှတ်ဘိကေန်။

* ဆင်ခြင်ပြန် ရွှေဉာဏ်ထိန်လင်း၊

* ဉေယျမံ၊ စုံငါးတန် အကုန်သိတယ်၊

* ဗောဓိသနင်း။

## ဘက်စုံမမြင်သူတို့၏ စွပ်စွဲချက်

ဗုဒ္ဓသည် သဗ္ဗညုတဉာဏ်တော်ဖြင့် လူနတ်ဗြဟ္မာသတ္တဝါတို့၏သန္တာန်၌ အမြဲတစေ တဟုန်းဟုန်း တောက်လောင်နေသော လောဘမီး၊ ဒေါသမီး၊ မောဟမီးတို့ကို ငြိမ်းအေးစေတော်မူပါသည်။ သို့စဉ်ဖြစ်သော်လည်း အချို့လူတို့သည် ဤသဗ္ဗညုတဉာဏ်တော်ကြီးကိုပင် စွပ်စွဲခဲ့ကြသည်။ စွပ်စွဲသူတို့ကား အရာရာဝယ် အရှိကိုဘက်စုံပြည့်ဝစွာ မသိမြင်တတ်ကြချေ။

ယင်းကြောင့် 'စောဒကော နာမ ဧကဒေသပေက္ခကော န သကလပေက္ခကော=စွပ်စွဲသူမည်သည် တစွန်းတစ သိမြင်တတ်၍ ကြောင်းကျိုးဆက်စပ် ဘက်စုံမကြည့်မြင်တတ်ချေ' ဟူ၍ ရှေးပညာရှိတို့ အဆိုပြုခဲ့ကြခြင်း ဖြစ်ပါသည်။

မှန်ပါသည်၊ ထိုလွန်ခဲ့သောတချိန်က ကျောက်ရောဂါဆိုးကြီးသည် လူသားတို့ပျော်စံရာ လူသားတို့ရှိရာ ကမ္ဘာအနှံ့ ခြေတန်ရှည်ကြီးဖြင့် ကမ္ဘာတခွင် ဂြဲပြဲစင်အောင် လှည့်လည် ကျက်စားနေသည်၊ ဤကျောက်ရောဂါဆိုးကြီးအား သူရောက်လေရာရာ၌ လူတွေကို သိန်းသန်းချီ၍ သတ်ခဲ့ သေစေခဲ့သည်။ ရပ်ရွာပြည်၌ တနှစ်တည်း၌ လူပေါင်း ၂ သန်းသေဆုံးခဲ့ရသည်။ ရောဂါဖြစ်၍ မသေဘဲ ကျန်ပါကလည်း ရုပ်ပျက်ဆင်းပျက် ကျောက်အိုးကွဲ အကျီးတန်တံဆိပ် ခပ်နှိပ်ပေးလိုက်သေးသည်။

ထို့ထက်ကံဆိုးသူများကိုကား စက္ခုနှစ်ကွင်း အလင်းကယ်ပ သူကန်းဘဝသို့ ပို့ဆောင်ပေးလိုက်လေသည်။အခြားသော အာရှ, အာဖရိကတသွားကိုလည်း ပလပ်ချမ်းသာခွင့် မပေးခဲ့ပေ။ တကယ်ဆိုရသော် ကြောက်လှန့် တုန်လှုပ်ဘွယ်သော ရောမ အကြမ်းဘက်သမားကြီးသဘွယ်ပေတည်း။

ဒေါက်တာဂျင်နားသည် ဤကြောင့် လန့်တုန်လှုပ်ဘွယ်သော ကျောက်ရောဂါဆိုးကြီးကို လူသားတို့အား နွားကျောက်ထိုးပေးခြင်းဖြင့်ကမ္ဘာအနှံ့ခြေမဆန့်နိုင်တော့အောင် ထူးခပ်ထိန်းချုပ်ကာ ဟန့်တားလိုက်ပါသည်။ ဒေါက်တာဂျင်နားသည် ဖစ် အမည်ရှိ လူငယ်ကို ဦးစွာ နွားကျောက်ထိုးနှံပေးလိုက်ပါသည်၊ စွပ်စွဲလိုသူတို့ကား ဤသို့နွားကျောက်ထိုးပေးလိုက်၍(နွားကျောက် အထိုးခံရ၍)လူငယ်သည် မျက်

နှာတွင် နွားမျက်နှာနှင့် တူလာပါသည်ဟုပင် ကမ္ဘာ့ကျော်ဇူး ရှင်ကြီး ဒေါက်တာဂျင်းနားအား စော်ကားရိုင်းပြစွာ စွပ်စွဲ လိုက်ကြလေသည်။

စွပ်စွဲသူတို့ကား အဘယ်မျှ မိုက်တွင်း နက်ကြပါသနည်း၊ သည်မျှသာမကသေး၊ ဒေါက်တာဂျင်းနား၏ လုပ်ဖော်ကိုင် ဖက် အခြား ဒေါက်တာများကလည်း ဤနွားကျောက်ထိုး ခြင်းကို ရပ်ဆိုင်းလိုက်ပါတော့ဟုပင် ဟန့်တားခံရသေးသည်။ သို့တစေ ဒေါက်တာဂျင်းနားကား ယုံကြည်ချက်ခိုင်မာစွာ ဖြင့် ရှေ့သို့သာချီလေသည်။ နောက်ဆုံး၌ ယင်းစွပ်စွဲချက်တို့ သည် ဆေးပညာ သမိုင်းနောက်ဝယ် ဘာမျှ အသုံးမဝင် တော့သော အမှိုက်သရိုက်နှယ် ပျောက်ကွယ် သွားကြရလေ ပြီတကား။

ဆက်ဦးအံ့၊ လယ်တီ ဆရာတော် ဘုရားကြီးသည် မြန်မာ ဘာသာဖြင့် ဒီပနီကျမ်းပေါင်းများစွာကို ပြုစုတော်မူသည်။ ဦးတည်ချက်ကား ပါဠိဘာသာ မတတ်သော မြန်မာစာတတ် ပရိသတ်အတွက် အသိအလိမ္မာ ဉာဏ်ပညာတိုးပွားရေး ဖြစ် သည်။ သို့ဖြစ်သော်လည်း စွပ်စွဲလိုသူတို့ကား ဤသို့မြန်မာ ဘာသာဖြင့် ရေးသားခြင်းကို အကျိုးမရှိလေယောင် ပြစ် မှား စွပ်စွဲခဲ့ကြသေးသည်။

ထို့ပြင် မန်လည်ဆရာတော်ဘုရားကြီးသည် သုံး၍မကုန်နိုင် ဘဏ်တိုက်ကြီးသဘွယ်ဖြစ်သော 'မဟာသုတကာရီ မဃဒေဝလင်္ကာသစ်ကျမ်းကြီး'ကို ပြုစုတော်မူသည်။ စွပ်စွဲလိုသူတို့က ဤကျမ်းကြီးကိုလည်း ကဗျာလင်္ကာမျှဖြစ်၍ အကျိုးမဲ့လေဟန် လုပ်ကြံပြောဆို၍ ပြစ်တင်စွပ်စွဲလိုက်ကြသေးသည်။ မန်လည်ဆရာတော်ကား....

'သူမတို့လေမှ
သူတို့လျှင် တကယ်မည်သည့်
နန်းရွှေလည်စည်တော်ကြီးပါဘဲ
တီးသမျှ ဖိုန့်ဖိုန့်တုန်'

ဆိုသောအတိုင်း စွပ်စွဲသူတို့ကို ဇွဲ၍မခံကြောင်း ကျိုးဖန်၍ ဤသို့နှယ် ဖွင့်အန်ချေပလိုက်လေသည်။

ကျမ်းဂန်မရှိ၊ တတ်သိယောင်မူ၊ ချို့ရှင်လူတို့၊ အယူမကျ၊ လင်္ကာမျှဟု၊ ဒေါသရှိဟန်၊ နှုတ်ရိုင်းသန်၏၊ ဥာဏ်မနပ်နူး၊ စုန်းမကြူးနှင့်၊ နှုတ်ကျူးနှုတ်လွန့်၊ ဆိုသူ့ဝန်တည့်၊ ပြစ်ဒဏ်ငါတို့၊ ဘယ်ရှိမြိုအံ့၊ မြင်းမိုရ်သဏ္ဍာန်၊ ဆီးစေ့မှန်သို့။

(မဃဒေဝလင်္ကာသစ်၊ ပုဒ်ရေ ၈)

မလို့သရို့၊ ဉာဏ်နို့စို့နှင့်၊ အချို့ရှင်လူ၊ ငါ အောက်သူတို့၊ ငြူစူမကင်း၊ ဝန်တိုခြင်းဖြင့်၊ ဝမ်းတွင်း စိတ်ကြုံ၊ ဤစာသံကို၊ နာခံမဆိမ့်၊ မနှစ်သိမ့်ငဲ့၊ မစိမ့် နားတွင်၊ မာနမြင့်ဟု၊ နှုတ်လှုပ်နှုတ်ဦး၊ နှုတ်မကျူး လင့်၊ အထူးငါလား၊ သင်ကြိုးစား၍၊ တအားကျရန်၊ ဟုတ်တိုင်းပြန်၏။

(မဃဒေဝလင်္ကာသစ်၊ ပုဒ်ရေ ၆၀၅)

အဘက်မမျှ၊ ကိုယ့်အောက်ကျသား၊ ဟီနလူမျိုး၊ မျက်မုန်းကျိုး၍၊ တစိုးတစိ၊ ပြစ်မှားဘိလည်း၊ စိတ်ယှံ ညို့တွား၊ မျက်မပွားလင့်၊ ပတ္တမြားဂူ၊ ဝက်ငြူစူ၍၊ ရွှံ့မှုညစ်စေ၊ ပွက်လေလေဘိုင်း၊ သရေမညှိုး၊ ရောင် ဝါတိုးသို့၊ တန်ခိုးထင်ရှား၊ ပွားထက်ပွားလစ်၊ သစ် ထက်သစ်လိမ့်။

(မဃဒေဝလင်္ကာသစ်၊ ပုဒ်ရေ ၂၆၆)

(မန်လည်ဆရာတော်သည် ကဗျာလင်္ကာမျိုးကို အာဂုံ ယုဗ္ဗတ္တိ၊ သဘာဝယုဗ္ဗတ္တိတို့ဖြင့်သာ သီရုံးလေ့ရှိ၏။ ဤနောက်

ဆုံးလင်္ကာ၌ မဏိသာရကဗ္ဗာတ်(ဗ္ဗာ၊ ဌ၊ ၂၊၃၇၅)၌လာသော အဓိပ္ပာယ်ကို ယူငင်ထားသည်။ ဆရာတော်က မိမိပြုစုသော 'မ႘ာသုတကဗ္ဗာရိ မဃဒေဝလင်္ကာသစ်'ကြီးကို ပတ္တမြားဂူနှင့် စံတူပြု၍ မလိုမုန်းထား စွပ်စွဲသူများကို ဝက်တသင်းနှင့် မယှဉ်း တူနိုင်း ပုံခိုင်းရေးသားထားကြောင်း သိရာ၏။)

## ဆိုခွင့်ဆိုက်၍ ဆိုလိုက်သည်

သဗ္ဗညုတ ဉာဏ်တော်သည် ဝေနေယျ သတ္တဝါတို့အား အလွန်ကျေးဇူးပြုနေသော ဉာဏ်တော်ကြီးဖြစ်စေကာမူ စွပ်စွဲလိုသော အချို့ပုဂ္ဂိုလ်တို့ကား မလိုမုန်းထား ဉာဏ်ကပြား (ကြက်လည်းမမြောက်၊ ကျီးမမြောက်သား၊ အောက်ကလိအာ အာကလိအောက်၊ မိနှောက်မကျ၊ ဖနှောက်မမှီ၊ မပီမပွန်၊ တွန်သံကျယ်ကျယ်၊ ကြက်ကျီးငယ်သို့)ဖြင့် ပြစ်တင် စွပ်စွဲကြလေသည်။ ယင်းကြောင့် မန်လည် ဆရာတော် ဘုရားကြီး၏ မိန့်ဆိုချက်ကို နည်းမှီဉာဏ်ခိုး၍ ဆိုခွင့်ဆိုက်ရောက်လာရကား ဤသို့ဆိုလိုက်ပါသည်။

## လေးဆစ် ကဗျာ

မြတ်ဗုဒ္ဓ၊ ပိုင်သတဲ့ သဗ္ဗညုု။
လိုအပ်လျှင်၊ ဆင်ခြင်ကာ ဉာဏ်ချိန်စဉ်းနှင့်၊
ထိုးထွင်းစွာ လုံးစုံသိတယ်၊ ဗောဓိတဆူ။
သဒ္ဓါမွဲ၊ ဉာဏ်ကဲတဲ့ ထိုထိုလူ၊
ပြစ်ယူလို့ စွပ်စွဲ။
မဏိဂူ၊ ဝက်ညှုစူ ညွန်နှင့်ဖျက်သော်လဲ၊
မပျက်ပေါင် ပတ္တမြားစစ်မို့၊
ထွန်းသစ်သစ်ကဲ။

# ဆုတောင်း ပတ္ထနာ

သဗ္ဗညုတဉာဏ်တော်ကား သမုဒ္ဒရာကြီးနှယ် ကျယ်ဝန်းသည်နှင့်အမျှ နက်ရှိုင်းလှသည်။ ယင်းကြောင့် သဗ္ဗညုတဉာဏ်တော်ကို 'ဉာဏသာဂရ=ဉာဏ်သမုဒ္ဒရာ'ဟု ခေါ်ဆိုရသည်။ ဤဉာဏ်တော်သမုဒ္ဒရာ၌ အကြီးဆုံးဖြစ်သော ဆင်သတ္တဝါကြီးသော်မှ ထောက်မှီနိုင်လိမ့်မည် မဟုတ်ချေ။

မှန်ပါသည်၊ ဆင်ပြောင်ကြီးသဘွယ် ဉာဏ်ပညာကြီးကျယ်သော အဂ္ဂသာဝက ရှင်သာရိပုတြာပင် ထောက်လှမ်းမမှီနိုင်၊ ဓမ္မအစဉ်သို့လိုက်၍ ပြည့်စုံကုံစွာ မဟုတ်ပဲ မှန်းဆသိရုံမျှသာ စွမ်းနိုင်ပါချေသည်၊ ဤဉာဏ်တော်အရာ၌ ဉာဏ်နုံ့သေးငယ် ယုန်သူငယ်သဘွယ်ဖြစ်သော အကျွန်ုပ်မှာမူကား အဘယ်ဆိုဘွယ်ရာရှိပါတော့အံ့နည်း။

ထိုသို့ပင် ဖြစ်ပါသော်လည်း အကျွန်ုပ်သည် ရှင်သာရိပုတြာထေရ်၏နည်းကို တုယူဉာဏ်ခိုး၍ ပါဠိတော်အစဉ်၊ အဋ္ဌ

ကထာအစဉ်၊ ဋီကာအစဉ်၊ ဂန္ထဝင်ကျမ်းစာများ အစဉ်သို့ လိုက်ကာ ဉာဏ်တော်သမုဒ္ဒရာကြီး၏ ကျယ်ဝန်းနက်ရှိုင်းပုံကို အနည်းငယ်မျှ သဲလွန်စမျှ မှန်းဆသိရှိနိုင် ကြည်ညိုနိုင်ခဲ့ပါသည်။

ယင်းကြောင့် ဗုဒ္ဓ၏ဉာဏ်တော်သမုဒ္ဒရာနှင့်စပ်နွှယ်၍ ဤမျှသော ပါဠိတော်၊အဋ္ဌကထာ၊ဋီကာတို့နှင့် ဂန္ထဝင်ကျမ်းစာတို့၏ ဟောကြားချက် မိန့်ဆိုဖွင့်ပြချက်များကို ရှာဖွေစုစည်း၍ တင်ပြနိုင်ခဲ့ခြင်း ဖြစ်ပါသည်။ဤမျှဆိုလျှင် ရဟန်းရှင်လူတို့သည် သဗ္ဗညုတဉာဏ်တော်၏ သဘောမှန်ကို သိသာနိုင်၊ မြင်သာနိုင် လောက်ကြပေပြီ၊ ရိပ်စားမိလောက် ကြပေပြီ၊ သဗ္ဗညုတဉာဏ်တော်အပေါ် ဝယ် ပိုမို၍ယုံကြည်သက်ဝင်နိုင် လောက်ကြပေပြီ။ 'သဗ္ဗညုဉာဏ်ဆို ဘာလဲ' ဟူသော ပြဿနာလည်း အထိုက်အလျောက် ပြီးပြေလောက်ပေပြီ။ ဤရွေ့ဖြင့် ကျွန်ုပ်၏ တာဝန်လည်း ထမြောက်ကျေပွန်ပြီ ဖြစ်ပါသည်။

နိဂုံးအနေဖြင့် ပညာရှင်တို့က ဤ'သဗ္ဗညုတဉာဏ်တော်' စာအုပ်ထက် ပိုမိုချာ်းသင်းပြည့်စုံသော ကျမ်းစာအုပ်များကို ဖော်ထုတ်ရေးသားနိုင်ကြပါစေကြောင်း ဆုတောင်းပတ္ထနာ ပြုလိုက်ပါသတည်း။

(ဤစာအုပ်ဖြင့် ကျွန်ုပ်၏ ကျေးဇူးရှင် ဥပဇ္ဈာယ် ဖြစ်ပါသော စစ်ကိုင်းမြို့နယ် မင်းကွန်း တောင်ရိုး၊ မူလ ရန်ကင်းချောင် (မဟာဓမ္မကထိက) ဆရာတော် ဘုရားကြီးအား အလေးအမြတ် ပူဇော်အပ်ပါသည်။)

# နိဂုံး သံပေါက်

ဗုဒ္ဓဓမ္မ၊ မြတ်သံဃ၊ ဦးချရှိညွှတ်စွာ၊

ရွှေဘိုတောင်ဘက်၊ မြို့ဝက်လက်၊ နယ်ဘက် နတ်နန်းရွာ၊

ရွာလယ်နတ်နန်း၊ တည်ပုံဆန်း၊ စွဲလမ်းခေါ်သညာ၊

မြင်းမိုရ်တောင်ထူး၊ မကြူး၊ လက်ဦးမြတ်ဆရာ၊

ဒေါ်ညွှာ,ဦးဆင်၊ မြင်းမိုရ်သွင်၊ တူယှဉ်နိုင်းတုပါ၊

လယ်သမားမောင်နှံ၊ သစ္စာငံ၊ သန္ဓေစွဲယူငါ၊

အကြင်ငါကား၊ ဘွားမြင်ဖြား၊ မှတ်သားနှစ်ကောဇာ၊

တစ်နှစ်ကိုးငါး၊ ပြသိုထား၊ နေ့ကားလကွယ်သာ၊

နံနက်လေးနာရီ၊ ချမ်းစိမ့်အီ၊ အော်မည်အူဆဲပါ၊

သူငယ်မည်ရင်း၊ ပေးကာနှင်း၊ မယွင်းမောင်တော့သာ၊

တောဝယ်မွေးလတ်၊ ခေါ်ပညတ်၊ ဗျပ္ပတ်ရှိအလာ၊

ဆယ်နှစ်အတွင်း၊ ကျောင်းအပ်နှင်း၊ ထေရ်မင်းစံနေရာ၊

ရွာရှေ့တောရ၊ မူတင်ရ၊ ဌာနသိုက်မြိုက်စွာ၊

ရှင်နာရဒထေရ်၊ ခြေရင်းနေ၊ မသွေထိုအခါ၊

ကျောင်းသားငယ်ဘဝ၊ စာသင်ရ၊ နှုတ်စသံသာသာ၊

တက်ယူမငြီး၊ ပရိတ်ကြီး၊ သင်ပြီးနှုတ်တက်စွာ၊

ထိုမှနောက်နှောင်း၊ ကျောင်းရွှေ့ပြောင်း၊

အပေါင်းသိစေရာ၊

စစ်ကိုင်းမြို့နယ်၊တောင်တန်းသွယ်၊ကမ်းဆွယ်မြစ်ကမ်းသာ

မင်းကွန်းဘုရားကြီး၊ ခေါင်းလောင်းကြီး၊

အနီးနောက်မျက်နှာ၊

ရန်ကင်းချောင်ဝယ်၊ ရွှေကျင်နွယ်၊ စံပယ်ဘုန်းထိန်ဝါ၊

မဟာဓမ္မကထိက၊ ဘွဲ့နာမ၊ ကျော်လှထေရ်မြတ်စွာ၊

မဟာထေရ်မင်း၊ ထံတော်ရင်း၊ ကပ်ချဉ်းရောက်ရပါ၊

ထေရ်မင်းမြတ်လေး၊ ရှင်ပြုပေး၊ အရေးတင့်ဂုဏ်ဝါ၊

အကြင်ငါအား၊ ဘွဲ့မည်သား၊ ပေးထားမြတ်ဆရာ၊

အရိယဝံသ၊ ဘွဲ့မည်ရ၊ ခေါ်ကြသူတကာ၊

ထေရ်မင်းထံရပ်၊ မြဲဆည်းကပ်၊ ပျပ်ဝပ်နေရရာ၊

ဝတ်ကြီးဝတ်ငယ်၊ အသွယ်သွယ်၊ ပြုဘွယ်ရှိတိုင်းသာ၊

အာစရိယဝတ်၊ မှန်မချွတ်၊ မလွတ်နေ့စဉ်ပါ၊

သုတ်စဉ်သုတ်နက်၊ ရှုပ်စုံတွက်၊ လေ့ကျက်ဖန်ခါခါ၊

နာမ်ဂိုဏ်း အာချာတ်ဂိုဏ်း၊ စေ့ရေလှိုင်း၊

ဒိုင်းဒိုင်းပြေးစေပါ၊

ရှင်ငယ်ဘဝ၊ ထိုချိန်က၊ ကြားရမချမ်းသာ၊

ဇောက်ထိုးခေါ်ငြား၊ ထိုသူကား၊ ပြစ်မှားရိုင်းပြစွာ၊

သဗ္ဗညုတဉာဏ်၊ သူလုပ်ကြံ၊ ဝေဘန်စွပ်စွဲရာ၊

ယင်း၏စွပ်စွဲ၊ သုတ်သင်ပွဲ၊ ငါဘဲပြုစိမ့်ငှာ၊

ငါလျှင်ကြီးမြောက်၊ အရွယ်ရောက်၊

အားဆောက်ကြိုးပမ်းမှာ၊

စောတောာပဏ္ဍိ၊ ရည်မှန်းရှိ၊ လိုသည့်အချိန်ခါ၊
ထိုကြောင့်သာပင်၊ ကြိုးစားသင်၊ ရည်အင်ဆန္ဒပါ၊
သဒ္ဓါသဂ္ဂိုဟ်၊ ညဝါဆို၊ ထိုထိုကျမ်းဋီကာ၊
အသက်နှစ်ဆယ်၊ ပြည့်ဖြိုးကြွယ်၊ သက်ရွယ်ခန့်သင့်လာ၊
ရန်ကင်းချောင်အိမ်၊ ဥပုသ်သိမ်၊ ဆိတ်ငြိမ်တိုက်ခန်းဝါ၊
ရန်ကင်းဘုန်းကြွယ်၊ ဥပဇ္ဈာယ်၊ ထိပ်ဝယ်ပန်ရှသာ၊
ကာရကသံဃာတော်၊ နှစ်ကျိပ်ကျော်၊
ရှည်မြှော်ချီးမြောက်ရာ၊
တိပိဋကခရဆရာတော်၊ ငါ့ကိုခေါ်၊ သိမ်ပေါ်ဆုံးမကာ၊
အဂ္ဂမဟာပဏ္ဍိတဆရာတော်၊ ထေရ်သုံးဖော်၊
ဘာသ်သော်ကမ္မဝါ၊
ငါကားရဟန်းစစ်၊ ကော်န်ဖြစ်၊ အားသစ်ဝမ်းမြောက်စွာ၊
တစ်သုံးဆယ့်ငါးခု၊ မိုးဥတု၊ ကုန်လုချိန်အခါ၊
သီတင်းကျွတ်လသက်၊ ကျော်ရှစ်ရက်၊ နေ့ဘက်နံနက်ခါ၊

နှစ်ဆယ့်ရှစ်လမ်း၊ သံပြူတန်း၊ ရွှေမန်းဈေးချိုသာ၊

ရွှေရွှေစတိုး၊ ရောင်းဝယ်ကြိုး၊ ကုန်မျိုးဝေဝေဆာ၊

မယ်တော်ခွန်မှူးပြု၊ ကုသိုလ်မှု၊ ဆည်းစုစိတ်ညီညာ၊

ဦးရွှေ့ဒေါ်အမာ့၊ ပစ္စယ၊ ယူရချမ်းမြေ့စွာ၊

ရဟန်းဝါနှစ်၊ ရတိုင်ဖြစ်၊ မလစ်ထေရ်ရှင်းမှာ၊

သုံးဝါရောက်လိုက်၊ စာသင်တိုက်၊ ပို့လိုက်ထေရ်မြတ်စွာ၊

ဝိသုဒ္ဓါရုံ၊ သရေစုံ၊ ရွှေဘုံမန်းမြို့မှာ၊

စံကင်းထေရ်မင်း၊ လက်ထက်တွင်း၊ မယွင်းထိုချိန်ခါ၊

အဘိဝံသ၊ ဘွဲ့တော်ရ၊ ဂဏဝါစကာ၊

အသောကဆရာမြတ်၊ ထံရင်းအပ်၊ စေ့စပ်ချီးမြောက်ရာ၊

စာတက်စာကျက်၊ မှတ်ခေါက်ရက်၊

ကိုယ့်တွက်အားသစ်ခါ၊

ကျမ်းကြီးပဋ္ဌာန်း၊ ကျမ်းငယ်ဆန်း၊ သင်တန်းဆုံးတိုင်သာ၊

ဝိသုဒ္ဓါရုံနည်း၊ နိသျှည်း၊ စံမှီးယူပြီးရာ၊

ပခုက္ကူရောက်၊ဆယ်ဝါမြောက်၊ ကွန်းထောက်စာသင်ပါ၊

မဟာဝိသုတာရာမ၊ ဝိဟာရ၊ နေရထိုစဉ်ခါ၊

ဆွမ်းကွမ်းဆင်းရဲ၊ အားအန်ခဲ၊ ဖင့်နွဲ့မရှိပါ၊

ပါဠိ,အဋ္ဌကထာ၊ ကျမ်းဋီကာ၊ လေ့လာခုံမင်စွာ၊

သဗ္ဗညုတဉာဏ်၊ ကြောင်းရာမှန်၊ စေ့ငံမှတ်သားကာ၊

ခြပျားပုံမှီး၊ ဖြည်းဖြည်းဆည်း၊ စုနည်းပုံပမာ၊

စာသင်ပြီးနောက်၊ ရေးခွင့်မြောက်၊

ကျရောက်တာဝန်သာ၊

၁၇ ဝါရ၊ ကျောင်းထိုင်စ၊ ပြုထနာယကာ၊

မန္တလေးခရိုင်၊ တိုင်းအပိုင်၊ ငါးမိုင်ရပ်ဝေးကွာ၊

ရန်ကင်းတောင်အနီး၊ ပုသိမ်ကြီး၊ မြို့သီးမြို့နယ်ပါ၊

ရွှေကျင်ဂိုဏ်းဝင်၊ နွယ်အစဉ်၊ စည်ရှင်ခန့်ထယ်ဝါ၊

ဗဟိုမြို့မ၊ ဝိဟာရ၊ နေထအေးချမ်းသာ၊

သဗ္ဗဉာဏ်ကျယ်၊ နိဒ္ဒါန်းသွယ်၊ တကယ်ရေးတော့ရာ၊

သဗ္ဗညုတဉာဏ်တော်၊ ရေးထုတ်ဖော်၊ ရည်မျှော်ကျွန်ုပ်ပါ၊
လူရှင်အများ၊ သိစေသား၊ တိုးပွားမြတ်သဒ္ဓါ၊
သဒ္ဓါတိုးပွား၊ သိဉာဏ်များ၊ အမှားမရှိရာ၊
ခြောက်နှစ်တိုင်မြောက်၊ အားအင်ဆောက်၊
စိုးကြောက်ရေးရပါ၊
ရေးသားဆဲဝယ်၊ အံ့သြဘွယ်၊ တကယ်ဖြစ်၍သာ၊
အိပ်ရာကုဋင်၊ ပျားစွဲဝင်၊ မှန်ပင်ဆန်းကြယ်စွာ၊
ထို့ကြောင့်သာဘဲ၊ အားအံခဲ၊ စွဲမြဲယုံသဒ္ဓါ၊
ဘုရားအာရုံ၊ စိတ်ဝယ်ထုံ၊ ပြည့်စုံမှုခြင်းရာ၊
ဝီရိယခဲ၊ သဘိစွဲ၊ ခိုင်မြဲစိတ်ဆန္ဒာ၊
သဘောရွှေနောက်၊ စဉ်ချွတ်ဖောက်၊
ကျပေါက်မှားယွင်းရာ၊
တွေ့မြင်ရမူ၊ များရှင်လူ၊ ထောက်ကူညွှန်ပြပါ၊
ရှင်သာရိပုတြာထုံး၊ ခံယူသုံး၊ နှလုံးနှူးညွှတ်ကာ၊

ညွှန်ကြွားသွန်သင်၊ ဦးထိပ်တင်၊ လိုအင်လေးမြတ်စွာ၊

ကမ္ဘာ့အလယ်၊ တည်ခန့်ထယ်၊ ပြည်ငယ်ဒို့မြန်မာ၊

သမတဦးနေဝင်း၊ လက်ထက်တွင်း၊ မယွင်းမှတ်စိမ့်ငှာ၊

ကလေးစာသင်၊ ကြားကြားပင်၊ လျှင်လျှင်ရေး၍လာ၊

အရိယဝံသထေရ်၊ ပြုစုနေ၊ မသွေခြောက်နှစ်ကြာ၊

ပြောသိုလသက်၊ ကျော်ဆယ်ရက်၊ စိတ်လက်အေးချမ်းသာ၊

တစ်သုံးသုံးရှစ်၊ ကောဇာနှစ်၊ ပြီးလစ်ဤကျမ်းစာ၊

ပညာအလှူ၊ ငါပေးယူ၊ နတ်လူဝမ်းမြောက်ရာ၊

ပြည်ထောင်စုတဝှန်း၊ အေးငြိမ်းချမ်း၊ ရွှင်လန်းကြစေရာ၊

ဤသည့်ကုသိုလ်၊ တောင်းဆုဆို၊ ရလို ပု,ဒိ,အာ၊

ဤကျမ်းပြီးဆုံး၊ စိတ်ရွှင်ပြုံး၊ နိဂုံးနိဋ္ဌိတာ။

အရှင်အရိယဝံသ ၏

သဒ္ဒညတဥာဏ်တော် ပြီးပြီ။